www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အင်ပါယာ

EMPIRE

အင်ပါယာ

၁ ၁ ၄ ၀

■ တိုက် ၂၁၊ အခန်း ၁၁
မိုးကုတ်ကျွန်းသန့်သန့်တက်ခြံဝင်းတော
ဦးဝိစာရလမ်း မြောက်ဆုံ
ဖုန်း - ၇၂၄၂၇၇
P.O. Box 234

■ တိုက် ၉ ဘာတာယထောင် (၆)
ယုဇနလမ်း၊ ဝင်းတော်ကုန်းမြို့နယ်
ယုဇနဥယျာဉ်မြို့တော်။
ဖုန်း - ၆၃၃၂၆၅
E-mail: empire-mk@mptmail.net.mm

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးနိုင်မျိုးထွန်း (ဆင်ပြိုင်သာစာပေ)
တိုက် ၂၁၊ အခန်း ၁၁
ဗိုလ်မှူးဘထူးသန့်ဝင်းကန်တော်ကြီးလမ်း
ဦးဝိစာရလမ်း မြောက်ဒဂုံ

ပုံနှိပ်သူ
ဦးမောင်မောင်လှိုင် (ကာဝိဝတ္ထုနာစာအုပ်(၆)ဆက်)
၂၀၃၉ လမ်း ၃၀ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



စာမူခွင့်ပြုချက် - ၁၅၈၀/၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် - ၁၃၀၇/၂၀၀၃ (၁၂)
ထုတ်ဝေခြင်း - ပထမအကြိမ် ၊ ၂၀၀၃ - ဒီဇင်ဘာလ
အုပ်ရေ ၊ တန်ဖိုး - ၅၀၀ ၊ ၁၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# ကိုစစ

## ပန်းတစ်ထုပ် နဲ့ ရင်ပြတင်း

www.burmeseclassic.com

www.burmeseclassic.com

# အပွင့်စကား

အချစ်ဆိုတာက

သေချာမှ ပူးပွင့်ရတဲ့

ပန်းတွေမှ မဟုတ်ဘ၊

မိုး၊ လေ၊ မြေရဲ့

ပတ်ဝန်းကျင်ဆိုတာတွေ

မလိုအပ်ပါဘူးလေ၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com

# ၁

ရေပြင်ထဲ ခဲကျသွားခြင်း မဟုတ်၊ ပျော့ပြဲစေးပျစ်နေသည့် ရွှံ့ဗွက်အိုင်ထဲ ခဲကြီးကြီးတစ်လုံးကို ခပ်ပြင်းပြင်း ပစ်ချလိုက်သလိုပင်။ ဗွမ်းခနဲမြည်ကာ ရွှံ့စက်တွေ ဗရမ်းဗတာနှင့် လွင့်စင်သွားသကဲ့သို့ အားလုံးပေကျံကုန်သည်။

ဤအဖြစ်အတွက် ဇော်သစ် မည်သို့ တုံ့ပြန်ရမည်မသိ။ နှင်းထုပင်လယ်တွေ လွင့်မျောနေသည့် လမ်းလေးပေါ်တွင် သူတစ်ယောက်တည်း ဒေါသတွေ ဘလောင်ဆူဝေစွာဖြင့် ရပ်ကျန်နေရသည့်အဖြစ်။ တော်တော့်ကို ရုပ်ပျက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသားလွတ် အခြောက်တိုက် စော်ကားသွားခြင်း။ မည်သို့မှ မမျှော်လင့်ထားသည့်အတွက် အလစ်အငိုက်ခံလိုက်ရ၏။

ဒီလို မဖြစ်သင့်ပါဘူး။

ဒီလမ်းလေးပေါ်တွင် သူ တစ်ယောက်တည်း လျှောက်လာခြင်း ဖြစ်သည်။

ရှေ့နောက်ကြည့်လျှင်လည်း တစ်ယောက်မှ မရှိ။ အရှင်းကြီး။ ပြီးတော့ လမ်းကလည်း အနည်းငယ် ကျဉ်းသည်မှအပ ရှောင်သာတိမ်းသာပါသည်။ သူမလို ဆိုင်ကယ်စီးလာသည် မဆိုထားနှင့် ကိုယ်ပိုင်ကားနှစ်စီးတောင် ပွတ်၍ ရှောင်နိုင်၏။ လမ်းတစ်ဖက်တစ်ချက်မှာလည်း မြက်ခင်းတွေ ရှိနေသေးသည်ပဲ။

BURMESE CLASSIC .com

မသကာ ကွေ့ပတ်ပြီး ရှောင်သွားနိုင်သည်။ သူကလည်း လမ်းအလယ်တွင် တစ်ယောက်တည်း မင်းမူပြီး ကိုယ်ပိုင်လမ်းသဖွယ် သဘောထားနေသည်မဟုတ်။ လမ်းအစွန်း မကျတကျက လျှောက်နေခြင်း ဖြစ်သည်။

သူမှ အပြစ်လုံးဝမရှိ။

ကားလာလျှင်ဖြစ်စေ မော်တော်ဆိုင်ကယ်လာလျှင်ဖြစ်စေ နည်းနည်း လမ်းဘေးသို့ ကပ်ပေးချင် ပေးဦးမည်။ ဒါက ပုံမှန်အနေအထားမှာ။ အသိစိတ်တွေ ကိုယ်နှင့် မကွဲမကွာရှိနေခဲ့လျှင်ပေါ့။ အခုက ကိုယ့်စိတ်က ကိုယ်နှင့် သိပ်မကပ်၊ ထင်းရှူးပင်တွေကြားထဲ လွင့်မျောနေသည့် နှင်းမြူလွှာတွေလို မျောလွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဒုက္ခနှင့်ကိုယ်၊ ကိုယ့်အပူနှင့်ကိုယ်။

ရင်ထဲမှာ မဖြေရှင်းနိုင်သည့် ပြဿနာတွေ တစ်ပွေ့တစ်ပိုက်နှင့်။ ဝန်းကျင်ကို သိပ်ပြီး သတိမထားနိုင်အောင် ဖြစ်နေသည့်အချိန်။ မည်သို့ပင် အတွေးလွန်ကျွံနေစေကာမူ မျက်နှာချင်းဆိုင်မှ မော်တော်ဆိုင်ကယ်တစ်စီး ပေါ်လာသည်ကိုတော့ သိသည်ပင်။ နံနက်ခင်း ခပ်ထူထူကျဆင်းနေသည့် နှင်းမြူကြားထဲမှာ မော်တော်ဆိုင်ကယ်၏ပုံသဏ္ဌာန်က ထင်းထင်းကြီး မြင်နေရသည်ပဲ။ သူမကလည်း သူ့ကို ဤအတိုင်း မြင်ရမှာပဲ။ ဘယ်သူဘယ်ဝါ၊ လူပုံပန်းကတော့ သူထင်ပါသည်။ လေး ငါး ဆယ်ပေဆိုလျှင် တွေ့ပြီပဲ။ နှင်းမြူတံတိုင်းက ဒီလောက် မဆိုးပါဘူး။

သူက ဘယ်သူဘယ်ဝါဆိုတာ သိပ်ပြီး သတိထားတာမဟုတ်။ ဆိုင်ကယ်တစ်စီးဆိုသည့်အသိနှင့် အမှုမဲ့အမှတ်မဲ့နေလိုက်ခြင်းဖြစ်သည်။ သူ့လမ်း သူသွား, ကိုယ့်လမ်း ကိုယ်လျှောက်၊ ဒါပဲ၊ ဒီလိုပဲ သဘောထားသည်။

တကယ့်ကို တမင် ရန်စ, စော်ကားခြင်းဖြစ်သည်။ ဖြစ်ပုံက သူ့ဟာသူ မောင်းသွားလျှင် လွတ်ရဲ့သားနဲ့ ဒိုင်းခနဲ သူ့ဘက်သို့ ကွေ့ချလိုက်သည်။ လက်နှင့် သူမ၏ဆိုင်ကယ်လက်ကိုင်ပင် ရိုက်မိသွားသည်။ ဆိုင်ကယ်ဘီးက ဒူးကို ဒုတ်ခနဲ ထိသွားသည်။ တိုက်ပြီပေါ့။

ကြောက်တတ်လန့်တတ်တဲ့လူဆိုရင် အမလေး . . . အဘ



www.burmeseclassic.com

www.burmeseclassic.com



လေး . . . အော်သွားနိုင်သည်။ ကယောင်ကတမ်း ဖင်ထိုင်ကျသွားနိုင်သည့် အခြေအနေမျိုး။ နှလုံးရောဂါအခံရှိသည့်လူဆိုလျှင်တော့ ပြီးပြီ၊ တစ်ခါတည်း မေ့သွားနိုင်၏။

ရုတ်တရက် ဘာဖြစ်မှန်း မသိ၍ သူ တောင့်တောင့်ကြီး ရပ်နေမိခြင်း ဖြစ်သည်။

အစကတည်းက အတွေးနဲ့ ကိုယ်နဲ့စိတ်နဲ့က တခြားစီ လာခြင်းဟု ရှင်းပြခဲ့ပြီးပြီ မဟုတ်လား။ ဒီလို ဒုန်းခနဲ တိုက်မိတော့မှ စိတ်က ပြန်ရောက်လာတာ။ ဘာလုပ်ရမှန်း ဘယ်သိပါ့မလဲ။ ဘာဖြစ်သွားလဲဆိုတာ စိတ်က စူးစမ်းတုန်း။ ပြီးမှ ဒေါသက ထွက်လာတာ။

"ဟော့ကောင် . . . မင်း ဘယ်လိုလုပ်လိုက်တာလဲ"

ပြောပြောဆိုဆိုနှင့် ဆိုင်ကယ်၏လက်ကိုင်ကို ဖမ်းဆုပ်ပြီးသား၊ အဆင်မပြေလျှင် ထိုးဖို့ကြိတ်ဖို့ အသင့်။

"ရှင် မမြင်ဘူးလား၊ ဒီဟာ ကားလမ်း"

သူ အရမ်းအံ့သြသွားသည်။

ဆိုင်ကယ်ပေါ်ကလူမှာ ယောကျ်ားတစ်ယောက် မဟုတ်။ သူနှင့် မျိုးခြားသတ္တဝါမလေး။ ဟန်ပါပါနှင့် ဖျတ်ခနဲ ဆိုင်ကယ်စီးဦးထုပ်မှ လေကာမှန်ကို ပင့်တင်လိုက်တော့မှ သိရတော့သည်။ အသားရောင်က ဖြူဝင်းနေ၏။ ငယ်ရွယ်နုပျိုသည့် မျက်နှာ။ ကြည့်ရသည်မှာ သူ့အသက်ထက် ငယ်လိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ မိန်းကလေးပဲဖြစ်ဖြစ်၊ ကိုယ့်ထက် အသက်ပဲ ငယ်ငယ် ဘယ်လောက်လှလှ ဤလုပ်ရပ်က ခွင့်လွှတ်နိုင်စရာ မရှိ။

"အေး . . . မြင်တယ်၊ ကားလမ်းကိုလည်း မြင်တယ်၊ မင်းကိုလည်း မြင်တယ်၊ မင်း တမင်တကာဝင်တိုက်တာလည်း မြင်တယ်၊ ငါ မျက်စိမကန်းသေးဘူး"

"ရှင် မျက်စိပါတယ်ဆိုရင် ရှောင်လိုက်ပါလား၊ ဘာဖြစ်လို့ အသေကြီးလို ရပ်နေရတာလဲ"

"ငါ ဘာဖြစ်လို့ ရှောင်ရမှာလဲ၊ မင်းနဲ့ငါက အဝေးကြီးပဲ"

"အဝေးကြီးတွေ အနီးကြီးတွေ ပြောမနေနဲ့၊ ဒီလမ်းဟာ ကားလမ်း၊ ရှင် လမ်းလျှောက်ဖို့ လုပ်ပေးထားတာ မဟုတ်ဘူး"

"မင်း စကားပြောတာ ရင့်လှချည်လား"

"ရှင် စကားပြောတာကကော နုနေလို့လား"

"မင်း ဘယ်လိုလဲ"

"ဒီလိုပဲ"

နုဖတ်လှပသော မျက်နှာနှင့် မလိုက်ဖက်အောင် မျက်နှာကြောမာလှသည်။

"တောက် . . . ယောကျ်ားချင်းသာဆိုရင် ငါ ဆွဲထိုးမိလိမ့်မယ်၊ ဒီလို စကားအရှည်ကြီး ပြောမနေဘူး"

"ယောကျ်ားတွေ . . . မိန်းမတွေ ပြောမနေနဲ့၊ ရှင် သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင် လုပ်ကြည့်စမ်းပါ၊ ဒီမြို့မှာ ကျွန်မကို လက်ဖျားနဲ့ထိရဲတဲ့ လူတောင် မရှိဘူး၊ ရှင် ဘာဖြစ်သွားမယ်ဆိုတာ သဘောပေါက်"

"နေစမ်းပါဦး၊ မင်းက ဒီလောက် ကြီးကျယ်ရလောက်အောင် ဘယ်သူမို့လဲ"

ထိုမိန်းကလေးက မခန့်လေးစား ခပ်မဲ့မဲ့ပြုံးကာ . . . "ကျွန်မ ဘယ်သူလဲဆိုတာ ရှင် စုံစမ်းကြည့်လိုက်ပါဦးလေ . . ." ဟု သရော်တော်တော် ပြန်ပြောသည်။

"မင်းဟာမင်း ဘယ်သူပဲဖြစ်ဖြစ် ငါ လုံးဝ ဂရုမစိုက်ဘူး၊ မင်း ဆိုင်ကယ်ကို ဒီလို ရမ်းရမ်းကားကားစီးတာ၊ ငါ့ကို ဝင်တိုက်မလို့လုပ်တာ ငါ ခွင့်မလွှတ်ဘူး၊ သေချာတာက မင်းဟာ မိကောင်းဖခင် သားသမီးတစ်ယောက် မဖြစ်နိုင်ဘူး၊ စည်းမရှိ ကမ်းမရှိတဲ့ လူပဲ"

"ရှင် ကျွန်မရဲ့မိဘကို မစော်ကားနဲ့"

"မင်းရဲ့မိဘက လူကြီးလူကောင်းဆိုရင်တော့ မင်းကိုယ်၌က ရိုင်းစိုင်းတာပဲ ဖြစ်ရမယ်"

"ဒီမယ် . . . ရှင် စကားပြောရင် ကြည့်ပြောနော်၊ ကျွန်မက အသားလွတ်ရိုင်းစိုင်းတဲ့လူ မဟုတ်ဘူး၊ ရှင့်လို မရိုင်းစိုင်းဘူး၊ တကယ်က ရှင့်လိုလူစားမျိုးသာ ဒီလောကမှာ မရှိသင့်တာ၊ နားလည်လား၊ နောက်တစ်ခါဆိုရင် အသေကို တိုက်ပစ်ဦးမယ်၊ ဒီတစ်ခါက သဘောပေါက်ရုံ သတိပေးတာ၊ ရှင် ဒီမြို့မှာ ရှိနေသရွေ့



www.burmeseclassic.com

www.burmeseclassic.com



သတိထားပြီး နေတော့၊ ကျွန်မ ဒါပဲ ပြောချင်တယ်”

စကားပြောနေစဉ် လက်ကို ရုပ်သိမ်းထားမိသဖြင့် သူမ အတွက် အခွင့်အရေးရသွားသည်။ ရုတ်တရက် စက်ရှိန်ကို မြှင့်တင်ပြီး ငေါက်ခနဲ မောင်းထွက်သွား၏။ ဟန့်တားချိန်မရလိုက်။ “ဟေ့ . . . ” ဟုပဲ အော်လိုက်နိုင်၏။

ကုန်းဆင်းအတိုင်း လှစ်ခနဲ ပြေးဆင်းကာ နှင်းမြူထဲတွင် ပျောက်ကွယ်သွားသည်။

နံနက်ခင်းကတည်းက စိတ်ကူးတွေ၊ အတွေးတွေလည်း သူမ၏ဆိုင်ကယ်နှင့်အတူ တစ်ခါတည်း လိုက်ပါ၍ ပျောက်ကွယ်သွားလေ၏။

သူမ ဘယ်သူလဲ။

ဘာကြောင့် တမင်သက်သက် ရန်စသွားတာလဲ။

မသိချင်ပါ။

ဤမြို့နှင့်ပတ်သက်လျှင် သူက လူစိမ်းတစ်ယောက်ဖြစ်သဖြင့် သူမ ဘယ်သူ၊ ဘယ်ဝါ ဆိုသည်ကို သိစေချင်သောကြောင့် တမင်စတန့်ထွင်ခြင်း ဖြစ်နိုင်ပါသည်။ ကြည့်ရသည်မှာ ဤမြို့တွင် သူမသည် ထင်ပေါ်ကျော်စောသူတစ်ယောက် ဖြစ်ပါလိမ့်မည်။ ထို့အပြင် အတော်အသင့် ဩဇာကြီးမားသူလည်း ဖြစ်ပါလိမ့်မည်။ သို့ရာတွင် ဤအချိန်၌ ဘာကိုမှ စိတ်မဝင်စားပါ။

သူ့ရင်မှာ ဒဏ်ရာတွေနှင့် ဝေဒနာနှင့်။



www.burmeseclassic.com

www.burmeseclassic.com


ဤတောင်ပေါ်မြို့သို့ ရောက်လာခြင်းအကြောင်းမှာ ဒီဒဏ်ရာတွေကြောင့်ပါပဲ။


www.burmeseclassic.com

www.burmeseclassic.com



# ၂

ရန်ကုန်မှ ထွက်ပြေးလာခဲ့သည်မှာ လေးရက်ရှိပြီ။ ပထမ ပင်လယ် ကမ်းခြေအပန်းဖြေစခန်းတစ်ခုခုသို့ သွားမည်ဟု စိတ်ကူးသေး သည်။ သို့ပေမယ့် အပန်းဖြေစခန်းဆိုသည့်အတိုင်း လာကြသူတွေ က ပျော်ရွှင်ဖို့ ရည်ရွယ်ချက်နှင့် ဖြစ်သည်။

သူများတွေ ရေကူးကြ၊ ရေလှိုင်းစီးကြ၊ ဓာတ်ပုံရိုက်ကြ၊ ပျော်ရွှင်နေကြသည့်အချိန်တွင် ကိုယ်က ဝေါင်စင်းစင်းနှင့် ကြေကွဲ ဝမ်းနည်းနေ၍ မဖြစ်ပါ။ သူတို့နှင့် နှိုင်းယှဉ်မိလျှင် ကိုယ့်ကိုယ်ကိုယ် ပို၍ စိတ်ဆင်းရဲလာလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ချင်း စိုင်းကျော်ဝင်းတို့၏တောင်ပေါ်မြို့သို့ ကြိုတင်အကြောင်းကြားခြင်း မရှိဘဲ ပြုန်းစားကြီး ထွက်လာခဲ့ခြင်း ဖြစ်သည်။

ရှမ်းရိုးမ နယ်နိမိတ်တောင်တန်းတွေ အဆင့်ဆင့် ဖြတ်ကျော်လာချိန်တုန်းက တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသေးသည့် မြင်ကွင်းအသစ်အဆန်းများ ဖြစ်သဖြင့် စိတ်ဝယ် သက်သာသလို ရှိ၏။ ငေးကာ ကြည့်ကာနှင့် လာခဲ့သည်။

ဆောင်းရာသီ၏ အလယ်ချိန်ဖြစ်သဖြင့် တောင်ခိုးတွေ မြူတွေနှင်းတွေနှင့်။

သူ့ကို မြင်သည်နှင့် စိုင်းကျော်ဝင်း အံ့အားတသင့်နှင့် ဝမ်းသာသွားသည်။ ဘွဲ့ရပြီးကတည်းက မတွေ့ဖြစ်ကြသည့် သူငယ်ချင်းတွေ မဟုတ်လား။

အကျိုးအကြောင်း မေးမြန်းသည့်အခါ အိမ်နှင့်အဆင်မပြေ၍ဟုပဲ သာမန်ပြောထားလိုက်သည်။ နန္ဒာဝေနှင့် ပတ်သက်သည့်အကြောင်းတွေကို ရုတ်ခြည်းမပြောချင်သေး။ အေးအေးဆေးဆေးနေသားကျ၍ တခြားစကားတွေ ကုန်တော့မှ ပြောတော့မည်ဟု စဉ်းစားထားသည်။

စိုင်းကျော်ဝင်းကလည်း ကြိုက်သလောက် . . . နေဟုဆိုကာ လွတ်လွတ်လပ်လပ် လွှတ်ပေးထားသည်။ နံနက်ခင်း မြို့အနှံ့စိတ်ပြေလက်ပျောက် လျှောက်ကြည့်နေသည်ဟု ထင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ တောင်မြင့်အနီးတစ်ဝိုက်ဘက် လမ်းလျှောက်ထွက်ရင်း ဆိုင်ကယ်နှင့် ဝင်တိုက်ခံရခြင်း ဖြစ်သည်။ စိတ်ထဲတွင် ကသိကအောက်နှင့် ဒေါသဖြစ်လာသဖြင့် ရှေ့ဆက်ပြီး လျှောက်မကြည့်တော့ဘဲ သူ ပြန်လာခဲ့၏။

"ဒီနေ့ မင်းပြန်လာတာ စောလှချည်လား" . . . ဟု စိုင်းကျော်ဝင်းက ဆီး၍ မေးသည်။

"အင်း . . . နေရာသစ်ဘက် ခြေဦးလှည့်မိလို့" . . . ဟု ဖြေလိုက်၏။

"ဒီနေ့ ဘယ်ဘက်ကို သွားတာလဲ၊ ရှူခင်းသာဘက် မဟုတ်ဘူးလား"

"ဟင့်အင်း . . . တောင်မြင့်ဘက်ကို သွားတာ"

"ဟုတ်လား . . . အဲဒီဘက်က တကယ့်သူဌေးရပ်ကွက် ကွ၊ ခြံဝင်းအကျယ်ကြီးတွေနဲ့ တိုက်အိမ်ဆန်းဆန်းပြားပြားတွေ ရှိတယ်လေ၊ ပိုက်ဆံတတ်နိုင်တော့ စိတ်ကူးမိသလို ဆောက်ထားကြတာ၊ အဲဒီမှာ "ဒေး" အိမ်ဂေဟာက အကောင်းဆုံးပဲ၊ မင်းတွေ့ခဲ့ပြီလား"

"ငါ သတိမထားမိပါဘူးကွာ၊ တိုက်အိမ်ကောင်းကောင်းတွေတော့ တွေ့တာပဲ"

စိုင်းကျော်ဝင်းက လက်မခံသလို ခေါင်းခါပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအိမ်က တခြားအိမ်တွေနဲ့ မတူဘူးကွ၊ မြင်တာနဲ့ သိသာတယ်"

လျှောက်ကြည့်လာခဲ့သည့်လမ်းတွင် တွေ့မြင်ခဲ့ရသည့် ခေတ်မီမီလှပသည့် တိုက်အိမ်ပုံစံများကို သူ ပြန်တွေးကြည့်သည်။ ဒီလိုပဲ . . . ပုံဆန်းရုံပါပဲ။

"ကဲ . . . ဆိုစမ်းပါဦး စိုင်းကျော်ဝင်း၊ အိမ်က ဘယ်လိုပုံစံ မျိုးလဲ"

"ပါးစပ်နဲ့ ပြောလို့ဘယ်ရမလဲကွ၊ မင်းကိုယ်တိုင်ကြည့်မှ မှ အံ့သြသွားမယ်၊ တကယ့်ကို ဗိသုကာလက်ရာမြောက်တယ်၊ တို့ ပြည်နယ်ထဲမှာ ဒီလောက် စိတ်ကူးကောင်းတာ မရှိဘူး၊ တောင်ရဲ့ ချောက်ကမ်းပါးကို စိတ်ကြိုက်ပြုပြင်ပြီး တည်ဆောက်ထားတာ၊ မင်း ကြည့်မယ်ဆိုရင် ငါ မနက်ဖြန် လိုက်ပြမယ်လေ"

"မင်း . . . အားမှလိုက်ပြပါ . . . စိုင်းရာ၊ ငါ တစ်ယောက် တည်း သွားရလာရတာကို ဘာမှအားမနာစမ်းပါနဲ့၊ ဖြစ်ပါတယ်၊ ဒါနဲ့ မင်းပြောတဲ့အိမ်ရဲ့နာမည်ကို ငါ နားမလည်ဘူး၊ "ဒေး" ဆိုတာ က ဘာလဲ . . .၊ ဘယ်လိုအဓိပ္ပာယ်လဲ"

"အင်္ဂလိပ်လို ရေးထားတာပါ၊၊ D.A.Y . . .နေ့ . . . "

သူ အံ့အားတသင့်နှင့် သဘောကျသွားသည်။

နှုတ်မှလည်း . . . "အေး . . . ရိုးရိုးလေးနဲ့ ဆန်းနေတယ် D.A.Y . . . " ဟု ရေရွတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏နာမည်ကို ဤမျှရိုးရိုးလေးနှင့် မည်သူနဲ့မှ မတူအောင် နာမည်ပေးနိုင်လျှင် အိမ်ပုံစံကိုလည်း မည်သူနဲ့မှမတူ အောင်ဆောက်လုပ်ထားလိမ့်မည် ထင်၏။

"အေး . . ." ဟု ဆိုကာ စိုင်းကျော်ဝင်း တစ်စုံတစ်ခု ပြောမလို့ ဟန်ပြင်စဉ် အနီးတွင် ထိုင်ကာ သတင်းစာဖတ်နေသည့် စိုင်းကျော်ဝင်း၏ညီ စိုင်းအောင်မြတ်က . . .

"သတင်းစာထဲမှာ အစ်ကို့သတင်း ပါလာတယ်" . . . ဟု ပြောဆိုရင်း ကမန်းကတမ်းနှင့် သတင်းစာကို အတင်းထိုးပေးလာသည်။

စိုင်းအောင်မြတ် လက်ညှိုးနှင့် ထောက်ပြထားသည့်နေရာကို ငုံ့ကြည့်လိုက်၏။

သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ကြောင်း ဖေဖေတို့ ထည့်လိုက်သည့် ကြော်ငြာ။

အသုံးအနှုန်းက ပြတ်သားလွန်းသည်။

ကျွန်တော်/ကျွန်မတို့၏ သားဖြစ်သူ ဇော်သစ် (မှတ်ပုံတင်အမှတ်/ . . . . . . . . ) သည် မိဘတို့၏ ဂုဏ်သရေကို ညှိုးနွမ်းအောင် ပြုမူဆောင်ရွက်သွားပြီး၊ လူမှုရေးအားဖြင့်လည်း ခွင့်မလွှတ်နိုင်သည့် အမှားကို ကျူးလွန်ခဲ့သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအတွက်လည်း သက်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သူများကို တောင်းပန်ပါကြောင်း ရိုးသားစွာဖြင့် အသိပေးအပ်ပါသည်။

ဦးလှအောင် (မှတ်ပုံတင်အမှတ်/ ........)
နှင့် ဇနီး ဒေါ်မြသီတာ (မှတ်ပုံတင်အမှတ်/ .......)



www.burmeseclassic.com

www.burmeseclassic.com



# ၃

"ဒီကို ငါ ထွက်လာရတဲ့အကြောင်းရင်းက နန္ဒာဝေကြောင့်ပဲ၊ နန္ဒာဝေလို့ ပြောရင် မင်း သိပါတယ်၊ မင်းနဲ့လည်း ရင်းနှီးခဲ့ကြတာပဲ မဟုတ်လား။

ငါတို့ကျောင်းတက်တုန်းက ငါ့ကားနဲ့ အမြဲပဲ ပါလာတတ်တယ်၊ ငါနဲ့ ဟိုး . . . ငယ်ငယ်လေးကတည်းက ကျောင်းတက်ဖော်သူငယ်ချင်းပဲ၊ သူနဲ့ အရမ်းရင်းနှီးရတဲ့ အကြောင်းရင်းကလည်း လူကြီးတွေက အလုပ်ဌာန တူကြတာကိုး၊ ငါ့အဖေက နန္ဒာရဲ့အဘိုးလက်အောက်က တကယ့်တပည့်ရင်းလေ။



www.burmeseclassic.com

www.burmeseclassic.com



အခု . . . နန္ဒာ့အဘိုးက ဝန်ထမ်းလုပ်သက်ပြည့်ပြီး အကြံပေးအရာရှိအနေနဲ့ ဆက်လက်ပြီး တာဝန်ထမ်းဆောင်နေတုန်းပဲ . . . ငါ့အဖေနဲ့ ဆရာတပည့်ဖြစ်နေတုန်းပဲ၊ လူကြီးနှစ်ယောက်က တကယ့်ကို ချစ်ခင်ကြတာ။

နန္ဒာမှာ အဖေ၊ အမေ နှစ်ယောက်စလုံး မရှိကြပါဘူး၊ အဲဒါကြောင့် အဘိုးအဘွားကပဲ မြေးကို မွေးစားသမီးအနေနဲ့ ဆက်ပြီး မွေးစားလိုက်ကြတယ်၊ ဒီတော့ အဲဒီအဘိုးအဘွားက နန္ဒာ့ကို မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ကြတာ၊ သူတို့က သူတို့သမီးရဲ့ကိုယ်စားဆိုလို့ နန္ဒာတစ်ယောက်ပဲ ကျန်နေရစ်ခဲ့တာ မဟုတ်လား။

ဒီတော့ နန္ဒာ ကျောင်းသွားဖို့ အပေါင်းအဖော်လုပ်ဖို့ ငါ တစ်ယောက်ကိုပဲ ယုံယုံကြည်ကြည် စိတ်ချထားတယ်၊ ငါနဲ့ သွားမယ်ဆိုရင် ကြိုက်တဲ့နေရာသွားပဲ၊ ငါ့မှာလည်း နေရာတကာ နန္ဒာ ပါနေတော့ ဝန်ထုပ်ဝန်ပိုးတစ်ခုလိုပါပဲ။

မင်းသိတဲ့အတိုင်းပဲ . . . တက္ကသိုလ်တုန်းက အတန်းပြီးလို့ ပြန်ချိန်ရောက်ပြီဆိုရင် မင်းတို့နဲ့ဆက်ပြီး လက်ဖက်ရည်ဆိုင် ထိုင်ချင်တာတောင် မထိုင်နိုင်ဘဲ နန္ဒာ့ကို ပြန်ပို့ဖို့ ပြန်ခဲ့ရတာလေ၊ နန္ဒာကလည်းကွာ တစ်ခါတလေငါ့ကို သူ့ရဲ့မိန်းကလေးသူငယ်ချင်းများ မှတ်နေသလား မသိဘူး၊ အဝတ်အစား အသုံးအဆောင် ဝယ်တာကအစ နောက်ဆုံး ရည်းစားစကား ဘယ်သူလိုက်ပြောတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့အထိ တိုင်ပင်တယ်။

တစ်ခါတလေ ငါလည်း မကြည်မလင်နဲ့ . . . ဟဲ့ . . နန္ဒာ ငါ့နာမည် ဇော်သစ်နော် . . . ခင်ခင်သစ် မဟုတ်ဘူး၊ ကြည့်လုပ်ဦး လို့ ပြောရတယ်။

တကယ်တော့ နန္ဒာက မိန်းကလေးတွေထဲမှာ ချောလှတဲ့ စာရင်းဝင်တဲ့ လူပါ။ ရုပ်ရည်မညံ့ဘူးဆိုတာ မင်းလည်း သိပါတယ် စိုင်းကျော်ဝင်း၊ သူက တခြားမိန်းကလေးတွေထက် သာတဲ့တစ်ချက် က အရမ်းယဉ်တာပဲ၊ ဆံပင်ဆိုရင်လည်း အရှည်ကြီး၊ အဝတ်အစား ဆိုရင်လည်း သေသေသပ်သပ်နဲ့၊ ဘယ်တော့မှ ဘောင်းဘီတွေ၊ စကတ်တွေ ဝတ်တာမှ မဟုတ်ဘူး၊ အခုခေတ်နဲ့ ယှဉ်ပြီး ဖက်ရှင် အသစ်အဆန်းမဝတ်ပေမယ့် သူ့ဟာသူ ဆွဲဆောင်မှုရှိအောင် လိုက် ဖက်အောင် ဝတ်စားတတ်တယ်။

အဲဒါကလည်း မျိုးဆက်တစ်ဆက်လောက် ကွာခြားနေတဲ့ အဘိုးအဘွားက အုပ်ချုပ်နေလို့ ဖြစ်မယ်ထင်တယ်။

ပုံစံကို ကြည့်လိုက်ရင်သာ ယဉ်တယ်၊ နွဲ့တယ်၊ အဲဒါ ကြောင့် နန္ဒာရဲ့ စိတ်ထားကလည်း သိမ်မွေ့ပျော့ပျောင်းလိမ့်မယ် ထင်စရာပဲ၊ မင်းတို့ မြင်တဲ့အတိုင်း သူက ပြုံးပြုံးလေးနဲ့ စကားသိပ် မပြောဘဲနေတတ်တာ၊ တကယ်က နန္ဒာရဲ့စိတ်က အရမ်းမာတယ်၊ ထင်တာထက် ပိုပြီး ပြတ်သားတယ်၊ ဘူးဆိုရင် ဖရုံမသီးတတ်ဘူးဆို တာ ငါ့လို အနီးကပ်ပေါင်းသင်းနေတဲ့သူပဲ သိတယ်၊ ဘယ်သူမှ



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်ဘူး။

တကယ်ပါ၊ ငါ မယုံကြည်နိုင်လောက်အောင် ဖြစ်ခဲ့ရတယ်၊ နန္ဒာ ဘယ်လောက်မာကျောပြတ်သားတယ်ဆိုတာ ငါ တစ်ခု ပြောပြမယ်။

အခြေအနေတစ်ရပ်ကြောင့် နန္ဒာနဲ့ငါတို့ လက်ထပ်ပေးဖို့ လူကြီးတွေက စီစဉ်လာတယ်၊ အဲဒီအခြေအနေဆိုတာ ငါနဲ့နန္ဒာနဲ့ နှစ်ယောက်ပဲ သိတဲ့ကိစ္စပါ၊ ငါ နောက်မှ ရှင်းပြမယ်၊ လောလော ဆယ် နန္ဒာ ဘယ်လောက်ပြတ်တယ်ဆိုတာ ပြောပြမယ်။

အဲဒီလို လက်ထပ်ကြဖို့ ဖြစ်လာကြတော့ ငါ မငြင်းခဲ့ပါ ဘူး၊ ငါက နန္ဒာ့ကို ဟိုအရင်ကတည်းက သံယောဇဉ် ဖြစ်လာကြ တာပဲ၊ ပြီးတော့ နန္ဒာ့မှာ အခက်အခဲလည်း ဖြစ်နေပြီ၊ ဒီတော့ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ ကူညီသင့်တယ်လေ။

အဲဒီမှာ နန္ဒာ ဘာပြောတယ်မှတ်သလဲ။

သူက ငါ့ကို လုံးဝ လက်မထပ်နိုင်ပါဘူးတဲ့။

ငါကလည်း ဘာဖြစ်လို့လဲ မေးကြည့်တော့ ငါက ချစ်တယ် လို့ တစ်ခါမှ မပြောဖူးလို့တဲ့၊ သူ့ကို မချစ်လို့ပါတဲ့၊ ဒီမှာ ငါ စဉ်းစား ရပြီ၊ နန္ဒာပြောတာ ဟုတ်တယ်၊ ငါက နန္ဒာ့ကို ချစ်သူတစ်ယောက် အနေနဲ့ ဘယ်အခါမှ မြင်မကြည့်ခဲ့ဘူး၊ ဒါပေမဲ့ ဒီအချိန်မှာ ဆုံး ဖြတ်ရမယ်၊ ငါ့မှာ သူ့ထက်ပိုပြီး သံယောဇဉ်ရှိရမယ့် မိန်းကလေး မရှိဘူး၊ ငါ့ရဲ့စိတ်တွေက သူ့အပေါ်မှာ အလေးသာတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ နန္ဒာ့ကို ချစ်သူတစ်ယောက်အနေနဲ့ လက်ခံနိုင်တယ်၊ အနေနီးကပ်လွန်းအားကြီးတာရယ် . . . သူ့မှာ ချစ်သူရှိတာရယ်ကြောင့် ဒီစကားကို မပြောဖြစ်ခဲ့တာလားလို့။

ဒီတော့ ငါ ပြောရပြီ၊ ငါကလည်း ချစ်ပါတယ်ပေါ့။

နန္ဒာက အေးအေးဆေးဆေးပဲ . . . လက်ခံဘူးတဲ့။ အဲဒီမှာ ပြဿနာတွေ တောက်လျှောက်ဖြစ်လာတော့တာပဲ”



www.burmeseclassic.com

www.burmeseclassic.com



# ၄

စိုင်းကျော်ဝင်း၏ နောက်ကျောဘက်တွင် အဝင်တံခါး ရှိသည်။ ထိုတံခါးမှန်ချပ်သည် ဖျတ်ခနဲ ပွင့်သွားသည်ကို အမှတ်မထင် ကြည့်လိုက်မိသည်။

သူတို့ ထိုင်နေသည့်ဆိုင်ထဲသို့ စားသောက်ရန် ဝင်လာကြသည့် မိန်းကလေးသုံးဦးကို မြင်တွေ့လိုက်သည်။

ထိုထဲမှာ တစ်ယောက်ကို မြင်လျှင်မြင်ချင်း မှတ်မိသွားသည်။

မနက်က ဆိုင်ကယ်နှင့် ဝင်တိုက်သည့် ကောင်မလေး။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့မှ မမှားယွင်းနိုင်။ အသေအချာ မှတ်မိသည်။ ထိုသည်နှင့် တစ်ပြိုက်နက်ပင် ရင်ထဲမှ ဒေါသတွေ ပြန်လည်၍ အုံကြွလာ၏။

ထိုကောင်မလေးက ပထမတော့ သူငယ်ချင်းတွေနှင့် ရယ်ရယ်မောမော စကားပြောရင်း ဝင်လာရာမှ သူ့ကို မြင်သည်နှင့် ချက်ချင်း မျက်နှာပြောင်းလဲသွားသည်။ အရယ်အမောတွေ လုံးဝပျောက်ကွယ်သွားပြီး၊ ကမ္ဘာဦးကတည်းက ရန်သူတွေလို သဘောထားနှင့် မျက်နှာထားတင်းကာ ဒေါသအရိပ်အယောင်တွေ တဖြတ်ဖြတ် ပေါ်လာသည်။

အလွန်တရာ ခါးသီးမုန်းတီးမှုတွေနှင့်။

သူမတို့အုပ်စုသည် ပြန်လှည့်ထွက်သွားဖို့ နေ့နေသာသာ စားပွဲချင်းကပ်လျက်တွင် ဝင်ထိုင်သည်။ ကျန်နှစ်ယောက်က . . . "ဟိုဘက်စားပွဲမှာ ထိုင်ရအောင်" ဟု ပြောဆိုသည်ကိုပင် သူမက ငြင်းဆန်လိုက်၏။

"ဟော့ . . . ဒီဝိုင်းမှာပဲ ထိုင်ကြမယ်၊ ဒီမြို့က တို့ရဲ့မြို့၊ ဒီဆိုင်က တို့အမြဲ ထိုင်နေကျဆိုင်၊ တို့ကြိုက်သလို နေနိုင်တယ်၊ သွားချင်သွားမယ်၊ နေချင်နေမယ်၊ ဒါပေမဲ့ ဒီမှာ မနေသင့်တဲ့လူက ကိုယ့်ဘာသာကိုယ် သဘောပေါက်"

သူမ၏သူငယ်ချင်းများက ဤစကားကို သဘောမပေါက်ပေမယ့် သူကတော့ သူ့ကို ရည်ရွယ်၍ ပြောလိုက်သည့်စကားဟု



www.burmeseclassic.com

www.burmeseclassic.com



သဘောပေါက်ပါသည်။

တောက် . . . ဘယ်ဘဝက ရေစက်ကြောင့်ရယ် မသိ။ ဒီကောင်မလေးကို မြင်,မြင်ချင်း မုန်းနေမိသည်။ ဤအရပ်သည် ချမ်းအေးလွန်းသည့် အရပ်ဒေသဖြစ်သဖြင့် အနွေးထည်ဂျာကင်တွေ၊ ထူထဲသည့် ဂျင်းဘောင်းဘီတွေ ဝတ်တတ်သည်ကို နားလည်လက်ခံ၍ ရပေမယ့် သူမ၏ဆံပင်ပုံက ယောကျ်ားလေးအတိုင်းဖြစ်နေသည်ကိုတော့ ကြည့်မရ။ ဤသည်မှာလည်း ပြဿနာဖြစ်ထား၍ မဟုတ်ပါ။ သူ့စိတ်အထင် မိန်းကလေးတစ်ယောက်သည် အတော်အသင့်ဆံပင်ရှည်မှ ကြည့်ကောင်းပါသည်။

အတတ်နိုင်ဆုံး စိတ်ကိုချုပ်တီးပြီး အကြည့်ကို လွှဲဖယ်ထားပေမယ့် ပစ်ကွင်းက မလွတ်။ စောင်းမြောင်းပြီး ပြောနေပြန်သည်။

“သူငယ်ချင်းတို့ကို တို့ အရေးတကြီး သတိပေးရဦးမယ်၊ တို့မြို့မှာ လူမဟုတ်တဲ့ လူတစ်ယောက် ရောက်နေတယ်၊ ရုတ်တရက်ကြည့်လိုက်ရင် လူနဲ့တော့ တူတယ်ပေါ့နော်၊ ဒါပေမဲ့ လူမဟုတ်ဘူးကွ၊ မနက်ဝေလီဝေလင်းဆိုရင် မြို့ကို လျှောက်ပတ်ပြီး သွားတတ်တယ် . . . သိလား၊ သူငယ်ချင်းတို့ နှင်းတွေကြားထဲမှာ အဲဒီလူကို မြင်ရင် ကြည့်ပြီး ရှောင်ကြနော်၊ သူက မင်းတို့လို ပျော့ညံ့ညံ့ မိန်းကလေးတွေဆိုရင် ဖမ်းစားသွားလိမ့်မယ်”

“ဟယ် . . . မဟုတ်တာ၊ ဒီခေတ် ဒီအခါမှာ ဘီလူးရှိပါ့မလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘီလူးလောက်အဆင့် မရှိပါဘူးကွာ"

"နင်က နောက်မနေပါနဲ့၊ အမှန်အတိုင်း ပြောစမ်းပါ၊ အဲဒီလူက စိတ်ဝေဒနာရှင်လား၊ ဟို . . . နိုင်ငံခြား ဗီဒီယိုကားတွေထဲ ကြည့်ရတဲ့ စိတ္တဇလူသတ်ကောင်လိုမျိုးလား"

"အဲဒီလောက်လည်း အဆင့်မရှိပါဘူးကွာ"

"မင်းပြောတာနဲ့ ရှုပ်ကုန်ပြီ၊ ဘာမှန်းမသိတော့ဘူး"

"လူမဟုတ်တဲ့ လူပါဆိုမှ ဘယ်က သူရဲ တစ္ဆေဖြစ်ရမှာလဲ၊ ဒါပေမဲ့ . . . မင်းတို့ ကြည့်နေပါ၊ အဲဒီလူကို ဒီမြို့က မောင်းထုတ်ပြမယ်"

စိုင်းကျော်ဝင်းသည် နောက်ကျောစားပွဲဝိုင်းမှ စကားသံများကြောင့် လှည့်ကြည့်သည်။ "အော် . . နန်းတို့ . . . ဒေးတို့ပါလား" ဟု လှမ်းနှုတ်ဆက်သည်။ တစ်မြို့တည်းသားချင်း ဖြစ်သဖြင့် ရင်းနှီးကြဟန်တူသည်။

စိုင်းကျော်ဝင်းက သူ့တိုက်၏အောက်တွင် ဗီစီဒီအငှားဆိုင် ဖွင့်ထားသဖြင့် ထိုမိန်းကလေးတို့မှာ သူ့ဆိုင်မှ အမြဲငှားရမ်းကြဟန်တူ၏။ ယခုနောက်ဆုံးထွက် ဗီဒီယိုအခွေများအကြောင်း မေးမြန်းကြ ပြောဆိုကြသည်ကို တွေ့ရ၏။

ထိုမိန်းကလေးများထဲမှ သူမကိုတော့ စိုင်းကျော်ဝင်း လေးလေးစားစားဆက်ဆံသည်ကို သတိပြုမိသည်။

ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်သူလဲဆိုတာ ရှင် စုံစမ်းကြည့်ပါဦးဟူသည့် စကားကို ပြန်လည်သတိရမိသည်။

"အော် . . . သတိရလို့ ဟိုတလောက ဒေး, မေး,မေးနေတဲ့ သီချင်းဗီစီဒီ ထွက်နေပြီလေ၊ မနေ့ကမှ ရန်ကုန်က ရောက်တာ၊ ဒေးလိုချင်သေးရင် ကျွန်တော် တစ်ချပ် ချန်ထားပေးပါ့မယ်"

"ဟုတ်တယ်၊ အဲဒီသီချင်းဗီစီဒီတောင် ကျွန်မ မေ့နေတယ်၊ ကျွန်မမှာ တခြားအလုပ်မဟုတ်တဲ့အလုပ်က ရှုပ်နေလို့၊ အမှိုက်ဆိုပါတော့၊ မျက်စိထဲ အမှိုက်ဝင်သလို ဖြစ်နေတယ်၊ ကိုကျော်ဝင်းဆိုင်ကိုတော့ ကျွန်မ လာမယူတော့ဘူး တစ်ယောက်ယောက် လွှတ်လိုက်မယ်"

"ကောင်းပါပြီ ဒေး . . . ကျွန်တော်တို့ ပြန်လိုက်ဦးမယ်နော်"

"ဟုတ် . . . " ဟုဆိုကာ သူ့ကို စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်သည်။

သူကလည်း ဂရုမစိုက်သည့်အနေနှင့် ခပ်တည်တည်နှင့် ပြန်ကြည့်လိုက်သည်။ ထိုနောက် စိုင်းကျော်ဝင်း၏နောက်မှ ထ ထွက်လာခဲ့သည်။

ဆိုင်အပြင်ရောက်တော့မှ သူမ ကြည့်နေလိမ့်မည်ဟု စိတ်အထင်ကြောင့် တစ်ချက်ပြန်လှည့်ကြည့်မိသည်။

သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူ့နောက်ကျောဘက်မှ စူးစူးစိုက်စိုက်ကြည့်နေ၏။

❧

စိုင်းကျော်ဝင်း၏ဆိုင်ကယ်နောက်တွင် သူ တက်လိုက်သည်။ ထိုနောက် သူမတို့ထိုင်ကျန်ရစ်သည့် ဆိုင်ကို ကျောပေးကာ မောင်းထွက်ခဲ့သည်။

"စိုင်း"

"အေး . . . ဘာလဲ" ဟု လှည့်မကြည့်ဘဲ ပြောသည်။

"ခုနက ကောင်မလေးက ဘယ်သူလဲ"

"ဇော်သစ် . . . မင်း ဘယ်သူ့ကို ပြောတာလဲ"

"မင်းက ဒေး . . . ဆိုလား ခေါ်တဲ့ ကောင်မလေးကွာ၊ အဲဒီအုပ်စုထဲမှာ ဆံပင်အတိုဆုံးတစ်ယောက် ယောကျ်ားလေးဆံပင်ပုံစံမျိုးနဲ့ ကောင်မလေးကို ငါ မေးတာပါ"

"အော် သူလား"

သူ ခေါင်းညိတ်ခြင်းကို စိုင်းကျော်ဝင်း မြင်နိုင်လိမ့်မည် မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သူက ဆိုင်ကယ်၏နောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေသူ မဟုတ်ပါလား။

"ငါ မနက်က ပြောတဲ့ "ဒေး" အိမ်ဂေဟာဆိုတာ တခြား ဟုတ်ရိုးလား၊ အဲဒီကောင်မလေးရဲ့အိမ်ပေါ့၊ သူ့နာမည်အပြည့်အစုံ က တင်ဇာဒေးတဲ့ကွ . . . ဒေးဆိုတဲ့ စာလုံးပေါင်းက DAY ပဲလေ၊ တို့မြို့မှာတော့ အားလုံးက ဒေးလို့ခေါ်ကြတာပဲ၊ နာမည်အပြည့်အစုံ ခေါ်တဲ့လူတောင် မရှိပါဘူး၊ သူက တို့မြို့မှာ နာမည်ကြီး နံပါတ် တစ်ပဲ . . . သူ့အဖေက အရမ်းချမ်းသာတယ်၊ ပြီးတော့ မျိုးရိုးနဲ့ ဩဇာက ရှိသေးတယ်၊ ဒီမြို့မှာတော့ ဘယ်သူမှ မယှဉ်နိုင်ဘူး"

စိတ်ထဲက အော် . . . ဟု ရေရွတ်မိသည်။

အဲဒါကြောင့်လည်း သူမက စုံစမ်းကြည့်ပါဦးဟု ခိုင်းလိုက် တာကိုး။

"ဒါနဲ့ အဲဒီတင်ဇာဒေးက မာနကြီးပြီး မောက်မာသလား"

"မာနကတော့ ရှိပါတယ်၊ ဒါပေမဲ့ သူတို့က မောက်မာစရာ မှ မလိုတာ၊ သူတို့ ဘယ်သူဆိုတာ ဒီမြို့က လူတိုင်း သိနေကြတာပဲ၊ မဏ္ဍပ်တိုင်ကို တက်ပြစရာအကြောင်းမရှိပါဘူး၊ ဒါနဲ့ မင်းက သူ့ကို စိတ်ဝင်စားလို့လား"

"ငါက သူ့ကို သဘောကျပြီး မေးမြန်းစုံစမ်းနေတယ် ထင် သလား စိုင်း"

"မဟုတ်လို့လား"

"အဲဒီလို မဟုတ်ဘူး၊ ငါက သူ့ကို လုံးဝကြည့်မရလို့ မေး



www.burmeseclassic.com

www.burmeseclassic.com



နေတာ”

“ဘာဖြစ်လို့လဲ . . . ဒေး ဝတ်တာစားတာက ထောင့်မကျိုးလို့လား၊ ဒါမှမဟုတ် ယောက်ျားလေးပုံစံမျိုး ဖြစ်နေတာကို မကြိုက်တာလား”

“ငါ အဲဒီလောက်ထိ အမြင်မကျဉ်းပါဘူး၊ သူ့ဟာသူ ဘာပဲဝတ်ဝတ် ဘာပဲဖြစ်ဖြစ် အလကားမုန်းတတ်တဲ့အကောင် မဟုတ်ပါဘူး၊ ငါ သူ့ကို မကျေနပ်တာက တခြားကိစ္စပါ၊ ဒီနေ့မနက်က ငါ တောင်မြင့်ဘက် လမ်းလျှောက်ထွက်ခဲ့တယ်လေ၊ အဲဒီမှာ ငါ့ကို တမင်သက်သက် ဆိုင်ကယ်နဲ့ ဝင်တိုက်ပြီး ရန်စသွားတယ်၊ တော်တော့်ကို ရိုင်းတယ်ကွာ”

“မင်း တကယ်ပြောတာလား ဇော်သစ်”

“ငါ မညာပါဘူး၊ တကယ့်ကို အသားလွတ် ဝင်တိုက်တာ၊ မင်း စဉ်းစားကြည့်၊ မင်းတို့မြို့မှာ မနက်ပိုင်း နှင်းတွေ ဘယ်လောက်ပဲကျကျ လူတစ်ယောက် လမ်းလျှောက်လာတာကိုတော့ မြင်နိုင်လောက်ပါတယ်၊ ပြီးတော့ အဲဒီလမ်းမှာ ငါ တစ်ယောက်တည်း လျှောက်နေတာ၊ အရှင်းကြီးပဲ၊ ပြီးတော့ ငါက လူရှင်းတယ်ဆိုပြီး လမ်းလယ်က လျှောက်တာ မဟုတ်ဘူး၊ လမ်းဘေးက လျှောက်တာ၊ သူ့ဆိုင်ကယ်နဲ့ အလွတ်ကြီးပါ၊ အဲဒါ ငါ့ကို မြင်ရက်သားနဲ့ ဝင်တိုက်တယ်”

“ထိခိုက်သွားသေးလား”



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကျော်ဝင်းက စိုးရိမ်စွာဖြင့် သမင်လည်ပြန် လှည့်မေးသည်။

"နည်းနည်းတော့ ထိတာပေါ့ကွာ၊ လက်ရယ် . . . ဒူးရယ်"

"ဟာ . . . မင်း အစက ဘာဖြစ်လို့ မပြောတာလဲ၊ ငါ မင်းကို ကြည့်ရတာ အကောင်းကြီးပဲ၊ သွေးတွေ ဘာတွေ မမြင်တာနဲ့ မမေးမိဘူး"

"ပွန်းပဲ့ရုံလောက်ပါ။ ဒူးလည်း နည်းနည်းတော့ အောင့်သွားတယ်၊ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ငါ စစ်ဆေးကြည့်ပြီးပါပြီ၊ ဘာမှမဖြစ်ဘူး"

"မင်းပြောတာ ငါ ယုံကြည်ပါတယ် ဇော်သစ်၊ ဒါပေမဲ့ ဒေးက ဒီလောက်ထိ ပြဿနာရှာတတ်တဲ့ မိန်းကလေး မဟုတ်လို့ ငါ အံ့ဩနေတာ၊ ဒေးက မာနကြီးတယ်၊ စိတ်ထက်တယ်၊ ယောကျ်ားလေးတစ်ယောက်လို သွားတတ်လာတတ်တာ ငါ သိပါတယ်၊ ဒါပေမဲ့ ဒီလောက်ထိ ရမ်းကားလိမ့်မယ်လို့ မထင်ဘူး။

မင်းသာ ဒီအကြောင်း မပြောဘဲ တခြားလူတစ်ယောက်ကသာ ဒီအကြောင်းပြောလာမယ်ဆိုရင် ငါ လုံးဝမယုံဘူး၊ ဒါပေမဲ့ မင်းကတော့ မပြောရင်သာ နေရမယ်၊ မင်း လိမ်ညာပြီး မပြောတတ်ဘူးဆိုတာ ငါသိတယ်လေ၊ ကဲ . . . ပြောစမ်းပါဦး၊ ဘာတွေ ပြောခဲ့ဆိုခဲ့လို့လဲ . . . ဒေးက မင်း ကို ဘာပြောလိုက်လို့လဲ"

"မင်းဆိုင်ရှေ့ ရောက်နေပြီကွ၊ ဆိုင်ထဲ ရောက်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အသေးစိတ် ပြောပြမယ်၊ အဲဒီ ဒေးဆိုတဲ့ မိန်းကလေးဟာ ဘယ်လို ပုံစံလဲဆိုတာကို”

တင်ဇာဒေးနှင့် ဖြစ်ခဲ့သမျှအကြောင်းစုံကို အသေးစိတ် စကားတစ်ခွန်းမှ မကျန်အောင် ပြောပြလိုက်သည့်အခါ စိုင်းကျော်ဝင်း မယုံကြည်နိုင်သလို ဖြစ်သွားသည်။ အံ့အားသင့်ခြင်း၊ စဉ်းစားမရခြင်းတို့လည်း တစ်လှည့်စီ ဖြစ်ပေါ်နေ၏။ ထို့နောက် စိုးရိမ်ပူပန်သည့် မျက်နှာနှင့် သူမ၏အကြောင်းတွေကို ရှင်းပြလေသည်။

“ငါ တကယ်အမှန်အတိုင်း ပြောတာပါ ဇော်သစ်၊ ဒေးမှာ ဒီလိုစရိုက်မျိုး ရှိလိမ့်မယ်လို့ ထင်တောင် မထင်ခဲ့ဘူး၊ ဒီအချိန်ထိ ဒေးဘက်က တမင်ရန်စပြီး ပြဿနာရှာတာမျိုး လုံးဝမကြားဖူးဘူး၊ သူနဲ့ငါက တစ်မြို့တည်းသားချင်းတွေပါ၊ ငါ့ထက် သုံးလေးနှစ်ငယ်ပေမယ့် အတူတူကြီးပြင်းလာခဲ့တာဖြစ်လို့ သူ့အကြောင်းကို ငါ သိပါတယ်၊ သူက ယောကျ်ားလေးတစ်ယောက်လို နေချင်နေမယ်၊ ရဲရဲတင်းတင်း ပြောဆိုဆက်ဆံမယ်၊ သွားမယ် လာမယ် . . .

. . . . ဒါပေမဲ့ ရမ်းကားတာ မရှိဘူး၊ တကယ်ရမ်းကား



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင် ဖြစ်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့အဖေမှာ တပည့်တပန်းအင်အားက အရမ်းတောင့်တယ်၊ ငွေကြေးအားဖြင့် ငါတို့မခန့်မှန်းတတ်အောင် ချမ်းသာတယ်၊ အသိုင်းအဝိုင်းအားဖြင့် ဝင်ဆံ့တယ်၊ ပြီးတော့ သူ့စီးပွားရေးလုပ်ငန်းထဲမှာ သစ်လုပ်ငန်းတွေပါတာကြောင့် လုံခြုံရေးအတွက် ခွင့်ပြုထားတာ ရှိတယ်။

တကယ်က ဒေးရဲ့နောက်မှာ မျက်စိဒေါက်ထောက်ပြီး လိုက်ကြည့်နေတဲ့ ကိုယ်ရံတော်တွေ ရှိတယ်၊ ဒါတွေက တစ်မြို့လုံး သိကြပါတယ်၊ နေရာမလွဲ သူ့ကျေးဇူး မကင်းတဲ့လူတွေ . . . သူ့တပည့်တွေ ပြည့်လို့ပဲ၊ ဥပမာ ပြောရရင် ငါတို့တောင် သူ့ကျေးဇူးက မကင်းပါဘူး၊ စီးပွားရေးအားဖြင့် တစ်နည်းမဟုတ်တစ်နည်း ဆက်သွယ်လုပ်ကိုင်နေရတာပဲ”

ဤတစ်ခါ အံ့သြရမည့်အလှည့်က သူ့အလှည့်ဖြစ်သည်။ သူငယ်ချင်း စိုင်းကျော်ဝင်းတို့မိသားစုတောင် တင်ဇာဒေး၏အဖေ့ကျေးဇူးနှင့်မကင်းဆိုတော့ သူမ ပြောသလို၊ သူမ သတိပေးသလို ဖြစ်လာနိုင်သည်။ သူမ၏အသိုင်းအဝိုင်းက ကျယ်ပြန့်လွန်းသည်ပဲ။

“စိုင်း . . . မင်းပြောနေတာ တင်ဇာဒေးတစ်ယောက်တည်း ဖြစ်နေတယ်၊ သူ့မှာ ညီအစ်ကိုမောင်နှမတွေကော မရှိဘူးလား”

“တစ်ယောက်မှ မရှိဘူး၊ သူက တစ်ဦးတည်းသော သမီးပဲ”

သူမ မိဘများ၏အမွေကို သူမတစ်ယောက်တည်း ဆက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရရှိမည့်သဘော။ သို့ဆိုလျှင် တင်ဇာဒေးကို ချစ်ကြိုက်သူတွေ မရှိနိုင်ဘူးလား။ ဒီမြို့မှဖြစ်စေ . . . တခြားနေရာကဖြစ်စေ . . . ဟု စဉ်းစားပြီး . . .

"အဲဒီကောင်မလေးမှာ ရည်းစားတွေဘာတွေ မရှိဘူးလား"

"အဲဒီလို ငါ မကြားမိပါဘူး၊ တစ်မြို့လုံး တစ်နယ်လုံး သူ့ကို သိနေကြတာပဲ၊ သူ့မှာ ချစ်သူရှိရင် တစ်နည်းနည်းတော့ သိရမှာပဲ၊ ဒါနဲ့ ပတ်သက်ပြီး ပြောစရာအကြောင်း ရှိသေးတယ်၊ မင်းက ဒီမြို့က မဟုတ်တော့ ဘယ်သိပါ့မလဲ၊ ဒီလိုကွ . . . ဒေးမှာ ငယ်ငယ်လေးကတည်းက အမေ မရှိတော့ဘူး၊ ဒီတော့ အဖေ့လက်ပေါ်မှာ ကြီးပြင်းခဲ့ရတာပေါ့၊ သူ့အဖေကလည်း သူ့သမီးကို ချစ်လွန်းလို့ နောက်အိမ်ထောင်မပြုခဲ့ဘူး၊ ပြီးတော့ သမီးကိုလည်း သူ့လို ပုံစံမျိုး သွင်းခဲ့တယ်၊ ယောကျ်ားဆန်ဆန်ပေါ့ . . .။

ဒီတော့ အခု မင်းမြင်တဲ့အတိုင်း ဖြစ်နေတာပေါ့၊ မင်း သိချင်သလို တခြားယောကျ်ားလေးတွေက သူ့ကို မချစ်ကြိုက်မိဘူးလားဆိုတော့ ချစ်ကြိုက်ကြတယ်၊ စာပေးတဲ့လူ ရှိတယ်၊ လိုက်စကားပြောတဲ့လူ ရှိတယ်၊ သိပ်ပြီး အလွန်အကျွံလိုက်ပြောလို့တော့ ဘယ်ရမှာလဲ၊ သူ့အဖေရဲ့ အရှိန်အဝါက ရှိသေးတယ်လေ၊ သူ့အဖေကလည်း သူ့သမီးကို နှောင့်ယှက်တာမျိုး၊ ရုပ်ပျက်ဆင်းပျက်နဲ့ အတင်းလိုက်နေတာမျိုး ကို ခွင့်မပြုနိုင်ဘူးလို့ အားလုံးသိအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောထားတယ်၊ ကြိုက်နိုင် တယ်၊ ချစ်နိုင်တယ်၊ ဒါပေမဲ့ သူ့သမီးက လက်မခံဘူး၊ မကြိုက်ဘူး ဆိုရင် အဲဒီနေရာမှာတင် ရပ်တော့ . . . နောက်ထပ် မကြိုးစားနဲ့တဲ့၊ ဘာကြောင့်လဲဆိုတော့ သူ့သမီး စိတ်ညစ်မှာ စိုးရိမ်လို့တဲ့ . . . အဲဒါပဲ”

သူမ၏အဖေက သူမအပေါ်တွင် ယုံကြည်စိတ်ချသည့်သဘော ဖြစ်ပေလိမ့်မည်။ သမီးဖြစ်သူက နှလုံးသားရေးရာ ပြဿနာကို ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် မှန်ကန်စွာ ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ထားဟန်တူ၏။

စိတ်အထင် ခန့်မှန်းကြည့်မည်ဆိုလျှင် သူမ၏အဖေက သူမကို လောကအကြောင်း၊ ဘဝအကြောင်း၊ လူတွေအကြောင်းကို မည်မျှသွန်သင်ဆုံးမထားသည် မသိပါ။ ထို့ပြင် သမီးနှင့် ပတ်သက်၍ တစ်မြို့လုံးကို ပြောထားသည့်စကားကို ထောက်ချင့်၍ သူမ၏အဖေသည် တော်တော့်ကို ပွင့်လင်းရဲရင့်သူ ဖြစ်လိမ့်မည် ထင်သည်။

သို့ဆိုလျှင် သူမသည် ပြဿနာအရပ်ရပ်ကို သူမ၏ အဖေနှင့်အတူ ဆွေးနွေးပြောဆိုနေကျ ဖြစ်နိုင်ပါသည်။ အကယ်၍များ သူ့အကြောင်းနှင့် ပတ်သက်ပြီး သူမ၏အဖေကို သူမ ပြောဆိုထားခဲ့လျှင် ဘာတွေဖြစ်လာမည် မသိပါ။

“ငါ ဒီကောင်မလေးနဲ့ ပတ်သက်ပြီး ဘာလုပ်သင့်သလဲ စိုင်း၊ သူက ငါ့ကို ဒီမြို့က မောင်းထုတ်ပစ်မယ်လို့ ပြောနေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငါ စိုးရိမ်တာက မင်းတို့မိသားစုအတွက်ပါ၊ မင်းက ငါ့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ လက်ခံထားရတာ မဟုတ်လား၊ တော်ကြာ ငါနဲ့ပတ်သက်ပြီး မင်းတို့ စီးပွားပျက်မှာ မမြင်ချင်ပါဘူး၊ ငါက နဂိုကတည်းက ကြောက်တဲ့သွေးဆိုလို့ တစ်စက်မှ ပါလာတဲ့ကောင် မဟုတ်ပါဘူး၊ သူ ဘာပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ပါဘူး"

"ဒေးက ဘာကြောင့် ဒီလောက်ထိ ပြောဆိုခဲ့တာလဲ၊ ငါ နားမလည်ဘူးကွာ၊ ဒါပေမဲ့ သူ့ဘက်က ငါ့ဆီကို တရားဝင် အကြောင်းကြားလာမယ်၊ မင်းကို ဒီမြို့မှာ ဆက်မနေစေချင်ဘူး ဆိုရင် ငါ့သဘောက ပြန်စေချင်တာပါပဲ၊ တော်ကြာ ငါ့ဆီမှာ မင်း တစ်စုံတစ်ခု ဖြစ်သွားမှာ ငါ မလိုချင်ပါဘူး၊ ဒါပေမဲ့ စိတ်ချပါ၊ သူငယ်ချင်းအတွက် ငါ အဆုံးစွန်ထိ ရပ်တည်ပေးဖို့ ဝန်မလေးပါဘူး"

စိုင်းကျော်ဝင်းကို ကြည့်ရသည်မှာ အတော့်ကို စိုးရိမ်နေဟန်တူ၏။ သူ့အတွက် အသက်ပေးဖို့ ဝန်မလေးကြောင်း သူ ယုံကြည်ပါသည်။

သူ အလေးအနက်စဉ်းစားပြီး "မနက်ဖြန် ငါ ပြန်တော့မယ် စိုင်း၊ ငါ့အတွက် ကားလက်မှတ်ယူပေးပါ" ဟု ပြောလိုက်သည်။

ထိုအခါတွင် စိုင်းကျော်ဝင်းသည် ပျာပျာသလဲနှင့် တားဆီးလေ၏။

"မင်း မပြန်ပါနဲ့ဦး သူငယ်ချင်းရာ၊ စိတ်ချပါ၊ လောလော



www.burmeseclassic.com

www.burmeseclassic.com



ဆယ် ဘာအန္တရာယ်မှ မဖြစ်နိုင်သေးပါဘူး၊ ငါ ရှင်းပြသွားပဲ၊ သူ့ ဘက်က တကယ်ပဲ ရှိမနေစေချင်ဘူးဆိုရင် ငါတို့ဆီကိုတော့ အသေအချာ လာပြောကြမှာပါ၊ သူတို့က ကြိုတင်သတိမပေးဘဲ ဘာမှ မလုပ်တတ်ပါဘူး၊ မင်းသာ ဒေးနဲ့ ရင်ဆိုင်မတိုးမိအောင် ရှောင်နေလိုက်ပါ"

"ငါ အတတ်နိုင်ဆုံး သည်းခံချင်ပါတယ်၊ ငါ့မှာလည်း ငါ့ဒုက္ခနဲ့ငါပါ၊ နောက်ထပ် ပြဿနာမတတ်ချင်ဘူး၊ ငါ့ဘာသာ စိတ်ညစ်နေရတဲ့ကြားထဲ ဒီကိစ္စကို ခေါင်းထဲမထည့်နိုင်ပါဘူး၊ ဒါပေမဲ့ သူက တည့်တည့် တိုးလာဦးမယ်ဆိုရင်တော့ ငါ စိတ်ထိန်း နိုင်မှာ မဟုတ်ဘူး၊ အဲဒီအချိန်ကျရင် အားလုံး ခက်ကုန်လိမ့်မယ်၊ ဒီတော့ ဘာမှမဖြစ်ကြသေးတဲ့အချိန်မှာ ပြန်လိုက်တာ အကောင်း ဆုံးပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



# ၅

မာလာထွေးက ဖက်ထုပ်ကို ချဉ်ရည်ထဲ နှစ်ရင်း "ခုနက ကိုစိုင်း ကျော်ဝင်းနဲ့အတူ ထိုင်နေတဲ့လူက ညှော့သည်ထင်တယ်၊ ဒီမှာ တစ်ခါမှ မမြင်ဖူးဘူး" ဟု စကားစလိုက်သည်။

မာလာထွေးက ဤသို့ စကားစလိုက်သည်နှင့် ထိုလူကို စိတ်ဝင်တစားရှိကြောင်း ရိပ်စားမိသည်။ ဒီမြို့မှာ ဒီလိုလူစိမ်း ညှော့သည်ဆိုတာက အများကြီးပဲ မဟုတ်လား။ နယ်စပ်ကုန်သွယ် လမ်းကြောင်း၏ တစ်ထောက်နားရာမြို့ဖြစ်သဖြင့် အသွားအလာ၊ အဝင်အထွက် မပြတ်ရှိနေတတ်သည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရတာ ကိုစိုင်းကျော်ဝင်းရဲ့ မိတ်ဆွေထင်တယ်၊ ဟိုတစ်နေ့ ဗိစီဒီသွားငှားရင်း သူ့အိမ်မှာ တွေ့ခဲ့သေးတယ်" ဟု နန်းညွှန့်ညွှန့်အေးက ဝင်ပြောသည်။

"သူ့ပုံစံကြည့်ရတာ ရန်ကုန်က ဖြစ်မယ်ထင်တယ်"

တင်ဇာဒေးသည် နားထောင်နေရင်းက ဆက်လက်၍ သည်းမခံနိုင်တော့သည့်အသွင်ဖြင့် "တော်ကြစမ်းပါ နန်းရယ်၊ ဘယ်က ဘယ်လိုလူမှန်းမသိဘဲနဲ့ ပြောမနေစမ်းပါနဲ့၊ တို့က အဲဒီပုံစံမျိုးကို လုံးဝမကြိုက်ဘူး" ဟု ဝင်ပြောပစ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒေးက ဘယ်ယောက်ျားလေးကိုမှ စိတ်မဝင်စားဘူး၊ တို့ သိပါတယ်၊ ဒါပေမဲ့ တို့တွေ ကိုစိုင်းကျော်ဝင်းရဲ့ မိတ်ဆွေကို သဘောကျ စိတ်ဝင်စားလို့ ပြောနေတာ မဟုတ်ပါဘူး နော်၊ ဒီလိုပဲ တို့မြို့ကိုရောက်လာတဲ့ လူစိမ်းမို့ ဘယ်သူဘယ်ဝါဆိုတာ နန်း သိများသိမလားဆိုပြီး မေးမြန်းစုံစမ်းကြည့်တာပါ၊ ဘာကြောင့် လဲဆိုတော့ နန်းတို့အိမ်က ကိုစိုင်းကျော်ဝင်းတို့နဲ့ အိမ်နီးနားချင်း, ရင်းနှီးကြလို့ပါ"

မာလာထွေးက ဖြေရှင်းချက်ပေးပေမယ့် တင်ဇာဒေးက လက်မခံနိုင်ပါ။

"ငယ်ငယ်တည်းက ပေါင်းလာတဲ့သူတွေနော်၊ အခုမှ ပေါင်းကြတာ မဟုတ်ဘူး၊ ထွေး ဒီလူကို စိတ်ဝင်စားလို့ မေးတာ တို့ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . မဟုတ်ပါဘူး"

"တို့ကို မညာချင်စမ်းပါနဲ့ ထွေးရယ်၊ တို့ တစ်ခု ကြိုပြီး သတိပေးထားဦးမယ်၊ ထွေးရော နန်းရော ဒီလူနဲ့ မပတ်သက်ကြစမ်းပါနဲ့၊ ဒီလူက ရိုးသားမယ့်ပုံ မရဘူး"

"ဒေးက သူ့ကို သိလို့လား"

ရုတ်တရက် အငိုက်မိတော့မလို ဖြစ်သွားသည်။ သို့ပေမယ့် နှုတ်က ယောင်ယမ်း၍ထွက်သွားသည့်စကားက . . . "မသိဘူး" ဟု ငြင်းပြီးသား ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



# ၆

ကုမ္ပဏီရုံးခန်းထဲတွင် ဖေဖေ့ကို မြင်တွေ့လိုက်ရသည်နှင့် တင်ဇာဒေး အံ့အားတသင့် ဖြစ်သွားသည်။ ထိုနောက် . . . "ဖေဖေ" ဟု ဝမ်းသာအားရအော်ဟစ်လိုက်၏။

"သမီး ဘယ်သွားနေတာလဲ၊ ဖေဖေ ရောက်နေတာ ကြာလှပြီ"

ဦးစောနိုင်သည် ဧည့်သည်များနှင့် စကားပြောဆိုနေရာမှ ထ,ရပ်လိုက်သည်။

"သူငယ်ချင်းတွေနဲ့ အပြင်မှာ သွားစားနေတာလေ၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ချက်တဲ့ထမင်း၊ ဟင်းကလည်း ဖေဖေသိတဲ့အတိုင်းပဲ၊ သမီး စားလို့မရတော့ဘူး”

“ထမင်းချက်ကို သမီး မကြိုက်တော့ဘူးဆိုရင် လဲလိုက်မယ်လေ” ဟု ပြောကာ ဧည့်သည်များကို တစ်ဆက်တည်း ရှင်းပြပြန်သည်။

“ဒီထမင်းချက်က မကောင်းလို့ မဟုတ်ဘူးဗျ၊ ကျိုင်းတုံမြို့က ဟိုတယ်ကြီးမှာ ချက်တဲ့ထမင်းချက်ပါ၊ ကျွန်တော် မရ,အရ ခေါ်လာပေးတာ၊ ဒါပေမဲ့ သမီးက အရမ်းကောင်းလွန်းနေလို့ မကြိုက်ပြန်ဘူး၊ သမီး မကြိုက်တော့ဘူးဆိုရင် ခုလိုပဲ အပြင်ထွက်စားတတ်တယ်၊ ဒီလိုဆိုရင် ကျွန်တော်က ထမင်းချက်ကို လဲလိုက်ရရော . . . ထမင်းချက်တစ်ယောက်က တစ်နှစ်တောင်နေရတဲ့လူ ရှားတယ်၊ အခုလည်း သမီးက ပြောင်းပစ်ဖို့ လေသံပစ်နေပြီ”

ဧည့်သည်များကလည်း ဦးစောနိုင်အကြိုက် လိုက်ပြီး ထောက်ခံကြသည်။ အမြဲတစေ ဟိုတယ်လက်ရာမျိုးကို မစားနိုင်ကြောင်း၊ အစားအသောက်ကောင်းဆိုသည်မှာ တစ်ခါတစ်ရံသာ စားသင့်ကြောင်း၊ အစားအသောက်ကောင်းကို နေ့တိုင်း စားလာရသည့်အခါ ရိုးသွားတတ်ပြီး၊ မဟုတ်တရုတ် ချက်ပြုတ်ထားသည့် ဟင်းညံ့ညံ့တွေကိုပင် ကောင်းသည်ဟု ထင်တတ်လာကြောင်း၊ ဤသည်မှာ သဘာဝကျကြောင်း၊ မှန်ကန်ကြောင်း တစ်ယောက်တစ်ပေါက် ပြောကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ . . . သမီး၊ ဒီညနေစာက လက်ရာအသစ် ဖြစ်စေရမယ်၊ ဟုတ်လား"

ဦးစောနိုင်သည် တင်ဇာဒေး၏ ပခုံးကို ချစ်ကြင်နာစွာဖြင့် ဖျစ်ညှစ်လိုက်သည်။ ဆိုလိုရင်းမှာ ယခုချက်ချင်းပင် လက်ရှိထမင်းချက်ကို အလုပ်ဖြုတ်ပစ်လိုက်မည်ဆိုသည့်သဘော ဖြစ်သည်။ ဦးစောနိုင်သည် ဤမျှထိ တင်ဇာဒေး၏အလိုဆန္ဒကို ဦးစားပေးတတ်သည်။

"အဲဒါကြောင့် ဖေဖေ့ကို သမီးချစ်ရတာ"

ဟု ပြောလိုက်သည့်အခါ ဦးစောနိုင် သဘောကျစွာ ရယ်လေ၏။

ဧည့်သည်များက သားအဖနှစ်ယောက် စကားစမြည်ပြောဆိုနေသည်ကို အလိုက်တသိနှင့် နှုတ်ဆက်ပြီး ထွက်သွားကြသည်။ ထိုအခါမှ သားအဖချင်း လွတ်လပ်စွာ ပြောနိုင်တော့၏။

"ဖေဖေ ခရီးသွားနေတယ်ဆိုပြီး ချက်ချင်းပြန်ရောက်လာတယ်"

"အင်း . . . အလုပ်တွေက တစ်သက်လုံး မသေမချင်း လုပ်ရမှာ သမီးရယ်၊ ဖေဖေ့အတွက် သမီးဟာ အရေးကြီးဆုံး၊ နံပါတ်တစ်၊ ဖေဖေကိုယ်တိုင်ထက် သမီးက ပိုပြီးအရေးကြီးတာပါ၊ ဒီတော့ ဖေဖေ့သမီး ဘာတွေလုပ်နေသလဲ၊ ဘာတွေဖြစ်ချင်လဲ . . . နာရီမပြတ် သိချင်နေတယ်၊ ကဲ . . . ပြော၊ နောက်ထပ် ဘာတွေပြော



www.burmeseclassic.com

www.burmeseclassic.com



ချင်သေးလဲ”

ထိုသို့ ဦးစောနိုင် မေးလိုက်သည်နှင့် တင်ဇာဒေး၏ခေါင်းထဲသို့ ထိုလူ့အကြောင်းက ဖျတ်ခနဲ ပေါ်လာသည်။ ထိုလူ့ကို ဒီမြို့က မောင်းထုတ်ပစ်ချင်သည်။ ထိုလူ၏ မျက်နှာကို မကြည့်ချင်။ သို့ပေမယ့် မောင်းထုတ်ပစ်ရုံသက်သက်နှင့် မလုံလောက်သေး။ ရင်ထဲက အကြောင်းတွေ ရှိသည်။ လျှို့ဝှက်ချက်တွေ ရှိသေးသည်။

ဖြစ်နိုင်မည်ဆိုလျှင် ထိုလူ့ကို မှုန့်မှုန့်ညက်ညက်ချေပစ်လိုက်၏။ ဤသည်မှာ သူမ၏ခံစားချက်သာ ဖြစ်ပါသည်။ သို့ရာတွင် တကယ့်ကို ကိုယ်ထိလက်ရောက် ရက်စက်ချင်သည်အထိ မိုက်မဲသူမဟုတ်ပါ။ ဘာသာတရားပေါ် ကိုးကွယ်ယုံကြည်မှုကလည်း ရှိပါသေးသည်။

ထို့အပြင် တခြားငွဲ့ညှာထောက်ထားစရာတစ်ခု ရှိပါသေးသည်။

ဤကိစ္စနှင့်ဆက်နွှယ်ပြီး သူမ၏လျှို့ဝှက်ချက်တွေ ပေါ်သွားမှာလည်း စိုးရိမ်ရသဖြင့် . . .

“ဟင့်အင်း . . သမီးမှာ အိမ်က ထမင်း၊ ဟင်းအကြောင်းကလွဲရင် တခြားပြောစရာ မရှိပါဘူး ဖေဖေ၊ အားလုံး အဆင်ပြေပါတယ်၊ သမီးရဲ့အလုပ်ကို သမီး လုပ်နိုင်ပါတယ်”

ဟုပဲ ပြောလိုက်တော့သည်။ ဦးစောနိုင်က သမီးဖြစ်သူကို မလိမ်ညာတတ်သူဟု ယုံကြည်ထားသည်။ ထို့ကြောင့် အထူးအထွေ



www.burmeseclassic.com

www.burmeseclassic.com



ထပ်မမေးတော့။

သူမကတော့ ဦးစောနိုင် မမြင်အောင် သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

မျှော်လင့်ချက်တွေ အသက်ရှင်နေသရွေ့ ဒီမှတ်တမ်း၊ ဒိုင်ယာရီ လေးကို တို့ ဆက်ပြီး ရေးဖြစ်နေဦးမှာပါ ဖော်ရယ်။

တို့ဘဝအတွက် ရင်ကို အကုန်ဖွင့်ပြနိုင်တာဆိုလို့ ဒီတစ် နေရာပဲ ရှိပါတယ်။ တို့ရဲ့ခံစားချက် အတွေးတွေကို နားလည် သိတတ်စွာနဲ့ သိမ်းဆည်းပေးထားတဲ့ စာမျက်နှာလေးတွေလေ၊ သူ့အပေါ်မှာ တစ်ခါတလေ မျက်ရည်စတွေ ကြွေကျမိတတ်တယ်။ အဲဒီမျက်ရည်တွေကိုတော့ သူက အကြာကြီး သိမ်းမထားချင်ဘူး လေ။ တို့အပေါ် စာနာစိတ်နဲ့ ပယ်ဖျက်ပေးတတ်ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်တမ်းတို့ ဒိုင်ယာရီတို့ဆိုတာ ဘယ်အချိန်၊ ဘယ်ကာလက ပေါ်ပေါက်လာသလဲ မသိဘူးနော်။ တို့ကတော့ အထီးကျန်ဖြစ်မှုက စတင်တယ်လို့ ထင်တယ်။ ကြေကွဲဝမ်းနည်းခြင်းတွေနဲ့ စတင်ခဲ့လေသလား။ တို့အတွက်က နှစ်ခုစလုံးပဲ။ ငယ်ငယ်လေးကတည်းက အထီးကျန်ခြင်း၊ ဝမ်းနည်းကြေကွဲရခြင်းတွေနဲ့ပါ။

တို့မှာက အဘိုးနဲ့အဘွားက လွဲပြီး အဖော်မှမရှိတာ။

ငယ်တုန်းကတော့ အဘိုးအဘွားနဲ့ ဆော့ကစားလို့ ဖြစ်ပေမယ့် ကျောင်းနေတဲ့အရွယ်မှာ တို့နဲ့ ရွယ်တူသူငယ်ချင်းတွေ လိုအပ်လာပြီလေ။ တို့ ကစားချင်တဲ့အချိန်မှာ အတူတူကစားကြဖို့၊ တို့ ဝမ်းသာတဲ့အချိန်မှာ အတူတူပျော်ကြဖို့၊ တို့ ငိုတဲ့အချိန်မှာ တို့နဲ့ အတူမျှဝေပြီး ခံစားပေးမယ့် လူ၊ ငိုမပေးရင်တောင် နားလည် မှုနဲ့ နှစ်သိမ့်ပေးတဲ့လူမျိုးပေါ့။

အဲဒီအချိန်မှာ အဘိုးက ကျောင်းတက်ဖော်အဖြစ် ဖော် . . . ကို ခေါ်လာပေးတာ မှတ်မိသေးတယ်။ ဖော်က ညီအစ်ကို၊ မောင်နှမသားချင်းတွေနဲ့အတူ ကြီးပြင်းလာရတဲ့လူဆိုတော့ ကျောင်းတက်ဖော်အသစ်ကို ကြောက်ရွံ့၊ စိုးရိမ်ပုံမရဘူး၊ အဖော်သစ်တစ်ယောက်ကို အခက်ခဲမရှိ ပေါင်းသင်းနိုင်တဲ့ အတွေ့အကြုံရှိနေပြီ မဟုတ်လား။

တကယ်တော့ တို့ကသာ ကြောက်ရွံ့နေမိတာ၊ အဘိုးက . . . "ဒါ . . . မြေးရဲ့သူငယ်ချင်းပဲ၊ သူနဲ့အတူ ကျောင်းသွားရမှာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတဲ့အချိန်ထိ တို့ ကျောက်ရုပ်လို ငူငေါင်ငေါင်ကြီး ရပ်ကြည့် နေတုန်းပဲ။ ဘာလုပ်ရမှန်းလဲ မသိဘူး။ အဘိုးက . . . "မြေး . . . မေးလိုက်လေ၊ နင့်နာမည် ဘယ်သူလဲ" လို့ စကားစပြောအောင် သင်ပေးတယ်။ တို့ မပြောဘူး။ ကြည့်ပဲ ကြည့်နေမိတယ်။

ဇော်က မတုန်မလှုပ်နဲ့ ကြည့်နေတဲ့ တို့ကို ခင်ခင်မင်မင်နဲ့ ရယ်ပြုံးပြီး "ငါ့နာမည် ဇော်သစ်လို့ ခေါ်တယ်၊ ငါလည်း ကျောင်း သွားမှာ၊ ငါတို့က အတန်းတူတယ်၊ ဒီတော့ သူငယ်ချင်း ဖြစ်ပြီပေါ့" ဆိုပြီး တို့လက်ကို အရင်ဦးဆုံး ဆွဲခေါ်တော့တာပဲနော်။

တို့လေ . . . အဲဒီအချိန်ကတည်းက ဘာကြောင့်မှန်း မသိ ဘဲ ဇော်ကို အားကိုးယုံကြည်လိုက်မိတယ်။ ဇော်ဆွဲခေါ်တဲ့နောက်ကို မဆိုင်းမတွဘဲ တစ်ခါတည်း လိုက်သွားမိတယ်။

တကယ်ပါ။ တို့ရဲ့ စိတ်အာရုံထဲမှာ လုံးဝမှတ်မိနေတယ်။ အဘိုးအဘွားတွေ ပြန်ပြောပြလို့ မှတ်မိတာ မဟုတ်ဘူး။ အဲဒီအချိန် ကို ဘာကြောင့်မှန်းမသိ ကွက်ကွက်ကင်းကင်းကို မှတ်မိနေတယ် လေ။ နောက် . . . ကျောင်းတက်ကျတဲ့နေ့တွေထဲက အများစုကို တော့ ဝိုးတဝါးပါပဲ။

ဇော်ကတော့ အဲဒီအကြောင်းတွေ မှတ်မိမှ မှတ်မိပါ့မလား မသိဘူး။ တစ်ခါတလေ အမှတ်တမဲ့နဲ့ စကားစကြည့်ရင်တောင် ဇော်က ပြန်မပြောတတ်ဘူးလေ။ ဒီတော့ ဇော် မမှတ်မိလို့ ဖြစ်မှာ ပေါ့နော်။ တို့လေ ဒီအကြောင်းတွေ ပြောပြလိုက်ချင်တာ ပါးစပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျားမှာ ဝဲခိုနေတာပဲ။ ဘယ်အချိန် ပြောပြရမလဲ။ တို့ စဉ်းစားတယ်။

တို့ကို စိတ်ကူးယဉ်တယ်ပဲပြောပြော၊ တို့မျှော်လင့်သလို တစ်နေ့နေ့ ဇော်နဲ့ချစ်သူဖြစ်ကြတဲ့အခါ ဘယ်သူက ဘယ်သူထက် ပိုချစ်တယ်လို့ ပြိုင်ဆိုင်ပြောဆိုလာကြတဲ့အချိန်မှာ တို့က ဒီအကြောင်းနဲ့ သက်သေပြမလို့ စိတ်ကူးနေတာပါ ဇော်ရယ်။

အခုချိန်ထိပဲ . . . မျှော်လင့်ချက်တွေ . . . ရင်မှာရှိတုန်းပါပဲ။

ဒီအကြောင်းတွေ ပြောဖြစ်လိမ့်မယ်လို့ တို့ ယုံကြည်နေတုန်းပါကွယ်။



www.burmeseclassic.com

www.burmeseclassic.com



# ၈

အချိန်က ညနေ(၅)နာရီ ထိုးတော့မည်။ ဒီအချိန်မှ မနက်ဖြန် အတွက် ကားလက်မှတ် ဝယ်ရမည်ဖြစ်သဖြင့် ရမှရပ့ါမလား မသိ တော့။ ခရီးသည်တင် ကားလေးတွေက မနက်စောစော ထွက်တတ် သည်။ ထိုသို့ စောစောထွက်ပါမှ ညဦးပိုင်းလောက်တွင် မန္တလေး မြို့သို့ ရောက်နိုင်သည်။

ရန်ကုန်မြို့သို့ သွားချင်လျှင် တောင်ကြီးမြို့၌ တစ်ထောက် နားချင်နား၊ သို့မဟုတ်ပါက သာစည်မြို့အထိ ဆက်စီးသွားပြီး ထိုမှ တစ်ဆင့် သွားရပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်သစ် လာခဲ့စဉ်တုန်းက ရန်ကုန်-တောင်ကြီးကားနှင့် ဖြစ်သည်။ ထိုမှတစ်ဆင့် ဤမြို့သို့ လာခဲ့ခြင်း။

"ဒီမှာ ကားလက်မှတ် ဝယ်ချင်လို့"

အရောင်းကောင်တာတွင် ထိုင်နေသည့် မိန်းကလေးကို မေးလိုက်သည်။ ထိုမိန်းကလေးသည် စာရင်းလုပ်နေရာမှ မော့ကြည့်သည်။

တင်ဇာဒေး၏သူငယ်ချင်းထဲမှ တစ်ယောက် ဖြစ်နေသည်။

သူမ၏မျက်ဝန်းထဲတွင် သူ့ကို မှတ်မိသည့်အရိပ်အသွင် ရှိသည်။ ထို့ထက် ပို၍ ပြောရလျှင် အနည်းငယ် အံ့အားသင့်သွားသယောင်ပင် ဖြစ်သွားသည်။

"မနက်ဖြန်အတွက်လား"

"ဟုတ်ကဲ့"

"မနက်ဖြန် ထွက်မယ့် ကားလက်မှတ်တွေက ကုန်သလောက် ရှိနေပါပြီ၊ ဒါနဲ့ ဘယ်ကိုသွားမလို့လဲ၊ အရောင်းစာရင်း ကြည့်ပေးပါ့မယ်"

"တောင်ကြီးမြို့ဘက်ကို သွားတဲ့ဘယ်ကားဖြစ်ဖြစ် ရပါတယ်"

"အော် . . . အဲဒါတွေတော့ မရှိတော့ပါဘူး"

"ကျွန်တော်က မနက်ဖြန်သွားရမှ ဖြစ်မယ်၊ အဲဒါ . . . တစ်ဆိတ်လောက် ကူညီပါလား၊ တခြားကားဂိတ်တွေမှာ လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ရနိုင်သေးလား၊ ကျွန်တော့်ကို လမ်းညွှန်ပေးပါဦး”

သူမက တကယ့်ကို ရင်းနှီးနေသည့်အသွင်ဖြင့် . . .

“ရှင်က ဒီမြို့က မဟုတ်တော့ ကားဂိတ်တွေအကြောင်း မသိဘူး ထင်တယ်၊ ဒီမြို့မှာ ကျွန်မတို့ ကားဂိတ်ကပဲ ဆက်သွယ်ပြီး ရောင်းချတာလေ၊ ကျွန်မတို့ဆီမှာ လက်မှတ်မကျန်တော့ဘူးဆိုရင် တခြားဂိတ်တွေမှာလည်း ရှိတော့မှာ မဟုတ်ဘူး”

ထင်မှတ်ထားသည့်အတိုင်း ဖြစ်နေသဖြင့် သူ ရင်မောသွားသည်။ သို့ရာတွင် စိတ်လျှော့ခြင်း မရှိဘဲ ထပ်၍စုံစမ်းကြည့်မိသည်။

“ခင်ဗျားက ကျွမ်းကျင်တယ်ဆိုတော့ မနက်ဖြန်လိုက်နိုင်မယ့် တခြားနည်းလမ်း မရှိဘူးလား၊ ကျွန်တော့်မှာ မနက်ဖြန် မလိုက်ရင် မဖြစ်တဲ့ကိစ္စတွေ ရှိနေလို့ပါ”

သူမက စူးစမ်းသလို တစ်ချက်ကြည့်ပြီး . . .

“မနက်ဖြန် လိုက်ချင်တယ်ဆိုရင်တော့ ကားထွက်မယ့်နေရာကို လာခဲ့ပါ၊ အဲဒီမှာ လက်မှတ်ကြိုတင် ယူထားပြီးမှ အကြောင်းကြောင်းကြောင့် မသွားဖြစ်တဲ့ခရီးသည်တွေ ရှိတတ်ပါတယ်၊ သေချာပေါက်ရှိမယ်လို့ ကျွန်မ မပြောဘူးနော် . . ကံကောင်းထောက်မလို့ နေရာလွတ်ရှိလာခဲ့ရင် ရှင်လိုက်လို့ဖြစ်ပါတယ်၊ ဒီတစ်နည်းတော့ ရှိပါတယ်”

ရွေးချယ်စရာ မရှိတော့။ သူမ ပြောသည့်အတိုင်း လက်ခံ



www.burmeseclassic.com

www.burmeseclassic.com



ရှိသာ။

"ခင်ဗျား အကြံပေးတဲ့နည်းလမ်းအတိုင်း ကျွန်တော် လုပ်ပါ့မယ်၊ ဒါပေမဲ့ ကံသေကံမဆိုသလို နေရာလွတ်မရှိခဲ့ရင် သန်ဘက်ခါအတွက် လက်မှတ်ပြန်ပြေးဝယ်နေရဦးမယ်၊ ဒီတော့ သန်ဘက်ခါအတွက် လက်မှတ်တစ်စောင် လိုလိုမယ်မယ် ဝယ်ထားချင်ပါတယ်"

"ရှင် လိုက်ဖြစ်သွားရင် ဒီလက်မှတ် ဆုံးသွားလိမ့်မယ် နော်"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် အဆုံးခံပါ့မယ်" ဟု ပြောကာ မှတ်ပုံတင် ထုတ်ပေးလိုက်သည်။ သူမ လှမ်းမယူဘဲ . . .

"ဒီအတွက် စိတ်မပူပါနဲ့၊ ရှင် မလိုက်ဖြစ်ဘူးဆိုရင် ကျွန်မ သိရမှာပဲ၊ ဒီတော့ နေရာလွတ်တစ်ခု ချန်ထားလိုက်မယ်၊ ရှင် မလိုက်ဖြစ်ရင် လာဝယ်ပေါ့၊ အကယ်၍ ရှင် လိုက်ဖြစ်သွားပြီဆိုမှ ရောင်းပါ့မယ်၊ အဲဒါဆိုရင် ရှင် အပိုမကုန်တော့ဘူးပေါ့ . . . ဟုတ်လား"

ဤမိန်းကလေးသည် စိတ်ရင်းစေတနာကောင်းသည့်သူပါပဲ။ ခရီးသည်၏ အခက်အခဲအပေါ်တွင် အမြတ်ထုတ်ဖို့ မကြိုးစား။

"ဒီလိုဆိုရင် ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်" ဟု စကားပြော၍ပင် မဆုံးလိုက်ပါ။

"ဇော်သစ် . . . မင်း ဒါ ဘာလုပ်တာလဲ"

. . . ဟူသည့် စိုင်းကျော်ဝင်း၏အသံက နောက်ဘက်ဆီမှ ကပ်လျက် ပေါ်ထွက်လာသည်။ ရုတ်တရက်မို့ လန့်သွားသည်။

စိုင်းကျော်ဝင်း မသိအောင် တမင်ခိုးကြောင်ခိုးဝှက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ဝယ်လာခြင်း ဖြစ်သည်။

"ငါ ရှိရက်သားနဲ့ မင်းပြန်မယ်ဆိုတော့ မဟုတ်သေးပါဘူး ဇော်သစ်ရာ"

"ငါ ပြန်ချင်စိတ်လည်း ဖြစ်လာလို့ပါ" ဟု ညာပြောလိုက်မိသည်။

"ငါ မင်းလိုပဲ မကြောက်တတ်တဲ့လူပါ၊ ငါ အကျိုးသင့်အကြောင်းသင့် ရှင်းပြတာက မင်း နားလည်ဖို့အတွက်ပါ၊ မင်းကို ပြန်ခိုင်းတာ မဟုတ်ဘူး" ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောဆိုပြီး တစ်ဆက်တည်း အရောင်းကောင်တာမှ မိန်းကလေးကိုလည်း "နန်း . . . လက်မှတ်မယူဘူးနော်၊ စာရင်းရေးထားရင် ဖျက်လိုက်တော့" ဟု လှည့်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၉

“မင်းကို ဘာကြောင့် နန်းညွှန့်ညွှန့်အေးနဲ့ မိတ်ဆက်ပေးရတာလဲ သိလား၊ နန်းညွှန့်ညွှန့်အေးက ဒေးရဲ့ အခင်မင်ဆုံးအပေါင်းအသင်း ဖြစ်လို့ပဲ။ သူရယ်၊ ဒေးရယ်၊ မာလာထွေးရယ်က အမြဲတမ်း တတွဲတွဲ နေတတ်ကြတယ်၊ ဒီတော့ ငါပြောချင်တဲ့စကားကို ဒေးရဲ့နားထဲ ရောက်သွားအောင် ပြောလို့ရတယ် . . . ဇော်သစ်”

“အင်း . . . ငါ ရိပ်မိပါပြီ စိုင်း၊ မင်း အဲဒီဂိတ်မှာ တမင် အကြာကြီး ထိုင်ပြီး စကားပြောခဲ့တာပဲ၊ ငါ့ကို တမင်သက်သက် မိတ်ဆက်ပေးရုံ မဟုတ်ဘူး၊ ငါ မပြန်ဖြစ်သေးဘူး၊ ဒီမှာ ပျော်သ



www.burmeseclassic.com

www.burmeseclassic.com



လောက် နေဦးမယ်ဆိုတာရယ် မင်း အကြောင်းမဲ့ ပြောပြလိုက်တယ် မဟုတ်လား”

“မှန်တယ် ဇော်သစ် . . . ဒီအပြင် နောက်တစ်ချက် ရှိသေးတယ်၊ အဲဒါက မင်းသာ နန်းညွန့်ညွန့်အေးတို့နဲ့ ရင်းရင်းနှီးနှီး ခင်မင်သွားကြရင် ဒေး ဘာလုပ်မလဲ၊ ငါသိချင်တယ်၊ မင်းနဲ့ ပြဿနာဖြစ်ခဲ့တာတွေ သူတို့ကို ပြောပြမှာလား၊ မင်းနဲ့ မဆက်ဆံဖို့ တားမြစ်မှာလား၊ ဒါမှမဟုတ် နန်းညွန့်ညွန့်အေးတို့ကတစ်ဆင့် ငါတို့ရဲ့သဘောထားတွေကို သိရှိပြီး ကျေအေးလိုက်မှာလား၊ တစ်ခုခုတော့ သိလာရလိမ့်မယ်ထင်တယ်”

“နန်းညွန့်ညွန့်အေးရဲ့စိတ်ရင်းကို ငါ အကဲခတ်မိတယ်၊ တကယ်ရိုးသားတဲ့သူပါ၊ ဒါပေမဲ့ ဒေးကို ငါ ကြည့်မရတာ အမှန်ပဲ၊ သူ့ဘာသာသူ နားလည်ပြီး အေးအေးဆေးဆေး ဖြစ်သွားရင် ပြီးတာပဲ၊ ဒီအချိန်မှာ နောက်ထပ်ပြဿနာတစ်ခု မဖြစ်ချင်ဘူး စိုင်း”

“နန်းက ဒေးကို အမှန်တိုင်း ပြောပြပါလိမ့်မယ်၊ တကယ်တော့ ဒေးကလည်း ဒီလောက် စိတ်သဘောထားအဆိုးကြီး မဟုတ်ပါဘူး၊ မင်းနဲ့ကျမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာရတာ”

“အင်း . . . ငါ့ကိုက ကံဆိုးလွန်းနေတာလား မသိပါဘူးကွာ”



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

ကွန်ပျူတာအလုပ်များ ပြီးစီးသည်နှင့် သတင်းစာကို ကောက်ကိုင်လိုက်သည်။ မနက်ကတည်းက ရောက်နေသည့်သတင်းစာကို မဖတ်အားသေး။ ခေါင်းကြီးသတင်းများကို အဦးဆုံးဖတ်လိုက်၏။ ထို့နောက် ကြော်ငြာများပါသည့် စာမျက်နှာသို့ ရောက်လာသည်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြော်ငြာစာတွင် ဇော်သစ်ဆိုသည့် နာမည်ပါလာသဖြင့် တင်ဇာဒေး အံ့အားသင့်သွားသည်။ ထိုနောက် စိတ်လှုပ်ရှားစွာဖြင့် အစ,အဆုံး ဖတ်ကြည့်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့ ဟုတ်ပါသည်။ ဒီလူက လွဲပြီး ဘယ်သူမှ မဖြစ်နိုင်ပါ။ သို့ရာတွင် ဤကြော်ငြာသည် အစစ်အမှန်မှ ဟုတ်ပါရဲ့လား။ နစ်နာရသည့် တစ်ဖက်လူကို ကျေနပ်စေရန်အတွက် တမင်လိမ်ညာပြီး မထည့်နိုင်ဘူးလား။ ထည့်နိုင်ပါသည်။

နောက် . . . အချိန်ကြာပြီး သွေးအေးသွားတော့မှ ပြန်လည်၍ ရုပ်သိမ်းကြောင်း ကြေညာနိုင်သည်။ ဤပုံစံမျိုး တွေ့ဖူးပေါင်းများပြီ။

တင်ဇာဒေးသည် မကျေနပ်သည့်အသွင် နှုတ်ခမ်းကို ဖိကိုက်ထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com


# ၁၁

ဟိုတယ်၏ဆင်ဝင်အောက်သို့ ကားနှစ်စီး ထိုးရပ်လာ၏။

ကားရပ်သည်နှင့် ခန္ဓာကိုယ်တောင့်တောင့်တင်းတင်း၊ မျက်နှာထားက ခပ်တည်တည်နှင့် လူလေးငါးယောက် လျင်မြန်စွာ ခုန်ဆင်းလာကြသည်။ ချက်ချင်း ဝန်းကျင်, ဝဲယာကို ဂရုတစိုက် ကြည့်ရှုပြီး စိတ်ချရသည်ဆိုမှ ကားတံခါးတစ်ခုကို ဆွဲဖွင့်လိုက်ကြသည်။

ကြည့်ရသည်မှာ တစ်စုံတစ်ယောက်၏ လုံခြုံရေးအတွက် ဖြစ်မည်။


www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ ဆင်းလာသည့်သူမှာ အသက်သိပ်မကြီးသေး။ ငါးဆယ်ကျော်ခန့်ရှိမည် ထင်၏။ အသားလတ်လတ်နှင့်။ မျက်နှာထားက သက်သောင့်သက်သာ ရှိသည့်အသွင် ဆောင်ယူထားသော်လည်း ထိုလူ၏ မျက်လုံးတို့ကမူ စူးရှလှ၏။ ဩဇာရှိသည့် မျက်လုံးမျိုး။ နှုတ်ခမ်းများကိုလည်း ခပ်တင်းတင်း စေ့ထားသည်။

စိုင်းကျော်ဝင်းက သူ့ကို လက်တို့သတိပေးပြီး . . .

"အဲဒါ ဒေးရဲ့အဖေ ဦးစောနိုင်ဆိုတဲ့လူပဲ"

ဟု ခပ်တိုးတိုး လှမ်းပြောသည်။

ဦးစောနိုင်သည် အသိအကျွမ်းများသူ ဖြစ်ဟန်တူ၏။ စားပွဲဝိုင်းများမှ လူတွေကို လက်ပြနှုတ်ဆက်ရင်း ဝင်လာသည်။ အားလုံးက လေးလေးစားစား ပြန်၍နှုတ်ဆက်ကြသည်။ သူတို့စားပွဲဝိုင်းအနီးမှ စိုင်းကျော်ဝင်းကို မြင်တွေ့သွားပြီး "စိုင်းကျော်ဝင်း . . . မင်းရဲ့မိဘတွေ နေကောင်းကြတယ်နော်" ဟု နှုတ်ဆက်လေသည်။

စိုင်းကျော်ဝင်းက ထိုင်နေရာမှ ထရပ်ပြီး "ဟုတ်ကဲ့၊ နေကောင်းကြပါတယ် ခင်ဗျာ၊ ဦးရော နေကောင်းပါရဲ့လား" ဟု တရိုတသေ ပြန်နှုတ်ဆက်သည်။

"နေကောင်းပါတယ်၊ ဒါနဲ့ လုပ်ငန်းစီးပွားရေးကော အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဦးစောနိုင်၏အကြည့်က သူ့ဘက်သို့ ရောက်လာ၏။ သူက ထိုင်ခုံမှ မထဘဲ ထိုင်နေသည် မဟုတ်လား။ မျက်နှာစိမ်းဖြစ်သဖြင့် ကြည့်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဦးစောနိုင်၏အကြည့်ကို စိုင်းကျော်ဝင်းက သဘောပေါက်စွာ သူနှင့် မိတ်ဆက်ပေးလိုက်သည်။

"ကျွန်တော့်ဆီကို အလည်လာတဲ့ ကျွန်တော့်သူငယ်ချင်းပါ။ ကွန်ပျူတာနဲ့ ပတ်သက်ပြီး ကျွမ်းကျင်တဲ့သူပါ။ နာမည်ကတော့ ဇော်သစ်လို့ ခေါ်ပါတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်၊ ဦးရဲ့နာမည်က စောနိုင်" ဟုဆိုပြီး နှုတ်ဆက်ရန် လက်ကမ်းလာသည်။ မိမိထက် အသက်အရွယ်အားဖြင့် ကြီးသည့် လူတစ်ယောက်က ယဉ်ကျေးစွာ နှုတ်ဆက်လာမှတော့ မတုံ့ပြန်၍ မဖြစ်ပါ။

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ်" ဟု ထပြီး လက်ဆွဲနှုတ်ဆက်လိုက်ရ၏။

ဦးစောနိုင်သည် လူမှုရေးကိစ္စတွင် လိမ္မာပါးနပ်သည်။ မြို့ခံမဟုတ်သည့်ဧည့်သည်တစ်ယောက်ကို ရင်းနှီးလာအောင် မိတ်ဆွေဖွဲ့တတ်ပါသည်။ ထိုကြောင့် သူ၏စီးပွားရေး ကောင်းမွန်သည်မှာ မဆန်းပါချေ။

"ဦးကတော့ အဲဒီ ကွန်ပျူတာပညာရပ်နဲ့တော့ အလှမ်းဝေးလွန်းသွားပါပြီ၊ ဒီဟာ လူငယ်တွေအတွက် သက်သက်ဖြစ်နေသလိုပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်လည်း မခက်ခဲပါဘူး ဦး၊ အချိန်နည်းနည်းပေးနိုင်ရင် နားလည်နိုင်ပါတယ်"

"ဟုတ်မယ် . . . ဦးမှာက အချိန်ရှားပါးလွန်းနေတယ်လေ၊ ဦးဆိုလိုတာက စားဝတ်နေရေးအတွက် အလုပ်,လုပ်နေရလို့ပါ။ ဦး အဲဒီပညာရပ်ကို အရမ်းစိတ်ဝင်စားပါတယ်၊ ဦးရဲ့သမီးကို ရန်ကုန်ပို့ပြီး အသင်ခိုင်းခဲ့ပါတယ်"

"အလွန်သင့်တော်တဲ့ကိစ္စပါ ဦး"

"ဦး အမြော်အမြင်ရှိလို့ မဟုတ်ပါဘူး၊ သမီးက အတင်းပူဆာလို့ပါ" ဟု ရယ်ရယ်မောမော ပြောသဖြင့် သူလည်း ရယ်ပြုံးမိသည်။

"ကဲ . . . ဦးကို ခွင့်ပြုကြပါဦး၊ ဦးမှာ ချိန်းထားတဲ့ကိစ္စရှိလို့ပါ"

"ဟုတ်ကဲ့" ဟု ခေါင်းညိတ်လိုက်သည်။

"အကူအညီလိုရင် ပြောနော်၊ ဒီမြို့ကို လာလည်တဲ့ ဧည့်သည်ဟာ ဦးရဲ့ဧည့်သည်ပဲပေါ့" ဟု လောကဝတ်ပြုသွားသေးသည်။

ဦးစောနိုင် ထွက်သွားတော့မှ သူနှင့်စိုင်းကျော်ဝင်းတို့ သောက်လက်စဘီယာဝိုင်းကို ပြန်စ,နိုင်တော့သည်။ ဤဟိုတယ်မှ အစားအသောက်ကောင်းသည်ဟု ပြောကာ စိုင်းကျော်ဝင်းက ခေါ်လာခဲ့ခြင်း ဖြစ်သည်။

စိုင်းကျော်ဝင်းက ဘီယာကို မော့သောက်ပြီး . . . ။



www.burmeseclassic.com

www.burmeseclassic.com



"ဇော်သစ် . . . ဒေးရဲ့အဖေက ဘယ်လိုလဲ"

ဟု သူ့သဘောထားကို တီးခေါက်လာ၏။

"မင်းရဲ့ဒေးနဲ့တော့ တခြားစီပဲ"

"ဟော့ကောင် . . . ငါ့ရဲ့ဒေး မဟုတ်ပါဘူး၊ မင်းနဲ့သာ ပြဿနာတက်ပြီး မင်းနဲ့ပတ်သက်နေတဲ့ဒေးပါ" ဟု ချက်ချင်းချေပ လိုက်သည်။

တကယ်ပါ။ ဆက်ဆံရေးတွင် တင်ဇာဒေးသည် ဦးစောနိုင် နှင့် တခြားစီပါပဲ။

သို့ရာတွင် အစောင့်အရှောက်တို့နှင့် သွားလာနေသည်ကို ထောက်ချင့်ကြည့်လျှင် ဦးစောနိုင်ကိုလည်း လျှော့တွက်၍မရပါ။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ၁

ဇော်ရယ် . . . နင့်ကို ငါ ချစ်မိနေတာက နင့်တစ်ယောက်တည်းကို တွယ်ငြိတဲ့သံယောဇဉ်ကြောင့် မဟုတ်ပါဘူးနော်။

ဇော့်မိသားစုကိုပါ တို့မိသားစုလိုပဲ စိတ်ထဲမှာ ထင်မြင်အောက်မေ့မိသလို . . . ဇော့်မိဘကို တို့မိဘလို့ ထင်တယ်။ ဇော့်ရဲ့ အစ်ကိုကြီးကလည်း တို့ရဲ့အစ်ကိုကြီးပါပဲ။ ဇော်ရဲ့မမကလည်း တို့ရဲ့ တကယ့်အစ်မရင်းတစ်ယောက်လိုပဲ သံယောဇဉ်ဖြစ်ခဲ့ရတာပါ။

သူများတွေလို နှစ်ယောက်တည်း တွယ်ငြိကြတဲ့အချစ်မှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဇော်ရဲ့အိမ်ဟာ တို့ရဲ့ ဒုတိယမြောက် ခိုနားရာ အိမ်ကလေးပါပဲ။ တို့မှာက သိတတ်စအရွယ်ကတည်းက အဖေ၊ အမေက မရှိကြတော့ဘူးလေ။ ဒီတော့ ဇော်ရဲ့မေမေကို တို့ရဲ့အမေလို့ပဲ စိတ်ထဲ အောက်မေ့မိတယ်။ ဇော့်မေမေက . . . "သမီး" လို့ ခေါ်တဲ့အခါတိုင်း တို့ရင်ထဲမှာ ဝမ်းနည်းဝမ်းသာစိတ်နဲ့ ရင်တလှပ်လှပ် ခုန်ရတယ်။ ကြည်နူးပျော်ရွှင်ရတယ်လေ။

တို့ ဝမ်းနည်းတယ်ဆိုတာ အမေ့ကို သတိရလို့။ ဝမ်းသာတယ်ဆိုတာက ဇော့်မေမေက တို့ကို သမီးတစ်ယောက်လို သဘောထားပြီး ချစ်လို့ပါ။

ဇော် တို့ကို ထားရစ်ခဲ့ပြီး အပြင်လျှောက်လည်တဲ့အချိန်တွေမှာ ဇော့်မေမေနဲ့ ထမင်းအတူတူ ချက်ပြုတ်ရတာရယ်၊ ဇော်ရဲ့ မမနဲ့ ရုပ်ရှင်အကြောင်း၊ အဝတ်အစားတွေအကြောင်း ပြောဆိုကြတာရယ်၊ ပြီးတော့ ဗီဒီယိုခွေငှားပြီး အတူတူကြည့်ရတာရယ် တို့အပျော်ဆုံးပဲ။ ဇော်ကတော့ ထင်မယ်၊ တို့ ပျင်းနေမယ်လို့လေ . . . တို့ လုံးဝမပျင်းပါဘူး။ ဖြစ်နိုင်မယ်ဆိုရင် အဲဒီအိမ်မှာပဲ တစ်သက်လုံး နေပစ်လိုက်ချင်တယ်။ အိမ်တောင်မပြန်ချင်ဘူး သိလား။

စနေ တနင်္ဂနွေနေ့တွေဆိုရင် ဇော့်ရဲ့အစ်ကိုကြီးတို့မိသားစု လာလည်တတ်ကြတယ်။ တစ်ခါတလေ အစ်ကိုကြီး တစ်ယောက်တည်းပေါ့။ တို့လေ အစ်ကိုကြီးတို့မိသားစုကို ကြည့်ပြီး ဒီလိုဖြစ်ရင် ကောင်းမှာပဲလို့ စိတ်ကူးယဉ်ခဲ့မိတယ်။ အစ်ကိုကြီးမှာ သားလေး



www.burmeseclassic.com

www.burmeseclassic.com



တူးတူးရှိတယ်လေ၊ ဘယ်လောက် ဘဝဟာ ပျော်စရာ ကောင်းလိုက်မလဲနော်။

အစ်ကိုကြီးက ဖော်တို့အိမ်မှာ တို့ရောက်နေတာ တွေ့တဲ့အခါတိုင်း စတတ်တယ်။ "ဟဲ့ . . . ညည်းက အမေနဲ့ ဘာတော်သလဲ" တို့၊ "ညည်းက အိမ်ထဲမှာချည်း ထမင်း၊ ဟင်းချက်ပြုတ်မနေနဲ့ဦး၊ ကိုယ့်လူ ဘယ်သွားတယ်၊ ဘယ်လာတယ်ဆိုတာလည်း လိုက်ကြည့်ဦး။ ဒီအတိုင်း လွှတ်,လွှတ်မထားနဲ့" လို့ စတတ် နောက်တတ်တယ်လေ။ အဲဒီအချိန်ဆို တို့ဖြင့် ရှက်လိုက်တာ၊ ခေါင်းမဖော်နိုင်ဘူး။ အစ်ကိုကြီး အဲဒီလို ပြောတဲ့အခါတိုင်း ရှက်နေတာပဲ။ ကြာလာလို့ ရိုးပြီး မရှက်ဘူးဆိုတာ မရှိပါဘူးကွယ်။

အဲဒါ ဘာကြောင့်လဲ သိလား။

ဖော့်အတွက် ခံစားရလို့ . . . ရင်ခုန်ရလို့။ ဖော့်ဆီက ဘယ်အချိန်မှာ တရားဝင်ချစ်စကား ပြောလာမလဲရယ်လို့ ရင်တခုန်ခုန် ငံ့လင့်နေရလို့ပဲ။ တကယ်ပဲ . . . ချစ်သူတွေ ဖြစ်သွားကြရင် အစ်ကိုကြီး စ,တာ နောက်တာကို ခံနိုင်ရည်ရှိလိမ့်မယ် ထင်တာပဲ။ အခုတော့ တို့ရဲ့အချစ်တွေ သိမျှားသိနေကြပြီလား။ တို့ရဲ့အမူအရာတွေက ပေါ်လွင်နေလို့လား၊ တွေး,တွေးပြီး ရှက်ရတာ။

ဒီလို ဖော့်မိသားစုတွေက မထိခလုတ်, ထိခလုတ်နဲ့ စကြ, ပြောကြတာတွေ ဖော်လည်း ကြားနေ သိနေ မြင်နေတာပဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



“မလုပ်နဲ့ ကိုကြီးရာ၊ တော်ကြာ . . . နန္ဒာ အိမ်မလာရဲဘဲ ဖြစ်နေဦးမယ်” လို့ ဝင်ပြီး ဟန့်တားတတ်တယ်၊ ကိုကြီးက အရမ်း အစသန်တာလေ။

အိမ်က အဘိုးနဲ့အဘွားကလည်း ဇော်တို့အိမ်မှာ တို့ ရှိနေတယ်ဆိုရင် စိတ်ချပြီးသား။

တို့ အပြင်သွားချင်တဲ့အခါတိုင်း ဇော့်ဆီကို ဖုန်းဆက် အကြောင်းကြားရတယ်။ အဲဒါဆိုရင် ဇော်က မဖြစ်,ဖြစ်တဲ့နည်းနဲ့ ချက်ချင်းအရောက်လာခဲ့တာချည်းပဲ။ သူငယ်ချင်းတွေနဲ့ သွားလာ, လည်ပတ်နေတဲ့ကြားထဲက တခြားအလုပ်ကိစ္စတွေ လုပ်နေရင်း တန်းလန်းရပ်ထားပြီး တို့ဆီကို အပြေးလာခဲ့တာကို တို့လေ အရမ်း ကျေနပ်,ပျော်ရွှင်တယ်။

ဘာဖြစ်လို့လဲဆိုတော့ တို့က ဇော့်အတွက် ဦးစားပေးအခံ ရဆုံးလို့ ထင်မြင်ယူဆမိလို့လဲ။

တစ်ခါတလေ စိတ်စမ်းတဲ့အနေနဲ့ ဇော် သင်တန်းတက်ရမယ့်အချိန်မှာတောင် ဖုန်းဆက်ပြီး အမြန်လာခေါ်ပေးဖို့ ပြောကြည့်သေးတယ်။

“ဟာ နန္ဒာရယ် . . . ခဏလောက် စောင့်ပါဦး၊ သင်တန်း တက်ရဦးမယ်၊ သင်တန်းပြီးတာနဲ့ တို့ လာခေါ်ပါ့မယ်” လို့ ရှင်းပြပေမယ့် “မရဘူး၊ တို့ သွားစရာက အခု သွားမှဖြစ်မှာ၊ မလာရင်တော့ တို့တစ်ယောက်တည်း သွားမယ်” ဆိုပြီး စိတ်ကောက်ပြမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြောမယ့်သာ ပြောရတာ တို့အိမ်က တို့တစ်ယောက်တည်း ထွက်လို့မှ မရတာ။ အဘွားရှိတယ်။ အဘွားက ဘယ်တော့မှ တို့ကို တစ်ယောက်တည်း မလွှတ်ဘူးလေ။

"ကောင်းပြီ၊ တို့ လာခေါ်မယ်၊ နန္ဒာတစ်ယောက်တည်း တော့ ထွက်မသွားနဲ့ဦး၊ တော်ကြာ နန္ဒာ အဆူခံထိလိမ့်မယ်" လို့ ပြောပြီး ချက်ချင်းရောက်လာတာပဲ မဟုတ်လား။ ဇော် အဲဒီလို မကြည်မလင်မျက်နှာနဲ့ ရောက်လာပြီဆိုရင် တို့ ရယ်ချင်လိုက်တာ အရမ်းပဲ၊ ဒါပေမဲ့ မရယ်ရဲဘူး၊ ဇော့်လိုပဲ မကျေမနပ်ဖြစ်တဲ့အနေနဲ့ မျက်နှာစူပုပ်ထားရတယ်။

တို့မျက်နှာ အလိုမကျတဲ့အမူအရာနဲ့ ညိုနေရင် ဇော်က အရှုံးပေးတော့တာပဲ "ကဲ . . . တို့ ရောက်လာပြီပဲ နန္ဒာရယ်၊ တို့ တကယ်သင်တန်းရှိလို့ ငြင်းခဲ့တာပါ။ နန္ဒာကို လာမခေါ်ချင်လို့ မဟုတ်ပါဘူး" ဆိုပြီး ချော့တတ်တယ်။

တို့ မကျေနပ်သလို ဘာမှမပြောဘဲနေရင် ဇော် စိတ် မကောင်းဖြစ်ရော . . . တစ်လမ်းလုံး ချော့မော့ပြီး ရယ်စရာ တခြားအကြောင်းတွေ ပြောပြပြီး တို့ စိတ်ပြေသွားအောင် လုပ်တတ် သေးတယ်။ ကြာတော့ တို့လည်း ဟန်ဆောင်လို့ မရတော့ဘူး။ မျက်နှာကို တစ်ဖက်လှည့်ပြီး ရယ်မိတယ်။ ဒီတော့မှ ဇော်က "အမလေး . . . နင်နဲ့ သူငယ်ချင်း ဖြစ်ရတာ မလွယ်ပါလား" လို့ ညည်းညူတတ်တယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



ဇော်က တကယ်ပဲ တို့ကို သူငယ်ချင်းလိုပဲ သဘောထားတာလား။ တို့ သိချင်နေခဲ့ပြီလေ။ ငယ်ငယ်ကတည်းက တပူးတွဲတွဲ၊ နှစ်အိမ့်တစ်အိမ်နေလာကြတဲ့လူတွေဆိုတော့ နီးလျက်နဲ့ ဝေးနေကြတာလား သိချင်လာတော့တယ်။

လောကရဲ့ဆန်းကျယ်မှုထဲမှာ အချိန်ရယ်၊ အကွာအဝေးရယ်, ပါတယ်လေ။

အရာဝတ္ထုနှစ်ခုဟာ ထိကပ်နေရင် ရူပဗေဒသဘောတရားအရ တစ်ခုတည်းပဲ၊ တစ်ပေါင်းတည်းပဲလို့ ယူဆရမယ်တဲ့။ နှစ်ခု မဟုတ်ဘူးပေါ့နော်။ ဒီလိုဆိုရင်လည်း တစ်ခုနှင့်တစ်ခု နှိုင်းယှဉ်လို့ မရတော့ဘူးတဲ့။ တကယ်လို့ အရာဝတ္ထုနှစ်ခုကို တိုင်းတာလို့ ရနိုင်တဲ့အကွာအဝေးအထိ ရွှေ့ပစ်လိုက်မှ နှိုင်းယှဉ်ပြီး တွက်ချက်လို့ ရတယ်။ ဒီသဘောတရားဟာ တို့မြန်မာရှေးလူကြီးတွေကတည်းက သဘောပေါက်ခဲ့ကြပုံရပါတယ်။ ကြည့်ပါလား . . . ခိုင်းနှိုင်းပြောဆိုတဲ့စကားထဲမှာ . . . နီးလျက်နဲ့ ဝေး . . . ဆိုတဲ့ စကားပုံရှိနေတာပဲ မဟုတ်လား။

ဒီတော့ နှစ်ယောက် တစ်ကိုယ်လို ဖြစ်နေတဲ့ တို့နဲ့ဇော်ရဲ့ကြားမှာ အကွာအဝေးတစ်ခုတော့ ဖန်တီးပစ်ရမယ်။ အဲဒါမှ ဇော်ရဲ့စိတ်ထဲမှာ တို့ကို သီးခြားလို မြင်လာမယ်။ သူငယ်ချင်းလို မမြင်ဘဲ တခြားတစ်ယောက်လို့ ထင်မြင်လာမယ် . . . ဒီတော့မှ ဇော့်ရင်ထဲက တို့နဲ့ ပတ်သက်တဲ့ခံစားချက်တွေကို အစစ်အမှန် ရှာဖွေတွေ့ရှိ



www.burmeseclassic.com

www.burmeseclassic.com



လာမယ်။

တို့ကို နည်းနည်းလေး ဝေးဝေးက ကြည့်စမ်းပါ ဇော်ရယ် . . .

ဇော်နဲ့ ငယ်ငယ်ကတည်းက နေ့စဉ် တွဲလာတဲ့ သူငယ်ချင်း အဖြစ်နဲ့မဟုတ်ဘဲ . . . တခြားတစ်ယောက်လို . . . သီးခြား မိန်းကလေး တစ်ယောက်လို . . . ပြီးတော့ ချစ်သူတစ်ယောက်လို ပေါ့ ဟုတ်လား။

ကဲ . . . ဘာလုပ်သင့်သလဲ။ တို့ စဉ်းစားရပြီ။

ချစ်သူတစ်ယောက် ထားပစ်ရမှာလား။

တို့ကို ချစ်သူအဖြစ် စကားဆိုလာတဲ့သူတွေ . . . ဖုန်းဆက် လာတဲ့သူတွေ ရှိတာ ဇော်လည်း အသိပါပဲ။ ဇော့်ကိုယ်တိုင်တောင် ဇော်ရဲ့အပေါင်းအသင်းတစ်ယောက်၊ နှစ်ယောက်အတွက် တို့ကို စကားကြုံပြောပေးဖူးတယ် မဟုတ်လား။

"နန္ဒာ . . . နင့်ကို မျိုးကြီး ချစ်နေလို့တဲ့၊ အဲဒါ နင်နဲ့ငါက တတွဲတွဲဖြစ်နေတော့ သူ့မှာ ပြောဖို့ အခွင့်အရေး မရဘူး ဖြစ်နေ တယ်၊ အဲဒါကြောင့် တို့ကို ခဏရှောင်ပေးပါလားလို့ ပြောတယ်၊ တို့က ရှောင်ပေးလို့ရပါတယ်၊ ဒါပေမဲ့ နင် ကြိုက်မှန်းမသိ မကြိုက် မှန်းမသိဘဲ တို့က ရှောင်ပေးသလိုဖြစ်မှာ စိုးရိမ်လို့ မေးတာ၊ ဘယ်လိုလဲ" ဆိုပြီး စကားစတယ်လေ။

အတူတူ သွားကြလာကြနဲ့ မျိုးကြီးဆိုတဲ့လူ ကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေတာ တို့ အသိသားပဲ၊ တမင် မသိချင်ဟန်ဆောင်နေတာ၊ တို့က ကြိုက်မှ မကြိုက်တာ။ ရင်ခုန်ဖို့နေနေသာသာ စိတ်တောင်ပျက်တယ်။ "ဇော် . . . နင် နောက်လာရင် အဲဒီမျိုးကြီးကို ခေါ်မလာပါနဲ့" . . . လို့ ဖွင့်ပြောဖို့ ခဏ,ခဏ စဉ်းစားမိတယ်။ အော် . . . မကောင်းပါဘူးလေ။ မျိုးကြီးက ဇော်ရဲ့သူငယ်ချင်း။ ပြီးတော့လည်း ဆိုးဆိုးသွမ်းသွမ်းထဲကမှ မဟုတ်ဘဲ။

သူ့ဘာသာသူ ချစ်ကြိုက်လို့ ကြည့်တာ ကြည့်ပိုင်ခွင့် ရှိပါတယ်။

အတင်းကာရော ဝင်ရောတာ, အတင်း, စကားလိုက်ပြောတာမှ မဟုတ်ဘဲ။ အနှောင့်အယှက်ဖြစ်အောင် လုပ်နေတာမှ မဟုတ်ဘဲ။

"တို့ မျိုးကြီးကို စိတ်မဝင်စားပါဘူး၊ ဇော်ပဲ ကြည့်ပြောလိုက်၊ တို့ မတွေ့ချင်ဘူး"

ဒါနဲ့ပဲ ပွဲက ပြီးပြတ်သွားတယ်။

မျိုးကြီးလည်း ကြာတော့ မသိမသာနဲ့ နောက်ဆုတ်သွားတယ်။

နောက်တစ်ယောက်က . . . သက်ထွေး။ သူလည်း ဇော်ရဲ့ အပေါင်းအသင်းတစ်ယောက်ပဲ။

"သက်ထွေးက ကဗျာတစ်ပုဒ်ရေးပေးလိုက်တယ် . . . နင့်အတွက်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



တို့ လှမ်းမယူဘဲ . . . "ဘာသဘောနဲ့ တို့ဆီ ကဗျာရေးပေး ရတာလဲ" လို့ ပြန်မေးမိတယ်။

"သူက နင့်ကို စိတ်ဝင်စားလို့ပေါ့ဟာ . . . သူကိုယ်တိုင် ခံစားချက်နဲ့ ရေးထားတာတဲ့"

"တို့ မဖတ်ချင်ဘူး၊ ဇော် . . . နင့်သူငယ်ချင်းတွေက ဘယ်လိုလူတွေလဲ . . . မိန်းကလေးတစ်ယောက်နဲ့ ခင်မင်ခွင့်ရတာ နဲ့ ချစ်သွားတတ်ကြတာလား၊ ကဲ . . . ရှင်းစမ်းပါဦး"

"နင့်ပုံကိုလည်း နင် ပြန်ကြည့်ပါဦး . . . နန္ဒာ၊ နင်က မိန်းကလေးထဲမှာ အလှဆုံးသူနဲ့ ယှဉ်နိုင်တဲ့သူပဲ၊ ဒီတော့ တို့သူငယ် ချင်းတွေ ကြိုက်ကြတာ ဆန်းသလား၊ အဲဒါကို ကြည့်ရင် နင့်ကိုနင် ဂုဏ်ယူရမှာ၊ ကောင်လေးတွေအားလုံး စိတ်ဝင်စားခံရတာ နည်းတဲ့ အရည်အချင်းလား၊ သူများတွေဆို တစ်နှစ်မှာတစ်ယောက် ချစ် တယ်လို့ အပြောခံရတဲ့သူတောင် မရှိပါဘူး၊ ဒီဟာ စိတ်ဆိုးစရာ မဟုတ်ပါဘူး"

"တို့ စိတ်ဆိုးတာက ချစ်တယ်လို့ ပြောလို့ မဟုတ်ဘူး၊ အလေးအနက်ကို မရှိကြလို့၊ "အချစ်" ဆိုတာ ပေါ့ဆနိုင်အားကြီးလို့"

ဇော်က တို့ရဲ့ရုပ်ရည်နဲ့အလှကို ဂုဏ်ယူသင့်တယ်ဆိုတဲ့ စကားကိုတော့ ကျေနပ်ပါတယ်။ တို့ရဲ့လှပမှုကို အသိအမှတ်ပြုတဲ့ သဘော။ သတိထားတယ်ဆိုတဲ့ အဓိပ္ပာယ် မဟုတ်လား။ အဲဒါနဲ့ တောင် ဇော်က ဘာဖြစ်လို့ မချူးဆွတ်ချင်တာလဲ။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဆိုတဲ့ အရံအတားကြောင့်လား၊ ဒါမှမဟုတ် နှစ်ဖက်လူကြီးတွေ ရင်းနှီးကျွမ်းဝင်ကြလို့ မျက်နှာပျက်မှာ ကြောက်နေတာလား။

"သက်ထွေးက နန္ဒာ ထင်သလို ခပ်ပေ့ါပေ့ါ မဟုတ်ပါဘူး၊ သူ တကယ်ခံစားနေရတာပါ"

"အော် . . ဇော်က သက်ထွေးရဲ့ အချစ်ကို ယုံကြည်တဲ့ သဘောလား"

"တို့ကို အာမ,မခံခိုင်းပါနဲ့ . . . နန္ဒာရယ်၊ တော်ကြာ တစ်စုံတစ်ခုဖြစ်သွားရင် တို့တာဝန် ဖြစ်နေပါဦးမယ်၊ နန္ဒာပဲ သူ့အချစ်ကို လေ့လာသင့်ပါတယ်၊ ပြီးမှ ကိုယ့်သဘောကိုယ် ဆုံးဖြတ်ပါ၊ တို့က ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှ မတိုက်တွန်းပါဘူး"

"ဒါဆိုရင် နောက်ထပ် ဘာမှလာမပြောနဲ့၊ ဇော့်သူငယ်ချင်း အပေါင်းအသင်းတွေထဲမှာ တို့ ဘယ်သူ့ကိုမှ စိတ်မဝင်စားဘူး၊ သူတို့နဲ့ မေးပြော,ဆက်ဆံနေရတာကလည်း ဇော့်ကြောင့်ပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ ဇော်က ဇော့်သူငယ်ချင်းတွေနဲ့ တို့ကို အောင်သွယ်ပေးနေတာ ဘာသဘောလဲ၊ တို့ကို ချစ်သူရသွားစေချင်လို့လား၊ တို့ကို ကျောင်းအကြိုအပို့လုပ်ရတာ၊ တို့သွားချင်တဲ့နေရာတွေ လိုက်ပို့ရတာ စိတ်ကုန်နေလို့လား"

"နန္ဒာ . . . တို့မှာ အဲဒီစိတ် လုံးဝမရှိဘူးနော်၊ နန္ဒာ အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် ဘယ်တုန်းကမှ မအောက်မေ့



www.burmeseclassic.com

www.burmeseclassic.com



မိခဲ့ဘူး၊ အခု . . . သူငယ်ချင်းတွေအတွက် ကူညီရတာကလည်း နန္ဒာနဲ့ တို့ဟာ ရိုးရိုးသားသား သူငယ်ချင်းတွေဆိုတာ သိစေချင်လို့ပါ၊ နို့မဟုတ်ရင် သူတို့က တို့နှစ်ယောက်ကို သိပ်ပြီး မယုံချင်ကြဘူး”

“ဖော်က သူတို့ကို သက်သေပြနေတယ်ဆိုတဲ့သဘောလား”

“ဟုတ်တယ်လေ၊ တို့နဲ့ နန္ဒာက ဘာမှမဆိုင်ပါဘူး၊ တကယ့်ကို ဖြူဖြူစင်စင်ပါ၊ ငယ်ငယ်ကတည်းက နှစ်အိမ်တစ်အိမ် မောင်နှမရင်းတွေလို နေလာခဲ့ကြတာပါ၊ အငြိအစွန်း မရှိပါဘူး၊ မင်းတို့ ချစ်ခွင့်ရှိပါတယ်၊ ပြဿနာ မရှိဘူးလို့ ရှင်းပြထားရတယ်၊ နို့မဟုတ် ရင်သူတို့က တို့ကို နန္ဒာရဲ့ ကိုယ်ရံတော်၊ နန္ဒာ့ကို အကာအကွယ်ပေးနေတာလို့ ထင်နေကြတယ်၊ နန္ဒာ့ကို ဘယ်သူနဲ့မှမကြိုက်အောင် တို့က တမင် လုပ်,နေတယ်၊ တားဆီးနေတယ်လို့ ထင်နေကြတယ်”

“သူတို့ ထင်တာ ဂရုစိုက်စရာလား၊ ဘယ်သူတွေ ဘာပဲထင်ထင် တို့ ဂရုမစိုက်ဘူး၊ ဖော်က ဘာဖြစ်လို့ ကြောက်နေရတာလဲ”

“နန္ဒာပြောတာ မဟုတ်သေးပါဘူး၊ ဒီလို အထင်ခံရရင် နစ်နာမှာက နန္ဒာပဲ၊ နန္ဒာက မိန်းကလေး၊ တို့က ဘာအကြောင်းရှိမှာလဲ၊ တို့ သက်သေပြနေတာက တို့အတွက် မဟုတ်ဘူး၊ နန္ဒာ့အတွက်ပါပဲ၊ တော်ကြာ ဒီကျောင်းထဲမှာ နန္ဒာ့ကို အမြင်တစ်မျိုးနဲ့ကြည့်ကြလိမ့်မယ်၊ တို့နဲ့ ပတ်သက်ပြီး အစွန်းအထင်း မဖြစ်စေချင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး”

“ဘာအစွန်းအထင်းလဲ . . . ဘယ်လိုထင်ကြလို့လဲ၊ ဇော် ရှင်းရှင်းလင်းလင်း ပြောစမ်းပါ။ တို့နှစ်ယောက်ကြားမှာ ကွေ့ပတ် ပြီး ပြောနေစရာအကြောင်း မရှိဘူး”

“တို့ ဝေ့လည်ကြောင်ပတ် ပြောနေတာ မဟုတ်ဘူး၊ ဘာဆို လိုတယ်ဆိုတာ နင် သဘောပေါက်လောက်ပါတယ်”

“တို့ သဘောမပေါက်ဘူးလို့ ပြောနေတယ်”

ခေါင်းကို ကုတ်ရင်းက . . . “ကဲ . . . ဟာ . . . ရှင်းရှင်း ပြောမယ်၊ နင်နဲ့ငါက ချစ်သူတွေထင်နေကြလို့ . . . ဟုတ်လား” ဆိုပြီး စိတ်တိုတိုနဲ့ အော်ပြောလိုက်တော့ တို့ရင်ထဲမှာလေ ဒိန်းခနဲ ဖြစ်သွားတယ်။

နှလုံးသွေးတွေ ရပ်သွားတယ်ဆိုတာ ဒါမျိုးပဲဖြစ်မယ် ထင် တယ်။

ရင်တွေ ခုန်လိုက်တာ။

ဒီအတိုင်း နေလိုက်ရင် မူပျက်သွားမှာတောင် စိုးရိမ်မိ တယ်။ ဘာကြောင့်လဲဆိုတော့ ခန္ဓာကိုယ်က အသားတွေ တဆတ် ဆတ်တုန်နေလို့။ နှုတ်ခမ်းသားတွေ တုန်ရီလာလို့၊ ဒီတော့ ဒီမူပျက် မှုတွေကို ဖုံးကွယ်တဲ့အနေနဲ့ တို့ ရယ်ပစ်လိုက်မိတယ်။

ဇော်က တို့ ရယ်မောနေတာ ကြည့်ပြီး ဘယ်လိုထင်သလဲ မသိဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်ကို ချစ်သူလို ထင်မှတ်ကြတာ ရယ်စရာကြီး။ ဟာသပြက်လုံးတစ်ခု။ ဒီလိုပဲ ထင်မြင်သွားတာလား။

တို့ရင်ထဲမှာ မလေးနက်ဘူး၊ အချစ်တွေ မရှိနိုင်ဘူးလို့ ဇော်ထင်မှတ်သွားလား။

ဒီစကားဟာ အတည်မဟုတ်ပေမယ့် ဇော့်ဆီက အချစ်နဲ့ပတ်သက်ပြီး ပထမဦးဆုံး ကြားလိုက်ရတဲ့စကားပဲ။ ဒါနဲ့တောင် တို့ပျော်ရွှင်ကြည်နူးသွားမိတယ်။ တကယ်ပါ။ တို့က မိန်းကလေးဆိုတော့ ဟန်ဆောင်ရမယ်လေ။

ဇော်က တို့ရယ်တာကို ဒေါသတကြီးနဲ့ ကြည့်နေလေ . . . ရယ်ချင်လေလေပါပဲ။

ဇော်က ထပ်ပြီး အလေးအနက် ပြောပါသေးတယ်။

"နင် မရယ်နဲ့ . . . နန္ဒာ၊ တို့ တကယ်ပြောတာ၊ တို့နဲ့အရင်းနှီးဆုံးပေါင်းနေကြတဲ့ သူငယ်ချင်းတွေကတောင် အဲဒီလိုစွပ်စွဲနေကြတာ၊ တခြားလူဆိုရင် ပြီးရော၊ အဲဒါတွေကြောင့် ငါ့ ချစ်သူမဟုတ်ပါဘူး၊ မင်းတို့ ပေးချင်တဲ့စာကို ပေး၊ ငါ သွားပေးပေးမယ်ဆိုပြီး လုပ်နေရတာ၊ အခုတော့ နန္ဒာက ငြင်းလေ သူတို့ကပိုပြီး ထင်လေ ဖြစ်,ဖြစ်နေတယ်၊ နင် ငါနဲ့ တွဲနေသရွေ့ ချစ်သူရမှာတောင် မဟုတ်တော့ဘူး၊ အဲဒါ နင် သေသေချာချာ စဉ်းစားဦး"

"ဇော်က တို့အပေါ်မှာ စေတနာထားတာလား၊ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် စေတနာဖြစ်နေတာလား၊ တို့နစ်နာတာ



www.burmeseclassic.com

www.burmeseclassic.com



ထက် ဇော်က ပိုပြီး နစ်နာနေသလား”

“တို့က ဘာနစ်နာရမှာလဲ နန္ဒာရယ်”

“ဒီလိုလေ . . . ဇော် ကြိုက်နေတဲ့ မိန်းကလေးတွေက ဇော့်မှာ ချစ်သူရှိနေပြီထင်လို့ ငြင်းလွှတ်ကြလို့လေ”

“မဟုတ်တာ နန္ဒာရယ်၊ တို့ ဘယ်ကောင်မလေးကို လိုက်နေတယ်လို့ နင် သတင်းကြားလို့လား”

“အို . . . ဒါတော့ မပြောတတ်ဘူးလေ၊ တို့မသိဘဲ ဇော် လိုက်နေတဲ့လူ ရှိချင်ရှိမှာပေါ့”

“နန္ဒာ . . . တို့အပေါင်းအသင်းတွေ မေးမြန်းကြည့်ပါဦး၊ တို့ ဘယ်သူ့ကိုမှ စိတ်မဝင်စားမိဘူး၊ လိုက်ဖို့က အဝေးကြီးပဲ”

ဒီစကားကိုပဲ ကြားချင်တာပါ။

ဇော့်မှာ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာသတင်းအစ,အနမှ ထွက်လာခြင်း မရှိပါဘူး။ ဒါပေမဲ့ သေချာအောင် မေးရတာပေါ့နော်။ သူ့ပါးစပ်က ဖွင့်ဟ,ဝန်ခံတာ ကြားလိုက်ရတော့ တို့လေ အရမ်းစိတ်ချမ်းသာသွားတာပဲ။ ဇော့်မှာ တို့အပြင် နောက်ထပ်ချစ်ရမယ့်လူမှ မရှိသေးတာ။ ဒီလိုဆိုရင် ဇော့်အတွက် တို့ဟာ တစ်ဦးတည်းသောသူပဲ မဟုတ်လား။

ဇော့်အနေနဲ့ အချစ်ကိစ္စနဲ့ ပတ်သက်ပြီး လှုပ်ရှားမယ်ဆိုရင် သေချာပေါက် ငြိတွယ်သွားနိုင်တယ်။ ချစ်သူ ရရှိသွားနိုင်တယ်။ ဘယ်မိန်းကလေးက ဇော့်လိုလူကို ငြင်းပယ်နိုင်ကြမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဇော်မျက်နှာက တကယ့်ကို ချောမောတာ၊ ယောကျ်ား ပီပီသသ မျက်ခုံးထင်းထင်း၊ နှာတံတွေ ပါးစပ်တွေ အချိုးကျတယ်၊ မျက်လုံးက ကြည်ပြီး ဆွဲဆောင်အားကောင်းတယ်၊ နဖူးအလယ် တည့်တည့်ကခွဲပြီး ဘေးတစ်ဖက်တစ်ချက် ချထားတဲ့ ဆံပင်ရှည် တွေက ခေတ်ရေ့ပြေးတဲ့ပုံစံနဲ့ တကယ်ချစ်စရာကောင်းတယ်။ စကားပြောတိုင်း လှုပ်ရှားလိုက်တိုင်း မျက်နှာပေါ် ဖြတ်ကျလာတဲ့ ဆံနွယ်စတွေကို ခဏ,ခဏ သပ်တင်တဲ့စတိုင်လေးက ရင်ခုန်စရာ လေးပဲ။

ပြီးတော့ ဘောင်းဘီရှည်နဲ့လည်း လိုက်ဖက်တယ်။ အပေါ် ခန္ဓာကိုယ် ကျစ်လျစ်ဖွံ့ဖြိုးတာကို ပေါ်လွင်စေတဲ့ အဝတ်အစားတွေ လည်း ဝတ်တတ်သေးတယ်။

နောက်ပြီး အခု . . ခေတ်မိန်းကလေးတွေ တွက်ချက် စဉ်းစားနိုင်လောက်တဲ့ စီးပွားရေးနောက်ခံကလည်း ရှိသေးတယ်။ အိမ်က ဝယ်ပေးထားတာ မဟုတ်တဲ့ သူ့ကိုယ်ပိုင်ကားလေးနဲ့။ တစ် ဖက်က စက်ပစ္စည်းအရောင်းဆိုင်ကိုလည်း အစ်ကိုကြီးနဲ့တွဲပြီး ဖွင့် ထားသေးတယ်။ ဇော်ကိုယ်တိုင်ကလည်း ကွန်ပျူတာ ပညာရပ်နဲ့ ပတ်သက်ပြီး အရှူးအမူး ဖြစ်နေတဲ့လူ။

တခြားယောကျ်ားလေးတွေလောက်လည်း ပော့ပော့ရမ်း ရမ်း၊ သောက်သောက်စားစား မရှိဘူး။ ဇော်က သူ့ပညာနဲ့သူ့ဘဝ ကို အရမ်းကြီး မြင့်ချင်တဲ့လူ။ ရည်ရွယ်ချက်ရှိတဲ့လူ။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတွေနဲ့ ပတ်သက်ပြီး စာရိတ္တကောင်းတဲ့လူ။ မလည်ရှုပ်တို့ အပျော်တမ်းတို့ ဝါသနာ လုံးဝမရှိဘူး။ တကယ် စိတ်ရင်းရိုးရိုးနဲ့ ခင်မင်တတ်တာကြောင့် မိန်းကလေး အပေါင်းအသင်းတွေက ဇော့် အနားမှာ ဝေ့လည်လည်၊ ရစ်သီသီနဲ့။ အဲဒါကြောင့် စိတ်မချချင်တာ။ အမြန်ဆုံး ပိုင်ဆိုင်ချင်တာ။ အမြန်ဆုံး ချစ်စကားကို ဖွင့်ပြောလိုက်စေချင်တာ။

"နင် ငါ့ကို မညာစမ်းပါနဲ့ ဇော်၊ တို့ ချစ်သူ မြန်မြန်ရသွားပါစေ၊ အဲဒါမှ ပြီးရော . . . လွတ်လပ်မယ်ဆိုပြီး နင့်သူငယ်ချင်းတွေနဲ့ ဆက်သွယ်ပေးနေတာ မဟုတ်လား"

"နန္ဒာရယ် . . . မဟုတ်ဘူးလို့ ဘယ်နှစ်ခါ ပြောရမှာလဲ"

"ဟ . . . ပြောရမှာပေါ့၊ နင့်သူငယ်ချင်းတွေထဲမှ နင်က လွဲပြီး တစ်ယောက်မကျန် ဖြစ်နေတာကိုး၊ ဟိုသူငယ်ချင်းကလည်း ချစ်တယ်၊ ဒီသူငယ်ချင်းကလည်း ချစ်တယ် ဖြစ်နေတာကိုး"

"တို့ ရှင်းပြပြီးသားပဲ၊ နင်က အရမ်းလှတာကိုးလို့"

"နင်ကလည်း တို့ လှတာကို သိတယ်ဆိုပါတော့"

"ဒါက ငါ့သူငယ်ချင်းပဲ . . . ငါက ပိုပြီးသိတာပေါ့"

"ကဲ . . . ကောင်းပြီ၊ ဒါဖြင့်ရင် နင်က တို့ကို ချစ်တယ်လို့ ဘာဖြစ်လို့ မပြောတာလဲ"

တို့ ဒီလိုမေးလိမ့်မယ်လို့ ဇော် ထင်မှတ်ထားပုံ မရဘူး။ အဲဒီလိုလည်း ကောက်ခါငင်ခါ မေးလိုက်တာနဲ့ ဇော့်မျက်နှာက



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားလိုက်တာ။ ရှက်လွန်းလို့ မျက်နှာကြီးကို နီရဲသွားတာပဲ။ ဘာပြန်ပြောရမှန်း မသိအောင် ကြောင်သွားတယ်။

အဲဒီအခိုက်အတန့်မှာ တို့ အရမ်းပျော်သွားတာပဲ။ မသိသလိုနဲ့ အမြဲရှောင်ဖယ်, ဖယ်လုပ်နေတတ်တဲ့ ဇော်ရဲ့နှလုံးသားကို အလစ်ဖမ်းပြီး ကိုင်လှုပ်လိုက်နိုင်တာကိုး။ ဒီစကားကို တခြားအချိန်တွေမှာ ပြောမိရင် တို့ရဲ့သိက္ခာက မြောင်းထဲကျသွားမှာ၊ အခုလိုတိုက်ဆိုင်တဲ့အချိန်မှာ စိတ်ဆိုးသလိုနဲ့ ပြောပစ်လိုက်တော့ တို့သိက္ခာလည်း မကျဘူး။ တို့ မကျေမနပ် စိတ်ဆိုးနေတဲ့ပုံစံလည်း ပေါ်လွင်သွားတယ်။ ရင်ထဲမှာ အနှစ်နှစ်အလလ သိမ်းဆည်းမျိုသိပ်ထားခဲ့ရတဲ့ စကားတွေကိုလည်း ပြောဖြစ်သွားတယ်။ ဘယ်လောက်ကောင်းသလဲ။

ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ကို ပစ်ချလို့ ရတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မယ်။ ငါးရံ့နှစ်ကောင် တစ်ပြိုက်နက် ဖမ်းတယ်ဆိုတဲ့ စကားပုံက မျက်နှာများတဲ့သဘော။ မာယာများတဲ့သဘော။ အကျင့်စာရိတ္တ မကောင်းတဲ့သဘောမို့ တို့ မကြိုက်ပါဘူး။

ဇော်သာ မိန်းကလေးတစ်ယောက်ကို ကြိုက်နေမယ်ဆိုရင် ဒီစကားပုံကို သုံးနှုန်းရမှာပဲ။ ငါးရံ့နှစ်ကောင် ဖမ်းဖို့ ကြိုးစားလို့က လုံးဝ ခွင့်မလွှတ်ဘူး။ အခုလို . . . သူငယ်ချင်းအဖြစ်ကနေပြီး ရာသက်ပန် စွန့်လွှတ်လိုက်မိမှာပါပဲ။

"နင် ဘာဖြစ်လို့ တို့ကို စော်ကားရတာလဲ၊ တို့ နင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ဖြူဖြူစင်စင်၊ အမှားအယွင်းမရှိ ဆက်ဆံလာခဲ့တာ နင် သိပါတယ်၊ တို့က ဘယ်မိန်းကလေးနဲ့ ပတ်သက်ပြီး အခွင့်အရေးယူတတ်တဲ့လူ မဟုတ်ဘူး၊ အထူးသဖြင့် နင့်ကို ပိုပြီး အလေးထားပါတယ်၊ အဲဒါ တို့အဖေ၊ အမေတွေရဲ့ မျက်နှာကြောင့် သက်သက်ချည်း မဟုတ်ပါဘူး၊ နင့်အပေါ်မှာ ငါ့ရင်ထဲက တကယ့်ကို စစ်စစ်မှန်မှန်နဲ့ သံယောဇဉ်ရှိလို့ပါပဲ”

“တို့ မေးတာက အဲဒီကိစ္စ မဟုတ်ဘူး၊ တို့ အခုမေးတဲ့ မေးခွန်းပဲ ဖြေစမ်းပါ”

“ငါ မစဉ်းစားဘဲ ပေါ့ပေါ့တန်တန် အဖြေပေးရမယ်ဆိုရင် မချစ်ဘူး၊ မချစ်ဘူးဆိုတာက ချစ်သူတစ်ယောက်လို မချစ်တာနော်၊ အဲဒီလို ခံစားချက်မျိုး မဖြစ်ဘူး၊ အဲဒီအတွေးမျိုးလည်း မတွေးချင်ပါဘူး၊ တို့နှစ်ယောက် ဒီလိုပဲ တစ်သက်လုံး နေသွားချင်တယ်၊ ဒီဟာ ငါ့ဘဝအတွက် အပြင်းပြဆုံးဆန္ဒတစ်ခုပါပဲ”

ဘယ်လိုပဲ လှည့်ပတ်ပြီး မေး,မေး ဒီဘူတာပဲ ဆိုက်ရောက်လာတာပဲ။

ဇော်အနေနဲ့ တို့နဲ့ တစ်စုံတစ်ခု ပြဿနာဖြစ်မှာ အရမ်းကြောက်နေတာလား။ ဒါမှမဟုတ် ဖွင့်ပြောလိုက်ရင် ဒီအနေအထားက ပျက်စီးသွားမှာ စိုးရိမ်နေတာလား။ ဒါမှမဟုတ် တစ်စုံတစ်ခုသော အကြောင်းတရား၊ တစ်စုံတစ်ခုသော အကွာအဝေး တစ်ခု ကြားထဲတွင် မရှိလို့များလား။



www.burmeseclassic.com

www.burmeseclassic.com



ဇော်နှင့် ခေတ္တယာယီ ဝေးကွာသွားချင်စိတ် ဖြစ်ပေါ်လာတယ်။

အဲဒီအချိန်မှာ ဇော်က သူ့ရင်ထဲက ခံစားချက်တွေကို သူ ရှာဖွေပြီး အဖြေထုတ်နိုင်မှာ မဟုတ်လား။ ဝေးသွားလိုက်ချင် တာ။ နီးဖို့အတွက် ဝေးချင်တာ။

အဲဒီနေ့ ပြီးတော့ နေမကောင်းဘူးဆိုတဲ့အကြောင်းပြချက် နဲ့ လုံးဝမတွေ့ဆုံဘဲ လေး၊ ငါးရက်လောက် ရှောင်နေပစ်လိုက်တယ်။ ရှောင်နေတယ်ဆိုပေမယ့် ဝေးဝေးလံလံ မဟုတ်ဘဲ ကိုယ့်အိမ်ထဲမှာ ကိုယ် အောင်းနေလိုက်တာ။ ဇော် ဖုန်းဆက်ရင် မကိုင်ဘူး။ ဇော် အိမ်ကို ရောက်လာရင် ဆင်းမတွေ့ဘူး။ ဒီလောက်ပါပဲ။

ဒီလောက်လေးကလည်း ချစ်ရသူအတွက် ငရဲတမျှပါနော်။

ဇော် ဘယ်လိုခံစားရမယ်မသိ။ တို့ကတော့ လူးလိမ့် အောင် ခံစားရတယ်။ အဘိုးအဘွားက မျက်ကလဲဆန်ပျာဖြစ် ကုန်တယ်။ ဘာဖြစ်တာလဲ . . . လို့ မေးတော့ ခေါင်းကိုက်တယ်။ ဗိုက်အောင့်တယ်။ ခေါင်း နည်းနည်းမူးတယ်လို့ ရောဂါရှာ မရနိုင် တဲ့အကြောင်းပြချက်တွေနဲ့ ဇွတ်မှိတ်ပြီး လိမ်ညာမိတယ်။

"ဟဲ့ . . . ဒီအတိုင်း ကြိတ်ပြီး ခံစားနေရလို့ ဖြစ်ပါ့မလား၊ ဆေးခန်းပြကြရအောင်၊ တော်ကြာ ဒီခေတ်မှာ ရောဂါတွေ ဆန်း ပြားသနဲ့" အဘွားက ကရုဏာဒေါသနဲ့ ဆူပွက်တော့တာပဲ၊ အဘိုး က ဌာနဆိုင်ရာမှာ လူကြီးလုပ်နေတဲ့လူဆိုတော့ လူတွေအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းကောင်းသိပုံရတယ်။ ပြောသာမပြောတာ ဒီရောဂါဟာ ကုရာနတ္တိ ဆေးမရှိတဲ့ရောဂါ၊ အချစ်ရောဂါဖြစ်နိုင်တယ်ဆိုပြီး အဘွားကတစ်ဆင့် အစ်အောက်ပြီး မေးခိုင်းပါလေရော။

"နန္ဒာ့မှာ ချစ်သူ မရှိပါဘူး အဘွားရယ်၊ ရိုးရိုးဖြစ်တာပါ" ဆိုပြီး အတင်းဖုံးကွယ်လေလေ . . . အဘိုးက သံသယဖြစ်လေလေ ပဲ။ ဒါနဲ့ ဇော်ကို တိတ်တဆိတ်ခေါ်ပြီး မေးမြန်းစုံစမ်းတယ်တဲ့။ အဲဒီအကြောင်းက နောက်ကျမှ သိရတာ။ ရှက်စရာကြီးပဲ။ အဘိုး ခမျာ မြေးကို ချစ်လွန်းတော့လည်း ရှေ့မျက်နှာ နောက်ထားပြီး မေးရတော့တာပေါ့။

ဇော်ကလည်း "မရှိပါဘူး၊ ကျွန်တော်နဲ့ အမြဲသွားနေတာ၊ ဘာတွေ စိတ်ကောက်သွားတယ် မသိပါဘူး၊ ကျွန်တော့်ကိုတောင် အတွေ့မခံဘူး" လို့ ရှင်းပြတယ်တဲ့။ အဘိုးက ဇော်နဲ့ စိတ်ကောက် ရိုး အမှန်သာဆိုရင် ဒီကလေးနှစ်ယောက်ဟာ မရိုးသားတော့ဘူး။ တစ်ခုခု ဖြစ်နေပြီ။ ဒီလောက် သူငယ်ချင်းတွေအဖြစ်နဲ့ နေ့စဉ် တတွဲတွဲ သွားလာနေကြတာ တစ်ခါမှ စိတ်ကောက်တယ်၊ မခေါ် မပြော မဖြစ်ဖူးဘူး။ ထူးဆန်းနေတော့ အထင်က မှားပြီပေါ့။

ဒီကလေးနှစ်ယောက်ဟာ သူငယ်ချင်းထက် အဆင့်ပိုပြီး သမီးရည်းစားတွေ ဖြစ်နေနိုင်တယ်။ ကာယကံရှင်ဖြစ်တဲ့ဇော်က ရိုးရိုးဖြေရှင်းတာကို မယုံကြည်ဘူး။ သူခိုးက ခိုးပါတယ်လို့ ဘယ် ဝန်ခံမလဲလို့ အဘွားကို ရှင်းပြတယ်။ အဘွားကတစ်ဆင့် စုံစမ်း,



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်ကြည့်ခိုင်းတယ်။ အဘွားကလည်း နဂိုက ခပ်ရိုးရိုး၊ တောသူဆိုတော့ တို့ နည်းနည်းလေး မအစ်အောက်လိုက်ရဘူး အဘိုးရဲ့စကားတွေ အကုန်လုံး အိတ်သွန်ဖာမှောက် ပြောပြတော့ တာပဲ။ အဘွားက အရမ်းရယ်စရာကောင်း၊ ချစ်စရာလည်း ကောင်း ပါတယ် ဇော်ရယ်။

တို့လည်း ဇော့်လိုပဲ ငြင်းတာပါပဲ "နန္ဒာနဲ့ချစ်သူ မဟုတ် ဘူး၊ သူ့ကို စိတ်ဆိုးစရာအကြောင်းလည်း မရှိပါဘူး" လို့ ပြောရ တယ်လေ။

ထုံးစံအတိုင်း အဘိုးက မယုံရေးချ မယုံထဲကပဲ။

တို့ အိမ်ပြင်မထွက်တဲ့ ပြဿနာထဲမှာ ဇော်ရဲ့မိဘတွေ၊ အစ်ကိုတွေ၊ အစ်မတွေပါလာတော့ မကောင်းတော့ပါဘူးလေဆိုပြီး စိတ်လျှော့လိုက်ရတော့တယ်။ ဇော့်အမေဆို အိမ်တိုင်ရာရောက် တို့အိပ်ခန်းထဲထိ ဝင်ပြီး . . . လာတွေ့ရှာတယ်။

"သမီးက သူငယ်ချင်းအချင်းချင်းဖြစ်လို့ သားဘက်က ရပ်တည်ပြီး ကာကွယ်ပေးနေတာ အန်တီ ရိပ်မိပါတယ်၊ ဒီကိစ္စမှာ သားဘက်က တစ်ခုခုမှားတာပဲ ဖြစ်ရမယ်၊ ဒီတော့ သားအတွက် အန်တီ တာဝန်ယူပါတယ်၊ သမီး ဖြစ်စေချင်တာပဲပြော . . အားလုံး ဖြစ်စေရမယ်၊ သမီးကို အန်တီ့သမီးအရင်းလိုပဲ သဘောထားပါ တယ်၊ ဘာမှ စိတ်မပူနဲ့၊ သားကိုလည်း ဘာမှကြောက်စရာ မလိုပါ ဘူး၊ သားကို အန်တီတို့ပြောရင် တစ်ခွန်းတည်းပဲ . . . ဟော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဇော် . . . မင်း ဒါလုပ် . . . ဒါမလုပ်နဲ့ဆိုရင် သူ မလုပ်ရဲပါဘူး၊ သမီးလည်း သိရက်သားနဲ့ ကဲ . . . ပြော၊ သား ဘာတွေလုပ်သွား လဲ . . . ဖုံးကွယ်မထားနဲ့ သမီး ပြောပြလိုက်တယ်ဆိုတာလည်း အန်တီ မပြောပြဘူး၊ အန်တီ့ဘာသာ ကြည့်ရှင်းပါ့မယ်" လို့ စိုးရိမ် ပြီး မေးပါလေရော။

ကဲ . . . ဘယ်လောက် လွဲချော်နေသလဲ။

ကာယကံရှင်ဖြစ်တဲ့ ဇော်ကသာ တို့အချစ်ကို မသိတာ။ အားလုံးက သိကုန်ကြပြီ။ ဒီလောက် အချိန်ရယ်၊ မိဘနဲ့ ပတ်ဝန်း ကျင်ရယ်၊ ရိုက်ခတ်မှုတွေ၊ သံသယတွေကြောင့် ဇော်ရဲ့ငြိမ်သက် အိပ်စက်နေတဲ့ အသည်းနှလုံးတွေ မလှုပ်ရှားခဲ့ဘူးတဲ့လား။

နည်းနည်းမှ တို့အတွက် မခံစားရဘူးတဲ့လား။

နောက်ဆုံးတော့ မနက်ဖြန်ကျောင်းပြန်တက်ပါမယ်ဆိုပြီး ကတိပေးလိုက်ရတယ်။ အန်တီက ဇော့်ကို အသေအချာ လွှတ်လိုက် မယ်လို့ ပြောသွားတယ်။ အန်တီ မပြောရင်လည်း ဇော်က သေချာ ပေါက် လာကြိုမှာ တို့ သိပါတယ်နော်။

အဲဒီနေ့က ဇော့်မျက်နှာမှာ အချစ်တွေ တွေ့ရမလားလို့ တို့ ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်မိသေးတယ်။ ဇော်က . . . ဒီကိစ္စဖြစ် တာ သူ့အမှားလို့ ထင်ပြီး တောင်းပန်ရှာပါတယ်။

"တို့ ကတိပေးပါတယ် . . . နန္ဒာရယ်၊ နောက် ဘယ်တော့ မှ သူငယ်ချင်းတွေကို တို့ မကူညီတော့ပါဘူး၊ တို့ ပြောလည်း မပြော



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ ဒီလို အောင်သွယ်ပေးတာကို နန္ဒာ စိတ်ဆိုးနေတယ် ဆိုတာ တို့ တကယ်မရိပ်မိပါဘူး၊ ဖြစ်ခဲ့သမျှတွေအတွက် တို့စိတ်ထဲ ကအတိုင်း အမှန်အကန် တောင်းပန်ပါတယ်၊ နင် ကျေနပ်ပါ . . . နန္ဒာရယ်”

တို့ ရုတ်တရက်ကြီး ခေါင်းမညိတ်ရဲဘူး။ တော်ကြာ ဒီကိစ္စ သက်သက်ကြောင့်လို့ ထင်ပြီး တခြားကိစ္စတွေ ဇော် ထည့်မစဉ်းစား ရင် ပြဿနာပဲ။

ဇော့်မျက်နှာမှာ တို့အပေါ် ကြင်နာတဲ့အရိပ်အငွေ့တွေ ယှက်သန်းလို့။ အဲဒါ အချစ်တွေ ထင်တယ်။ ဇော် အချစ်ကို နား လည်သွားပြီ ထင်ပါရဲ့။

အဲဒီနောက်ပိုင်းတော့ ဇော်က တို့အပေါ် ခါတိုင်းထက် ပိုပြီး ဂရုစိုက်လာတယ်။ ပိုပြီး ကြင်ကြင်နာနာ ရှိလာတယ်။ ပြန် လည်ကျေအေးနိုင်ဖို့အတွက် အချိန်တွေ အများကြီးပေးပြီး တို့နဲ့ အတူ လျှောက်လည်ကြတာတွေ၊ စူပါမားကတ်က ကော်ဖီဆိုင်မှာ တမေ့တမောထိုင်ပြီး ဝတ္ထုစာအုပ်တွေအကြောင်း၊ ရုပ်ရှင်တွေ အကြောင်း ပြောပြရတာ အမောပဲ။

တို့လေ . . . ချစ်သူအဖြစ်နဲ့ သွားလာနေရတယ်လို့ စိတ် ထဲက အောက်မေ့မိတယ်။

အိပ်မက်တွေထဲမှာလည်း ဇော်နဲ့အတူ မင်္ဂလာဆောင်ကြ တာတွေ မြင်မက်မိတယ်။ တို့ကို ချစ်တယ်လို့ ခဏ,ခဏ ပြောနေလို့



www.burmeseclassic.com

www.burmeseclassic.com



နားငြီးတယ်ကွာဆိုပြီး စိတ်ဆိုးရသေးတယ်။ အချစ်ဆိုတာ စိတ်နှလုံးကို သီးသန့်ကမ္ဘာတစ်ခုထဲ ပို့ဆောင်ပေးနိုင်တဲ့ ယာဉ်တစ်ခုပါ။ အဲဒီမှာ အရာအားလုံး ပြည့်စုံလို့။ နှစ်ယောက်အတူ နေကြမယ့် နန်းတော်ရယ်၊ ပန်းခြံတွေရယ်၊ သာယာတဲ့ ရေကန်တွေရယ်၊ နေရာတိုင်း ဖူးပွင့်ဝေဆာနေတဲ့ ပန်းရောင်စုံတွေရယ်၊ ကျေးငှက်လေးတွေက တို့တွေရဲ့ အနီးအနားမှာ မကြောက်မလန့် နားနေကြတယ်လေ။

အချိန်တွေ . . . တစ်လ, နှစ်လကြာတော့ စိတ်မရှည်ပြန်တော့ဘူးကွာ။

ဒါနဲ့ တိုက်တိုက်ဆိုင်ဆိုင်ပဲ တို့ဆီကို မမျှော်လင့်ဘဲ ညီမလေးတစ်ယောက် ဘွားခနဲ ရောက်ချလာတယ်။ တို့ တကယ် အံ့အားသင့်တာ။ တို့မှာ ညီမလေး ရှိတယ်ဆိုတာ သိကိုသိခဲ့တာ မဟုတ်ဘူး။ အဘိုးနဲ့အဘွားကလည်း ဘယ်တုန်းကမှ ပြောဖူးတာ မဟုတ်ဘူး။ တို့ ဘယ်လို ခံစားရတယ် မသိဘူး။

တို့လေ ဝမ်းနည်းလွန်းလို့ ငိုချမိခဲ့တယ်။

ညီမလေးက တို့လို အသည်းအသန် မငိုပေမယ့် မျက်ရည်တွေ ဝိုင်းနေတယ်။ နှစ်ယောက်သား ကျစ်ကျစ်ပါအောင် ဖက်ထားမိပါတယ်။

အော် . . . လောကကြီးဟာ မယုံနိုင်စရာကြီးပဲနော်။ တကယ့်အတွေးအခေါ်ပညာရှင်တွေ၊ စာရေးဆရာတွေ၊ ဘာသာရေးတွေက မှတ်ချက်ချသလို တကယ့်အဖြစ်အပျက် ဆန်းကျယ်ပြီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ဒဏ္ဍာရီတွေ၊ ပုံပြင်တွေ စိတ်ကူးစိတ်သန်းတွေက လိုက်မမီဘူး ဆိုသလိုပါပဲတဲ့။ လောကကြီးကို လွှမ်းခြုံထားတဲ့တရားတွေကို အကုန်အစင်သိဖို့ မဆိုထားနှင့်၊ တစ်ပိုင်းတစ်စ သိမြင်ဖို့တောင် မလွယ်ပါဘူး။

ဘဝ . . . ဘဝ . . . အဆက်ဆက် ဘယ်လိုဝဋ်ကြွေးတွေ ပါခဲ့ကြလို့ တို့နဲ့ညီမလေးတို့ ကွဲကွာနေခဲ့ကြသလဲ မသိတတ်ပါဘူး။ အခုလည်း ပေါင်းစည်းဖို့ နေနေသာသာ ဘယ်သူမှ မသိအောင် လျှို့ဝှက်ပြီး တွေ့ဆုံနေရတယ် ဇော်ရယ်။

တို့ဘဝမှာ အယုံကြည်ဆုံး၊ စိတ်အချဆုံးလူဖြစ်တဲ့ ဇော့်ကို တောင် အသိမပေးရဲဘူး။ အဲဒီလောက်ထိ တို့တွေရဲ့ဘဝက ဆိုးဝါးလွန်းလှပါတယ်။

ဇော်က တို့ကို တစ်နေရာရာ, လိုက်ပို့ပေးပြီး အဲဒီနေရာက စောင့်ကျန်ရစ်ရတယ်။ အချိန်ကြာနေတော့ အားနာပြီး ဘယ်အချိန်ကျမှ ပြန်စောင့်ပါလို့ ပြောရတယ်။ ဇော်က ဘာကြောင့် တစ်ယောက်တည်း သွားနေရတာလဲလို့ မကျေမနပ်နဲ့ မေးပေမယ့် တို့ အဖြေမပေးနိုင်ပါဘူး။ ညီမလေးနဲ့ တိတ်တဆိတ် ခိုး, ခိုးပြီး တွေ့နေရတဲ့ကြားထဲက ဇော့်ရဲ့အချစ်ကို တစ်နည်းနည်းနဲ့ဖွင့်အံလာအောင် လုပ်ဖို့ဆိုတဲ့အတွေးက တို့ခေါင်းထဲ ဘယ်လိုကဘယ်လို ရောက်လာတယ် မသိပါဘူး။ ဖြစ်နိုင်တာက ဟိုးအရင်တုန်းကလို ခဲတစ်လုံးနဲ့ ငှက်နှစ်ကောင်ပစ်တဲ့အတိုင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်။ အိမ်က အထွက်မှာ ဇော်နဲ့သွားမယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ထွက်ရတယ်။ ညနေ မိုးချုပ်လို့ အိမ်ပြန်ပို့ရင်လည်း ဇော်ပဲ မဟုတ်လား။ အဘိုး၊ အဘွားကတော့ ဇော်နဲ့ချစ်သူဖြစ်နေပြီလို့ သေချာပေါက် တွက်ဆထားတယ်။ အမယ် . . . အဘွားက . . . "မြေးတို့ လူငယ်သဘာဝ သွားတာလည်း သွားကြပေါ့၊ ဒါပေမဲ့ မိုးမချုပ်ကြနဲ့၊ ကိုယ်က မိန်းကလေး၊ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတတ်အောင် နေတတ်ရတယ်" ဆိုပြီး သွန်သင်ဆုံးမနေသေးတယ်။

ဇော်က ဟိုတစ်ခါ တို့မကြိုက်တာကြောင့် ပြဿနာဖြစ်ပြီးကတည်းက နောက်ထပ်ပြဿနာဖြစ်နိုင်တဲ့အရာ မှန်သမျှ အတတ်နိုင်ဆုံး ရှောင်နေရှာတယ်။ တို့ တစ်ယောက်တည်း ဘာကြောင့်ပျော်, ပျော်သွားတာကို မေးချင်ပေမယ့် မမေးရဲဘူးလေ။ ဇော့်မျက်နှာမှာ သိချင်တာကြီးက အထင်းသားပေါ်နေတာ တို့ မြင်တွေ့နေရတယ်။

ဒီတော့ တို့စိတ်ထဲမှာ ဇော့်ကို ကလိချင်လာတယ်။ ဒီလောက် အံ့ပုန်းနဲ့ မြုံစိစိလုပ်နိုင်လွန်းတဲ့လူ တစ်ခါတည်း ပွင့်ထွက်ပေါက်ကွဲသွားစေရမယ်ပေါ့။

"ဇော် . . . တို့ဘဝအတွက် အရေးကြီးဆုံး ဆုံးဖြတ်ရမယ့်အချိန်ကို ရောက်နေပြီ၊ အဲဒါ နင့်ကို ငါ ဖွင့်ပြီး တိုင်ပင်ချင်တယ်၊ ဇော်က တို့အတွက် ကူညီပြီး စဉ်းစားပေးစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . နန္ဒာ၊ ပြောပါ"

"တို့ ဇော်ကို တစ်နေရာမှာ ချန်ထားရစ်ပြီး ပျောက်, ပျောက်သွားတာ ဘယ်လိုထင်သလဲ"

ဇော်က သံသယမျက်လုံးတွေကို ဖုံးဖိထားရင်း "နင်က ဘာမှလိုက်ပြီး မစုံစမ်းနဲ့ဆိုလို့ ဒီအတိုင်း လွှတ်ထားရတာပဲ၊ နင် ဘယ်သွားတယ်ဆိုတာ တို့ ဘယ်သိပါ့မလဲ" လို့ ပြန်ပြောတယ်။

"တို့ တစ်ယောက်တည်း လျှောက်သွားတယ်လို့ ထင်လား"

ဇော်က လေးပင်စွာ ခေါင်းခါယမ်းလိုက်တယ်။

"ဒါဖြင့် ဘာထင်သလဲ . . . ပြောလေ"

"ငါက ငါ့ကို မသိစေချင်ဘဲ သင်တန်းတစ်ခုခု တက်နေသလားပဲ"

"အိုး . . . သင်တန်းတက်တာကို ခိုးတက်နေရဦးမှာလား"

"မပြောတတ်ဘူးလေ၊ နင်က သီချင်းဆိုတာ ဝါသနာပါတော့ အဲဒီလို သင်တန်းများ တက်နေသလားပဲ၊ ဘာကြောင့်ဆိုတော့ နင်ရဲ့အဘိုး နင်သီချင်းဆိုတာ မကြိုက်ဘူးလေ"

ဇော်ရဲ့ဆင်ခြေကလည်း မဆိုးပါဘူး။ ဇော်ပြောသည့်အတိုင်းပင် ကျောင်းမှာ မောင်မယ်သစ်လွင်ကြိုဆိုပွဲတုန်းက အဘိုးမသိအောင် သီချင်းခိုးဆိုခဲ့ဖူးတာကိုး။ အဲဒီတုန်းကကိစ္စကို ဇော်တစ်ယောက်ပဲ သိတာ။ ဇော်က အိမ်က မသိအောင် အကူအညီပေးခဲ့သေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



“တို့ အဲဒီလောက်ထိ ဝါသနာမကြီးပါဘူးဟာ၊ တို့ လုပ်ချင်လည်း အိမ်က ခွင့်ပြုမှာ မဟုတ်ဘူး၊ ဒီကိစ္စက အရမ်းအရင်းအနှီးများလွန်းပါတယ်”

“ဒါဖြင့် တခြားသင်တန်းတစ်ခုခုပေါ့”

“လုံးဝ မဟုတ်ဘူး၊ ဘာသင်တန်းမှ မတက်ဘူး”

“ဒါဖြင့် ဘာလဲ . . . ပြောစမ်းပါဦး”

ဒီအချိန်မှာ နည်းနည်းတော့ အိုက်တင်ခံရတာပေါ့။ အတွေးရ ကျပ်သယောင်၊ ရှက်ရွံ့သယောင် ဟန်ဆောင်ရတယ်။

“တစ်ယောက်နဲ့ သွား,သွားပြီး တွေ့တာ”

ဒီလောက် အရိပ်ပြရုံနဲ့ အကောင်ထင်လောက်ပါပြီ။ ဇော် အံ့အားတသင့်နှင့် စိုးရိမ်ပူပန်မှုက ဘွားဘွားကြီး ပေါ်လာတယ်။

“နန္ဒာ . . . နင် ဘယ်သူနဲ့ သွားတွေ့နေရတာလဲ၊ နင် စွတ်မလုပ်နဲ့နော်၊ ဒီခေတ် ဒီအခါမှာ နင့်လိုအနေအထားနဲ့ ခပ်ရိုးရိုး မိန်းကလေးတွေကို ပစ်မှတ်ထားပြီး လက်တည့်စမ်းတတ်ကြတဲ့ လူတွေရှိတယ်၊ လောကကြီးကို နင် ဘာမှတ်သလဲ၊ နင့်လို အကြို အပို့နဲ့ သွားနေရတဲ့ မိန်းကလေးက ဒီအကြောင်းတွေကို မသိနိုင်ပါဘူး”

“သူ ဘယ်သူမှန်း မသိဘဲ စွတ်ပြီး မပြောစမ်းပါနဲ့ ဇော်၊ သူက လူကောင်းတစ်ယောက်ပါ”

“ဘာ . . . လူကောင်း ဟုတ်လား၊ နင့်ကို နှစ်ယောက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိအောင် ချိန်းတွေ့နေတာ လူကောင်းလား၊ ကဲ . . . နင်ရဲ့လူကို ကြည့်ရအောင်၊ ငါ့ကို ပေးတွေ့လေ”

“စိတ်ချ၊ တစ်နေ့ကျရင် နင် တွေ့ရမှာပါပဲ ဇော်”

“မလိုချင်ဘူး၊ နင် တစ်စုံတစ်ခု မှားယွင်းပြီးမှ သိရတာမျိုး မလိုချင်ဘူး၊ နင်ပြောတဲ့ နင့်လူက လူကောင်းဆိုရင် အိမ်ခေါ်ပြီး တွေ့ကြပါလား၊ နင် အဘိုးအဘွားတွေကို အသိပေးလိုက်ပါလား၊ ဘာဖြစ်လို့ ခိုးကြောင်ခိုးဝှက် တွေ့နေရတာလဲ”

“တို့ကမှ အဖြေမပေးရသေးတာပဲ၊ ဘယ်လိုပေးတွေ့နိုင်မှာလဲ”

“ဒါဖြင့် နင် ဘာလုပ်ပြီး သွားတွေ့နေရတာလဲ နန္ဒာ”

“တို့က သူ့ကို အကဲခတ်နေတာလေ”

“ဟ . . . အကဲခတ်ချင်တယ်ဆိုရင် ဒီကို ခေါ်လာခဲ့၊ တို့နဲ့ အသိအကျွမ်းဖြစ်ရလည်း အကဲခတ်လို့ ရတာပဲ၊ ခေါ်လာခဲ့၊ ဘယ်သူလဲဆိုတာ တို့ ကြည့်ပေးမယ်၊ ဒီမယ် နန္ဒာ . . . ယောကျ်ားလေး တစ်ယောက်ကို မိန်းကလေးတစ်ယောက်က အကဲခတ်လို့ မရဘူး၊ ယောကျ်ားချင်းပဲ အကဲခတ်လို့ရတယ်၊ သိလား၊ မြွေ့မြွေချင်း ခြေမြင်တယ်၊ နင် အခုလို တစ်ယောက်တည်း သွား‚သွားနေတာ အန္တရာယ်ကြီးလွန်းတယ်”

“ဇော် . . . ဒီလူ့ကို နင် မမြင်ဖူးဘဲနဲ့ အရမ်းမပြောနဲ့”

“တို့ ပြောကို ပြောရမှာပဲ၊ ဘယ့်နှယ့် ယောကျ်ားချင်းတော့



www.burmeseclassic.com

www.burmeseclassic.com



အသိမိတ်ဆွေ မဖွဲ့ချင်တဲ့လူက လူကောင်းဖြစ်နိုင်ပါ့မလား၊ အဲဒါကို က မရိုးသားတာ”

“သူ ငါ့ကို ဘာမှမလုပ်ဘူး”

“အေး . . . အခု မလုပ်ပေမယ့် တစ်နေ့ကျရင် . . . ဖြစ်လာလိမ့်မယ်၊ ငါ မပြောလိုက်ချင်ဘူး”

“ဘယ်လိုဖြစ်နေတာလဲ၊ တို့ သူ့ကို အဖြေတောင် ပေးရသေးတာ မဟုတ်ဘူး၊ အဖြေပေးဖို့ စဉ်းစားတုန်းပဲ ရှိသေးတယ်”

“နင် မစဉ်းစားနဲ့၊ စကတည်းက မရိုးသားတာ၊ ဒီနေ့ ငါ လိုက်ကြည့်မယ်”

“နင် လုံးဝမလိုက်ရဘူး၊ တို့ဟာ ဒီအသက်ဒီအရွယ် ရောက်နေပြီ၊ တို့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ တို့ဘဝကို ဆုံးဖြတ်နိုင်တယ်၊ ဇော်ကြားထဲက ဝင်ပါစရာအကြောင်း မရှိဘူး၊ ဇော်က တို့ရဲ့သူငယ် ချင်းပဲ . . . ဟုတ်တယ်နော်”

ဒီစကားက ဇော့်ကို တော်တော်ပဲ နာကြည်းသွားစေတယ် ထင်ပါတယ်။

“ဟုတ်တယ်၊ ငါက နင့်သူငယ်ချင်းပါ၊ နင့်နှလုံးသားကို ငါပိုင်တာမှ မဟုတ်ဘဲ၊ နင့်နှလုံးသားနဲ့ နင် ချစ်နိုင်ပါတယ်”

“မှန်တယ်၊ ငါ့နှလုံးသားနဲ့ငါ ချစ်ချင်ချစ်လိုက်မှာပဲ၊ နင့်မှာလည်း နင့်နှလုံးသားနဲ့နင် ချစ်ချင်ချစ်, မချစ်ချင်နေ, ရတယ်၊ နင့်သဘောပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



ဇော် ဘာစကားမှပြန်မပြောဘဲ အံကို တင်းတင်းကြိတ်ထားတယ်။ ရင်ထဲမှာ မုန်တိုင်းထန်ပြီး ဗလောင်ဆူနေမလားပဲ။ ဒါပေမဲ့ အံကြိတ်ထားတာကြောင့် ပါးစပ်ထဲက စကားတွေ ထွက်ကျမလာဘူး။ နင် . . . ပြောလိုက်လေ။ ငါက အဲဒီလူထက် ပိုချစ်ပါတယ်လို့။ တို့စိတ်ထဲ အထပ်ထပ် တောင်းဆိုဆန္ဒပြုပေမယ့် ဇော်မပြောခဲ့ဘူး။

"ဇော် . . . တို့ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့မှ လျှောက်မပြောရဘူး၊ အဲဒါ ကတိပေးရမယ်"

"နန္ဒာရယ် . . ." လို့ ခပ်တိုးတိုးညည်းညူတယ်။ "နင် အရမ်းကြီး မစွန့်စားသင့်ဘူး ထင်တယ်၊ နင် တစ်စုံတစ်ခုဖြစ်သွားရင် တို့ ဘယ်လိုဖြေရှင်းရမှာလဲ၊ တို့ သိပ်ပြီး စိုးရိမ်နေမိတယ်" လို့လည်း ပြောတယ်။

ဇော်ရယ် . . . နင့်ရဲ့ရင်ထဲမှာ ငါ့အတွက်နဲ့ ပူပင်သောကရောက်နေတယ်ဆိုတာ တို့ နားလည်ပါတယ်။

ဒါပေမဲ့ တို့က နောက်ဆုတ်ဖို့ မရှိတော့ဘူး။ ဒီတစ်ခါမှ နောက်ဆုတ်ရင် နောက်ထပ်အခွင့်အရေးဆိုတာ ဘယ်အချိန်ခါမှာ ရနိုင်မှာတဲ့လဲ။ မသေချာမှုတွေကို စောင့်မနေချင်ဘူး။

ညီမလေးကလည်း တစ်ညလောက်ဖြစ်ဖြစ် အတူတူအိပ်ချင်တယ်လို့ ပူဆာနေတယ်။ တို့လိုက်မယ်ဆိုရင်တောင် သူက ခေါ်သွားဦးမှာတဲ့။ "ဒီအချိန်မှာ မမ ဆုံးဖြတ်နိုင်မယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ညီမလေး အားလုံးကို ရင်ဆိုင်ပါ့မယ်” တဲ့။ ညီမလေး တကယ့်ကို ကြေကွဲနေရှာတယ်။ အင်း . . . ဝေးခဲ့ရတာကလည်း တစ်သက်စာ ကြာလှပြီ မဟုတ်လား။

ညီမလေးက သန်ဘက်ခါဆိုရင် ပြန်တော့မယ်။

သူ မပြန်ခင် ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ တိုက်တွန်းနေတယ်။ တို့လေ ညီမလေးနဲ့အတူ လိုက်သွားချင်တယ်။ ဇော်နဲ့ဝေးတဲ့ နေရာဆီကိုပါ။ ဇော်ရဲ့အချစ်ကို မရမှတော့ ဇော်နဲ့မတွေ့ချင်တော့ဘူး။ မမြင်ချင်ဘူး။

တို့ အဲဒီလို ရှုးမိုက်စွာ စဉ်းစားမိတယ် . . . ဇော်။

ဒါနဲ့ နောက်ဆုံးအနေနဲ့ တို့ ကြိုးစားကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

“ဇော် . . . တို့ မိုက်မိုက်မဲမဲ ဆုံးဖြတ်ပြီးပြီ၊ သူ့အချစ်ကို လက်ခံပြီး သူခေါ်တဲ့နောက်ကို တို့ လိုက်သွားတော့မယ်၊ ဇော်က တို့ကို တစ်ခုပဲ ကူညီပါ၊ မနက်ဖြန်ညနေ တို့ အိမ်က ထွက်ကြမယ်၊ တို့ကို တစ်နေရာကို လိုက်ပို့ပေးပါ၊ ပြီးရင် ဇော် အိမ်ကို မပြန်ပါနဲ့၊ မနက်ဖြန်မနက် ဆယ်နာရီထိ ရှောင်နေပါ၊ အဲဒီကြားထဲမှာ ဘယ်သူနဲ့မှ အတွေ့မခံပါနဲ့၊ ဘယ်သူ့ဆီကိုမှလည်း ဖုန်းဆက်ပြီး အကြောင်းကြားတာတို့ မလုပ်ပါနဲ့၊ အဲဒါတော့ တို့ဘဝအတွက် သေရေးရှင်ရေးတမျှ အရေးကြီးတယ်နော် . . . မနက်ဆယ်နာရီ ကျော်သွားပြီဆိုရင် တို့ ဒီဘဝက လွတ်မြောက်သွားပါပြီ၊ သူနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



ဘဝအသစ်တစ်ခု တည်ဆောက်နိုင်ပြီ၊ တို့ အခု ပြောနေတာ ဇော် နားလည်သဘောပေါက်တယ် မဟုတ်လား”

“တို့ သဘောမပေါက်ဘူး . . . နန္ဒာ” . . . ဇော် ကျုံးပြီး အော်လိုက်တယ်။ သူ့ရင်တွေ ကွဲထွက်မတတ် အော်လိုက်တာ။

“နန္ဒာ . . . ဘယ်နည်းနဲ့မှ နင် ဒီလိုမလုပ်ရဘူး၊ ငါ မကြိုက်ဘူး၊ ဒီလို သွားခွင့်မျိုးကို ငါ လုံးဝခွင့်မပြုနိုင်ဘူး”

“ဇော် . . . နင် ကြိုက်တာ မကြိုက်တာ တို့ ဂရုမစိုက်ရမှာလား”

“ဘာပဲဖြစ်ဖြစ် နင့်ကို သွားခွင့်မပေးနိုင်ဘူး”

“နေစမ်းပါဦး၊ ဇော်က တို့ကို သွားခွင့်မပေးရအောင် ဇော်နဲ့တို့က ဘာတော်စပ်လို့လဲ၊ မောင်နှမလည်း မဟုတ်ဘူး၊ ချစ်သူလည်း မဟုတ်ဘူး၊ တို့ဟာ ခုချိန်ထိ သူငယ်ချင်းတွေအဆင့်မှာပဲ ရှိသေးတာ ဇော် မေ့နေပြီလား”

“နင်က ဒီလို ပြောရက်သလား . . . နန္ဒာ၊ နင်နဲ့ငါက မောင်နှမတွေ၊ ချစ်သူတွေဖြစ်မှ တားဆီးရမှာလား”

“ဟုတ်တယ်၊ ဒီအချိန်ဟာ တို့ဘဝအတွက် သေရေးရှင်ရေးလို အရေးကြီးတယ်လို့ ပြောပြီးသား၊ သေရင်သေ, ရှင်ရင်ရှင် ဒီနှစ်လမ်းပဲ ရှိတယ်၊ ကြားလမ်း မရှိဘူး၊ တစ်ဖက်ဖက်ကို အပြတ်အသား ရွေးချယ်ရမယ်”

“ကောင်းပြီ၊ နင် ဘယ်လမ်းကို ရွေးချယ်မှာလဲ၊ ငါနဲ့အတူ



www.burmeseclassic.com

www.burmeseclassic.com



နေမှာလား၊ ဘာမှမသိတဲ့ ဟိုလူနောက်ကို လိုက်သွားမှာလား"

တို့ လိုချင်တဲ့ အမြင့်ဆုံး ရေဆူမှတ်တော့ ရောက်ပြီ ထင်ပါရဲ့။

သူနဲ့အတူ နေမှာလားတဲ့။

သူနဲ့အတူ နေမယ်ဆိုတဲ့သဘောက ချစ်တယ်ဆိုတဲ့ သဘောလား။

"တို့ ဒီအချိန်မှာ အရမ်းခေါင်းရှုပ်နေတယ်၊ တို့ကို ရှင်းရှင်းပြော . . . ဇော်၊ နင်နဲ့အတူ နေမှာလားဆိုတဲ့သဘောက ဘာလဲ"

"ငါတို့ သူငယ်ချင်းအဖြစ်က လက်တွဲမဖြုတ်တဲ့သဘောပေါ့ . . . နန္ဒာရယ်"

ဒီနေရာမှာ လဲသေသွားဖို့ ကောင်းတယ်။

မျှော်လင့်ခဲ့သမျှ အရာအားလုံး သဲထဲရေသွန်သလို ဖြစ်သွားပြီပဲ။ ဒီတော့ ညီမလေး ခေါ်ရာနောက်ကို လိုက်သွားဖို့ပဲ ရှိတော့တယ်။ ဇော်နဲ့ ဝေးသွားမယ့်လမ်းပဲပေါ့။ အဲဒီညက အိပ်မက်ဆိုးတွေ မက်သေးတယ် ဇော်ရယ်။

ဇော် သေဆုံးသွားပြီဆိုပြီး ဖုန်းလာတာကို မယုံကြည်ဘဲ အပြေးလိုက်တော့ ဇော်ရဲ့အလောင်းကိုတောင် မမီလိုက်ဘူးတဲ့။ မီးသင်္ဂြိုဟ်စက်ထဲ ထည့်ပြီးပြီတဲ့၊ နောက်ဆုံး ကြည့်ခွင့်လေးတောင် မရလိုက်ဘူး၊ ဒါနဲ့ မမြင်ရရင် ဇော် သေတယ်ဆိုတာ မယုံဘူးလို့ အတင်းအော်ဟစ်ရင်း လန့်နိုးခဲ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချောက်ချားပြီး မက်တာ ထင်ပါရဲ့နော်။

တို့စိတ်တွေ လေးလံလိုက်တာ ဇော်ရယ်။ အိပ်ကို မပျော်တော့ဘူး။ တစ်ညလုံး ငုတ်တုတ်ထိုင်ပြီး မိုးလင်းရောပဲ။

ဒီနေ့ အဘိုးအဘွားနဲ့ အတူနေတာ နောက်ဆုံးနေ့ပါပဲ။ မနက်ဖြန်ဆိုရင် အဘိုးအဘွားတင်မကဘူး ဒီရန်ကုန်မြို့ကြီးကိုပါ ချန်ထားရစ်ခဲ့ပြီး သွားရတော့မယ်လေ။

နောက်နေ့ ညနေလေးနာရီ ချိန်းထားတဲ့အချိန်အတိုင်း ဇော် ရောက်လာခဲ့ပါတယ်။ မျက်နှာက သုန်မှုန်နေတယ်။ လုံးဝ မကျေနပ်တဲ့ပုံပဲ။ ဒါပေမဲ့ ဇော် ချိန်းထားတဲ့အတိုင်း ရောက်မလာဘဲ မနေနိုင်ခဲ့ဘူးဆိုတာ သိရတော့ တို့လေ တိတ်တိတ်လေးကြေကွဲရပါတယ်။ အော် . . . တို့အပေါ် တကယ်သံယောဇဉ်ရှိတယ်ဆိုပြီး တော့လေ။

ပြီးတော့ ဇော်နဲ့တို့နဲ့ နှစ်ယောက်သား ကတိထားကြတဲ့ လျှို့ဝှက်ချက်ကိုလည်း စောင့်ထိန်းထားနိုင်ခဲ့တယ်။

အဘိုးအဘွားလည်း မသိဘူး။

အဘိုးအဘွားက ထုံးစံအတိုင်း ဇော်လာခေါ်တယ်ဆိုရင် မမေးမမြန်းဘဲ လိုက်ခွင့်ပေးနေကျပဲလေ။ အကယ်၍များ တို့ ထွက်ပြေးတော့မယ့်အကြောင်း ဇော်သာ ဖွင့်ပြောခဲ့ရင်လည်း တို့ စိတ်ဆိုးမှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဇော်က အရမ်းစိုးရိမ်ပူပန်လို့ ကတိတွေ ဘာတွေမစောင့်ထိန်းနိုင်လောက်အောင် ခံစားချက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်လို့ တားမြစ်တာပဲ ဖြစ်မယ် မဟုတ်လား။

ခုတော့ ဇော်က ကြိတ်မှိတ်ခံစားနေတဲ့ပုံနဲ့။

စကားလည်း ဟ, ဟ မပြောဘူး။

တကယ်တော့ တို့လည်း စကားမပြောနိုင်တာပါ။ ဖြစ်ချင်တာ မဖြစ်ရတဲ့သူအတွက် ပျော်ရွှင်မှုဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ။

ညီမလေးက ရွေးချယ်ပေးထားတဲ့နေရာကို ရောက်ရင်ပဲ ဇော်က "ငါဟာ နင့်ရဲ့အမိုက်မဲဆုံး သူငယ်ချင်း ဖြစ်သွားပြီ နန္ဒာရယ်၊ ငါ လူကြီးတွေ ပြောသင့်ရက်နဲ့ ပြောမထွက်ဘူး၊ နင် တကယ်ချစ်တဲ့သူနဲ့ ပျော်ပါစေ၊ ငါ မဖျက်ဆီးချင်ပါဘူး၊ နင်တို့ဘဝလမ်း ဖြောင့်ဖြူးပါစေလို့ ပြောတယ်၊ တို့ ခေါင်းပဲ ညိတ်လိုက်မိတယ်။

"နန္ဒာ . . . အရေးအကြောင်းရှိရင် ဆက်သွယ်ဖို့ ဖုန်းနံပါတ်၊ ဒီနံပါတ်က လုံခြုံစိတ်ချရပါတယ်၊ ငါကလွဲပြီး ဘယ်သူမှ မသိနိုင်ပါဘူး"

ဇော်က သူ့နာမည် အတိုကောက် . . . ဇော်ဆိုတဲ့ အသုံးအနှုန်းနဲ့ ဖုန်းနံပါတ်တစ်ခုကို အသင့်ရေးထားပြီးသား ထုတ်ပေးတယ်။

တို့အတွက် စိုးရိမ်ပူပန်ပြီး အစစအရာရာ စီစဉ်ထားပုံရတယ်။ တကယ်လို့ တို့ အခက်အခဲ တစ်စုံတစ်ခု တွေ့ရင် ဘယ်သူမှ မသိစေဘဲ သူက ကူညီပေးမယ့်သဘောပေါ့။ ဒီလောက်ထိ တို့အတွက် စိတ်ပူသလား . . . ဇော်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



တို့လေ လှမ်းလက်စခြေတွေ တုံ့သွားသလို ဖြစ်သွားတယ်။

"ကဲ . . . ငါ ပေးထားတဲ့ ကတိအတိုင်း တည်ပါ့မယ်၊ နန္ဒာ ဘာမှ စိတ်မပူပါနဲ့" ဆိုပြီး နှုတ်ဆက်ကာ ကားမောင်းထွက်သွားတယ်လေ။ အဲဒီအချိန်မှာ တို့ရင်ထဲမှာ ဘာဆိုဘာမှ မကျန်ရစ်တော့သလိုပဲ။ တို့အသည်းနှလုံးတွေ အကုန်လုံး ဇော်နဲ့အတူ ပါသွားကြသလိုပါပဲ။

တို့ ဘယ်လိုမှ ဟန်မဆောင်နိုင်တာပါ ဇော်ရယ်။ ညီမလေးကတောင် ဟိုတွေးဒီတွေးနဲ့ စိုးရိမ်ပူပန်သွားတယ်။ ပထမတွေ့စ နေ့တွေက မမ ကြည့်ရတာ တစ်စုံတစ်ခု စိတ်ထိခိုက်ခံစားနေရသလို မျက်နှာလေး ညှိုးသွားတာ သတိထားမိတယ်။ ဒီနေ့ တော့ မမ ငိုထားတဲ့မျက်နှာကို တွေ့ရတယ်ဆိုပြီး ညီမလေး ဝမ်းနည်းပါလေရော။

ညီမလေး ထင်တာက သူနဲ့အတူ လိုက်ရမှာကြောင့် အဘိုးအဘွားတွေကို ခွဲထားခဲ့ရမှာကြောင့် ဝမ်းနည်းပြီး ငိုတယ် ထင်နေတယ်။ ညီမလေးက သူနဲ့တွေ့ပြီး အရမ်းပျော်ပျော်ရွှင်ရွှင်နဲ့ လိုက်လာမယ် ထင်ထားတာ။ ညီမနှစ်ယောက် ဒီတစ်သက် မခွဲစတမ်းနေဖြစ်ကြမယ်ပေါ့။ ညီမလေးက စိတ်အားတက်ကြွပြီး ပျော်ရွှင်နေသလောက် တို့က မပျော်နိုင်တဲ့အပြင် ဝမ်းနည်းကြေကွဲနေတာဆိုတော့ ညီမလေး စိတ်မကောင်းဖြစ်သွားတယ်။

သူ့ကို မချစ်လို့လား၊ သူနဲ့အတူ လိုက်နေရတဲ့အထိ မစွန့်



www.burmeseclassic.com

www.burmeseclassic.com



လွတ်ရဲဘူးလားလို့ ဝမ်းနည်းပက်လက်နဲ့ မေးရှာတယ်။ တို့ ချက်ချင်း မပြောနိုင်သေးဘဲ ညီမလေးကို ဖက်ပြီး အားရပါးရ ငိုချလိုက်မိတယ်။ တို့ ဘယ်လိုမှ တင်းမထားနိုင်ပါဘူး။

ပြီးတော့မှ တို့ ငိုမိတာက ညီမလေးကြောင့် မဟုတ်တဲ့ အကြောင်း ပြောပြရတယ်။ နို့မဟုတ်ရင် ညီမလေးက သူ့ကို မချစ်ဘူးလို့ အထင်မှားသွားမှာ စိုးရိမ်ရတယ်လေ။ တစ်သက်လုံး အနေဝေးလာခဲ့ပြီးမှ ပြန်တွေ့ရလို့ စိမ်းနေသလား ထင်နေမယ်။ တို့ တကယ် မစိမ်းပါဘူး။ သွေးက စကားပြောတယ်ပဲ ဆိုရမလား။ ညီမလေးကို တွေ့တွေ့ချင်းပဲ အရမ်းချစ်တာ။ မမျှော်လင့်ဘဲ အိပ်မက်ထဲမှာ ညီမလေးတစ်ယောက် ကောက်ရသလိုပါပဲ။ အံ့အား တသင့်နှင့် မယုံကြည်နိုင်လောက်အောင် အံ့အားသင့်ပြီး အချစ်တွေ တာတမံ ကျိုးကျသလို သွန်ကျလာတာမျိုး ချစ်မိတာပါ။

တို့ ဝမ်းနည်းပြီး ငိုရတဲ့အကြောင်းက ဖေ့ကြောင့်ဆိုတာ ညီမလေး သိသွားတယ်။ အဘိုးအဘွားကို ချစ်ပါတယ်။ ဒါပေမဲ့ ဘယ်အချိန် ဘယ်ကာလမှာမဆို မပြောင်းလဲနိုင်ဘဲ တော်စပ်နေမယ်လေ။ ဘယ်တော့မှ မဝေးနိုင်ပါဘူး။ အချိန်မရွေး အဘိုး အဘွားရဲ့ရင်ခွင်ထဲ ပြေးဝင်လို့ ရပါတယ်။

အဲဒီညက အမှန်တကယ်ဆို ညီမလေးနဲ့အတူ နေရတော့မှာမို့ နှစ်ယောက်သား အရမ်းပျော်နေဖို့ ကောင်းပါတယ်။ ပြီးတော့ တစ်ခါမှ မမြင်တွေ့ဖူးသေးတဲ့ ကိုယ့်အဖေကို တွေ့ရတော့မှာမို့



www.burmeseclassic.com

www.burmeseclassic.com



စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ ဘယ်လိုလဲ . . . ဘာတွေ ပြောဖြစ်ကြမှာလဲ။ အဖေက အံ့အားတသင့်နဲ့ လက်ခံမှာလား။

ဒါပေမဲ့ အဲဒီညက တို့ မပျော်နိုင်ပါဘူး။

ည,နေဝင်ပြီး အမှောင်ရိပ်တွေ တဖြည်းဖြည်းကြီးစိုးလာသလိုပဲ တို့နှလုံးသားထဲမှာ မည်းမှောင်လာခဲ့တယ်။ မျှော်လင့်ချက်အလင်းရောင်တွေ ကွယ်ပျောက်သွားသလိုပဲ။ ညီမလေးက ဂရုတစိုက်နဲ့ အိပ်ဖို့ ပြင်ဆင်ပေးတယ်။ တို့ အိပ်ရာထဲမှာ ဝင်လှဲနေရတာ . . . အိပ်မပျော်ပါဘူး။ မျက်ရည်တွေက စို့, စို့လာတယ်။

ညီမလေးက တို့ကို ကြင်နာယုယစွာ ထွေးဖက်ထားရင်း နှစ်သိမ့်အားပေးရှာပါတယ်။ သူတို့ရဲ့ တောင်ပေါ်မြို့ကလေးက ဘယ်လောက်လှပတယ်ဆိုတဲ့အကြောင်း၊ အနီးဝန်းကျင်က နာမည်ကြီးဒေသတွေကို လိုက်ပို့ပေးမယ့်အကြောင်း၊ သူ့မှာ အပေါင်းအသင်းမိတ်ဆွေတွေ ရှိတဲ့အကြောင်း၊ အဲဒီကိုရောက်ရင် မမ ပျော်သွားမှာပါလို့ တတွတ်တွတ် ပြောပေမယ့် တို့နားထဲ မဝင်ပါဘူး။

ဇော် ပေးခဲ့တဲ့ ဖုန်းနံပါတ်ကိုပဲ စိတ်က ရောက်နေတယ်။

ဇော်က တို့ အပြီးအပိုင် ခွဲခွာသွားမှာ မလိုချင်ဘူး ထင်တယ်။ တို့ ဒုက္ခရောက်လိမ့်မယ်လို့ ထင်နေပုံရတယ်။ ဒီအချိန် ဇော်လည်း ကတိပေးထားတဲ့အတိုင်း တစ်နေရာရာမှာ ပုန်းအောင်းနေလိမ့်မယ်။ မနက် ဆယ်နာရီအထိ ဘာမှ လှုပ်ရှားမှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ငယ်ငယ်လေးကတည်းက ပိုးမွှား၊ အနာရောဂါလေးတောင် မကျရောက်အောင် တယုတယပိုက်ထွေးပြီး မွေးလာတဲ့ အဘိုးအဘွားကို အရမ်းသတိရတယ်။ တို့ ပျောက်သွားပြီလို့ သိတဲ့အချိန်မှာ အရမ်းပူပန်ဆင်းရဲကြမှာပဲ။ အသက်အရွယ်က အိုမင်းတဲ့အရွယ်တွေလို့ ပြောလို့ရတယ်။ အဘိုးအဘွားမှာ သားထောက်သမီးခံဆိုတာ မရှိဘူး။ တို့ တစ်ယောက်တည်းကိုပဲ အားကိုး၊ အမှီပြုနေရတာ။

တို့ မရှိတော့ရင် အဘိုးအဘွားနှစ်ယောက်တည်း ဘယ်သူလာပြီး ဂရုစိုက်ကြမှာလဲ။ ဘယ်သူက ပြုစု စောင့်ရှောက်ပေးနိုင်မှာလဲ။

ညီမလေးတို့ဘက်က အသက်အရွယ်အရရော စီးပွားဥစ္စာအရရော ပြည့်စုံကြပေမယ့် အဘိုးနဲ့အဘွားမှာ အရွယ်က သိပ်မရှိတော့ဘူး။ ဘဝရဲ့နောက်ဆုံးနေဝင်ချိန်မှာ မှီထောက်စရာ မရှိဘဲ ပင်ပန်းဆင်းရဲရှာရော့မယ်။ မျှော်လင့်ချက်အပြည့်နဲ့ ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးတရားတွေကို ဒီအတိုင်း ဥပက္ခာပြုပြီး ထွက်သွားသင့်သလား။

အဘိုးနဲ့အဘွား ဘယ်လိုမှ အိပ်နိုင်ကြမှာ မဟုတ်ဘူး။

ဇော်တို့အိမ်ကို ဖုန်းဆက်ကြမယ်။ ဇော်တို့ သွားတတ်တဲ့ နေရာတွေကို မြေလှန်ရှာနေရော့မယ်။ အဘိုးရဲ့မျက်နှာကြောင့် ဇော့်မိဘတွေလည်း အငြိမ်နေနိုင်မှာ မဟုတ်ဘူး။ သူတို့သား ဇော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ပျောက်နေတာကိုး။ ဒီတော့ ဇော်မိသားစုတွေ တစ်ညလုံး အပြေးအလွှားနဲ့ ရှာဖွေပေးနေကြမှာ သေချာပါတယ်။ အားလုံး စိတ်ပူနေကြမှာ။ သေများ သေသွားပြီလား၊ မတော်တဆ ကားတိုက်မှုဖြစ်ပြီး သေသွားကြတာလား . . . အရေးပေါ်ဌာနတွေ၊ ရေခဲတိုက်တွေအထိ သွားရောက်စုံစမ်းကြမယ် ထင်တယ်။ အဖြစ်က ကောက်ရိုးပုံကို မီးတင်ရှို့လိုက်သလိုပါပဲ။ ဟုန်းခနဲ . . . ဟုန်းခနဲ မီးလောင်နေပြီ။

"မမ . . . မအိပ်သေးဘူးလား" လို့ ညီမလေးက မျက်နှာပေါ် စီးမိုးပြီး မေးတယ်။ "အင်း . . . အိပ်မှာပါ၊ မျက်လုံးကြောင်နေလို့" ဆိုပြီး အကြောင်းပြလိုက်ပေမယ့် သိပ်အဓိပ္ပာယ်မရှိလှပါဘူး။ တို့ ငြိမ်သက်ပြီး အိပ်ချင်ယောင်ဆောင်ထားပေမယ့် တို့ကို ပွေ့ဖက်ထားတဲ့ ညီမလေးက နဂိုအသိစိတ်ကြောင့် တို့ မအိပ်သေးဘဲ စဉ်းစားနေတဲ့အကြောင်း၊ ကြေကွဲဆို့နင့်နေတဲ့အကြောင်း သိရှိပါလိမ့်မယ်။

"မမရယ် . . . ညီမလေးတို့ အတူနေဖြစ်ဖို့ ဒီတစ်နည်းတည်း ရှိတာပါ၊ မမက စိတ်ဆင်းရဲနေတယ်ဆိုတော့ ညီမလေးလည်း မပျော်နိုင်တော့ဘူး၊ အစက မမနဲ့အတူ ဘယ်လိုနေမယ်၊ ဘယ်သွားမယ်လို့ စဉ်းစားပြီး ပျော်နေတာတွေအားလုံး ပျောက်ဆုံးကုန်ပြီ၊ နောက်တစ်ခါ ဒီလိုအခွင့်အရေးရဖို့ဆိုတာ မလွယ်ပါဘူး၊ မမ စိတ်ပြောင်းသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မမ စိတ်မပြောင်းပါဘူး၊ အရာအားလုံး မေ့ပစ်ဖို့ ကြိုးစားပါ့မယ်၊ ကဲ . . . ညီမလေး အိပ်တော့၊ မမလည်း အိပ်တော့မယ်"

တို့ ဘယ်လိုလိမ်ညာပြီး ပြောပေမယ့် ညီမလေးရဲ့ သံသယတွေကို မပယ်ဖျက်နိုင်ခဲ့ပါဘူး။

"မမ . . . ဇော်ဆိုတဲ့လူကို မမေ့နိုင်ဘူး မဟုတ်လား"

တို့ မဖြေနိုင်ပါဘူး။

ဒီလိုနဲ့ပဲ နံနက်ခင်းနေရောင်ခြည်တွေက အိပ်ခန်းထဲ တိုးဝင်လာတော့တယ်။

ညီမလေးကို အကြိုထောက်တဲ့ကားက ခပ်စောစောကတည်းက ရောက်နှင့်နေပြီ။

ညီမလေးနဲ့အတူနေတဲ့ မိန်းကလေး သူငယ်ချင်းကလည်း အထုပ်အပိုးတွေ ကားပေါ်တင်နေကြပြီ။ အဲဒီအချိန်ထိ တို့ ငေးကြောင်ကြောင်နဲ့ ရပ်ကြည့်နေမိတယ်။ တို့မှာ ဘာမှ သိမ်းဆည်းစရာမရှိဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ။

"မမ . . . သွားကြရအောင်" လို့ ညီမလေးက ရိုးရိုးလေးလာပြောပေမယ့် တို့ရင်ထဲမှာ မီးတောင်ပေါက်ကွဲသွားသလို ဖြစ်သွားတယ်။ တကယ်ပဲ သွားရတော့မှာလား။

အိပ်ရေးပျက်ပြီး ချုံးချုံးကျနေတဲ့ အဘိုး၊ အဘွားရဲ့မျက်နှာတွေ ပြေးမြင်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ကို ဆို့နင့်သွားတယ်။ အသက်ရှူမရဘူး။

ပြီးတော့ ဖြစ်ပျက်သမျှတွေအတွက် တစ်ယောက်တည်း ခေါင်းခံရမည့်ဇော့်ကိုလည်း ပြေးမြင်မိပြန်တယ်။ အားလုံးက ဝိုင်းဝန်းပြီး အပြစ်တင်ကြမှာပဲ။ ဇော့်အပေါ်မှာ အဘိုး၊ အဘွားရဲ့ ယုံကြည်မှုတွေ အကြွင်းမဲ့ ပျက်စီးသွားတော့မှာပဲ။ ဇော် . . ဘယ်လို ဖြေရှင်းမှာလဲ။ ပြီးတော့ ဇော်သိတာက ချစ်သူရဲ့နောက်ကို လိုက် ပြေးသွားတာလို့ပဲ သိတယ်။ တို့ရဲ့ချစ်သူက ဘယ်သူဘယ်ဝါဆိုတာ သိတောင် သိတာမဟုတ်။ မြင်လည်း မမြင်ဖူးဘူး။

"ကျွန်တော် မသိပါဘူး" ဆိုရင် ဇော့်စကားကို ယုံကြည် ပါ့မလား။

မပြောကောင်းမဆိုကောင်း တို့ပျောက်ဆုံးမှုနဲ့ ဇော့်ကို အရေးယူနိုင်တယ်။ ဖမ်းချုပ်စစ်ဆေးနိုင်တယ်။ ရဲစခန်းမှာ တိုင် ချက်ဖွင့်လိုက်ရုံပဲ။ လောလောဆယ် ဇော် အချုပ်ထဲရောက်သွားမှာ သေချာပါတယ်။

အဘိုးက ဒီလိုမလုပ်ဘူး မပြောနိုင်ဘူး။ အဘိုးရဲ့စိတ်က သံမဏိလို မာကျောတယ်ဆိုတာ တို့ အသိဆုံးပါပဲ။ အဘိုးက လူ တစ်ယောက်ကို ယုံကြည်ပြီဆိုရင် တစ်သက်လုံး အခိုင်အမာ လက်တွဲတတ်သလောက် သူ မယုံကြည်တော့ဘူး၊ မကြိုက်ဘူးဆိုရင် လုံးဝ လှည့်မကြည့်တတ်ပါဘူး။ ဘယ်တော့မှ ပြန်လည်ပြီး ယုံကြည် လာလိမ့်မယ်လို့ မထင်နဲ့တော့။ အဘိုးက ကိုယ်မှန်တယ်ထင်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မျက်နှာမှ ထောက်မှာမဟုတ်ဘူး။

အဘိုးရဲ့ လက်ရင်းတပည့်ဖြစ်တဲ့ ဇော်ရဲ့အဖေရဲ့မျက်နှာကို ထောက်နေမှာ မဟုတ်ဘူး။ တစ်ခါတည်း အမှုဖွင့်ပြီး အရေးယူပစ်လိမ့်မယ်။

အထူးသဖြင့် မြေးဖြစ်တဲ့ တို့နဲ့ ပတ်သက်ရင် လုံးဝညှာတာမှာ မဟုတ်ဘူး။

"အခုမှ မမ စဉ်းစားမိတယ်၊ မမ လိုက်လို့ မဖြစ်တော့ဘူး . . . ညီမလေးရယ်"

"ဟာ . . . မမကတော့ လုပ်ပြီ၊ ဆင်ပြောင်ကြီး အမြီးကျမှ တစ်သလို ဖြစ်နေပြီ၊ ကဲ . . . ဘာကြောင့် မလိုက်ဖြစ်ရပြန်တာလဲ၊ ဟိုလူ့ကြောင့်ပဲ မဟုတ်လား"

ညီမလေးက ဇော့်ကိုပဲ တန်းစွပ်စွဲတယ်။

"ဟုတ်တော့ ဟုတ်ပါတယ်၊ အဓိက,က အဘိုးကို တားဆီးဖို့ လိုတယ်၊ အဘိုး စိတ်ထင်ရာလျှောက်ရင် ပြဿနာက အရမ်းကြီးသွားလိမ့်မယ်၊ တစ်စုံတစ်ခု ဖြစ်သွားရင် မမရဲ့အပြစ်မကင်းဘူး၊ နောက်မှ မမ စာရေးပြီး ရှင်းပြတော့မယ်၊ အခု ပြောနေရင် ကြာမှာစိုးလို့၊ ပြီးတော့ အဘိုးကို တားဖို့ အချိန်မမီမှာလည်း စိုးရိမ်ရတယ်၊ ဘုရား . . . ဘုရား လက်မလွန်ပါစေနဲ့" လို့ ပြောပြီး ညီမလေးတို့ကို အတင်းလွှတ်လိုက်ရတယ်။

ညီမလေးက မျက်ရည်တွေ ဝဲလို့ . . . နှုတ်ဆက်တဲ့အနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တို့ကို တင်းတင်းပွေ့ဖက်ခဲ့တယ်။ "မမဆီကို ညီမလေး ပြန်လာခဲ့ဦးမယ်" လို့ ဆို့နင့်တဲ့အသံနဲ့ ပြောသွားတယ်။ တို့လေ . . ညီမလေးကိုလည်း အရမ်းသနားသွားမိတယ်။

သူက မျှော်လင့်ချက်အိပ်မက်တွေနဲ့ အရမ်းပျော်နေခဲ့တာ မဟုတ်လား။

ခုတော့ ငိုမျက်ရည်တွေနဲ့ လမ်းခွဲဖို့ ဖြစ်လာတယ်။ ကံတရားဆိုတာက ကြံစည်တိုင်းလည်းမဖြစ်ဆိုတာ သိပ်မှန်လွန်းတယ် ဇော်ရယ်။ နောက်ဆုံးကျတော့ ကံဇာတ်ဆရာရဲ့ လှည့်ကွက်ကို မလွန်ဆန်နိုင်ခဲ့ပါဘူး။

အဲဒီနောက်တော့ ပြဿနာတွေ မဖြစ်မီ တားဆီးနိုင်အောင် ကြိုးစားရတော့တယ်။ မနက် (၁၀) နာရီထိ ဇော့်ကို အိမ်မပြန်ဖို့ ကတိတောင်းခဲ့တယ် မဟုတ်လား။ (၁၀) နာရီကျော်လို့ အိမ်ပြန်သွားရင်တော့ ပြဿနာတက်ပြီလေ။

တကယ်လည်း အဲဒီညကတည်းက အဘိုးက ရဲစခန်းမှာ တိုင်ချက်ဖွင့်လိုက်ပါပြီ။ ရဲတွေကလည်း ဇော်နဲ့တို့တွေကို လိုက်ရှာနေကြပြီ။ အဘိုးရဲ့အကြောင်းပြချက်က ရှင်းပါတယ်။ နှစ်ယောက်သား ခိုးပြေးကြတယ်ဆိုရင်လည်း စာလေး၊ ဖုန်းလေးဆက်ပြီး အသိပေးထားခဲ့ရမယ်။ အခုဟာက ဇော်ရဲ့ဘက်က မိသားစုတွေ၊ သူငယ်ချင်းတွေ တစ်ယောက်မှ ဒီအကြောင်းကို မသိကြတာ။ ဘာအထောက်အထားမှ မရှိဘူး။ အဲဒါကြောင့် ဆောင်ရွက်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး အန္တရာယ်တစ်စုံတစ်ခု ဖြစ်ချင်ဖြစ်နိုင်တယ် မဟုတ်လား။

ဇော်ကို ရှာမတွေ့တာက ဇော်က သူငယ်ချင်းတွေဆီမှာ သွားနေတာ မဟုတ်လို့ပဲ။ ဇော် ကားပြင်နေကျ ဝပ်ရှော့မှာ တစ်ည လုံး သွားနေတယ်တဲ့။ သူ့ကားကို လိုအပ်တာတွေ ပြင်ဆင်ခိုင်းပြီး သူက ကားတစ်စီးပေါ်မှာ ဝင်အိပ်နေတယ်လေ။

တို့ ဖုန်းခေါ်လိုက်တယ်ဆိုရင်ပဲ . . .

"ပြော . . . နန္ဒာ၊ တို့ နောက်ထပ် ဘာအကူအညီပေးရဦး မှာလဲ"

"တို့ လိုက်မသွားဖြစ်ဘူး၊ အဲဒါ ပြောချင်လို့"

ဇော်က မယုံကြည်နိုင်အောင် ဖြစ်သွားတယ် ထင်တယ်။ "ဟင် . . . ဘာဖြစ်လို့လဲ နန္ဒာ၊ သူက နန္ဒာကို ဘာလုပ်သွားသေး လဲ၊ တို့ကို ပြောစမ်းပါဦး" ဆိုပြီး အသည်းအသန် မေးတယ်။ ဇော်ရဲ့ အသံကို ကြားရကတည်းက ဖုန်းထဲမှာ ဇော်နဲ့ တိုက်ရိုက်တွေ့လိုက် ကတည်းက လေးလံရှုပ်ထွေးနေတဲ့ တို့စိတ်တွေ ပေါ့ပါးသွားသလိုပဲ ခံစားရတယ်။

"တို့ ဘာမှမဖြစ်ပါဘူး၊ တို့ သူနဲ့အပြီးအပိုင် လမ်းခွဲလိုက် ပြီ၊ အဲဒီကိစ္စ လုံးဝ မရှိတော့ဘူး၊ အခု . . . တို့ဖြစ်ချင်တာက အိမ်ပြန်ချင်တယ်၊ ဇော် တို့ကို လာခေါ်နိုင်မှာလား"

"နန္ဒာ . . . နင် တကယ်ပြောနေတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါ၊ ဇော်က တို့ပြောတာ မယုံလို့လား"

"မဟုတ်ဘူး၊ ငါ လုံးဝမထင်ထားလို့ အရမ်းဝမ်းသာသွားတာ၊ ငါ နင့်အတွက် အရမ်းစိုးရိမ်ခဲ့တယ်၊ နင် ဘဝပျက်သွားမှာ အကြောက်ဆုံးပဲ၊ ခုတော့ ငါ စိုးရိမ်သလို မဖြစ်တော့ဘူး၊ ဒီအတွက် ကြောင့် ငါ အရမ်းပျော်သွားတယ်"

ဇော်က တို့ရဲ့ မှားယွင်းတဲ့လုပ်ရပ်အပေါ်မှာ စိတ်ဆိုးပြီး အပြစ်မတင်ပါ။ အပြစ်မတင်သည့်အပြင် ဝမ်းသာပျော်ရွှင်တယ် တဲ့။ ဘယ်လောက် ချစ်စရာကောင်းသလဲ။ ပြီးတော့ ဇော်က အမြန် ဆုံးလာခေါ်တယ်။

အဲဒီအချိန်မှာ ချစ်သူတွေသာဆိုရင် ပြေးဖက်မိမယ်။ အခုတော့ ဇော်က တို့လက်မောင်းကို နှစ်သိမ့်သလို ဆွဲကိုင်ဖျစ်ညှစ်ပြီး "မငိုပါနဲ့ နန္ဒာရယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ဝမ်းနည်းစရာ မရှိပါဘူး၊ စကတည်းက ဒီလူ မရိုးသားဘူးဆိုတာ ငါ သိပါတယ်၊ အခုလို အမှန်တိုင်း မြင်လာတဲ့အတွက် ဝမ်းသာစရာပါ" နှစ်သိမ့်အားပေးရှာတယ်နော်။

နင်ဟာ တို့အတွက် တကယ့်သူငယ်ချင်းကောင်းပါပဲ . . . ဇော်ရယ်။

အိမ်ကို ပြန်ရောက်တာနဲ့ မီးလောင်တော့တာပါပဲ။

အဘိုးက "မင်း အင်မတန်မိုက်မဲလှချည်လား၊ မင်းကို ငါ့ရဲ့မြေးတစ်ယောက်လို ယုံယုံကြည်ကြည်နဲ့ ဆက်ဆံခဲ့တယ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့လုပ်ရပ်က ခွင့်လွှတ်နိုင်စရာ မရှိဘူး၊ မင်း ပြန်တော့၊ ငါ မင်းရဲ့ အဖေအမေနဲ့ပဲ စကားပြောမယ်၊ မင်းနဲ့ လုံးဝ စကားမပြောတော့ဘူး” ဆိုပြီး တစ်ခါတည်း မောင်းထုတ်ပါလေရော။

မီးဆိုတာက မလောင်ခင်သာ ကြိုတင်တားဆီးလို့ရနိုင်တယ်။ အဲ . . . လောင်ပြီဆိုရင်တော့ ဘုရားကျောင်းဆောင်တွေ၊ အထွတ်အမြတ်ထားတာတွေ၊ တန်ဖိုးရှိတာတွေ နားမလည်ဘဲ အကုန်လုံး ဝါးမျိုပစ်လိုက်သလိုပဲ။ အခုလည်း . . . တို့ ဇော်နဲ့ မဟုတ်ပါဘူး၊ တခြားတစ်ယောက်နဲ့ပါလို့ အပြစ်တွေကို ဝန်ခံပေမယ့် မရတော့ဘူး။ အဘိုးက လက်မခံဘူးလေ။

ဇော်က ဘာပဲဖြစ်ဖြစ် လက်ထပ်ယူရမယ်။ သူတို့နှစ်ယောက်ကို ပေးစားရမယ်။ သူတို့ ဘယ်လိုပြောပြော လိမ်ညာမှုတွေဖြစ်တယ်။ တစ်ယောက်ကိုတစ်ယောက် အကာအကွယ်ပေးနေကြတာပဲ ဖြစ်ရမယ်။ တကယ်လို့ ဒီပြဿနာကို ဇော်တို့ဘက်က တာဝန်မယူနိုင်ဘူးဆိုရင် ဒီတစ်သက် ခေါ်ပြောဆက်ဆံစရာ အကြောင်းမရှိဘူးလို့ အဘိုးက ရာဇသံပေးတယ်လေ။

တို့လည်း အိမ်မှာ ခေါင်းမဖော်နိုင်ပါဘူး ဇော်ရယ်။ နာရီမလပ်စောင့်ကြည့်ပြီး မေးမြန်းခံနေရတယ်။ တို့ ငြင်းပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ညီမလေးနဲ့တွေ့တဲ့အကြောင်းတွေ ပါးစပ်က မဟရဲပါဘူး။ တော်ကြာ နှစ်ခါလိမ်ညာတယ်ဆိုပြီး ညီမလေးတို့ရဲ့ဘက်ကိုပါ ဒီမီးက ကူးစက်လောင်ကျွမ်းသွားမှာ စိုးရိမ်ရတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆိုရင် ပွဲက ပိုပြီး ကြမ်းသွားမှာ သေချာပါတယ်။

အဘိုး ရာဇသံပေးထားတဲ့အတိုင်း ဇော်တို့ဘက်က အကြောင်းပြန်လာတယ်။ ဇော်က လက်ထပ်ယူပါမယ်တဲ့။ ဒီစကား ကြားရတော့ တို့ အရမ်းအံ့အားသင့်သွားတယ်။ ကိုယ့်နားကို ကိုယ် မယုံကြည်လောက်အောင်ပါပဲ။

ဇော် ဘာဖြစ်လို့ ခေါင်းညိတ်ရတာလဲ။ ဇော့်မိဘတွေကို မလွန်ဆန်နိုင်လို့လား။ ဖြစ်နိုင်ပါတယ်။ ဇော့်ရဲ့အဖေက အဘိုးကိုမှ မလွန်ဆန်နိုင်တာ။ တစ်စုံတစ်ခု မှားယွင်းသွားရင် ဇော့်ရဲ့အဖေ အကြီးအကျယ် ဒုက္ခရောက်သွားနိုင်တယ် မဟုတ်လား။

အဲဒီရက်တွေက ဇော်နဲ့ လုံးဝ မတွေ့ရတော့ ဘာကြောင့် လက်ထပ်ဖို့ ဆုံးဖြတ်တယ်ဆိုတာ တို့ မသိရဘူးလေ။ အဲဒါကြောင့် အဘွားကို ကပ်ပြီး ဇော်နဲ့ တွေ့ချင်တယ်လို့ ပူဆာရတယ်။ အဘွား ကလည်း အဘိုးကို ကြောက်ရတယ်။ အဘိုးက အမြန်ဆုံး လက်ထပ် နိုင်ဖို့ စီစဉ်နေပြီ။ မနက်ဖြန်လား၊ သန်ဘက်ခါလား။ တစ်ရက်ရက် ဖြစ်တော့မယ့်အချိန်ကျမှ ဇော်နဲ့ တွေ့ဆုံပြီး စကားပြောခွင့်ရတယ်။

အဲဒီအချိန်မှာ တို့ အမေးချင်ဆုံးစကားက ဘာကြောင့် ခေါင်းညိတ်လက်ခံခဲ့ရတာလဲဆိုတာပါပဲ။ ဇော့်မျက်နှာကို တို့ အသေ အချာ မကြည့်ရဲဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် မဟုတ်လား။ ဒီပြဿနာ တွေအားလုံးရဲ့ တရားခံက တို့ပဲလေ။

"တို့သဘောနဲ့တို့ ခေါင်းညိတ်လက်ခံလိုက်တာပါ . . .



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ”

မထင်မှတ်တဲ့စကားမို့ အရမ်းအံ့သြသွားမိတယ်။

“ဟင့်အင်း . . တို့ ဇော့်ကို လက်မထပ်နိုင်ဘူး၊ ဇော်က တို့ကို သူငယ်ချင်းတစ်ယောက်အနေနဲ့ အနစ်နာခံပြီး လက်ထပ်တဲ့ အဖြစ်မျိုး တို့ လက်မခံနိုင်ဘူး” လို့ ခါးခါးသီးသီး ငြင်းဆန်မိတယ်။ တို့ တကယ်လိုချင်တာက ဇော်ရဲ့အချစ်ကိုပါ။

အချစ်မပါဘဲ ကူညီတဲ့သဘောနဲ့ လက်ထပ်တာ မခံစားနိုင်ပါဘူး။

ဒီဟာ တာဝန်တစ်ရပ် မဖြစ်သင့်ဘူး။

အိမ်ထောင်ပြုပြီးတော့ရော . . . ဘယ်လိုဆက်ဆံပြောဆိုကြမှာလဲ။ “ဇော် . . . ထမင်းပွဲ အဆင်သင့်ဖြစ်ပြီ” “ဇော် ရေချိုးလိုက်တော့၊ ပြီးရင် ထမင်းစားကြရအောင်” ဒီလိုပဲ ပြောနေရမှာလား။ ဇော်ကလည်း “တို့ အလုပ်သွားတော့မယ်၊ ဘာမှာဦးမှာလဲ” “တနင်္ဂနွေနေ့မှာ တို့ ဘယ်ကို လိုက်ပို့ရမှာလဲ” ဒီလောက်ပဲ ပြောဆိုနေကြမှာလား။

ဗီဒီယိုကား ထိုင်ကြည့်ရင်း “မဆိုးဘူးကွ၊ ဒီမင်းသား တော်တယ်၊ ဇာတ်လမ်းလေးက ဒီလိုလှည့်လိုက်ရင် ပိုကောင်းမယ်ထင်တယ်” ဒီလို ပြောနေကြမှာလား။

တစ်ယောက်ရဲ့လက်ကို တစ်ယောက်က ခပ်တင်းတင်း ဆုပ်ကိုင်ထားတာတို့၊ တစ်ယောက်ကိုတစ်ယောက် အချစ်ရည် လဲ့



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ မျက်ဝန်းတွေနဲ့ ကြည့်လို့ တစ်ယောက်ကိုတစ်ယောက် ချစ်စနိုး စကြ, နောက်ကြရင်း ရယ်မောချင်တာပေါ့။ အလစ်အငိုက် ခိုးနမ်းရင် ရှက်ရွံ့စွာနဲ့ အော်ဟစ်ပစ်ချင်တာပေါ့။ ကြင်နာစွာ ထွေး ပွေ့တာ ခံယူချင်တာပေါ့။

အဲဒါတွေ တစ်ခုမှ မရှိနိုင်တဲ့အဖြစ်နဲ့ တစ်နေ့တစ်ရက် တောင် မနေချင်ပါဘူး ဇော်ရယ်။

နှလုံးသားချင်း ဝေးနေသရွေ့ မချိုမြိန်ပါဘူး။ ခါးသက် သက် ဖြစ်နေကြမှာပဲ။

"နန္ဒာရယ် . . . အနစ်နာခံတယ်ဆိုတဲ့သဘော မဟုတ်ပါ ဘူး၊ တို့နှစ်ယောက်ကြားမှာ ဒီစကားက မလိုအပ်ပါဘူး၊ တို့အနေနဲ့ နန္ဒာ့ကို တကယ့်စိတ်ရင်းနဲ့ လက်ထပ်ချင်တာပါ၊ တို့ အသေအချာ စဉ်းစားဆုံးဖြတ်ပြီးပါပြီ"

"ဇော်က ဘယ်လိုပဲ ဆုံးဖြတ်, ဇော့်ရင်ထဲက အချစ် မပါ, ပါဘူး"

ဒီစကားကြားတော့ ဇော် သဘောပေါက်သွားတယ်။ တို့ ဘာဖြစ်လို့ ခါးခါးသီးသီး ငြင်းဆန်နေရတဲ့အကြောင်းကို ဇော် ရှာ တွေ့သွားတယ်။

ဇော် တစ်ခဏ ငေးတွေသွားတယ်။ အဲဒါကို ကြည့်ရင် ဇော် . . . တို့ စိတ်ချမ်းသာအောင် ဒီစကားကို ပြောတော့မယ်လို့ ထင်လိုက်တယ်။ ထင်တဲ့အတိုင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"တို့ နန္ဒာ့ကို ချစ်ပါတယ်၊ ချစ်လို့ လက်ထပ်ဖို့ ခေါင်းညိတ်တာပေါ့"

သိပ် . . . နောက်ကျသွားပါပြီ ဇော်ရယ်။

ဒီလို မီးကြီးတောက်လောင်နေတဲ့အချိန်မဟုတ်ဘဲ ဟို တစ်ချိန်တုန်းကသာ ဒီစကားပြောခဲ့ရင် လိမ်ညာလို့ပဲဖြစ်ဖြစ်၊ ရင်ထဲက မပါဘဲ နှုတ်ဖျားလေးနဲ့ ပြောရင်တောင် တို့ အရမ်းကျေနပ်ဝမ်းသာမိမှာပဲ။ တို့ရင်ထဲက အချစ်တွေ အကုန်လုံး ပုံပေးမိမှာပါပဲ။ မျက်စိဇွတ်မှိတ်ပြီး ပြန်ချစ်မိမှာပါ။

အခုကျတော့ ဇော့်မှာ ငဲ့ညှာရမယ့်မိဘတွေ ပါဝင်နေပြီလေ။

ဇော့်အပေါ်မှာ ငြင်းဆန်မရတဲ့ အင်အားတွေ လွှမ်းခြုံနေပြီပဲ။ ဒီအချိန် ဇော့်ရင်ထဲမှာ နာကျင်စွာ ရှိနေမှာ အမှန်ပါပဲ။

"နေပါစေ ဇော်ရယ် . . . ဒီစကား မပြောပါနဲ့တော့၊ တို့ မကြားချင်ဘူး"

ဇော်လည်း ဘာဆက်ပြောရမှန်းမသိအောင် နှုတ်ဆွံ့အသွားတယ်။ အကြောင်သား ကြည့်နေတဲ့ မျက်လုံးတွေထဲမှာ ဘာဆိုဘာမှ မရှိပါဘူး။ ခံစားချက်နဲ့ပတ်သက်တဲ့ အရိပ်အငွေ့လေးတောင် မမြင်တွေ့ရပါဘူး။

"နန္ဒာက ဟိုလူ့အပေါ်မှာ မျှော်လင့်နေတုန်းလား၊ ချစ်နေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



တို့ ရယ်ပဲ ရယ်လိုက်ချင်တယ်၊ အထင်နဲ့အမြင်က တခြားစီ ဖြစ်နေတာကိုး။

"ဟုတ်တယ်ပဲ ထားပါတော့"

"နန္ဒာ့စကားက ဘယ်လိုကြီးလဲ၊ တို့ နားမလည်ဘူး"

"ကောင်းပြီ၊ ဇော် နားလည်အောင် ရှင်းပြမယ်၊ တို့ ဒီမင်္ဂလာပွဲကို မဖြစ်မြောက်စေချင်ဘူး၊ တို့ လက်မထပ်နိုင်ဘူး၊ တစ်နည်းနည်းနဲ့ ဖျက်ပစ်ချင်တယ်၊ ဒါပေမဲ့ တို့အခြေအနေက မြင်တဲ့အတိုင်းပဲ ဘယ်မှ ထွက်ပြေးလို့ မရဘူး၊ ဒီအတိုင်းကြီး အဘိုးတို့ စီမံသလို ငုတ်တုတ်ခံရမယ့်သဘော ဖြစ်နေတယ်၊ တို့ ဘယ်လိုလုပ်ရမှာလဲ"

"နန္ဒာ တကယ်ပဲ ဒီပွဲကို ဖျက်ပစ်ချင်တာလား"

"တကယ်လို့ ပြောနေပြီပဲ၊ တို့ လုံးဝ သဘောမတူဘူး"

"ကဲ . . . ဒါဆိုရင် တို့ နန္ဒာ့အတွက် ဘာလုပ်ပေးရမှာလဲ"

"တို့ မစဉ်းစားတတ်တာ အမှန်ပါပဲ၊ ဇော့်ကိုလည်း နောက်ထပ် ဒုက္ခမပေးချင်ဘူး"

"နန္ဒာ့မှာ အကြံအစည်ရှိရင် ပြောပါလား၊ တို့ နန္ဒာအတွက် ဘာမဆိုဆောင်ရွက်ပေးပါ့မယ်၊ အချိန်တိုင်းမှာ တို့က နန္ဒာ့ဘက်က ရှိခဲ့တာပါ၊ အခုကိစ္စကလည်း နန္ဒာက မငြင်းဘူးလို့ ဖေဖေတို့က ပြောလို့ တို့ဘာသာ ခေါင်းညိတ်သဘောတူခဲ့တာပါ၊ နန္ဒာကိုယ်တိုင်က ခုလို ငြင်းပယ်မယ်ဆိုရင် တို့လည်း ဖျက်သိမ်းပစ်ချင်ပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်”

“ဇော် တကယ်ပြောတာနော်”

“တကယ်ပါ”

“အဲဒါဆိုရင် ဒီပွဲ ဘယ်လိုဖျက်ရမယ်ဆိုတာ ဇော် ကူညီပြီး စဉ်းစားပေးဦး”

ဇော်က အားပေးနှစ်သိမ့်တဲ့အပြုံးနဲ့ . . .

“ဘာမှတွေးပြီး ဦးနှောက်ခြောက်မခံပါနဲ့၊ ဒီနေရာမှာ တို့ မရှိရင် ပွဲက သူ့အလိုလို ပျက်သွားပါလိမ့်မယ်”

ရုတ်တရက်မို့ တို့ ဝမ်းသာသလို ဖြစ်သွားတယ်။ ဒါပေမဲ့ သေသေချာချာ ပြန်စဉ်းစားကြည့်တော့ ဇော် နစ်နာရမယ့်ကိစ္စကြီး ဖြစ်နေတယ်။ ဒါကို ဇော်လည်း သိပါတယ်။ ဒါပေမဲ့ ဇော်က အခိုင်အမာ သန္နိဋ္ဌာန်ချထားတဲ့ပုံစံနဲ့။

“တို့ ဒီလိုထွက်သွားရင် ဘယ်သူမှ မတားနိုင်ပါဘူး၊ စိတ်ချပါ၊ တို့ ယောကျ်ားလေးပဲ၊ မိသားစုအသိုင်းအဝိုင်း မရှိပေမယ့် ရပ်တည်လို့ ရပါတယ်၊ တို့ရဲ့အိမ်က ဘယ်နည်းနဲ့မှ ခွင့်လွှတ်မှာ မဟုတ်ပါဘူး၊ အဆုံးစွန် သားအဖြစ်က စွန့်လွှတ်ရုံပါပဲ”

ဇော်က ဆက်ပြောရမယ့် စကားတွေ ချန်ထားရစ်ပြီး ပြန်သွားတယ်လေ။

တကယ်က ရိုးရိုးတန်းတန်း သားအဖြစ်က စွန့်လွှတ်ရုံ တစ်ခုတည်း မဟုတ်ပါဘူး။ ဇော်ရဲ့နာမည်နဲ့ ဂုဏ်သိက္ခာတွေအကုန်



www.burmeseclassic.com

www.burmeseclassic.com



လုံး ရစရာမရှိအောင် ပျက်စီးသွားမယ်။

နန္ဒာဆိုတဲ့ မိန်းကလေးတစ်ယောက်ကို တစ်ညတာ ခိုးယူပြီး ပေါင်းသင်းတယ်။ ပြီးတော့ တာဝန်မယူဘဲ ထွက်ပြေးသွား တယ်။ မောင်နှမသားချင်း စာနာစိတ် မရှိတဲ့လူ၊ မိသားစုမျက်နှာကို အိုးမည်းသုတ်တဲ့လူ၊ လူစိတ် မရှိတဲ့လူ . . . စတဲ့ဂုဏ်ပုဒ်တွေနဲ့ ဇော်ရဲ့နာမည်ဟာ အဖတ်ဆည်မရအောင် ပျက်စီးသွားပြီလေ။ လူဆိုးတစ်ယောက် ဖြစ်သွားပြီ။

ဇော်ရယ် . . . တို့အတွက်နဲ့ နာမည်နဲ့ဂုဏ်သိက္ခာကို အဆုံးရှုံးခံပြီး ထွက်သွားရတာလဲ။

အဲဒါဟာ သူငယ်ချင်းတစ်ယောက်ဆိုတဲ့ သံယောဇဉ်တဲ့ လား။

အဲဒီထက် ပိုမိုတဲ့ခံစားချက် ရှိလို့လား။

တို့ သိချင်လိုက်တာ။

နီးလျက် မမြင်ခဲ့တဲ့အရာတွေကို ဝေးကွာသွားမှ ဇော် မြင်တွေ့သိနားလည်မှာလား။ အမြန်ဆုံး သိနားလည်ပါစေ။

"အချစ်" ဆိုတဲ့ အရာတစ်ခုကို ဇော် ရှာဖွေတွေ့ရှိနိုင်ပါစေကွယ်။

တို့လေ အဲဒီမျှော်လင့်ချက်နဲ့ ရှင်သန်စောင့်မျှော်နေပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



# ၁

စိုင်းကျော်ဝင်း ချီးမွမ်းညွှန်းဆိုသည့် "ဒေး" အိမ်ဂေဟာကို ယနေ့မှ ဇော်သစ် မြင်တွေ့သည်။ နှင်းမြူများကြားမှ စိတ်ကူးယဉ်စရာ ကောင်းသည့် စံအိမ်သဘောမျိုး။ သစ်ပင်ပုတွေ၊ ရှည်သွယ်သွယ် အပင်တွေကို တောင်စောင်းတစ်လျှောက် အမြင်ကောင်းအောင် စိုက်ထားသည်။

သူ့အနေနှင့် အိမ်ဂေဟာ၏လှပမှုသာမက ဤအိမ်ဂေဟာ၏ပိုင်ရှင်ဖြစ်သူ မိန်းကလေးကိုပါ မျက်စိထဲက မြင်ယောင်မိသည်။

ခဏာရပ်ကြည့်ပြီး ကုန်းဆင်းလမ်းအတိုင်း ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုခင်းကောင်းသည့်နေရာတစ်ခုတွင် လမ်းဘေးသို့ ဆင်းသွားပြီး ကမ်းပါးပြတ်အနီးမှာ ရပ်တန့်လိုက်သည်။

ဟိုးအောက်မှာ . . . နှင်းမြူလွှာတွေ အထပ်ထပ်၊ တရွေ့ရွေ့။

"ဟော့ . . . လူ"

နောက်ဘက်ဆီမှ အော်သံကို ကြားရသည်။

ကိုယ့်ကို ခေါ်သည်ဟု မထင်သဖြင့် လှည့်မကြည့်မိ။ ဤမြို့တွင် သူနှင့်ရင်းနှီးသည့်လူက လက်တစ်ဖက်ပင် မပြည့်သေး။ ထိုကြောင့် ဂရုမစိုက်ဘဲ ကြည့်ကောင်းကောင်းနှင့် အောက်ဘက်မြင်ကွင်းကို ငုံ့ကြည့်နေမိသည်။

"ဟော့လူ . . . ဒီမှာခေါ်တာ မကြားဘူးလား"

အသံက နီးကပ်လာသည်ထင်သဖြင့် လှည့်ကြည့်လိုက်သည်။

နှင်းမြူတွေ ဝေ့ဝဲနေသည့်ကြားထဲမှ လူတစ်ယောက်။

နံဘေးတွင် ဟွန်ဒါဆိုင်ကယ်ကို ရပ်ထားသည်။ ဆိုင်ကယ်စီးဦးထုပ်ကို ချွတ်လိုက်တော့မှ တင်ဇာဒေးဟု ခန့်မှန်းသိရှိတော့သည်။ တကယ်က မျက်နှာကို ပီပီသသ၊ သဲသဲကွဲကွဲ မြင်တွေ့ရခြင်းမဟုတ်ပါ။ မှတ်မိထားသည့် ပုံသဏ္ဌာန်နှင့် အတပ်ပြောနိုင်ခြင်းဖြစ်သည်။

"အေး . . . ကြားတယ်၊ ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမ တရွေ့ရွေ့ ချဉ်းကပ်လာရင်း "ရှင် ကျွန်မရဲ့အိမ်ရှေ့က ဖြတ်သွားတယ် မဟုတ်လား၊ ဘာလဲ ဒီမြို့က မပြန်သေးဘူး၊ ရှိနေသေးတယ်ဆိုတာ လာပြီး သက်သေပြနေတာလား" ဟု ခက်ထန်မာကျောသည့်အသံနှင့် လှမ်းပြောသည်။

"မင်း ဘယ်လိုထင်နေလို့လဲ၊ တို့က လမ်းရှိသရွေ့ လျှောက်သွားမယ်၊ ကြည့်စရာရှိတာ ကြည့်မယ်၊ မင်းတို့အိမ်ရှေ့မှာ မဖြတ်သန်းရဆိုတဲ့ ဆိုင်းဘုတ်မရှိပါဘူး"

"ကျွန်မ သတိပေးတဲ့စကားကို ဂရုမစိုက်ဘူးဆိုတဲ့သဘောလား"

"နေစမ်းပါဦး၊ ငါ့ကို ဒီမြို့က မောင်းထုတ်ဖို့ ကြိုးစားနေတာလား၊ အဲဒါဆိုရင် မင်းရဲ့စိတ်က သိပ်ပြီး ကလေးဆန်လွန်နေပြီ၊ မင်းရဲ့အသက်အရွယ်၊ မင်းရဲ့ခန္ဓာကိုယ်နဲ့ ဒီလိုစိတ်မျိုးရှိနေတာ အံ့သြဖို့ကောင်းတယ်"

ရုတ်တရက်မို့ သူမ ရှက်ရွံ့သွားသည်။ သို့ရာတွင် ချက်ချင်းပင် မျက်နှာကို ပြန်လည်၍ ပြင်ဆင်လိုက်သည်။ ထုံးစံအတိုင်း တင်းမာမှုပါပဲ။

"ကျွန်မကို ဘာမှဝေဖန်စရာ မလိုအပ်ဘူး၊ ကျွန်မ ပြောတဲ့အတိုင်း ရှင်လိုက်နာဖို့ပဲ အရေးကြီးပါတယ်၊ ကျွန်မမျက်စိထဲမှာ ရှင့်ကို ဘယ်လိုမှ ကြည့်မရဘူး"

"မင်း လိုက်ကြည့်နေလို့ ဖြစ်ပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် . . . ဘာစကားပြောတာလဲ"

"ဟုတ်တယ်လေ၊ တို့က မင်းကို တကူးတက ဂရုတစိုက်နဲ့ လိုက်ကြည့်နေတာမှ မဟုတ်ဘဲ၊ တို့ဘာသာတို့ နေတတ်သလိုနေတာ၊ မင်းကသာ လိုက်ကြည့်နေလို့ တို့ ဒီမှာ ရပ်နေတာ မြင်တာပေါ့၊ တို့က မင်း နောက်မှာ ရောက်လာတာကိုတောင် မသိပါဘူး၊ မင်းဘာသာ မင်းရဲ့လမ်းကို မင်း မသွားနိုင်ဘဲ တို့ကို လာတွေ့နေတာလေ"

"အော် . . . ကျွန်မကပဲ ရှင့်ကို တမင် လိုက်ရှာနေတယ်ပေါ့၊ ဟုတ်လား"

"မင်း သဘောပေါက်ပါတယ်၊ ဒီမြို့ဟာ အကျယ်ကြီးပဲ၊ လူတွေအများကြီး နေလို့ ဆန့်ပါတယ်၊ တို့ ရှိနေလို့ မင်းမှာ ကျဉ်းကျပ်သွားစရာအကြောင်း မရှိပါဘူး"

"ရှင် ဒီမြို့မှာ ရှိနေတယ်ဆိုတဲ့ အသိစိတ်နဲ့တောင် လက်မခံနိုင်ဘူး"

"အဲဒါ ပြောတာပေါ့၊ မင်းရဲ့စိတ်က ကလေးဆန်တယ်လို့၊ အမှန်တကယ် ဖြစ်ခဲ့တဲ့ပြဿနာက ဘာမှမကြီးကျယ်ပါဘူး၊ တို့မှာ ဒဏ်ရာပြင်းပြင်းထန်ထန် မရခဲ့ပါဘူး၊ အနည်းအကျဉ်း ပွန်းပဲ့ရုံမို့ တို့ ခွင့်လွှတ်နိုင်ပါတယ်၊ မင်း တမင်တကာ စော်ကားတာ ဖြစ်ပါစေဦး စိတ်ဓာတ်မပြည့်ဝတဲ့လူလို့ သဘောထားပြီး တို့ ခွင့်လွှတ်၊ မေ့ပစ်လိုက်ပါပြီ၊ ကဲ . . . ဒါဆိုရင် မင်း ကျေနပ်ပါတော့၊ တို့ကပဲ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်လိုက်တယ်”

ဒီလို ရည်ရည်မွန်မွန်တောင်းပန်ပေမယ့် သူမ လက်မခံနိုင်သည့်အသွင် ခေါင်းခါယမ်းလိုက်သည်။

“ဒီပုံစံက ရှင်က လူကြီးလူကောင်း၊ ကျွန်မက ကလေးသာသာ မိုက်မဲလွန်းတဲ့လူ ဖြစ်သွားတယ်၊ ဒါက ရှင့်ရဲ့ဟန်ဆောင်မှုပဲ”

“ဒုက္ခပါပဲလား . . . တို့က ခံလည်းခံရသေးတယ်၊ တောင်းလည်း တောင်းပန်ရသေးတယ်၊ ဒါကို မင်းက လက်မခံနိုင်ဘူးလား”

“ဟုတ်တယ်၊ ကျွန်မ မကျေနပ်နိုင်ဘူး”

“ကောင်းပြီလေ၊ မင်း ကျေနပ်အောင် တို့ လုပ်ပေးမယ်၊ ကဲ . . . သွားကြရအောင်”

သူက လမ်းဆီသို့ ခြေလှမ်းပြင်လိုက်သဖြင့် . . .

“ဘယ်ကို သွားမှာလဲ”

“လမ်းပေါ်ကိုလေ၊ တို့ လမ်းအလယ်တည့်တည့်မှာ ရပ်ပေးထားမယ်၊ မင်းက ဆိုင်ကယ်ကို ပြန်စီးလာခဲ့ပြီး တည့်တည့်သာ ဝင်တိုက်ပစ်လိုက်”

“ရှင် သေသွားမှာပေါ့”

“သေသွားလည်း ပြီးတာပဲ၊ တို့က သေချင်နေတဲ့လူပါ”

သူမ မယုံသင်္ကာအကြည့်နှင့် ငဲ့ကြည့်သည်။

“ရှင် ကလိမ်ကကျစ်နဲ့ နီးလာမှ ရှောင်ပစ်မလို့ မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို ပြောဆိုနေလို့ မင်း ဘယ်ယုံကြည်ပါ့မလဲ၊ မင်း လုပ်ကြည့်ပါ။ မင်း ခပ်လှမ်းလှမ်းသွားပြီး ပြန်စီးလာခဲ့၊ အဲဒီတော့မှ တို့ ရှောင်မယ် မရှောင်ဘူးဆိုတာ မင်း သိရလိမ့်မယ်"

သူ ဘာကိုမှ ထပ်မစဉ်းစားချင်တော့။ အကယ်၍ သူမ မိုက်မဲစွာ ဝင်တိုက်လျှင် အသေခံလိုက်ဖို့ ဆုံးဖြတ်ပြီးသား။ မသေဘဲ ကျိုးပဲ့သွားလည်း အကြောင်းမဟုတ်။ နန္ဒာဝေနှင့် ပတ်သက်ပြီး ဖြစ်ပျက်ခဲ့သမျှတွေအပေါ်မှာ . . . ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူ တစ်ယောက်ကဲ့သို့ ခံစားနေရ၏။

BURMESE CLASSIC .com

နန္ဒာဝေရဲ့ချစ်သူ ဘယ်သူဘယ်ဝါဆိုတာ မစုံစမ်းခဲ့ဘဲ ပေါ့လျော့စွာနေခဲ့မိသဖြင့် အမှန်တကယ် သူငယ်ချင်း မပီသသူဟု ကိုယ့်ကိုယ်ကိုယ် ထင်မြင်နေ၏။

မိတ်ဆွေကောင်း၊ သူငယ်ချင်းကောင်း၏ကျင့်ဝတ်နှင့် မညီ ညွတ်ခဲ့ပါ။ မိတ်ဆွေကောင်းဟူသည် အကျိုးမဲ့မည့်ကိစ္စကို တစ်ဖက် သား မနှစ်သက်သည့်တိုင်အောင် အတင်းတားမြစ်ပိတ်ပင်ရမည် မဟုတ်ပါလား။ လုပ်ချင်တာ လုပ်၊ ပျော်သလိုသာ နေဆိုသည်မှာ သူငယ်ချင်းကောင်းတစ်ယောက် မဟုတ်နိုင်ပါ။

ထို့အပြင် "အချစ်" နှင့် ပတ်သက်ပြီး ဝေခွဲရခက်နေသည့် ကိစ္စကလည်း ရှိပါသေးသည်။

နန္ဒာဝေကို ချစ်ခဲ့မိသလား။

ဒီလောကမှာ သူ့တွင်ရှိသည့် မိန်းကလေး ယောကျာ်းလေး



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်း သူငယ်ချင်းထဲတွင် နန္ဒာဝေကို အခင်မင်ဆုံး ဖြစ်ပါသည်။

နန္ဒာဝေအတွက်ဆိုလျှင် ဘာမဆို စွန့်လွှတ်အနစ်နာခံဖို့ ဝန်မလေးခဲ့။ နန္ဒာဝေ စိတ်ချမ်းသာ ကျေနပ်မည်ဆိုလျှင် အသက် ပေးရဲသည်အထိပင်။ ယခုတော့ သူ မတားမြစ်နိုင်ခဲ့။ တာဝန်မကျေ ပွန်ခဲ့သဖြင့် နန္ဒာဝေတစ်ယောက် ရေတိမ်နစ်ခဲ့ရလေပြီ။ အဆိုးဝါး ဆုံးသော ဒဏ်ရာတွေ ရရှိသွားခဲ့ပါပြီ။

သူ ဘယ်လိုမှ မကုစားနိုင်တော့။

BURMESE CLASSIC .com

ရင်မှာ ဖွဲမီးကဲ့သို့ တငွေ့ငွေ့လှိုက်စားနေသကဲ့သို့ နာကျင် ကြေကွဲရသည်။

ဘာကြောင့် နန္ဒာဝေကို ချစ်သူအဖြစ် မရွေးချယ်ခဲ့မိတာ လဲ။

ချစ်တယ်ဆိုတဲ့စကားတစ်ခွန်းကို ဘာကြောင့်ပြောဖို့ ဝန် လေးခဲ့တာလဲ။

ထို့အတွက် အဖြေကို ယခုအချိန်ထိ တွက်မထုတ်နိုင်သေး။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ချင်နေသည့်အခိုက် တင်ဇာ ဒေးက ရောက်လာတော့ အတော်ဖြစ်သွားသည်။ လုပ်လိုက်။ တစ်ခါတည်း ပြီးရော။

သူ လမ်းလယ်ခေါင်တွင် မတ်တတ်ရပ်နေပါပြီ။

ယခုချိန်ထိ တင်ဇာဒေးက ချိတုံချတုံမျက်နှာပေးနှင့် ရပ်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေ၏။ ဆိုင်ကယ်ကိုတော့ ကိုင်ထားသည်။

"ဟော့ . . . ဘာလုပ်နေတာလဲ၊ မင်း ဆိုင်ကယ်ကို မောင်း သွားတော့လေ၊ လူရှင်းနေတုန်း မြန်မြန်လုပ်စမ်းပါ၊ ကြာလွန်းလို့"

"အိုး . . . စိတ်ချ၊ လုံးဝ ပွဲပြတ်စေရမယ်"

တင်ဇာဒေးကလည်း တကယ့်ကို မိုက်ကန်းမည့်ပုံပါပဲ။ ဆိုင်ကယ်ကို ဒီးခနဲ စက်နှိုးပြီး အတက်လမ်းပေါ် မောင်းတက်သွား သည်။ ထိုနောက် လှည့်ကွေ့ပြီး ခဏရပ်ကာ စက်ရှိန်ကို မြှင့်နေ၏။ အသားကုန် ဝင်ကျုံးမည့်အသွင်။

သူက မတုန်မလှုပ်၊ တည့်တည့်ပင် ကြည့်နေလိုက်၏။

ဝေါခနဲ မြည်ဟီးသံနှင့်အတူ ဆိုင်ကယ်က ပြိုင်ပွဲဝင်သည့် အလား ရိပ်ခနဲ ရိပ်ခနဲ ပြေးဆင်းလာလေသည်။

သေချာပါသည်။

ဒီအရှိန်နှုန်းနဲ့ဆိုရင် နှစ်ယောက်စလုံး ပွဲအပြတ်ပါပဲ။ ဘာ ဖြစ်သွားမှန်းတောင် သိလိုက်မည်မဟုတ်။ အကယ်၍နီးကပ်လာမှ သူမ ဆိုင်ကယ်ပေါ်မှ ခုန်မဆင်းနိုင်ခဲ့လျှင် သူမလည်း ပွဲပြတ်ပါလိမ့် မည်။ အဘယ်ကြောင့်ဆိုသော် ဆိုင်ကယ်၏သဘောသဘာဝက စီးသူတွင် ပို၍ အန္တရာယ်ကြီးတတ်သည် မဟုတ်လား။ ဒီအချိန်မှာ ဒီအကြောင်းတွေ ရှင်းပြ၊ အသိပေးချင်ပေမယ့် နောက်ကျသွားပါပြီ။

ဆိုင်ကယ်၏အရှိန်ကြောင့် လေဟပ်သွားသည်။

နည်းနည်းမှ အထိအခိုက်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွမ်းကျင်စွာပင် ကပ်၍ ရှောင်သွားသည်။

ပြီးတော့ ခပ်လှမ်းလှမ်းတွင် တုံ့ခနဲ ရပ်တန့်သွား၏။

"မင်း . . . ဘယ်လိုလုပ်တာလဲ" ဟု သူ ဒေါသတကြီးနှင့် အော်ထည့်လိုက်မိသည်။ ထိုနောက် သူမဆီသို့ ပြေးသွားမည်ဟန် ပြင်လိုက်သည်။

"ဒါ . . . နောက်စရာ မဟုတ်ဘူးကွ၊ ဒါမျိုးဆိုရင် ငါက သိပ်ပြီး အသည်းယားတယ်"

သူမက မယုံကြည်နိုင်သလို တစ်ချက်လှည့်ကြည့်ပြီး . . .

"ကျွန်မ သတ္တိမရှိဘူး မထင်နဲ့၊ ရှင့်လိုလူစားမျိုးနဲ့ အသက်ချင်း လဲပစ်ရအောင် မတန်လို့ သိလား" ဟုဆိုကာ ပြန်လှည့်မကြည့်တော့ဘဲ မောင်းထွက်သွားသည်။ "ဟော့ . . . တင်ဇာဒေး" ဟု အသားကုန်ပြေးလိုက်ရင်း ခေါ်ပေမယ့် သူမ မရပ်တန့်တော့။ ဆက်၍ မောင်းထွက်သွားသည်။ တဖြည်းဖြည်းနှင့် လိုက်မမီတော့ဘဲ နှင်းမှုံထဲမှာ ပျောက်ကွယ်သွားလေ၏။

အပြေးလိုက်ရသဖြင့် မောပန်းစွာဖြင့် ရပ်လိုက်ရ၏။ အသက်ရှူ မမှန်ချင်။ အသက်ကို ပြင်းပြင်းရှူရှိုက်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



# ၂

ပြန်လည်စဉ်းစားကြည့်မှ ကလေးဆန်သည့် တင်ဇာဒေးနှင့် ဖက်ပြိုင်ပြီး ဘာကြောင့် မိုက်မဲမိသည် မသိပါ။ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင် ဖြစ်ရသည်။

မဖြစ်သင့်။ ဤမျှထိ မိုက်ရူးရဲဆန်စွာ မလုပ်သင့်ပါ။

ကိုယ့်အသက်အရွယ်၊ ကိုယ့်အသိဉာဏ်ပညာနှင့် ဤသို့ ပြုမူခဲ့ခြင်းမျိုး မဖြစ်သင့်ပါ။ သို့ရာတွင် ထိုအချိန်က ဒီလိုအတွေးမျိုး ဝင်ရောက်မလာခဲ့။ ဒီလောက်တောင် ဖြစ်လှတာ သေသွားလည်း အေးရော။ ငါ့ကို မသေရဲဘူးလို့ ထင်နေလား။ မင်း လုပ်ရဲရင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်စမ်း။ ဤသို့ စိတ်ရှုပ်သွားသည်။ ထိန်းချုပ်နိုင်ခြင်း မရှိခဲ့။

အခိုက်အတန့်စိတ်က အသိတရားမှ ခဏလွတ်ထွက်သွားသည်။

ဘာကြောင့် ဒီလိုစိတ်လွတ်သွားရတာလဲ။ စဉ်းစား၍မရ။ နန္ဒာဝေနှင့်ပတ်သက်ပြီး ရင်ထဲတွင် ရှုပ်ထွေးနာကျင်နေမှုတို့ကို အစွမ်းကုန်ဖွင့်ပေးလိုက်သလိုပင်။ ဤမျှ အစွမ်းကုန်ခံစားကြည့်လိုက်တော့ ရင်ထဲတွင် ပေါ့သွားသကဲ့သို့ ဖြစ်သွားသည်မှာ အမှန်ပင်။ ကြိတ်မှိတ်ခံစားနေရခြင်းတို့ မရှိတော့သလိုပင်။

ကိုယ်စိတ်နှလုံး ဟာင်းလင်းပြင်တစ်ခုလို ပွင့်သွားသည်။

ကိုယ့်ကိုယ်ကိုယ် နန္ဒာဝေနှင့် ပတ်သက်ပြီး ခံစားရမှုတို့ နေရာလပ် မရှိတော့သလို ထင်မှတ်နေရာမှ တင်ဇာဒေးက ထိုးဖောက်၍ ဝင်ရောက်လာ၏။

တင်ဇာဒေး အသိတရားလေး ရှိပေလို့ပါပဲ။ နို့မဟုတ်ရင် ကျော်မကောင်း ကြားမကောင်း ဖြစ်သွားနိုင်တယ်။ ဘာကြောင့် ဝင်မတိုက်ခဲ့တာလဲ။ အမှုအခင်းဖြစ်ပွားမှာ စိုးရိမ်လို့လား။ သို့မဟုတ် မိန်းကလေးဖြစ်၍လား မပြောတတ်ပါ။

သို့ရာတွင် တင်ဇာဒေးကို သိပ်ပြီး မုန်း၍မရတော့။

အစက အသားလွတ်စော်ကားရင့်သီးသည်ဟု ထင်မြင်ခဲ့သည့် အမြင်များ၏အစား ကလေးဆန်သည့် စရိုက်လက္ခဏာဟု ပြန်မြင်ယောင်လာသည်။ ထိုသို့ အမြင်ပြောင်းလဲသွားသည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



အမုန်းတရားတွေလည်း ပြောင်းလဲကုန်၏။ ဇွတ်တရွတ် ကလေးဆန်ဆန် အပြုအမူကို ခွင့်လွှတ်နားလည်နိုင်သလို ချစ်စရာကောင်းသည်ဟု ထင်ချင်လာ၏။

အင်း . . . စိတ်ဆိုတာက အဆန်းတကျယ် ဖြစ်လွန်းလှ၏။

ခု တစ်မျိုး၊ တော်ကြာ တစ်မျိုး ဖြစ်ချင်ဖြစ်တတ်သည် မဟုတ်လား။ မည်သို့ပင် ပြောင်းလဲဆိုကာမူ အကြောင်းတရားကမူ ရှိရပေလိမ့်မည်။ ဘာကြောင့် တင်ဇာဒေးကို ကလေးတစ်ယောက်လို မြင်သွားသည်မသိ။ အကြောင်းရှိပါလိမ့်မည်။ ယခု လောလောဆယ် ထိုအကြောင်းကို ရှာ၍မတွေ့သေး။

ထိုသို့ စိတ်အပြောင်းအလဲများနှင့် တင်ဇာဒေးနှင့် ဖက်ပြိုင်မိုက်မဲမိသည့်ကိစ္စတို့ကို စိုင်းကျော်ဝင်းအား မပြောဖြစ်တော့။ မိမိကိုယ်ကို ရှက်သလို ရှိနေသောကြောင့် လျှို့ဝှက်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၇

ဤတောင်ပေါ်မြို့ကို မော်တော်ဆိုင်ကယ်များ၏မြို့ဟု ခေါ်နိုင်မည်ထင်၏။ ကြည့်လေရာတိုင်း အသက်အရွယ် ငယ်ငယ်ကြီးကြီး ဆိုင်ကယ်တွေနှင့်။ နောက်ဆုံးကုန်ကုန်ပြောရလျှင် ကုန်ပစ္စည်းပို့ဆောင်ရာ၌ပင် ဆိုင်ကယ်နောက်တွဲနှင့် ဖြစ်သည်။

အိမ်ပေါက်စေ့ မော်တော်ဆိုင်ကယ်တွေ အရောင်အသွေး၊ ပုံစံ အစုံစုံ ရှိကြ၏။

စိုင်းကျော်ဝင်း၏အိမ်မှာပင် လူစေ့ ဆိုင်ကယ်ရှိသည်။ တကယ် ဘယ်ကိုသွားသွား မော်တော်ဆိုင်ကယ်မရှိလျှင် ခရီးမတွင်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ မြို့က မြေပြန့်မရှိ။ တောင်တွေ ချိုင့်ဝှမ်းတွေနှင့်မို့ ခြေကျင်သွားရလျှင် မစားသာ။ အလွန်မောပန်းပေလိမ့်မည်။

သူ ဤမြို့သို့ ရောက်,ရောက်ချင်းပင် စိုင်းကျော်ဝင်းက သူ့အိမ်မှ ဆိုင်ကယ်တစ်စီးကို ထိုးပေးသည်။ သူ လက်မခံခဲ့ပါ။ ယခုအခါတွင် အချိန်မြန်ဆန်ဖို့ မလိုအပ်ပါ။ ဝူးခနဲ . . . သွားချင်ရာကို ရောက်သွားဖို့ အကြောင်းမရှိ။

သူက အချိန်ကို တမင်ဖြုန်းတီးရန် လာခြင်းဖြစ်သည်။ ထိုကြောင့် အားလပ်နေသည့်အချိန်များ ကုန်ဆုံးသွားစေရန် မြို့ကို ပတ်၍ လမ်းလျှောက်နေခြင်း ဖြစ်သည်။

ယခုလည်း နံနက်စာ တစ်ခုခုစားကြဖို့ စိုင်းကျော်ဝင်းနှင့် အတူ ထွက်လာခဲ့ကြသည်။ ထုံးစံအတိုင်း ဆိုင်ကယ်၏နောက်မှ သူ ထိုင်လိုက်သည်။ ဈေးအကွေ့ ဘဏ်ရုံးရှေ့မှာ နန်းညွန့်ညွန့်အေး တို့နှင့် ဆုံတွေ့လေ၏။

"ဟော့ . . . နန်းတို့ ဘယ်သွားမလို့လဲ" ဟု စိုင်းကျော်ဝင်း က လှမ်းမေးသည်။

"အေးရွာကို သွားမလို့၊ အဲဒီက ထမင်းချဉ်သွားစားမယ် . . . . ကိုစိုင်းကျော်ဝင်း လိုက်ချင်လိုက်ခဲ့ပါလား"

နန်းညွန့်ညွန့်အေး၏ဆိုင်ကယ်နှင့်အတူ ယှဉ်လျက် နောက်တစ်ယောက်ပါသည်။ ထိုမိန်းကလေးကို သူ မြင်ဖူးပါသည်။ တင်ဇာဒေး၏ သူငယ်ချင်းတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ကောင်းတာပေါ့၊ လိုက်ခဲ့မယ်လေ"

"အား . . . အဖော်ရပြီ၊ အတူသွားကြမယ်" ဟု နန်းညွန့်ညွန့်အေးက အားရဝမ်းသာနှင့် ပြောဆိုလိုက်၏။ ဤအရပ်ဒေသ၏ရိုးသားပွင့်လင်းမှုပါပဲ။

နောက်တစ်ယောက်ကလည်း . . . "ကိုစိုင်းကျော်ဝင်း ရှေ့ကသွား" ဟု လှမ်းအော်ပြောသည်။

စိုင်းကျော်ဝင်းသည် ဆိုင်ကယ်ကို ပြန်လှည့်ပြီး မြို့ပြင်ဘက်ကို ဦးတည်လိုက်သည်။

"အခု . . . ငါတို့သွားမှာ အေးရွာတဲ့၊ မင်းကိုငါ တစ်ခေါက်မှ မပို့ပေးရသေးဘူး၊ အေးရွာက ထမင်းချဉ် အရမ်းကောင်းတယ်၊ ဒီကလူတွေ ထမင်းချဉ်ကောင်းကောင်း စားချင်ပြီဆိုရင် အေးရွာဘက်ကို သွားကြတာပဲ"

"ရွာ . . . ဟုတ်လား၊ ဒီမြို့နဲ့ ဘယ်လောက်ဝေးလို့လဲ"

စိုင်းကျော်ဝင်းက ဘာကို သဘောကျသည်မသိ ရယ်မောပြီး . . .

"နာမည်က အေးရွာလို့သာ ခေါ်တာပါ၊ မင်းတွေးသလို တဲအိမ်တွေနဲ့ ရွာမဟုတ်ပါဘူး၊ ခရီးတစ်ထောက်နားစခန်းပါ၊ စားသောက်ဆိုင်တွေက တိုက်တွေနဲ့ မင်းမြင်ရင် တွေ့ရပါလိမ့်မယ်၊ ဒီကတော့ လေးမိုင်ကျော်ကျော်ဝေးတယ်"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“မင်းက ထင်ချင်ထင်မယ်၊ အစားအသောက်တစ်ခု အတွက် ဒီလောက်အဝေးကြီး သွားစားရသလားလို့ . . . တကယ် တော့ အစားအသောက် စားရုံတင်မကပါဘူး၊ ပျော်ပွဲစားထွက်သလို အဝေးကြီးသွားရတဲ့အရသာလည်း ခံစားချင်လို့ပါ”

သူ နားလည်နိုင်ပါသည်။

လူဆိုတာက လွယ်လွယ်ရတာဆိုရင် သိပ်ပြီး တန်ဖိုးထား တတ်တာမှ မဟုတ်တာ။ အခုလို တမျှော်တခေါ် အချိန်ပေးပြီး ခက်ခက်ခဲခဲ သွားစားရတာမှ ကောင်းတယ် ထင်တာမျိုး။ ဤသို့ အဝေးကြီး သွားစားကြခြင်းကို သူ ကန့်ကွက်စရာ မရှိပါ။

သူကိုယ်တိုင်က နေရာ၊ ဒေသသစ်တွေ ခရီးသစ်တွေကို မျှော်လင့်နေသူ မဟုတ်လား။

သူတို့ဆိုင်ကယ်တန်းက မြို့အပြင် တောကြီးတစ်ခုထဲ ရောက်သွားသလိုပင်။ ဘယ်ကြည့်ကြည့် သစ်ပင်ကြီးတွေ အုပ်အုပ် ဆိုင်းဆိုင်းနှင့်။

စိုင်းကျော်ဝင်းက နောက်ဘက်သို့ နန်းညွန့်ညွန့်အေးတို့ ဘက် လှည့်ကြည်ကာ . . .

“နင်တို့ ခါတိုင်း သုံးယောက်တစ်တွဲပါ၊ ဘယ်သွားသွား ဘယ်စားစား အတူတူ မဟုတ်လား၊ အခု . . . နင်တို့က နှစ်ယောက် တည်း၊ ဟိုတစ်ယောက်က ဘယ်ကျန်နေရစ်တာလဲ၊ မခေါ်ခဲ့ကြဘူး လား” ဟု လှမ်းအော်၍ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းတို့ ဝင်ခေါ်ခဲ့ပါသေးတယ်၊ ဒေးက မလိုက်ချင်လို့တဲ့၊ မနက်စောစောစီးစီး ဒေါသဖြစ်နေလို့တဲ့၊ ဝူးဝူးဝါးဝါး လုပ်လွှတ် လိုက်တယ်"

လတ်စသတ်တော့ တင်ဇာဒေးရဲ့အကြောင်း ပြောနေတာ ကိုး။

မနက်က ဖြစ်ခဲ့သည့်ကိစ္စကို ဒေါသအိုး ပေါက်ကွဲနေသည် ထင်၏။ တခြားကိစ္စ မဖြစ်နိုင်။

ယခု . . . နောက်မှ နန်းညွန့်ညွန့်အေးတို့ စီးလာသည့် ဆိုင်ကယ်တို့ကို ကြည့်ရင်း တင်ဇာဒေး၏ဆိုင်ကယ်ဆီသို့ စိတ်ရောက် သွားသည်။

တင်ဇာဒေးသည် မိန်းကလေးဖြစ်ပါလျက်နဲ့ ယောကျ်ား လေးများစီးသည့် ဆိုင်ကယ်ကို စီးတတ်သည်ပဲ။ ထို့ကြောင့် ပထမ နေ့က ယောကျ်ားတစ်ယောက်ဟု ထင်မြင်မိသေးသည် မဟုတ် လား။

ယခု . . . နန်းညွန့်ညွန့်အေးနှင့်အဖော်ဖြစ်သူတို့ စီးနေကြ သည်က စူပါကပ်အမျိုးအစား။

ပြီးတော့ ထဘီနှင့်။ တင်ဇာဒေးလို ဂျင်းဘောင်းဘီတွေ ဘာတွေနဲ့ မဟုတ်ပါ။ ဆံပင်ကလည်း ပခုံးထိအရှည်နှင့်။ မည်သို့ ကြည့်ကြည့် နန်းညွန့်ညွန့်အေးတို့က မိန်းကလေးပီသသည်။ ခေတ်မီ ဝတ်စားတာက တခြား။



www.burmeseclassic.com

www.burmeseclassic.com



"ခုရက်ပိုင်းမှာ ဒေးက အရမ်းစိတ်တိုနေတယ်၊ ဘာကြောင့်လဲ မသိဘူး"

နောက်တစ်ယောက်က ဝင်ပြောခြင်း ဖြစ်သည်။

"နန်းတို့ ထွေးတို့ကို ငါ ခင်မင်လို့ တစ်ခုသတိပေးမယ်နော်၊ နင်တို့နှစ်ယောက် အဲဒီ ဒေးနဲ့ တတွဲတွဲ လုပ်နေလို့ကတော့ ယောကျ်ားရမှာ မဟုတ်ဘူး"

ဟု စိုင်းကျော်ဝင်း နောက်လိုက်သည့်အခါ ရှက်သွားကြပြီး . . . "ဟာ . . . ကိုစိုင်းကျော်ဝင်းက နောက်တော့မယ်၊ ဒီမှာ ညှော်သည် ပါတယ်" ဟု ပြန်အော်ကြသည်။

"ငါ့သူငယ်ချင်းက လူပျိုပါဟာ . . . အားနာစရာ မရှိပါဘူး"

ဒီတစ်ခါလည်း သူမတို့ ပြန်အော်ကြပြန်သည်။

"ခုနက စကားကို ငါ အတည်ပြောတာပါ၊ နင်တို့သူငယ်ချင်းက ဒီတစ်သက် ယောကျ်ားယူမယ့်ပုံ မပေါ်ပါဘူး၊ သူ့ကိုယ်သူ မိန်းကလေးမှ ထင်ရဲ့လား မသိဘူး၊ ဘယ်တော့မှ မိန်းကလေးလို မဝတ်ဘူး၊ ကြမ်းတမ်းလိုက်တာလည်း လွန်ရော"

"ဒေးက အမေနဲ့မှ အတူမနေခဲ့ရဘဲ၊ ဒီတော့ သူ့အဖေပုံစံအတိုင်း ဖြစ်နေတာပေါ့၊ ယောကျ်ားလေးလို ဝတ်စားတတ်ပေမယ့် ယောကျ်ားလေးတွေနဲ့တော့ အပေါင်းအသင်း မလုပ်ပါဘူး၊ မိန်းကလေးစိတ် ရှိပါတယ် ကိုစိုင်းကျော်ဝင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . သူ မြန်မြန်ယောက်ျားရသွားမှ ဖြစ်မယ်၊ နို့မဟုတ်ရင် နင်တို့ ဒီအတိုင်းကြီး အပျိုကြီး ဖြစ်သွားလိမ့်မယ်နော်"

"မဆိုင်လိုက်တာ၊ ဒေးကိုတော့ မစောင့်နိုင်ပေါင်"

ဟု ပွင့်ပွင့်လင်းလင်း ပြန်ပြောသဖြင့် ရယ်ရသေးသည်။

အင်မတန် ခင်မင်စရာကောင်းသည့်သူတွေပါပဲ . . . ဟု မှတ်ချက်ချမိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၄

အေးရွာတွင် ထမင်းချဉ်နှင့် ဟင်းချိုစားသောက်ရင်း စကားဝိုင်းဖွဲ့ ပြောဆိုရယ်မောနေစဉ်မှာပင် ပြဿနာက ရောက်ချလာသည်။

တခြားပြဿနာ မဟုတ်။ သူတို့ ရယ်စရာပစ်မှတ်ထားပြီး ပြောဆိုနေမိသည့် တင်ဇာဒေးပဲ ဖြစ်ပါသည်။

သူမ၏သီးသန့်ပုံစံအတိုင်း။ ဟွန်ဒါဆိုင်ကယ် အနက်ရောင်နှင့်၊ ဂျင်းဘောင်းဘီ အရောင်ခပ်လွင့်လွင့်တစ်ထည် ဝတ်ထားသည်။ မနက်က သူနှင့် တစ်ပွဲတစ်လမ်း စမ်းခဲ့သည့်အချိန်က ဝတ်စားထားသည့်အတိုင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ဒေးပါလား၊ မလိုက်ဘူးပြောပြီး ဘယ်လိုက ဘယ်လို လိုက်လာလဲ မသိဘူး" ဟု မာလာထွေးက နန်းညွှန့်ညွှန့် အေးကို တီးတိုးကပ်ပြီး ပြောသည်။

"တို့ သွားတာကို တစ်ယောက်ယောက်က သတင်းပေး လိုက်တယ် ထင်တယ်"

တင်ဇာအေးက ဆိုင်ကယ်ပေါ်မှ ဆင်းပြီး ခါးထောက်ရပ် နေ၏။

ဆိုင်ထဲသို့ ဝင်လာမည့်ပုံ မရှိ။

မျက်နှာက ဒေါသတွေ ဆူဝေလျက် . . . နီမြန်းမြန်းဖြစ် နေသည်။

စိုင်းကျော်ဝင်းက ဘာမှမလုပ်နဲ့ဟူသည့် သတိပေးသည့် အကြည့်နှင့် တစ်ချက်ကြည့်ပြီး ဘာမှမဖြစ်သလို ဆက်ပြီး စား သောက်နေသည်။ ဂျူးမြစ်ကို တဂွမ်းဂွမ်း ဝါးလိုက်သေးသည်။

"ဒေး . . . လာလေ" ဟု နန်းညွှန့်ညွှန့်အေးက လှမ်းခေါ် သည်။

"တို့ ထမင်းချဉ်စားဖို့လာတာ မဟုတ်ဘူး၊ နင်တို့နှစ် ယောက်ကို ပြန်ခေါ်မလို့ လိုက်လာတာ"

"စားပြီးရင် အတူပြန်မှာပဲလေ၊ ဒီမှာ ဆိုင်ထဲ ဝင်ထိုင်ပါ ဦး"

"တို့ မထိုင်ချင်ဘူး၊ ဆိုင်အပြင်ကပဲ စောင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



နန်းညွှန့်ညွှန့်အေးတို့နှစ်ယောက် မျက်နှာကွက်ခနဲပျက်သွားသည်။ မာလာထွေးက ဘာမှမဖြစ်သလို ဣန္ဒြေဆယ်လိုက်ပြီး "ဆိုင်အပြင်က နေပူပါတယ် ဒေးရယ်၊ လာပါ ဝင်ခဲ့စမ်းပါ" ဟု ထပ်ခေါ်၏။ တင်ဇာဒေး၏အကြည့်က သူတို့ဘက်သို့ စူးခနဲ ရောက်လာသည်။

"နင်မသိပါဘူး၊ တို့က နေပူထက် လူပူကို ပိုကြောက်တယ် ထွေး၊ မြန်မြန်စားပြီး လာကြ၊ ပြန်ကြမယ်"

ထိုအခြေအနေတွင် စိုင်းကျော်ဝင်းလည်း မနေသာတော့ဘဲ "ဒေး . . . ဘယ်သူ့ကို စိတ်ဆိုးနေတာလဲ၊ ဒီမှာ မိတ်ဆွေတွေချည်းပဲ စားသောက်နေတာ၊ ဒီမှာ ဝင်ပြောလို့ပါတယ်၊ ပြဿနာလုံးဝမရှိစေရဘူး၊ ကျွန်တော် အာမခံပါတယ်" ဟု ပြောပြီး ထရပ်လိုက်၏။

"နေပါစေ . . . ကိုစိုင်းကျော်ဝင်း၊ ကျွန်မ ဒီကပဲ စောင့်မယ်"

"အဲဒီလို မလုပ်ပါနဲ့၊ ဒေး . . . တစ်စုံတစ်ခုကို မကျေနပ်ဘူး ဖြစ်နေတာ ကျွန်တော် သိပါတယ်၊ ကျွန်တော်တို့ ပြဿနာကို အကြမ်းနည်းမသုံးဘဲ ဆွေးနွေးပြောဆိုလို့ ရပါတယ်၊ လာပါ၊ ဒေး ဘယ်သူ့ကိုမဆို ရင်ဆိုင်ရဲတဲ့လူပဲ၊ ဒေး သတ္တိကောင်းတယ်၊ ပွင့်လင်းတယ်ဆိုတာ ကျွန်တော်တို့ အားလုံး သိပါတယ်၊ ဒီလို မဖြစ်သင့်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



စိုင်းကျော်ဝင်းက သူမ၏စိတ်ဓာတ်ကို နှိုးဆွပေးလိုက်သည် ထင်၏။ တင်ဇာဒေးသည် ဒီမြို့မှာ ဘယ်သူ့ကိုမှ ရင်မဆိုင်နိုင်စရာ အကြောင်းမရှိဟု မြှင့်တင်ပေးလိုက်သည်။

"ကျွန်မ ရင်မဆိုင်ချင်လို့ မဟုတ်ဘူး၊ အဲဒီလူနဲ့ တစ်စားပွဲတည်း ထိုင်ရမှာ မသတီဘူး၊ ရွံတယ်"

"ကျွန်တော့်သူငယ်ချင်းက ဘာဖြစ်လို့လဲ ဒေး၊ ရောဂါရှိလို့ လား"

"အဲဒီထက် ပိုဆိုးတယ်"

"ဘာများဖြစ်လို့လဲ၊ ကျွန်တော် သိခွင့်မရဘူးလား ဒေး"

"ကျွန်မ မပြောနိုင်ဘူး၊ ဒါပေမဲ့ ကိုစိုင်းကျော်ဝင်းအနေနဲ့ သူနဲ့ မပေါင်းရင် ကောင်းလိမ့်မယ်၊ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်သလို ဖြစ်လိမ့်မယ်"

"ဒီကိစ္စ ကျွန်တော် နားလည်အောင် နည်းနည်းလေး ရှင်းပြပေးပါ ဒေး၊ ဒီအတိုင်း ရပ်ပြီး မပြောပါနဲ့၊ တစ်နေရာမှာ ထိုင်ပြီး ပြောပါ"

သူ့စိတ်အထင် တင်ဇာဒေး တခြားစားပွဲလွတ်တစ်ခုကို ရွေးချယ်လိမ့်မည်ဟု၊ သို့ရာတွင် ဘယ်စားပွဲမှ မသွားဘဲ သူတို့စားပွဲတွင် ခပ်ဆောင့်ဆောင့် ထိုင်ချလိုက်သည့်အခါ သူ အံ့အားသင့်မိသည်။ ဒါလည်း ကလေးဆန်တာပါပဲ။ တကယ်တော့ သူငယ်ချင်းတွေ ခွဲပြီး ဘယ်ထိုင်ချင်ပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



နန်းညွှန့်ညွှန့်အေးတို့က အားနာပြီး မျက်နှာပူနေကြဟန်တူ၏။ သူက ဘာမှမဖြစ်။ ဘာမှမခံစားရ။ တင်ဇာဒေး၏ အပြောအဆို၊ အပြုအမူက စိတ်ဆိုးဒေါသထွက်စရာ ကောင်းပေမယ့် ဘာကြောင့်မှန်းမသိ စိတ်မဆိုးသည့်အပြင် ရယ်ပြုံးချင်နေ၏။

စားပွဲတွင် သူမ ထိုင်မိသည်နှင့် စိုင်းကျော်ဝင်းက . . .

"ကဲ . . . ပြောစမ်းပါ ဒေး၊ ကျွန်တော့်သူငယ်ချင်းမှာ ဘာအပြစ်ရှိလို့လဲ"

တင်ဇာဒေးက ဒေါသမျက်ဝန်းဖြင့် သူ့ကို ကြည့်လိုက်၏။

"ကျွန်မကို မမေးနဲ့၊ သူ့ကိုမေး၊ သူ ဒီမြို့ကို ဘာကြောင့် ရောက်လာရတယ်ဆိုတာ မေးကြည့်စမ်းပါ"

တကယ်ကို အလစ်အငိုက်ပင်။ တင်ဇာဒေးသည် သူ့အကြောင်းတွေကို သိရှိထားသည်လား။ ဘယ်လိုနည်းနဲ့ သိရှိနေတာလဲ။ အံ့အားသင့်စရာပင်။

သူ ထင်မှတ်ထားသည်က လမ်းလယ်တွင် လျှောက်မိသဖြင့် ပြဿနာဖြစ်ခဲ့မိခြင်းသာ။ ယခုတော့ ထိုပြဿနာထက် ပိုမိုနေ၏။

"ဟာ . . . ဒါတော့ သူ့ကိုယ်ရေးကိုယ်တာကိစ္စ ဖြစ်သွားပြီ၊ သူ ဒီမြို့ကို ဘာကြောင့်လာရတယ်ဆိုတာ ကျွန်တော့်မှာ ပြောပိုင်ခွင့် မရှိဘူး၊ အခု . . . ဒေးနဲ့ဖြစ်နေတဲ့ကိစ္စက ဒီဟာ ဆက်စပ်ပတ်သက်နေလို့လား၊ ကျွန်တော်သိတာက ဒေးနဲ့ ဟိုတစ်နေ့က သူ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ရင်း ဆိုင်ကယ်နဲ့ တိုက်မိမလိုဖြစ်ပြီး စကားများခဲ့ကြတယ်၊ အဲဒါပါပဲ . . .”

“ဆိုင်ကယ်ကိစ္စက မတော်တဆပါ။ တိုက်ရိုက်မပတ်သက်ပါဘူး၊ ဒါပေမဲ့ ဒီလူ့အကြောင်းကို ကျွန်မ သိတယ်၊ သူ ကျွန်မကို လိမ်ညာလို့ မရပါဘူး၊ ဒီတော့ ကျွန်မရဲ့ရှေ့မှာပဲ ကိုစိုင်းကျော်ဝင်း သူ့ကို မေးကြည့်ပါ။ သူ ဘယ်လိုဖြေမလဲလို့”

ဘာမှဝင်မပြောဘဲ ငြိမ်ဆိတ်နေ၍ မဖြစ်တော့။

“စိုင်း . . . ရပါတယ်ကွာ၊ တင်ဇာဒေးက ငါ့အကြောင်းကို ဘယ်လောက်များ သိထားလဲ မသိဘူး၊ ဒီတော့ သူနဲ့ငါ စကားပြောကြည့်ပါ့မယ်၊ ကဲ . . . ဖြစ်မလား”

“သိပ်ဖြစ်တယ်”

တင်ဇာဒေး စိန်ခေါ်သည့်အနေအထားနှင့် မျက်နှာချင်းဆိုင်လာ၏။

ခုမှ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေပေပြီ။ ဆိုင်ကယ်နှင့် ဝင်တိုက်မှု မဟုတ်ဘဲ သူ၏နောက်ကြောင်း ရာဇဝင်ဘက်သို့ ရောက်ရှိသွားပြီ။ အနီးတွင် ရှိနေကြသူတွေက သူစိမ်းတွေချည်း။ နန်းညွန့်ညွန့်အေးနှင့် မာလာထွေးတို့က သူ၏နာမည်လောက် စိုင်းကျော်ဝင်း၏သူငယ်ချင်းအဖြစ်လောက်ပဲ သိထားကြသူတွေ။ ၎င်းတို့ရှေ့မှာ မိမိအကြောင်း ပြောပြရမည်၊ ရှင်းပြရမည် ဆိုသည်မှာ အလွန်ပင် ခွကျနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ သုံးလေးရက်အတွင်း သတင်းစာထဲမှာ တို့နာမည်နဲ့ ကြော်ငြာတစ်ခု ပါလာတယ်၊ အဲဒါ တင်ဇာဒေး တွေ့မိသလား"

"ရှင့်မိဘက အမွေပြတ်၊ သားအဖြစ်က စွန့်လွှတ်ကြောင်း ကြော်ငြာ မဟုတ်လား"

လတ်တလော အနီးကပ်ဆုံး ဖြစ်စဉ်တစ်ခုကို မေးကြည့်ခြင်း ဖြစ်သည်။ ထိုဖြစ်စဉ်ကို သိပြီဆိုမှ သူ့ကို နောက်ဆုံးအချိန်ထိ သိနေကြောင်း ပေါ်ပေါက်မည် မဟုတ်လား။ ယခု သူမ အတိအကျ သိနေ၏။ သို့ဆိုလျှင် ဘာကြောင့် သိနေရသည်ကို စုံစမ်းရတော့မည်။

"အသေချာပါပဲ . . . တင်ဇာဒေး၊ တို့မိဘတွေက စိတ်ဆိုးပြီး ကြော်ငြာလိုက်ကြတာပါ။ ဘာကြောင့်ဆိုတော့ မိဘတွေ သဘောတူတဲ့ မိန်းကလေးတစ်ယောက်ကို လက်မထပ်ခဲ့လို့ပဲ၊ တို့လက်ထပ်ရမယ့် မိန်းကလေးကို တင်ဇာဒေး သိလိမ့်မယ်ထင်တယ်၊ သူ ဘယ်သူလဲ၊ ပြောစမ်းပါဦး"

"နိုက် . . . အဲ . . . နန္ဒာဝေ" ဟု ချက်ချင်း ဖြေလိုက်သဖြင့် ရှေ့ပိုင်းက မှားသွားသည်။ လွှတ်ခနဲ ထွက်သွားသည့် "နိုက်" ဆိုတာ ဘာလဲ။ တင်ဇာဒေးက ဤမျှနှင့် ရပ်တန့်မနေဘဲ "ရှင့်မိဘက သဘောတူပြီး ပေးစားမယ့်လူ မဟုတ်ပါဘူး၊ ရှင်က သူ့အပေါ် အခွင့်အရေး ယူလိုက်လို့ပါ၊ ပြီးမှ တာဝန်မယူချင်လို့ ထွက်ပြေးလာတာ၊ ရှင်းရှင်းပြောရရင် ရှင် ဖျက်ဆီးခဲ့တာပဲ၊ နန္ဒာဝေက ရှင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့အချစ်ကို ရက်စက်စွာ ရှင် အသုံးချခဲ့တယ်၊ ဒါကို လူကြီးတွေ သိသွားလို့ အတင်းပေးစားဖို့ လုပ်ကြတာပါ” ဟု ဒေါ်နှင့်မောနှင့် ပြောတော့သည်။

ဒီစကားကြားရသည့်အခါ နန်းညွှန့်ညွှန့်အေးတို့ လန့်ဖျပ် ကုန်ကြသည်။ အံ့အားတသင့်နှင့် မျက်နှာလွှဲသွားကြသည်။

စိုင်းကျော်ဝင်းက သူ့ကို ယုံကြည်မှုအပြည့်နှင့် ရပ်တည် ပေး၏။ ခပ်တည်တည် ဘာမှမထူးခြားသလို နားထောင်နေသည်။

“မင်း ကြားထားတဲ့သတင်းက တိကျပါတယ် တင်ဇာဒေး၊ ဘေးလူတွေတိုင်းက တို့ကို ဒီလိုပဲ ထင်မြင်ကြမှာပါ၊ ဒါပေမဲ့ ကာယကံရှင်ဖြစ်တဲ့ နန္ဒာဝေကတော့ ဒီလို ထင်မြင်မှာ မဟုတ်ပါ ဘူး၊ နန္ဒာဝေက ဖြစ်ရပ်အစုံအလင်ကို သတ္တိရှိရှိနဲ့ လူကြီးတွေကို ပြောပြခဲ့ပါတယ်၊ ဒါပေမဲ့ တို့မိဘအပါအဝင် လူကြီးတွေက ယုံချင် ယုံမယ်၊ မယုံချင် မယုံဘူး၊ ဒါပေမဲ့ ဖြစ်စဉ်ကိုတော့ လက်မခံကြ ဘူး၊ နန္ဒာဝေအတွက် အရမ်းနစ်နာတယ်၊ အဲဒါကြောင့် တို့နှစ် ယောက်ကို လက်ထပ်ဖို့ စီစဉ်ကြတာ၊ တို့နှစ်ယောက်က ငယ်က တည်းက ပေါင်းလာကြတဲ့ သူငယ်ချင်းတွေဖြစ်ကြလို့ တစ်ယောက် အကြောင်း တစ်ယောက် သိပါတယ်၊ မင်း ဒီသတင်းကို နန္ဒာဝေဆီ က ကြားရတာ မဟုတ်ဘူး ထင်ပါတယ်”

“ရှင်က ကျွန်မ နန္ဒာဝေကို မသိနိုင်ဘူးလို့ ထင်နေလား၊ ရှင် မှားသွားမယ် ကိုဇော်သစ်၊ ကျွန်မ အချိန်မရွေး နန္ဒာဝေဆီက



www.burmeseclassic.com

www.burmeseclassic.com



သက်သေခံစာကို လှမ်းတောင်းပြီး ယူပြလို့ရတယ်၊ အဲဒီတော့ ရှင် ကိုယ့်နားလည်မှုနဲ့ကိုယ် ဒီမြို့က အေးအေးဆေးဆေး ပြန်သွားရင် ကောင်းမယ်၊ အဲဒါဆိုရင် ရှင့်အတွက် အန္တရာယ် မရှိနိုင်ပါဘူး၊ တကယ်လို့ ကုတ်ကတ်ပြီး နေဦးမယ်ဆိုရင် ဖြစ်လာမယ့် ပြဿနာ အတွက် ကျွန်မ တာဝန်မယူနိုင်ဘူး၊ ဘာဖြစ်မလဲ . . . စောင့်ကြည့် ချင်တယ်ဆိုရင်လည်း သဘောပေါ့၊ ဟုတ်လား၊ ကျွန်မက စကား ကုန်ပြောပြီးပြီ”

“တင်ဇာဒေးနဲ့ သိကျွမ်းတယ်ဆိုရင် နန္ဒာဝေဆီက စာကို တောင်းလိုက်ပါ၊ တို့ ဘယ်မှမသွားဘဲ အဲဒီစာ ရောက်တဲ့အချိန်ထိ စောင့်ပါ့မယ်”

“တောက် . . . ရှင် တော်တော်ခေါင်းမာတဲ့လူပဲ”

တင်ဇာဒေးသည် ဝုန်းခနဲ ထရပ်လိုက်သည်။ ပြီးနောက် . . . “ကောင်းပြီ၊ အဲဒီစာ ရောက်တဲ့အချိန်ထိ ရှင် စောင့်ကြည့်ပေါ့၊ ဘာဖြစ်မလဲဆိုတာ” ဟု ပြောဆိုကာ နန်းညွှန့်ညွှန့်အေးတို့ကို ခေါ် ယူပြီး ပြန်သွားသည်။

နန်းညွှန့်ညွှန့်အေးတို့ကလည်း မယုံတစ်ဝက် ယုံတစ်ဝက် နှင့် သူတို့နှစ်ယောက်၏အခြေအနေက ထင်ထားသည်ထက် တင်း မာလွန်းပြီး၊ အခြေအနေ သိပ်မကောင်းဟု ထင်မြင်ယူဆကြသည် ထင်၏။ သူမ ခေါ်ရာနောက်သို့ မငြင်းဆန်ဘဲ ထလိုက်သွားတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲတွင် ကျန်ရစ်သူက နှစ်ယောက်တည်း . . .

စိုင်းကျော်ဝင်းက သူမတို့နောက်သို့ မျက်စိတဆုံး လိုက်ကြည့်ပြီးနောက် . . .

"ဇော်သစ် . . . ဒေးက မင်းရဲ့နန္ဒာနဲ့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေလိမ့်မယ် ထင်တယ်၊ ပြောသွားတာ ကြည့်၊ နန္ဒာ့ဘက်က အရမ်းနာနေပုံရတယ်"

"ပတ်သက်တာ သေချာပါတယ် စိုင်း၊ ဘယ်လိုပတ်သက်လဲဆိုတာသာ မသိတာ"

"အင်း . . . ဘာတွေလဲ မသိဘူး"

စိုင်းကျော်ဝင်းက စဉ်းစားမရသည့်ဟန်ဖြင့် ရေရွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

ကိုဇော်သစ်၏အကြောင်းကို သိနေခြင်း၊ ကိုဇော်သစ်နှင့် အချီအချ ပြောဆိုပြီး စွပ်စွဲသည့်အကြောင်းအရာများကို နန်းညွန့်ညွန့်အေး နှင့် မာလာထွေးတို့နှစ်ယောက် လုံးစေ့ပတ်စေ့ နားမလည်ကြသော်လည်း ဒီအကြောင်းကို အရမ်း စိတ်ဝင်စားသွားသည်။

ထိုကြောင့် အေးရွှာ၏ စားသောက်ဆိုင်မှ ထွက်လာသည်နှင့် တင်ဇာဒေးကို တစ်ယောက်တစ်ခွန်း ဝိုင်းပြီး မေးကြတော့သည်။

"ဒေး . . . နင်တို့ပြောတဲ့ နန္ဒာဝေဆိုတာ ဘယ်သူလဲ၊ နင်နဲ့ ဘယ်လိုသိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဒီအချိန်မှာ ဘယ်သူလို့ မပြောနိုင်သေးဘူး နန်း၊ ဒါပေမဲ့ နန်းတို့ ယုံကြည်ထားပါ၊ ဒီလူဟာ လုံးဝ လူကောင်း တစ်ယောက် မဟုတ်ဘူး၊ နန္ဒာဝေက သူ့ကို တစ်ဖက်သတ် ချစ်ခဲ့ တယ်၊ သူနဲ့လည်း သူငယ်ချင်းလို သွားအတူ လာအတူ တွဲကြတာ၊ အဲဒါကို အခွင့်ကောင်းယူပြီး ဖျက်ဆီးပစ်လိုက်တယ်၊ အဲဒါကြောင့် နင်တို့ သတိထားဖို့ တို့ပြောရတာပဲ နန်း"

"ဟဲ့ . . . တို့က ဘာဖြစ်လို့ သတိထားရမှာလဲ"

"နင်တစ်ယောက်တည်း မဟုတ်ဘူး နန်း၊ ထွေးရော သတိ ထားရမယ်၊ ခုပဲ . . . ကြည့်လေ၊ နင်တို့နှစ်ယောက်က တို့ကို သတိ မပေးဘဲ သူတို့နဲ့ ချိန်းပြီး သွားကြတာ မဟုတ်လား"

"ဘယ်က ချိန်းပြီးသွားရမှာလဲ၊ မြို့လယ်မှာ တွေ့လို့ တို့ အေးရှာမှာ ထမင်းချဉ် သွားစားမယ်၊ လိုက်မလားလို့ မေးတာပါ၊ ကိုစိုင်းကျော်ဝင်းက လိုက်မယ်ဆိုပြီး အတူသွားဖြစ်ကြတယ်၊ တို့တွေ က သူ့ကို ခေါ်တာ မဟုတ်ပါဘူး" ဟု မာလာထွေးက ဝင်ပြော သည်။

"ခုမှ ဆင်ခြေကန်ပြီး ငြင်းမနေနဲ့ ထွေး၊ နင်တို့နှစ်ယောက် က ခုမှသိရတဲ့ အဲဒီလူကို သူငယ်ချင်းပေါင်း,ပေါင်းပြီး ပြောကြ ရယ်ကြ လုပ်နေတာ တို့ မြင်ပါတယ်နော်၊ တို့က နင်တို့အတူ ထွက် သွားကြတယ်လို့ သတင်းရတာနဲ့ အမီ လိုက်တားတာ၊ နင်တို့က သူ့လို ယောကျ်ားချော, ချောတဲ့လူကို ကြိတ်ပြီး သဘောကျနေကြ



www.burmeseclassic.com

www.burmeseclassic.com



တယ် မဟုတ်လား"

"ဒေး . . . အဲဒီလို အရမ်းမစွပ်စွဲနဲ့၊ တို့ ရိုးရိုးပဲ ခင်တာပါ နော်"

"ခုတော့ ရိုးရိုးပေါ့၊ တွေ့တာမှ မကြာသေးတာကိုး"

"သူ့အကြောင်း မသိဘဲ ဘာမှစိတ်မဝင်စားပါဘူး၊ တကယ်တော့ ကိုစိုင်းကျော်ဝင်းရဲ့ သူငယ်ချင်းဆိုပြီး ယုံကြည်မိတယ်"

"အဲဒီ ကိုစိုင်းကျော်ဝင်းက ဒီလူ့အကြောင်း တို့လောက် မသိပါဘူး၊ အလကား၊ တုံး, အလွန်းပါတယ်၊ အဲဒီလူနဲ့ ပေါင်းရင် သူပါရောပြီး နာမည်ပျက်လိမ့်မယ်"

"အင်း . . . ဒီလိုစိတ်မျိုး ရှိမယ်လို့ မထင်ရဘူး၊ လူပုံစံက တခြားစီပဲ"

"ပြောရင်း, ပြောရင်း ပေါ်လာပြီနော် နန်း"

"တို့က အံ့သြလွန်းလို့ပါ၊ ဒါကြောင့် တို့မြို့အထိ အဝေးကြီး ထွက်ပြေးလာရတာကိုး" ဟု နောက်ဆုံး မှတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၆

"နန္ဒာဝေက မင်းအပေါ် ချစ်တဲ့အချစ်ကို မင်းရက်စက်စွာ အသုံးချခဲ့တယ်လို့ ဒေး ပြောတဲ့စကားထဲမှာ ပါလာတယ်၊ အဲဒါ ဟုတ်လား၊ ငါ ဆိုလိုတာက နန္ဒာဝေက မင်းကို ချစ်တယ်၊ အဲဒါ မင်း သိလားလို့ မေးတာ၊ ဒေးစွပ်စွဲသလို အသုံးချတာ၊ မချတာ မေးတာ မဟုတ်ဘူးနော်၊ အဲဒါကိုတော့ ငါ လုံးဝ မယုံကြည်ဘူး သူငယ်ချင်း"

တင်ဇာဒေး ပြောသွားသည့်စကားကို သူလည်း အံ့သြသည်ပင်။ ယခု စိုင်းကျော်ဝင်းက ကွက်ပြီး ထောက်ပြလာသည့် အခါ ပြန်လည်စဉ်းစားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်ပါ့မလားကွာ၊ နန္ဒာ့က ငါ့အပေါ် သူငယ်ချင်း တစ်ယောက်လို သံယောဇဉ်ကြီးတာပါ၊ တစ်ခါတလေ သံယောဇဉ် က အချစ်လို ဟန်ဆောင်တတ်တယ် စိုင်းကျော်ဝင်း၊ ရိုးရိုးသံယော ဇဉ် မဟုတ်ဘဲ နန္ဒာနဲ့ငါ့လို ငယ်ငယ်ကတည်းက တပူးတွဲတွဲ တစ်ယောက်မရှိရင် တစ်ယောက်မနေတတ်သလို၊ တစ်ယောက်မပါ ရင် တစ်ယောက်တည်း မသွားတတ်သလို ဖြစ်တဲ့ သံယောဇဉ်ကြီး တာကို ချစ်တာပဲလို့ ထင်မှတ်မှားတတ်ကြတယ်၊ ငါကိုယ်တိုင်တောင် ဒီအဖြေကို အသည်းအသန် စဉ်းစားဖူးတယ်၊ ဒီမြို့ရောက်လာတဲ့ အထိ ဇဝေဇဝါပဲ၊ သေချာတာက နန္ဒာနဲ့ ပတ်သက်ပြီး ရင်ခုန်လို့ မရဘူး"

"ဒါဆိုရင် မင်းက နန္ဒာ့ကို မချစ်ဖူးဘူးပေါ့၊ ဟုတ်လား"

"ဟုတ်လိမ့်မယ်" ဟု မရေမရာ အဖြေပေးမိသည်။ စိုင်း ကျော်ဝင်း တော်တော့်ကို မျက်စိလည်သွားဟန်တူ၏။

"ကဲ . . စိုင်း . . . မင်းစိတ်ထဲမှာ ရှင်းသွားအောင် အဖြစ် အပျက်အလုံးစုံကို ပြောပြမယ်၊ အစက ဒီအကြောင်းတွေ ငါ မပြော တာ နန္ဒာ့ကို ငဲ့ကွက်လို့ကွ၊ နန္ဒာဖြစ်ခဲ့တဲ့အကြောင်းကို ဘယ်သူမှ မသိစေချင်လို့၊ ဒါပေမဲ့ အခုလို တင်ဇာဒေး စွပ်စွဲလာပြီဆိုတော့ ပြောရတော့မယ်၊ တကယ်တော့ နန္ဒာ့မှာ ချစ်သူရှိခဲ့တယ်"

"ဟုတ်လား၊ ဘယ်သူလဲ"

"ငါ သေသေချာချာ မသိပါဘူး၊ ဒါပေမဲ့ အဲဒီလူနဲ့ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး တစ်နေ့မှာ ခိုးပြေးဖို့ ဖြစ်လာတယ်၊ ငါလည်း တားမရပါဘူး၊ ဒါနဲ့ ငါကိုယ်တိုင်ပဲ သူသွားချင်တဲ့နေရာကို ပို့ပေးခဲ့ရတယ်၊ အဲဒီ တစ်ည . . . ပျောက်သွားတယ်၊ မနက်ကျမှ ငါ့ဆီ အကူအညီလှမ်း တောင်းတယ်၊ သူ အိမ်ပြန်ချင်တယ်တဲ့၊ အဲဒီလူနဲ့ အပြီးအပိုင် လမ်းခွဲလိုက်ပြီတဲ့၊ ငါကလည်း နန္ဒာ ရှောင်ခိုင်းထားတဲ့အတိုင်း တစ်နေရာရာမှာ သွားအိပ်နေခဲ့တာ၊ ဒီတော့ တို့နှစ်ယောက်စလုံး အတူတူ ပျောက်နေတဲ့သဘော၊ လူကြီးတွေ ထင်မယ်ဆိုရင် ထင် စရာပဲ၊ ဒါပေမဲ့ နန္ဒာက အဲဒီကိစ္စကို ဖုံးမထားပါဘူး၊ နန္ဒာ သတ္တိ ရှိရှိ ရှင်းခဲ့တယ်၊ ဒါကို ငါ အရမ်းလေးစားတယ်"

"ဒီလိုဆိုရင် ဒေးက နန္ဒာဝေ မင်းကို ချစ်တာပါလို့ ပြော သွားတာလဲ၊ သူ ဘယ်ကနေပြီး ဒီအကြောင်း သိရတာလဲ"

"ငါလည်း မပြောတတ်ပါဘူးကွာ၊ ငါနဲ့ နန္ဒာက တစ်ယောက်အကြောင်းတစ်ယောက် သူများထက် ပိုသိကြပါတယ်၊ နန္ဒာမှာ ငါ့အပြင် ရင်ဖွင့်စရာဆိုလို့ သူ့ချစ်သူတစ်ယောက်ပဲ ရှိ လိမ့်မယ်၊ အဲဒီလူကလည်း တင်ဇာဒေးနဲ့ ပတ်သက်မယ် မထင်ပါ ဘူး၊ ဘာကြောင့်ဆိုတော့ ဒီလူနဲ့ဆက်နွယ်ပြီး သိတယ်ဆိုရင် ငါ့ကို စွပ်စွဲစရာအကြောင်း မရှိဘူးလေ"

"မင်းပြောတာ အကျိုးအကြောင်းသင့်တယ်၊ နန္ဒာနဲ့ တိုက် ရိုက်ပတ်သက်တာ ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲဆိုတော့ နန္ဒာ့စာကို သူ ယူပေးမယ်လို့ ပြောသွားတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . စာရောက်မှရောက်တယ်လို့ ပြောရမှာပဲ၊ လောလောဆယ် ငါက တင်ဇာဒေးရဲ့ လျှို့ဝှက်ချက်ကို အရမ်းစိတ်ဝင်စားနေတယ်၊ သူ ဘာကြောင့် ဒီလောက် အခိုင်အမာကြီး အာမခံနိုင်တာလဲ၊ ပြီးတော့ သူက အချစ်အကြောင်း ဘယ်လောက်သိလို့လဲ၊ သူကိုယ်တိုင်ကော ကြုံတွေ့ဖူးလား၊ ငါ အရမ်းသိချင်နေတယ်"

သူ အတည်ပြောလိုက်ခြင်း ဖြစ်သည်။

စိုင်းကျော်ဝင်းက ဘာကို အတွေးပေါက်ပြီး ရယ်လိုက်သည် မသိပါ။ ဖြစ်နိုင်သည်မှာ သူမ၏ ယောက်ျားလေးပုံစံ ဝတ်စားနေထိုင်မှုကြောင့် ဖြစ်မည် ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



# ၇

နန်းပြောသွားသည့်စကားတို့က တင်ဇာဒေး၏ခေါင်းထဲမှ မထွက်။ ဇော်သစ် ရန်ကုန်ပြန်ဖို့ ကားလက်မှတ် လာဝယ်သည့်အကြောင်း၊ စိုင်းကျော်ဝင်းက လာပြီး တားဆီး၍ မပြန်ဖြစ်ကြောင်းနှင့် ဒီမှာ ပျော်သလောက် နေမည်ဟုဆိုကြောင်း ကြားသိရသည်။

ပထမစတွေ့သည့် နေ့ကပင် ဇော်သစ်က သူမ၏ အကြောင်းကို စုံစမ်းကြည့်ပြီး ပြန်ဖို့ ပြင်ဆင်သည်မှာ သေချာပါသည်။

ယခုတော့ စိုင်းကျော်ဝင်းကြောင့် မပြန်ဖြစ်သည့်အပြင်



www.burmeseclassic.com

www.burmeseclassic.com



အားကိုးနှင့်မိုက်မဲလာသည် ထင်၏။ ဟိုတစ်နေ့မနက် ဆိုင်ကယ်နှင့် တိုက်ချင်တိုက်လိုက်ဖို့ ပြောသေးသည်ပဲ။ ထိုစဉ်က ဇော်သစ် အမှန် တကယ်ပင် အတိုက်ခံရန် ရပ်ပေးခဲ့သည်။ သူ့မျက်နှာက တစ်စုံ တစ်ခုအတွက် ထိခိုက်နာကြည်းနေသည့် ပုံသွင် ရှိ၏။ စိန်ခေါ်ရုံ သက်သက် မဟုတ်နိုင်။

ထိုအဖြစ်အပျက်ပြီးသည့်နောက် အေးရွာတွင် ပြန်ဆုံတွေ့ ကြသည့်အခါ ထိုအကြောင်းနှင့်ပတ်သက်၍ တစ်စွန်းတစ်စမှ စကားမဟခဲ့ပါ။ ဘာမှ မဖြစ်သလိုပင်။ စိတ်ဆိုးဒေါသထွက်သည့် အရိပ်အသွင်လည်း မတွေ့ရ။ ဘာကြောင့်လဲ။

တင်ဇာဒေးကတော့ သေချာပေါက် ရန်ဖြစ်ရပြီထင်ပြီး ဒေါင်းတင်မောင်းတင် အသင့်ပြင်ဆင်ထားခဲ့သည်။ ထိုလူအုပ်ကြား ထဲမှာ ဖြစ်လျှင် သတင်းက ဖေဖေ့နားသို့ ပေါက်သွားနိုင်သည်။ ထိုအခါတွင် ဖေဖေက သူ့ကို အသေအချာ မောင်းထုတ်ပါလိမ့် မည်။ သို့ဆိုလျှင် တခြားကိစ္စတွေ မပေါ်ပေါက်ဘဲ သူ့အလို အလျှောက် တင်ဇာဒေး၏ဆန္ဒအတိုင်း ဖြစ်သွားလိမ့်မည်။ ယခု တော့ နန္ဒာဝေ၏စာထိ ပြဿနာက ချဲ့ကားလာလေပြီ။

တင်ဇာဒေး ဘာလုပ်ရမည်ကို စဉ်းစားရပြီ။

နန္ဒာဝေ၏စာအကြောင်း ဖေဖေ သိ၍မဖြစ်ပါ။

တင်ဇာဒေး ခေါင်းပူအောင် စဉ်းစားနေစဉ်မှာ ဖုန်းဝင် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေပါ သမီး၊ သမီး . . . အခု ဘာလုပ်နေလဲ"

"သမီး ရုံးခန်းထဲမှာ ထိုင်နေတယ်လေ၊ လောလောဆယ် စာရင်းတွေက မရောက်သေးဘူး၊ ဒါနဲ့ ကွန်ပျူတာကို ပြန်ကြည့်နေတယ်" ဟု တင်ဇာဒေး လိမ်ညာလိုက်သည်။

"အဲဒီကွန်ပျူတာနဲ့ ပတ်သက်ပြီး ပြောစရာရှိလို့"

"ဘာလဲ ဖေဖေ"

"သမီးပဲ ကုမ္ပဏီမှာသုံးတဲ့ ကွန်ပျူတာကို အဆင့်မြှင့်ချင်တယ်လို့ ပြောတယ် မဟုတ်လား၊ အဲဒါ အခု အဆင်ပြေပြီ၊ သမီးတို့ ကွန်ပျူတာတွေနဲ့ ပတ်သက်ပြီး အကြံကောင်းကောင်းပေးနိုင်မယ့် လူတစ်ယောက်ကို ဖေဖေ သိထားတယ်၊ အခုပဲ . . . သမီးဆီကို လွှတ်လိုက်မယ်"

တင်ဇာဒေး ဝမ်းသာသွားသည်။ ကုမ္ပဏီမှာ ထားရှိသည့် ကွန်ပျူတာနှစ်လုံးစလုံး အခက်အခဲကိုယ်စီရှိနေသည် မဟုတ်လား။

"အဲဒါဆိုရင် အဆင်ပြေတာပေ့ါ . . . ဖေဖေ"

"ဖေဖေ ကိုယ်တိုင်တော့ လိုက်မလာနိုင်ဘူး၊ တစ်ယောက်ယောက်က လိုက်ပို့လိမ့်မယ်၊ ဖေဖေက ကွန်ပျူတာနဲ့ပတ်သက်ပြီး ဘာမှနားမလည်တော့ သမီးပဲ ပြောဆိုရှင်းပြပါ၊ ဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ . . . သိပ်မကြာပါဘူး၊ အခု ရောက်လာလိမ့်မယ်၊ ဒါပဲနော်၊ သမီး ပြောစရာရှိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာ မရှိပါဘူး ဖေဖေ"

"ဒါဖြင့် ပြီးရော ဖေဖေ ဂေါက်ရိုက်သွားစရာ ရှိတယ်"

ဖေဖေ ဖုန်းချသွားသည်။

အခုချက်ချင်း လွှတ်လိုက်မယ်ဆိုတော့ သိပ်ကြာမည် မဟုတ်။ ထို့ကြောင့် ဘယ်မှမထွက်ဘဲ ထိုင်စောင့်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



# ၈

"ဒေး . . . ဆရာ လွှတ်လိုက်တဲ့လူ" ဟု အိုက်မောင်း ပြောဆိုလိုက်သည်ကိုပင် သတိမထားဖြစ်။ ထိုင်ခုံမှ ဝုန်းခနဲ ထရပ်မိသွားသည်။

တော်တော့်ကို မျက်နှာပြောင်လွန်းတဲ့လူ။ အသိဉာဏ် ခေါင်းပါးလွန်းတဲ့လူ။ ဒီကုမ္ပဏီရုံးခန်းမှာ သူမပဲ ရှိမည်ကို ဒီလူ သိသင့်သည်။ ယခု တကယ့်ကို ထီမထင် ဂရုမစိုက်ဘူးဆိုတဲ့သဘော လား။ တွေ့ကြပြီပေါ့။

"ရှင် . . . ခုချက်ချင်း ထွက်သွား၊ ရှင့်အကူအညီ ကျွန်မ မလိုအပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



တင်ဇာဒေး စိတ်မထိန်းနိုင်ဘဲ အော်ပစ်လိုက်သည်။

"ဒီမယ် ဒေး . . . မင်းရဲ့အဖေက အကူအညီတောင်းလို့ တို့ လာခဲ့တာ၊ တို့ လာချင်တယ်လို့ မထင်ပါနဲ့၊ ဒီရောက်ရင် မင်းနဲ့ တွေ့ရမယ်ဆိုတာ တို့ သိပါတယ်"

"ကျွန်မ ရှင့်ကို မတွေ့ချင်ဘူး"

"ဒါက မင်းဘက်က ပြဿနာပဲ၊ တို့ဘက်က ဒီလိုစိတ် မရှိပါဘူး"

"ဖေဖေ ဖုန်းဆက်တုန်းက ရှင်ဖြစ်လိမ့်မယ်လို့ ကျွန်မ မထင်ခဲ့ဘူး၊ အဲဒါကြောင့် လက်ခံတာ၊ အခု . . . ကွန်ပျူတာ လာ ကြည့်ပေးမယ့်လူက ရှင် ဖြစ်နေတယ်၊ ဒီတော့ ကျွန်မ လက်မခံနိုင် ဘူး၊ ရှင်ကသာ ကျွန်မ ရှိမယ်ဆိုတာ သိရဲ့သား လာဝံ့သေးတယ်၊ ရှင် . . . ဘယ်လိုလူလဲ၊ သိပ်ပြီး သတ္တိရှိတယ်ပေါ့၊ ဟုတ်လား"

"တို့ သတ္တိရှိတာ မဟုတ်ပါဘူး၊ မင်းနဲ့တို့ကြားမှာ ပြဿနာ မရှိဘူးလို့ တို့စိတ်က ထင်တယ်၊ နန္ဒာဝေရဲ့ကိစ္စကလည်း တို့အတွက် ရှင်းပါတယ်၊ အဲဒါကြောင့် တို့ ဘယ်သူ့ကိုမှ မကြောက်တာပါ"

ဇော်သစ်သည် သူမ၏ဒေါသကို အလျဉ်းဂရုမစိုက်ဘဲ ရပ် ကြည့်နေ၏။

တင်ဇာဒေး မကြိုက်သည်က အဲဒီပုံစံ။

"အိုက်မောင်း . . . သူ့ကို အခန်းထဲက ဆွဲထုတ်လိုက်" ဟု ဒေါသတကြီးနှင့် အမိန့်ပေးလိုက်သည်။ အိုက်မောင်းက အလွန်



www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်၏။ သူ့လက်ကို ဖမ်းချုပ်လိုက်သည်။ သူက ရုန်းကန်သည့် အခါ အိုက်မောင်း တစ်ချက်ပဲ ထိုးချလိုက်၏။ ခွပ်ခနဲ မြည်သံ ပေါ်ထွက်လာ၏။ လှုပ်ရှားတာ လျှင်မြန်လွန်းသဖြင့် တားဆီးချိန် မရလိုက်ပါ။

နံရံကို ပစ်တိုက်ပြီး ကြမ်းပြင်ပေါ် မှောက်ကျသွားသည်။

"အိုက်မောင်း . . . မလုပ်နဲ့၊ တော်တော့"

အိုက်မောင်းက သူ့အပေါ် ခွရပ်လိုက်၏။ တင်ဇာဒေးက လှမ်းမဟန့်လိုက်လျှင် နောက်ထပ် ထိုးကြိတ်ပေလိမ့်မည်။

ဤမျှထိ ဖြစ်သွားဖို့ မရည်ရွယ်ပါ။ ဤအခန်းထဲမှ ဆွဲထုတ် သွားရုံလောက်ပါပဲ။ အိုက်မောင်းက သူမတို့နှစ်ယောက် ရန်ဖြစ် သလို စကားများနေသည်ဟု ထင်မြင်ပြီး လုပ်လိုက်သည်ထင်၏။

ယခုတော့ လက်လွန်သွားပြီ။

အဲဒါမှ ပြဿနာ။

ဒီလိုဖြစ်တာ ဖေဖေ သိရှိသွားရင် သေချာပေါက် ရှင်းလင်း ရပြီ။

တင်ဇာဒေး အပြေးသွားပြီး အိုက်မောင်းကို တွန်းဖယ် လိုက်သည်။ ထို့နောက် သူ့မျက်နှာကို ငုံ့ကြည့်လိုက်၏။ နှုတ်ခမ်းစွန်း မှ သွေးစီးကျနေ၏။ ငြိမ်သက်နေရာမှ လူးလွန့်ဖို့ ကြိုးစားနေသည်။ သတိကောင်းကောင်း မရသေး။

"အိုက်မောင်း . . . ငါက ဆွဲထုတ်ဖို့ပဲ ပြောတာ၊ ထိုးကြိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖို့ မဟုတ်ဘူး”

“သူက ဒေးကို တစ်ခုခု ပြန်လုပ်မယ်ထင်ပြီး ကျွန်တော် လက်ဦးအောင် ဆော်ထည့်လိုက်တာပါ”

“တော်တော့၊ ငါ အဲဒီလောက်ထိ မပြောသေးဘူး”

အိုက်မောင်းက ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေ၏။

“သေချာကြည့်ပေးစမ်းပါဦး၊ ကျိုးပွဲသွားသလားလို့” ဟု ခိုင်းလိုက်သည်။ သူမကတော့ မကိုင်ကြည့်ရဲပါ။ အိုက်မောင်းက သူ့ပါးကို ဖျစ်ညှစ်၍ စမ်းသပ်ကြည့်သည်။ ပြီးမှ “အကျိုးအပွဲ မရှိပါဘူး၊ နှုတ်ခမ်းနည်းနည်းကွဲသွားလို့ သွေးထွက်တာပါ၊ စိတ်ချပါ၊ ကျွန်တော့်လက်ကို ကျွန်တော် သိပါတယ်” ဟု ကြားရတော့မှ သက်ပြင်းချနိုင်သည်။

“ကဲ . . . ဆွဲထူပြီး ထိုင်ခုံပေါ် တင်ပေး၊ ပြီးရင် နင် ပြန်တော့၊ ဒီကိစ္စ ငါ့ဘာသာ ရှင်းမယ်၊ နင့်ကို တစ်ခုတော့ သတိပေးလိုက်မယ်နော်၊ အခုလိုဖြစ်တာ ဖေဖေ လုံးဝမသိစေနဲ့၊ ဖေဖေ သိသွားလို့ကတော့ နင် အသိပဲ၊ သဘောပေါက်လား”

“ဟုတ်ကဲ့၊ ကျွန်တော် မပြောပါဘူး”

အိုက်မောင်းသည် သူ့ကို ထိုင်ခုံပေါ်တင်ပေးပြီး ပြန်သွားသည်။ သူက တအင်းအင်း ညည်းညူရင်း မျက်လုံးဖွင့်ကြည့်လာ၏။

သူ့ပါးစပ်မှ ယိုစီးကျလာသည့် သွေးတို့ကို သုတ်ဖယ်ပေးနေသည့်လက်က နောက်သို့ တွန့်ဆုတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်နှုတ်ခမ်းမှာ သွေးထွက်နေတယ်၊ ဒါနဲ့ ဖိထား" ဟု ဆိုကာ မျက်နှာသုတ်အဝတ်စကို ပေးလိုက်သည်။ ထို့နောက် စားပွဲ အံဆွဲထဲမှ ပလာစတာကတ်ကို ရှာဖွေလိုက်သည်။ အရေးအကြောင်း ရှိလျှင် ရုတ်တရက် ရှာ၍မရတတ်ပါ။

"ဒီမယ် ကိုဇော်သစ် . . . ကျွန်မက ထိုးခိုင်းတာ မဟုတ်ဘူးနော်၊ သူက သူ့ဘာသာသူ လုပ်ထည့်လိုက်တာ၊ အဲဒါတော့ ရှင် သိသင့်ပါတယ်"

သူက သူမ၏မျက်နှာကို ခပ်ငေးငေးစိုက်ကြည့်ရင်း "ဒါပေမဲ့ မင်း ကျေနပ်ဝမ်းသာသွားတယ် မဟုတ်လား" ဟု အားယူ ပြီး ပြန်ပြောသည်။

"ကျွန်မ ကျေနပ်တယ်၊ ဟုတ်လား၊ ဘာဖြစ်လို့ ကျေနပ်ရမှာလဲ"

"မင်းက ငါ့ကို သတ်ပစ်ချင်လောက်အောင် မုန်းနေတယ် မဟုတ်လား"

ရုတ်ခြည်း တင်ဇာဒေး၏မျက်နှာတွင် ဒေါသငွေ့ ယှက်သန်းသွားသည်။

"ဟုတ်တယ်၊ ရှင့်ကို ကျွန်မ မုန်းတယ်၊ ဒါပေမဲ့ ဒီလိုဖြစ်ဖို့ ကျွန်မမှာ ရည်ရွယ်ချက် မရှိဘူး၊ ရှင် ဒီမြို့က အမြန်ဆုံး ထွက်သွားတာပဲ ကျွန်မ မြင်ချင်တယ်၊ မတော်လို့ အကြောင်းစုံကို ကျွန်မရဲ့ ဖေဖေ သိသွားရင် ရှင် မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ပြောတာတွေ တို့ တစ်ခုမှ နားမလည်ဘူး တင်ဇာဒေး၊ မင်းဆီမှာ လျှို့ဝှက်ချက်တော့ ရှိလိမ့်မယ် ထင်တယ်၊ အဲဒါ တို့ သိချင်တယ်"

သူ စကားပြောတိုင်း ဒဏ်ရာကြောင့် ရှုံ့မဲ့သွားသည်။

"ကျွန်မဘက်မှာ ဘာမှ မှားယွင်းတဲ့လျှို့ဝှက်ချက်မှ မရှိဘူး ကိုဇော်သစ်၊ ရှင့်မှာသာ လျှို့ဝှက်ထားတဲ့ အမည်းစက်နဲ့ပါ၊ အဲဒါကို ရှင်က ငြင်းချင်သေးလို့လား"

"မင်း နန္ဒာဝေကို သိနေတာပဲ၊ မေးကြည့်ပေါ့၊ သေချာတာက မင်းရဲ့လက်ထဲမှာ ဘာစာမှ မရောက်သေးဘူး မဟုတ်လား၊ အကြောင်းကိစ္စတစ်ခုကို မခိုင်လုံဘဲ ဘာကြောင့် စွပ်စွဲချင်ရတာလဲ၊ တို့နဲ့ နန္ဒာဝေကြားမှာ ဘာပြဿနာမှ မရှိပါဘူး၊ မင်း ယုံကြည်ပါ"

သူမ နှုတ်ခမ်းမဲ့လိုက်သည်။

ထို့နောက် "ခဏ" ဟု ဆိုကာ ရုံးခန်းတံခါးကို ပြေးပိတ်လိုက်သည်။ "မေ့နေလို့၊ တော်ပါသေးရဲ့" ဘယ်သူမှ မသိလိုက်ဘူး ထင်တယ်" ဟု ပြောရင်း သက်ပြင်းချလိုက်သည်။ ရုံးခန်းက အသံလုံသည့်အတွက် တော်ပါသေးသည်။

"ကိုဇော်သစ်၊ ကျွန်မ တစ်ခုပြောမယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူမှ မသိစေချင်ဘူး၊ အထူးသဖြင့် ရှင့်သူငယ်ချင်း ကိုစိုင်းကျော်ဝင်းကို မပြောစေချင်ဘူး၊ အဲဒါက ကျွန်မ ကိုစိုင်းကျော်ဝင်းကို ကြောက်လို့ မဟုတ်ဘူး၊ သူကတစ်ဆင့် မဆိုင်တဲ့လူတွေနားထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်သွားမှာ စိုးရိမ်လို့၊ ဘယ်လိုလဲ၊ ရှင် လျှို့ဝှက်ထားပေးမယ် မဟုတ်လား”

သူ အားတင်းပြီး သဲ့သဲ့ပြုံးလိုက်သည်။

“မင်းရဲ့အဖေဆီကို မရောက်စေချင်တာ မဟုတ်လား”

“ရှင်”

“မင်း ဟိုလူ့ကို ဘာပြောလိုက်တယ်ဆိုတာ တို့ ကြားပါတယ်၊ တို့ သတိပြန်ရနေပြီ၊ ဒါပေမဲ့ လှုပ်လို့ မရသေးလို့ပါ၊ အခုထိ ခေါင်းတွေ လေးနေတုန်းပဲ”

“ရှင် ဘာမှမဖြစ်ပါဘူး၊ ကျွန်မ စစ်ဆေးပြီးပါပြီ၊ ကျွန်မ အသိဆေးခန်းကို လိုက်ပြပေးပါ့မယ်၊ ဒီအတွက် စိတ်ချပါ၊ အဓိက, က ခုနက ပြောသလိုပဲ ဒီအဖြစ်ကို ရှင် လျှို့ဝှက်ထားပေးပါ၊ ရှင် ချော်လဲပြီး နံရံတစ်ခုခုနဲ့ ဒါမှမဟုတ် သစ်ငုတ်နဲ့ ဆောင့်ပါတယ် ပေါ့၊ ဟုတ်လား၊ ကျွန်မ ပြောတဲ့အတိုင်း လိုက်နာပါ ကိုဇော်သစ်၊ ဒီကိစ္စက ကျွန်မအတွက်တင်မကဘူး ရှင့်အတွက်ပါ အရေးကြီးတယ်”

“ကောင်းပါပြီ ဒေး၊ မင်းရဲ့စကားကို တို့ လိုက်နာပါ့မယ်၊ အဲဒါက မင်းရဲ့စိုးရိမ်မှုတွေ မျက်လုံးမှာ အထင်းသား ပေါ်နေလို့ပါ၊ ကဲ . . . ဆေးခန်းတော့ မသွားတော့ပါဘူး၊ ရပါတယ်”

သူ ထိုင်ရာမှ ထရပ်လိုက်သည်။

တင်ဇာဒေးက စိုးရိမ်တကြီးနှင့် သူ့အနီးသို့ ချဉ်းကပ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး လက်တွဲရန် ဟန်ပြင်သည်။ ပြီးမှ စိုးရွံ့သလိုလိုနှင့် လက်ကို ပြန်ရုပ်သိမ်းကာ . . .

"ဆေးခန်း ပြလိုက်ပါ၊ အဲဒါဆိုရင် စိတ်ချရပါတယ်"

"နေပါစေ . . . တို့ဘာသာ ပြန်ပျံ့မယ်"

"မဟုတ်ဘူး၊ ဆေးခန်းသွားကြရအောင်၊ သိပ်ပြီး မဝေးပါဘူး၊ တော်ကြာ အတွင်းထဲက တစ်ခုခု ဖြစ်နေရင် မကောင်းပါဘူး၊ စစ်ဆေးကြည့်လိုက်တာ မမှားပါဘူး၊ ကျွန်မ စေတနာနဲ့ ပြောတာပါ၊ ကိုယ့်အပြစ်ကို ဖုံးကွယ်ချင်လို့ မဟုတ်ဘူး"

"မင်းသဘောပဲ ဒေး၊ မင်းဟာ နန္ဒာဝေနဲ့ တစ်နည်းနည်းနဲ့ ပတ်သက်နေတဲ့ လူတစ်ယောက်ဖြစ်လို့ တို့ ခွင့်လွှတ်လိုက်ပါတယ်"

တင်ဇာဒေး ထုံးစံအတိုင်း နှုတ်ခမ်းမဲ့မဲ့နှင့်။



www.burmeseclassic.com

www.burmeseclassic.com



# ၉

မင်းရဲ့မျက်လုံးထဲမှာ အမုန်းတရားတွေ မရှိတဲ့အချိန်ဟာ ဘယ်လောက်လှပလိုက်သလဲ ဒေးရယ်။ မင်းက မင်းကိုယ်မင်း သတိမထားမိပေမယ့် တို့က တစ်ချိန်လုံး သတိထားနေမိတယ်။ တကယ်ပါ။

ဒီလို ေးကြည့်စရာကောင်းတဲ့ မျက်နှာမျိုး တို့ တစ်ကြိမ်တစ်ခါမှ မကြုံတွေ့ဖူးပါဘူး။ တို့ရင်ထဲမှာ နွေးသိမ့်တဲ့လှိုင်းတွေ တဖြတ်ဖြတ် ရိုက်ခတ်နေကြသလိုပါပဲ။ ဒီလိုလေး . . . ကြင်နာစိုးရိမ်တဲ့ မျက်နှာလေး ဒေးမှာ အမြဲ ရှိနေစေချင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အဲဒီမျက်နှာကို အမြဲကြည့်ခွင့်ရမယ့် အခြေအနေကို ရရှိချင်တယ်။

မင်းရဲ့အနားမှာ အမြဲတမ်း နေချင်လိုက်တာ။

ဒီကမ္ဘာပေါ်မှာ မင်းထက် ချောမောလှပတဲ့ မိန်းကလေးတွေ အများကြီးပါပဲ။ နန္ဒာဝေဆိုရင် မင်းထက် လှပါတယ်။ ဒါပေမဲ့ ဘာကြောင့် ဒီခံစားချက်မျိုးကို မပေးနိုင်ကြတာလဲ။ ဒီလို ကျေနပ်မှုမျိုး ဖြစ်ပေါ်မလာရတာလဲ။ သေချာအောင် ပြောရရင် မင်းကို ပိုင်ဆိုင်ချင်တယ်။ တစ်သက်လုံး ရင်ခွင်ထဲမှာ ထွေးပွေ့ထားချင်မိတယ်။

မင်းဟာ သီးသန့်မဟုတ်ပါဘူး။ မင်းဟာ မင်းတစ်ယောက်တည်း မဟုတ်ပါဘူး။ မင်းဟာ ငါပါပဲ၊ ငါကလည်း မင်းပါပဲ၊ တစ်ယောက်တည်းလို့ပဲ မြင်မိတယ်။ ဘယ်လိုမှ ခွဲခွဲခြားခြား မမြင်နိုင်ပါဘူး။ ဒီအချိန်ကစပြီး ငါဟာ မင်းဖြစ်သွားပြီ . . . ဒေး။

ဒီလိုခံစားချက်မျိုးက အံ့သြဖို့ ကောင်းလိုက်တာ။

လုံးဝ ဆန်းကျယ်တယ်နော်။

အဲဒါကြောင့်လည်း လူတွေက အမြတ်တနိုးနဲ့ "အချစ်" လို့ ပြောကြတာကိုး။

ဒီထက်မက ပြောလို့ရမယ်ဆိုရင် ပြောချင်ပါသေးတယ်။ ဒါပေမဲ့ ဒီနေရာမှာ စကားလုံးက မလုံလောက်တော့ဘူး။ ဘာမှလည်း မတင်စားချင်ဘူး။ ရိုးရိုးပဲ ပြောရတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေးကို ချစ်တယ်။

နှုတ်က ဖွင့်မပြောပေမယ့် တို့အကြည့်တွေကို ဒေး ရိပ်မိတယ် ထင်တယ်။ ခုနက ကြည်လင်နေတဲ့မျက်နှာလေး လ,ငပုပ်ဖမ်းသလို ညှိုးပုပ်သွားတယ်။ ဆရာဝန်ရဲ့အနီးမှာ ရပ်ပြီး ဂရုတစိုက်ကြည့်ရင်းက "ဆရာ . . . ကျွန်မတို့ အတူတူ ဆေးခန်းလာပြတာဘယ်သူမှ မသိစေချင်ပါဘူး၊ သူက ကျွန်မရဲ့ကုမ္ပဏီမှာ လာလည်ရင်း ချော်လဲသွားတယ်၊ ကြမ်းခင်းတွေ မကောင်းလို့ ဖြစ်မယ်၊ အဲဒါဘာဖြစ်သွားသလဲ မသိဘူး" နဲ့ တတွတ်တွတ် ပြောနေတယ်။

"ဒဏ်ရာက နည်းနည်းပြင်းထန်တယ်၊ အခုပဲ . . . ရောင်တက်လာတာ ကြည့်ပါလား၊ နောက် နှစ်ရက် သုံးရက်တော့ ဆက်တိုက်လာမှ ဖြစ်မယ်၊ အဲဒါမှ ကိုက်ခဲတယ်၊ တစ်ခုခုဖြစ်တယ်ဆိုရင်ဓာတ်မှန်ရိုက်ကြည့်ရမယ်၊ လောလောဆယ် . . စောင့်ကြည့်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ နောက်ရက်တွေလည်း ဆက်ဆက်လာပါ့မယ်၊ ကျွန်မ မလာဖြစ်ရင်လည်း ဂရုစိုက်ပေးပါနော်"

"ဒီအတွက် မပူပါနဲ့၊ ဒေးရဲ့လူနာပဲ၊ အန်ကယ် ဂရုစိုက်ရမှာပေါ့"

ဖြစ်နိုင်မယ်ဆိုရင် အဲဒီဆေးခန်းထဲမှာပဲ လဲလျောင်းနေချင်တယ်။

ဘာကြောင့်လဲဆိုတော့ ဆေးခန်းထဲမှာ ဒေးရဲ့မျက်နှာကအမုန်းတွေ ကင်းစင်နေလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်သစ် . . . ဆရာပြောတာ ကြားတယ်နော်၊ နောက်နှစ်ရက်၊ သုံးရက် လာပြရလိမ့်မယ်တဲ့"

စိတ်ချ။ တစ်သက်လုံး လာပြပါ့မယ်။



www.burmeseclassic.com

www.burmeseclassic.com



# ၃၀

တင်ဇာဒေး၏ပယောဂကြောင့် နန်းနှင့်ထွေးတို့ တမင်ရှောင်ပြေးကြသည်။ ဖြစ်သည်မှာ ညနေခင်း ဈေးတန်းမှာ။ သူက စိုင်းကျော်ဝင်း ဈေးဝယ်ရာနောက်သို့ လိုက်လာခဲ့၏။ ဈေးတန်း၏အလယ် လူအုပ်ကြားတွင် ဘွားခနဲ မျက်နှာချင်းဆိုင် တိုးမိကြသည်။

နန်းတို့ တကယ်ကြောက်လန့်တကြား ဖြစ်သွားသည်။

"နန်း . . . ဈေးလာဝယ်တာလား"

ဟု နှုတ်ဆက်လိုက်သည့်အခါ ချက်ချင်းမျက်နှာလွှဲကာ ရှောင်ထွက်သွားသည်။ လူအုပ်ကြားထဲသို့ အလျင်အမြန် တိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ ဤမျှ ဆိုးဝါးသည့် အမူအရာများကြောင့် နှုတ်ဆက်မိသည့်သူပင် ကြောင်အမ်းအမ်း ဖြစ်သွားရသည်။

စိုင်းကျော်ဝင်းက နောက်နားတွင် စျေးဝယ်နေရာမှ ထိုအဖြစ်ကို မြင်လိုက်ဟန်တူ၏။

"ဇော်သစ် . . . မင်း ဘာဖြစ်လို့ သွားနှုတ်ဆက်တာလဲ"

"ဒီလောက် ဖြစ်မယ်မှ မထင်တာ"

"သူတို့နှစ်ယောက်က ဒေးရဲ့ အခင်မင်ဆုံး သူငယ်ချင်းတွေလို့ ငါပြောထားတယ် မဟုတ်လား၊ ပါချင်းပါရင် သူ့သူငယ်ချင်းဘက်က ပါမှာပေါ့၊ အေးရွှာမှာကတည်းက ထပြန်သွားတာ ကြည့်ပါလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ သူတို့က စ, မခေါ်တာ အကြောင်းမဟုတ်ပါဘူး၊ ကိုယ်က စ, မခေါ်ရင်သာ မကောင်းတာ၊ အဲဒါကြောင့် ဘာပဲဖြစ်ဖြစ် နှုတ်ဆက်လိုက်တာ၊ အခု သဘောပေါက်ပြီပေါ့"

"အေး . . . မင်း သဘောပေါက်တော့ ဇော်သစ်၊ နောက်ဆိုရင် သတိထား"

သူ လေးပင်စွာ ခေါင်းညိတ်လိုက်၏။

"မင်းရဲ့ပါးက ဒဏ်ရာကြီးကိုလည်း စမြင်လိုက်တာနဲ့ သူတို့နဲ့ တစ်ခုခုဖြစ်ပြီလို့ ငါထင်တာ၊ တကယ်၊ တစ်ကိုယ်လုံး ပူထူသွားတယ်၊ ဟုတ်များ ဟုတ်လို့ကတော့ ဘာပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မှာပဲ စာရင်းပြတ်ရှင်းပစ်မယ် . . . ငါ ဂရုမစိုက်ဘူး”

လမ်းတွင် ငွေးရင်း ဝင်တိုက်ပြီး လဲကျခဲ့သည်ဟု သူ ပြော ထားခဲ့သည်။

နန္ဒာဝေ၏ ကိစ္စနှင့် ပတ်သက်ပြီး စိတ်နှင့်ကိုယ် တခြားစီ ငေးငိုင်နေတတ်ခြင်းကို စိုင်းကျော်ဝင်းက သိရှိနေသဖြင့် သူပြော သည့်စကားကို ယုံကြည်သွားသည်။ တင်ဇာဒေးက မပိတ်ပင်လျှင် လည်း ဒီလိုပဲ လိမ်ညာမိပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် တင်ဇာဒေးအပေါ်တွင် သူ့သဘောထားတွေ ပြောင်းလဲသွားပြီ မဟုတ်ပါလား။

နန္ဒာဝေတုန်းက သူငယ်ချင်းမို့ အနစ်နာခံခဲ့သလို တင်ဇာဒေးကိုလည်း ချစ်သူမို့ အနစ်နာခံဖို့ အသင့်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

"သမီး . . . ဒီနေ့ အဲဒီလူနဲ့ အဆင်ပြေလား"

ဖေဖေ၏အမေးကို ရုတ်တရက် နားမလည်သဖြင့် "ဘယ်သူနဲ့လဲ . . . ဖေဖေ" ဟု ပြန်မေးမိသည်။

"ဖေဖေ လွှတ်လိုက်တဲ့လူလေ . . . သမီးတို့ ကွန်ပျူတာတွေ ကြည့်ပေးသွားလား"

ထိုအခါမှ သဘောပေါက်တော့သည်။

တစ်နေ့လုံးလုံး သူ၏ဒဏ်ရာဆီသို့ စိတ်က ရောက်နေ၏။ ထို့ကြောင့် ကွန်ပျူတာကိစ္စကို လုံးလုံးသတိမရ။ ယခု ဖေဖေ မေး



www.burmeseclassic.com

www.burmeseclassic.com



လာတော့မှ ကွန်ပျူတာကိစ္စကို သတိရတော့သည်။

"အဆင်ပြေပါတယ် ဖေဖေ၊ ပြဿနာကြီးကြီးကျယ်ကျယ် မရှိပါဘူး"

"သူ သေသေချာချာ ကြည့်ပေးသွားလား"

"ဟုတ်ကဲ့"

"သူ တကယ်ပဲ ကျွမ်းကျင်တယ်လို့ ပြောတာပဲ"

"ဟုတ်ပါတယ်၊ သူ သမီးတို့ကိုင်တဲ့ ကွန်ပြူတာနဲ့ ပတ်သက်ပြီး မသိတာတွေ ရှင်းပြသွားပါသေးတယ်၊ သူ နားလည်တယ်ဆိုတာ သေချာပါတယ် ဖေဖေ"

ဖေဖေက သဘောကျသည့်အသွင် ခေါင်းညိတ်လိုက်သည်။

"သမီး ကောင်းကောင်းမွန်မွန် ဧည့်ခံလိုက်သလား"

"ဘာလဲ . . . ဖေဖေ"

"အော် . . . ကော်ဖီတွေ ထမင်းတွေ ကျွေးမွေးဧည့်ခံတာကို မေးတာပါ"

တကယ့်အဖြစ်ကို ဖေဖေသိလျှင် ဘာပြောမည်မသိ။ အိုက်မောင်း ကျွေးလိုက်သဖြင့် ဆေးခန်းရောက်သွားကြောင်း ပြောလိုက်လျှင် ဖေဖေ လန့်ဖျပ်သွားမည်ထင်သည်။ ဖေဖေနှင့် စကားပြောနေရင်းက သူ့မျက်နှာက ဒဏ်ရာကို မြင်ယောင်မိပြန်သည်။ ဘယ်လိုမှ မေ့ဖျောက်လို့ မရပါလား။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆေးခန်းထဲမှ သူ့အကြည့်က တစ်မျိုးကြီးပဲ။

တမက်တမောနှင့် ငေးကြည့်ပုံက လုံးဝမရိုးသားဘူး။ အဲဒီလို မကြည့်နဲ့လို့ အပြတ်အော်ပစ်လိုက်ချင်တယ်။ အရမ်းစိတ်တိုတယ်။

"သမီး . . . သူ့ကို လက်ဆောင်တစ်ခုလောက် ပေးလိုက်ပါ"

အတွေးတွေက ဟိုရောက်ဒီရောက် ဖြစ်နေသဖြင့် ရုတ်တရက် မကြားလိုက်။

ထို့ကြောင့် . . .

"ဖေဖေ . . . ဘာပြောတာလဲ" ဟု ထပ်မေးရ၏။

"သူက သမီးရဲ့ ကွန်ပျူတာကို ဘာမှအထူးအထွေ လုပ်မပေးရပေမယ့် ဒီလို လာကြည့်ပေးတာကိုပဲ ကျေးဇူးတင်ရမယ်၊ နောက်,နောင် အကူအညီ မလိုအပ်ဘူးလို့ အပြတ်မပြောနိုင်ဘူး၊ ပြီးတော့ ကိုယ်က သိတတ်တဲ့အနေနဲ့ လူမှုရေးအရ လက်ဆောင်တစ်ခုခု ဝယ်ပေးလိုက်တော့ ကျေးဇူးတင်ရာလည်း ရောက်တယ်၊ သူလည်း ဝမ်းသာကျေနပ်သွားမယ်၊ ကိုယ့်ကို နောက်ဆိုရင် အလေးထားပြီး ဆက်ဆံလာမှာ သေချာတယ်၊ စီးပွားရေးမှာ ဒီလိုအသေးအဖွဲ့တွေကပဲ အောင်မြင်မှုကြီးကြီးတွေကို မမျှော်လင့်ဘဲ ရတတ်တယ် . . . သမီး၊ ဘယ်တော့မှ မပေါ့ဆနဲ့၊ လက်ဆောင် ဝယ်ပေးလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သမီး တစ်ခုခု ဝယ်ပေးလိုက်ပါ့မယ်"

ဖေဖေ အကြောင်းတိုက်ဆိုင်သည့်အခါတိုင်း အလုပ်နှင့် ပတ်သက်၍ ဤသို့ပင် သွန်သင်ဆုံးမတတ်ပါသည်။ သို့ရာတွင် ဖေဖေ၏အကြံပေးချက်က ဤကိစ္စနှင့် တခြားစီ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ဒီနေ့မနက် တင်ဇာဒေး လာမည့်လမ်းကို တမင် သူစောင့်နေခြင်း ဖြစ်သည်။

လမ်းဘေးရှိ ထင်းရှူးပင်ကို လက်ထောက်ကာ ရပ်နေမိ၏။ နှင်းငွေ့ရိုက်ကာ စိုစွတ်နေသည့် ပင်စည်က အေးစက်စက်။ ဖြတ်၍ ဖြတ်၍ ပြေးသွားကြသည့် နှင်းကန့်လန့်ကာတို့က ရင်ထဲအသည်းထဲ ထိ အေးခနဲ ဖြစ်သွားသည်။

အချိန်က အလွန်စောလွန်းသည်။

နှလုံးသား၏ တိုက်တွန်းမှုကြောင့် မနက်စောစောပင်



www.burmeseclassic.com

www.burmeseclassic.com



ထလာခဲ့မိသည်။

ဤမျှ ဒုက္ခလောက်တော့ ခံနိုင်ရည် ရှိရပေလိမ့်မည်။

နံနက်အလင်းရောင်က ဖြူဖပ်ဖြူရော်နှင့် ထိုးဖောက်လာချိန်မှာပင် တင်ဇာဒေး၏ဆိုင်ကယ်ကို မြင်တွေ့ရတော့သည်။ ပုံသဏ္ဌာန် မပီသပေမယ့် တင်ဇာဒေးဟူသည့် အသိစိတ်ကြောင့် ရင်တွင် နွေးသိမ့်၊ ခုန်လှုပ်လာ၏။

"ဟော့ . . . " ဟု အော်ရင်း လမ်းမှ ဖြတ်တားလိုက်သည်။

တင်ဇာဒေးက တုံ့ခနဲ ဆိုင်ကယ်ကို ရပ်တန့်လိုက်ပြီး "ဘာလာလုပ်တာလဲ" ဟု ခပ်စိမ်းစိမ်း လှမ်းမေးသည်။

"ဘာမှ မဟုတ်ဘူး၊ မင်းကို စောင့်နေတာ"

"ရှင် ဒဏ်ရာကြီးနဲ့ စောစောစီးစီး လမ်းထလျှောက်ရသလား၊ နှင်းတွေ အရမ်းကျနေတာ၊ ဒဏ်ရာက အေးလွန်းရင် အကျက်မမြန်တတ်ဘူး၊ အဲဒါ ရှင် မသိဘူးလား"

သူမ ဆိုင်ကယ်စက်ရပ်ပြီး ဆင်းလိုက်သည်။

"မင်းနဲ့ စကားပြောချင်ရင် ဒီတစ်နေရာပဲ ရှိတယ်လေ၊ ဒဏ်ရာတွေ ဘာတွေကို ဂရုမစိုက်နိုင်အားပါဘူး"

"ဒဏ်ရာက အရေးကြီးတယ်၊ စကားက ဘယ်အချိန်, ပြောပြော, ပြောလို့ရတယ်"

"မင်း တို့ကို ခွင့်ပြုပြီလား"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အော် . . . ဘယ်အချိန်ဖြစ်ဖြစ်, တွေ့လို့ရတယ်ဆိုတာ လေ"

တင်ဇာဒေး၏မျက်နှာက ယောင်ယောင်လေး တင်းသွားသည်။ မဖြေရှင်းရသေးသည့် ပြဿနာတွေ ရှိသေးသည်ပဲ။

"ကျွန်မ ပြောနေတာက ဒဏ်ရာအကြောင်းပါ။ ကိုက် တယ်၊ ခဲတယ်၊ ဒီနေ့ သက်သာတယ်၊ မသက်သာဘူး၊ အဲဒါကို ပြောလို့ရတယ်၊ တခြားအကြောင်းအရာနဲ့ မဆိုင်ဘူး"

"တို့က ဒီဒဏ်ရာကို သိပ်ဂရုမစိုက်ဘူးကွ၊ တို့က မင်းနဲ့ နားလည်မှုပဲ လိုချင်တယ်၊ နန္ဒာဝေရဲ့ကိစ္စနဲ့ တို့ကို အထင်မလွဲပါနဲ့၊ မဟုတ်ပါဘူး၊ နန္ဒာဝေဆီက မင်း ယူပြမယ်ဆိုတဲ့စာ မရောက်မချင်း တို့ကို မုန်းမနေစမ်းပါနဲ့၊ ပုံမှန်အတိုင်း ဆက်ဆံပြောဆိုချင်တယ်"

"သိပ်ပြီး အထင်မသေးစမ်းပါနဲ့၊ နန္ဒာဝေနဲ့ ကျွန်မ ဘယ်လောက်အထိ ရင်းနှီးတယ်ဆိုတာ ရှင်မသိပါဘူး၊ ရှင့်ကိုယ်ရှင် နန္ဒာဝေရဲ့ အရင်းနှီးဆုံးသူငယ်ချင်းဆိုပြီး ကြွားမနေစမ်းပါနဲ့"

"စိတ်မရှိပါနဲ့ ဒေး၊ တို့ နန္ဒာဝေဆီက မင်းအကြောင်း တစ်ခါမှ မကြားဖူးဘူး"

တင်ဇာဒေးက ခနဲ့တဲ့တဲ့ ရယ်လိုက်သည်။

"ဒါပေမဲ့ ရှင့်အကြောင်းတွေကိုတော့ ကျွန်မ ကြားဖူးတယ် လေ၊ ကြားဖူးတာမှ အတိအကျ နားနဲ့ဆတ်ဆတ်ကြားခဲ့ရတာ၊ ဒီမျက်စိနဲ့ တပ်အပ်မြင်ခဲ့ရတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက မင်းနဲ့ တွေ့ခဲ့ရရင် သိပ်ကောင်းမှာပဲ"

"ဘာဖြစ်လို့လဲ"

"အော် . . . တို့ တစ်ခုခုကို အပြတ်အသား ဆုံးဖြတ်နိုင်လိမ့်မယ်၊ ခုလို ဇဝေဇဝါဖြစ်မှာ မဟုတ်ဘူး၊ ခုလို အထင်လွဲခံရမှာလည်း မဟုတ်ဘူး၊ တို့ဘက်ကလည်း အချစ်နဲ့ ပတ်သက်ပြီး လက်ဆုပ်လက်ကိုင် ပြစရာ ရခဲ့မယ်လေ"

"ရှင် ဘာတွေပြောနေတာလဲ၊ ကျွန်မနဲ့ ဘာဆိုင်လို့လဲ"

"မင်းနဲ့ အဲဒီအချိန်တုန်းက တွေ့ခဲ့မယ်ဆိုရင် နန္ဒာ့အပေါ်မှာ တို့ထားခဲ့တဲ့ သံယောဇဉ်ဟာ အချစ်မဟုတ်ဘူးလို့ ပြတ်ပြတ်သားသား သိနိုင်ခဲ့မှာပဲ"

သူမ နားလည်သလိုလိုဖြစ်သွားပြီး မျက်နှာက ရှက်ဒေါသကြောင့် နီရဲသွားသည်။

"ရှင် မရိုးမသားနဲ့ မပြောနဲ့နော်၊ ကျွန်မ မကြိုက်ဘူး"

"မင်းက တို့ကို အမြင်ကြည်တဲ့လူမှ မဟုတ်တာ၊ ဒီလိုပဲ ထင်မှာပေါ့၊ တို့ အရိုးသားဆုံး ရှင်းပြမယ်၊ အဲဒီအချိန်တုန်းက မင်းနဲ့ဆုံတွေ့ဖြစ်ရင် မင်းကို ချစ်တယ်ဆိုတာ သေချာပေါက် ဆုံးဖြတ်နိုင်လိမ့်မယ်၊ အခု . . . တို့ ဆုံးဖြတ်သလို ဆုံးဖြတ်နိုင်လိမ့်မယ်၊ တို့ လုံးဝယုံကြည်တယ်"

ဒေါသဖြစ်လွန်းသဖြင့် သူမ၏မျက်နှာက ညိုမှောင်သွားသလိုပင်။ နာကြည်းခါးသီးမှုတွေနှင့် ပေါက်ကွဲတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် အင်မတန် မိုက်ရိုင်းတဲ့လူပဲ၊ ရှင် ဒီစကားပြောနေတဲ့ လူဟာ ဘယ်သူလို့ ထင်သလဲ၊ နန္ဒာဝေရဲ့ အပေါင်းအသင်း၊ သူငယ်ချင်း ထင်နေလား၊ လုံးဝ မှားသွားမယ်၊ ကျွန်မဟာ နန္ဒာဝေရဲ့ညီမ အရင်းပဲ၊ တစ်မိတည်း တစ်ဖတည်းက မွေးလာကြတဲ့ ညီမတွေ၊ သွေးတစ်စက်တောင် မရောဘူး၊ နားလည်လား"

ဤတစ်ကြိမ် အံ့သြရမည့်အလှည့်က သူ့အလှည့်ပင်။

လုံးဝ မဖြစ်သည့်ကိစ္စပဲ။

ဒီအကြောင်းကို ဘယ်သူ့ဆီကမှ သူ မကြားခဲ့ဖူးပါ။ သို့ရာတွင် တင်ဇာဒေးက မဟုတ်ဘဲနှင့် လိမ်ညာပြီး ပြောမည် မဟုတ်ပါ။ အင်မတန် ခံခက်နာကြည်းလွန်းသဖြင့် ပေါက်ကွဲထွက်လာခြင်း ဖြစ်သည်။ စကားမပြောနိုင်အောင် အံ့အားသင့်မိသည့် အဖြစ်ပါပဲ။

"ဒီမယ် . . . ရှင်တို့ သိနေတဲ့ နန္ဒာဝေဆိုတဲ့ နာမည်က အဘိုးက ပေးထားတာပါ၊ နန္ဒာဝေကို အဖေ အမေက ပေးထားတဲ့ နာမည်မဟုတ်သေးဘူး၊ အဖေပေးထားတဲ့ နာမည်က နိုက်နှင်းဝေတဲ့၊ ညဘက်မှာ မွေးဖွားခဲ့လို့ နိုက် (NIGHT) လို့ ပေးထားတာ၊ ကျွန်မက နေ့မှာ မွေးခဲ့လို့ တင်ဇာဒေးဆိုပြီး D.A.Y ကို မှည့်ထားတာ၊ ရှင် မသိဘူး မဟုတ်လား"

သူ လျှင်မြန်စွာ ခေါင်းခါယမ်းပြီး . . .

"တို့ လုံးဝမထင်ခဲ့ဘူး၊ အမှန်ပါပဲ ဒေး"

"ပြောလက်စနဲ့ ဆက်ပြီး ပြောလိုက်ဦးမယ်၊ မမက စိတ်ကူး



www.burmeseclassic.com

www.burmeseclassic.com



ယဉ်တတ်တယ်၊ ပျော့ညံ့တယ်ဆိုတဲ့ ညလိုပဲ၊ မှောင်မဲမဲနဲ့ လျှို့ဝှက်တတ်တယ်၊ ဒါပေမဲ့ ကျွန်မက D.A.Y နေ့၊ နေ့လို ထွန်းလင်းတယ်၊ ဘယ်တော့မှ နေမဝင်ဘူး ကိုဇော်သစ်"

"တို့ အံ့အားလည်း သင့်မိတယ်၊ ပြီးတော့ ဘာကြောင့် ဒီလိုဖြစ်နေရတယ်ဆိုတာကိုလည်း စိတ်ဝင်စားမိတယ်၊ ဒေးတို့မှာ ဒီလိုခွဲခွာနေရတဲ့ နောက်ကြောင်းတွေ ရှိကိုရှိရမယ်၊ ဘယ်သူ့ကြောင့် ဒီလို ဖြစ်နေရတာလဲ၊ တို့ကို ရှင်းပြပါလား"

"ကျွန်မကလည်း ရှင့်ကို စာရင်းရှင်းချင်ပါတယ်၊ ဘာကြောင့်ဆိုတော့ ညီမနှစ်ယောက်စလုံးကို ကြံ့စည်တဲ့လူမို့ပဲ၊ ဒီအကြိမ်မှာ ရှင် ပြေးမလွတ်ပါဘူး၊ ကြမ္မာငင်လာတယ်ပဲ အောက်မေ့ပေါ့"

တင်ဇာဒေး ကြိုက်သလို ထင်ပါစေ။ လောလောဆယ် ဤပြဿနာကို ဖြေရှင်းဖို့ထက် နန္ဒာဝေနှင့်တင်ဇာဒေးတို့၏ ဇာတ်ကြောင်းကို ရှင်းရှင်းလင်းလင်း သိချင်နေသည်။

"ကျွန်မတို့ ညီအစ်မနှစ်ယောက် ခွဲနေခဲ့ရတာက အဘိုးနဲ့ အဖေတို့ရဲ့ မာနတရားတွေ၊ အထင်အမြင် လွဲမှားမှုတွေကြောင့်ပါ၊ မေမေဆုံးသွားတာကို အဘိုးက အဖေ့ကြောင့်လို့ စွပ်စွဲတယ်၊ အဖေကလည်း သူ့ကြောင့် မဟုတ်ဘူးလို့ ငြင်းတယ်၊ မေမေက ဖေဖေနဲ့ ရန်ဖြစ်ပြီး တစ်ယောက်တည်း အဘိုးရှိတဲ့ ရန်ကုန်အပြန်မှာ ကားမှောက်ပြီး ဆုံးသွားတယ်၊ ဒီတော့ အဘိုးက သမီးရဲ့ကိုယ်စား မြေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို ယူသွားတယ်၊ ဒီတစ်သက် မခေါ်မပြောကြေးပေ့ါ၊ အဘိုးက စိတ်ဓာတ်အရမ်းမာတယ်လေ၊ ဒီအချိန်ထိ တစ်ပြားမှ မလျှော့ဘူး၊ ဒီလိုပဲ ဖေဖေကလည်း အရှုံးမပေးဘူး၊ ဒီလိုအခက်အခဲတွေကြောင့် ညီမချင်း မတွေ့ဘဲ ဝေးခဲ့ကြတာ၊ မမဆိုရင် ညီမတစ်ယောက်ရှိတယ်ဆိုတာတောင် မသိဘူး၊ အဘိုးက အဲဒီလောက်ထိ အဖေ့ကို မုန်းတယ်၊ ကျွန်မ ဆက်မပြောချင်တော့ဘူး၊ ဒီလောက်ဆို ရှင် နားလည်ရင် ပြီးတာပဲ၊ ရှင် ဘာဆက်လုပ်သင့်တယ်ဆိုတာ ရှင့်ဘာသာ စဉ်းစား၊ ကျွန်မ မပြောတော့ဘူး၊ ဟုတ်လား”

ဟု ဆိုကာ ဆိုင်ကယ်ကို စက်နှိုးပြီး မောင်းထွက်သွားသည်။

သူ မတားဆီးချင်ပါ။

မျက်ဝန်းထဲမှာ တွဲခိုနေတဲ့မျက်ရည်တွေ မြင်လိုက်သည်ပဲ။

ဒီအချိန်မှာ မိမိ၏အတ္တကို ရှေ့တန်းတင်ပြီး၊ အချစ်အကြောင်း မပြောသင့်။ မီးလောင်နေသည့်ကြားထဲမှာ ဆီပူ ထပ်လောင်းသလို ဖြစ်သွားပေလိမ့်မည်။ ပိုဆိုးသွားပေမည်။

ဝန်းကျင်ရှိ နှင်းမြူတွေပင် ပူလောင်၍ ကျန်ရစ်သလို။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

စိုင်းကျော်ဝင်းက သတင်းစာယူလာပြီး . . .

"ဒီမှာ မင်းရဲ့ကြော်ငြာလား မသိဘူး၊ အောင်မြတ်က မေးကြည့်စမ်းပါဆိုလို့ ကြည့်စမ်းပါဦး . . . ဇော်သစ်"

စိုင်းကျော်ဝင်း၏ညီ စိုင်းအောင်မြတ်က တကယ့်သတင်းစာအဖတ်ကောင်း၊ စာတစ်လုံးမှ မကျန်အောင် စေ့စေ့စပ်စပ် ဖတ်တတ်တဲ့သူ။ စိုင်းအောင်မြတ်သာ ရှာရှာဖွေဖွေနှင့် မပြောလျှင် သူဘာမှသိမည်မဟုတ်။

အမှန်တကယ်ပင် သူ့ကို အသိပေးကြော်ငြာခြင်း ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဖော် . . .

လွန်စွာ အရေးကြီးသည်။

အမြန်ဆုံး ပြန်လာခဲ့ပါ။

တို့ကို ယုံကြည်ပါ။

စိတ်ပူနေရသည်။

သူငယ်ချင်း . . . နန္ဒာ

နန္ဒာတို့ ဘာတွေဖြစ်နေကြပြီလဲ။

နန္ဒာ့အဘိုးနှင့်အဘွားတို့၏ အခြေအနေက မကောင်းတာလား။ သို့မဟုတ် နန္ဒာရဲ့ချစ်သူက ပြန်ပြီရောက်လာ၍လား။ တစ်ခုခုပင်။

"ဟုတ်တယ် စိုင်း၊ နန္ဒာ ငါ့ကို လှမ်းခေါ်တာ"

"ဒီလိုဆိုရင် ဘာအရေးကြီးလို့လဲ မသိဘူး၊ မင်း ပြန်မှာလား ဖော်သစ်"

"ဘာမှန်းတော့ မသိဘူး၊ ဒါပေမဲ့ ဒီကြော်ငြာကို ထည့်ပုံအရဆိုရင် ငါ ပြန်ရလိမ့်မယ်၊ နန္ဒာ့မှာ အခက်အခဲရှိနေမှာ သေချာတယ်"

သူ ကြော်ငြာကို ထပ်၍ ဖတ်ကြည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ သူ့ရဲ့အကူအညီကို အသည်းအသန် လိုအပ်နေပြီထင်တယ်။

အော် . . . မေ့နေလိုက်တာ။ နန္ဒာက ဒေးရဲ့အစ်မလည်း ဖြစ်တယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၄

သူတို့နှစ်ယောက် ဝင်လာသည်ကို မြင်တော့ နန်းညွန့်ညွန့်အေး လန့်သွားသည်။ ထိုင်ရမလို ထရမလို ဖြစ်သွားသည်။

"ဟော့ . . . နန်း . . . ငါ့ကို မကြောက်စမ်းပါနဲ့၊ ဒေးရဲ့ကိစ္စကို လာပြောတာ မဟုတ်ဘူး၊ ကားလက်မှတ်ဝယ်ဖို့ ရိုးရိုးသားသား လာတာ"

ထိုသို့ စိုင်းကျော်ဝင်းက ဆီး၍ မာန်လိုက်တော့မှ နန်းညွန့်ညွန့်အေး မျက်စိမျက်နှာပျက်စွာနှင့် "မဟုတ်ပါဘူး ကိုစိုင်းကျော်ဝင်း၊ အဲဒီကိစ္စက ကျွန်မနဲ့ဘာမှမဆိုင်ပါဘူးနော်" ဟု ပျာပျာသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းချက်ပေးသည်။

"ဒေးနဲ့ပတ်သက်ပြီး ငါတို့နဲ့ မခေါ်ချင်လည်း ရတယ်၊ ဒါပေမဲ့ လက်မှတ်တော့ ရောင်း"

"ဟုတ်ကဲ့"

"ဘယ်သူ့အတွက်လဲ မမေးတော့ဘူးလား"

"ရှင် . . . ဟုတ်ကဲ့"

"ဇော်သစ် မနက်ဖြန် ပြန်မလို့၊ အဲဒါ ဒေးကို မသိစေနဲ့နော်၊ အကြောင်းမကြားနဲ့"

"ဟုတ်ကဲ့"

လက်မှတ်ယူပြီး ထွက်လာသည့်အခါ စိုင်းကျော်ဝင်းက "ငါ အမြင်ကတ်လို့ တမင်ပြောခဲ့တာ၊ မင်း မယုံရင် ပြန်လှည့်ကြည့်၊ နန်းက ဒေးဆီ ဖုန်းဆက်အကြောင်းကြားနေလိမ့်မယ်၊ အလကား ဒေးပြောတိုင်း ယုံတဲ့သူတွေ" ဟု မကျေမနပ်နှင့် ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၅

မနက်ဖြန် ပြန်ရတော့မည်မို့ ကျန်ရစ်ခဲ့ရှာမည့် သူငယ်ချင်း စိုင်းကျော်ဝင်းအား ဖြစ်သမျှအကြောင်းစုံကို ဖွင့်ဟ၍ အသိပေးလိုက်သည်။ တင်ဇာဒေးနှင့် နန္ဒာဝေတို့ ညီအစ်မ တော်စပ်သည့်အကြောင်း။ နန္ဒာဝေ၏နာမည်ရင်းမှာ နိုက်နှင်းဝေဖြစ်သည့်အကြောင်း၊ တင်ဇာဒေး၏အဖေက စိတ်ကူးကောင်းကောင်းနှင့် ညီမနှစ်ယောက်ကို နေ့နှင့်ည, နိုက်နှင့်ဒေးအဖြစ် အမည်ပေးခဲ့ကြောင်းအပြင် . . . တင်ဇာဒေး၏ကုမ္ပဏီရုံးခန်းမှာ မတော်တဆ ထိုးကြိတ်ခံခဲ့ရသည့်အကြောင်း၊ ဆေးခန်းသို့ လိုက်ပို့သည့်အခါ



www.burmeseclassic.com

www.burmeseclassic.com



တင်ဇာဒေး၏မျက်နှာအပြောင်းအလဲကို မြင်မိပြီး ချစ်သွားမိသည့် အကြောင်း၊ မနက်က ချစ်စကားဖွင့်ပြောရင်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းတွေကို အကုန်လုံး မခြွင်းမချန်ဘဲ ပြောပြလိုက်သည်။

"ဒေးနဲ့နန္ဒာတို့ ညီအစ်မ ဖြစ်နေတာထက် မင်း ဒေးကို ချစ်သွားတယ်ဆိုတာကို ငါ အအံ့ဩဆုံးပဲ ဇော်သစ်၊ ငါ တကယ် မယုံကြည်နိုင်အောင် ဖြစ်ရတယ်"

ဟု စိုင်းကျော်ဝင်းက စိတ်ထဲရှိသည့်အတိုင်း ဘွင်းဘွင်း ပြောလိုက်သည်။ သူ လက်ခံသဖြင့် ခေါင်းညိတ်လိုက်သည်။

"မင်း မယုံကြည်ဘူး၊ ထင်မယ်ဆိုလည်း ထင်စရာပဲ စိုင်း၊ ငါ့ကိုယ်ငါတောင် ပြန်ပြီး အံ့ဩနေရတဲ့ဘဝပါ၊ ဒေးကို ဒီလိုချစ်မိ လိမ့်မယ်လို့ အိပ်မက်တောင် ယောင်ပြီး ကြိုမမက်ဖူးပါဘူး၊ ဒါပေမဲ့ အချစ်ဆိုတာကို ရေရေလည်လည် နားလည်ခံစားလိုက်ရလို့ ငါ အရမ်းဝမ်းသာတယ်၊ ငါ ဒေးလို မိန်းကလေးမျိုး ချစ်မိလို့ စိတ် မပျက်ပါဘူး၊ ကံဆိုးတယ်လို့လည်း မယူဆပါဘူး၊ ဒေးကို ချစ်မိတဲ့ အတွက်ကြောင့် ငါ့မှာ မဖြေရှင်းနိုင်တဲ့ ပုစ္ဆာတစ်ပုဒ်ကို ရုတ်တရက် အဖြေရလိုက်သလို အရမ်းဝမ်းသာကျေနပ်တယ်၊ ငါပြောတာ မင်း ယုံရဲ့လား စိုင်း၊ တကယ်တော့ နန္ဒာကို ငါ တကယ်ချစ်သလား၊ သူငယ်ချင်းတစ်ယောက်လိုပဲ သံယောဇဉ်ရှိတာလား ငါ ဘယ်လိုမှ ဆုံးဖြတ်လို့ မရခဲ့ဘူး၊ အခု . . . သေချာသွားပြီ၊ နန္ဒာကို သူငယ်ချင်း အချစ်နဲ့ ချစ်မိခဲ့တာ သေချာသွားပြီ၊ ဒီအချိန်မှာ ဘာသံသယမှ



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘဲ ရှင်းလင်းပြတ်သားသွားပြီ”

စိုင်းကျော်ဝင်းက ထိုကိစ္စ ဘာမှမှတ်ချက်မပေးဘဲ . . .

“ဒေးက မင်းကို ချစ်လာလိမ့်မယ်လို့ မင်းယုံကြည်လား ဖော်သစ်”

“အမှန်တိုင်း ဝန်ခံရရင် မထင်ပါဘူး စိုင်း”

“အဲဒီလို သိထားတာ ကောင်းပါတယ်၊ နို့မဟုတ်ရင် မင်း ရှုံးနေတယ်လို့ ငါပြောရမှာပဲ”

“ဟုတ်တယ်၊ အချစ်နဲ့ ပတ်သက်ရင် အကျိုးအကြောင်း မဲ့တတ်တာပဲ၊ ငါ့အနေနဲ့ ဒီလိုအချိန်မှာ ဖွင့်ပြောမိတာလည်း အမှား ပါပဲ၊ မပြောသင့်ပါဘူး၊ ဒါပေမဲ့ အဲဒါက အရာရာကို တွက်ချက်စဉ်း စားတဲ့ ဦးနှောက်ရဲ့ ထင်မြင်ချက်ကွ၊ နှလုံးသားမှာ အဲဒီထင်မြင် ချက်တွေ လုံးဝမရှိဘူး၊ ဒီတော့ ဦးနှောက်မပါတဲ့အတွက် ရှုံးတယ် လို့ ပြောရင် ရပါတယ်၊ ဒီလို ဖွင့်ပြောမိတဲ့အတွက် နောင်တမရ ဘူး၊ အချစ်ဆိုတာ သေချာမှ ချစ်ရတဲ့အရာမှ မဟုတ်ဘဲ”

စိုင်းကျော်ဝင်းအနေနှင့် ဆက်ပြီး ပြောချင်စိတ် ကုန်သွား ဟန်တူ၏။

ဘာမှမပြောဘဲ လမ်းတစ်ဖက်သို့ လှမ်းကြည့်နေသည်။

သူတို့ ထိုင်နေသည့်ဆိုင်က “ဒေး” ၏ ကုမ္ပဏီနှင့် မျက်နှာ ချင်းဆိုင်နီးပါးဖြစ်သည်။ နောက်ဆုံးနေ့။ မနက်ဖြန်ဆိုလျှင် ဤမြို့ ဤမြင်ကွင်းများကို ကျောခိုင်းရတော့မည်။ ထိုကြောင့် နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



အနေနှင့် တင်ဇာဒေးကို မြင်ခွင့်လေး ရချင်သည်။

နေရောင်တို့ ညှိုးလျော်၍ အားပျော့စ ပြုနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၆

ဇော်သစ် ပြန်တော့မည်ဆိုသည့်အကြောင်း နန်းဆီကမှ ဖုန်းဆက်ပြီး သတင်းပေးလာသည်။ နက်ဖြန်အတွက် ကားလက်မှတ် ဝယ်သွားပြီဟု ဆိုသည်။

"သေချာရဲ့လား နန်းရယ်၊ ဟိုတစ်ခါလို မသွားဖြစ်ဘူး ဆိုပြီး ပြန်ဖျက်နေဦးမယ်"

"ကိုစိုင်းကျော်ဝင်းကိုယ်တိုင် လိုက်လာတာကွ၊ တို့ကို ဒေးကီစွနဲ့ ပတ်သက်ပြီး ကိုစိုင်းကျော်ဝင်း စိတ်ဆိုးနေတယ် ထင်တယ်၊ တို့ကို တမင် ခနဲ့သလိုနဲ့ ဒေးကို မသိစေနဲ့လို့တောင် ပြောသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်”

တင်ဇာဒေး မကျေမနပ်နှင့် နှုတ်ခမ်းဖိကိုက်မိသည်။

သူမကို လုံးဝဂရုမစိုက်ဘူးဆိုတဲ့ သဘောလား။ တမင်ပြန်ချင်ယောင်ဆောင်ပြီး ကားလက်မှတ် အဆုံးခံလိုက်ရင် ဘယ့်နှယ့်လုပ်မလဲ။ ဟို . . . တစ်ခါတုန်းကလည်း သွားမယ်ဆိုပြီးမှ မသွားဖြစ်တာပဲ။ သို့ပေမယ့် ဟိုတစ်ချိန်နှင့် ယခုအခြေအနေက မတူတော့။

သူမကို သက်သက်မဲ့ ရန်စ,စော်ကားသူဟု ထင်ကြသည်။ သူမ၏အဖေကို တိုင်ပြောလိမ့်မည်ထင်ပြီး စိုးရိမ်ကြောက်ရွံ့ကြ ခြင်းဖြစ်သည်။

ယခုအခြေအနေက သူမသည် နန္ဒာဝေ (သို့မဟုတ်) နိုက်၏ညီမဖြစ်ကြောင်း သူ သိရှိသွားပါပြီ။ ထို့အပြင် သူမကို ချစ်သည်ဟု ပြောမိခြင်းကလည်း တကယ့်အမှား။ သူ ဟန်ဆောင်ထားသည့် မင်းသားခေါင်း ပြုတ်ကျပြီး ဘီလူးမျက်နှာ ပေါ်လာသည့်အဖြစ်။ သူမို့လို့ လျှာရိုးမရှိတိုင်း ချစ်တယ်လို့ ပြောရက်တယ်။ အံ့ရော။

သူမဆီသို့ နန္ဒာဝေဆီက စာ သေချာပေါက် ရောက်လာလိမ့်မည်ကို သူ သဘောပေါက်သွားပြီ။ ထိုကြောင့် စာမရောက်မီ အမြန်ထွက်ပြေးခြင်း ဖြစ်သည်။ သူမကလည်း မမနန္ဒာဝေဆီသို့ သူ့အကြောင်းနှင့်ပတ်သက်ပြီး စာရေးပို့ထားသည် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



သူမတို့မြို့ကို ရောက်နေကြောင်း၊ ပြီးတော့ နန်းနှင့်ထွေးတို့ကို ဝင်ရောနေသည့်အကြောင်း အစုံအလင်ပါပဲ။

စာက တိုက်ရိုက်ပို့ရခြင်း မဟုတ်သဖြင့် နည်းနည်းကြန့်ကြာနိုင်သည်။ သို့ပေမယ့် သူမ စောင့်ကြည့်ခိုင်းထားသူက နန္ဒာဝေရဲ့ လက်ထဲသို့ တစ်နည်းမဟုတ် တစ်နည်းနှင့် ရောက်အောင် ပေးပို့ပါလိမ့်မည်။

မမဆီက စာရောက်လာလို့တော့ ပွဲပြတ်ပဲ။

အဲဒါမှ သူ ပေကပ်နေဦးမယ်ဆိုလျှင် ဖေဖေ့ကို အသိ ပေးဖို့ ဆုံးဖြတ်ပြီးသား။ မမနှင့် ဆက်သွယ်တွေ့ဆုံရကောင်းလားလို့ ဖေဖေဆူလည်း ခဏပေါ့။ အဘိုး မသိအောင် ခိုးတွေ့ခဲ့ကြတာပဲ။ အဘိုးနဲ့အဖေတို့ ပြဿနာ မဖြစ်နိုင်ပါဘူး။

သူမ နာရီကို တစ်ချက် မော့ကြည့်လိုက်သည်။

အလုပ်ဆင်းချိန် ရောက်လုပြီ။

ထိုင်ရာမှ ထပြီး ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်သည်။ မြို့လယ်လမ်းမနှင့် အနီးအနားရှိ ဆိုင်များကို မြင်ရ၏။ သွားလာ, လှုပ်ရှားနေသည့်လူတွေ၊ ဆိုင်ကယ်တွေနှင့်။ ကားက အလွန်ပင် နည်းပါးသည်။

ဘာရယ်မဟုတ် ဟိုဟိုဒီဒီကြည့်ရင်း မမျှော်လင့်ဘဲ သူ့ကို မြင်တွေ့လိုက်ရ၏။ ရင်ထဲတွင် ဒေါသကြောင့် တင်းခနဲ ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက စိုင်းကျော်ဝင်းနှင့်အတူ လက်ဖက်ရည်ဆိုင် ထိုင်နေခြင်း ဖြစ်သည်။ ထိုဆိုင်က သူမ၏ကုမ္ပဏီနှင့် မျက်နှာချင်းဆိုင်။ ဒီလို လာထိုင်တာမျိုး တစ်ခါမှ မတွေ့ဖူး။ ဘာကြောင့်လဲ။ သူမ၏ အပြန်ကို စောင့်နေသလားဟု ဖျတ်ခနဲ တွေးလိုက်မိသည်။ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားပြီး လှိုက်ခနဲ ရင်ခုန်သွားသည်။

ဟိုး . . . အရင် သာမန် ရန်ဖြစ်နေကျ မဟုတ်။ မိမိကို ချစ်သည်ဟု ဖွင့်ပြောထားသည့်လူ။ ဟွန်း . . . သူက ချစ်တယ်တဲ့။ ရင်ကို ဓားနဲ့ အထိုးခံရတာထက် နာသေးတယ်။ ခါးသီးလွန်းတယ်။ ဒီတစ်သက် အဆိုးဝါးဆုံး စကားပါပဲ။

ဒီအကြောင်းတွေ မမ နန္ဒာဝေဆီ စာရေးတုန်းက ပါမသွားခဲ့ဘူး။ မနက်ကမှ လောလောလတ်လတ် ဖြစ်ခဲ့တဲ့ကိစ္စ မဟုတ်လား။ ဒီအကြောင်းတွေ ထပ်ရေးရဦးမယ်။ ဒါမှ မမနန္ဒာဝေ သူ့ကို မုန်းတီးသွားမှာ။ ပိုပြီး ရွံ့ရှာသွားလိမ့်မယ်။

လောလောဆယ် သူမ ရှုံးဆင်းဖို့ ဘယ်လိုလုပ်ရမည် မသိ။

ဒီလူက သူမကို တမင်စောင့်နေခြင်း မဟုတ်ဟု မပြောနိုင်ပါ။ တော်ကြာ အသားလွတ်လာပြီး တောင်းပန်သလိုနဲ့ ချစ်တဲ့အကြောင်း ထပ်ပြောနေဦးမယ်။ အဲဒီစကားကို ကြားကို မကြားချင်တာ။ သူ့ပုံစံ၊ သူ့ရုပ်ရည်လေးနဲ့ ကောင်းကောင်းမွန်မွန်နေရင် ဘယ်လောက်ကောင်းလိုက်မလဲ။ သူမို့လို့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးရက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ပဲဖြစ်ဖြစ် သူမတွင် ကြောက်စိတ် လုံးဝမရှိပါ။ သို့ပေမယ့် သူ စကားလာပြောမှာ သည်းမခံနိုင်ဘူး။

ထို့ကြောင့် အိမ်ကို ဖုန်းဆက်ပြီး အိုက်မောင်းကို လှမ်းခေါ်လိုက်သည်။ နောက်ထပ်တစ်ယောက်လည်း ခေါ်လာခဲ့ဖို့ မှာကြားလိုက်သည်။ အိုက်မောင်းတို့ ရောက်လာမှ သူမ ရုံးဆင်းတော့သည်။ အိုက်မောင်းတို့က သူမ၏နောက်မှ ဝဲ,ယာ ရံထားကြသည်။

သူတို့ လက်ဖက်ရည်ဆိုင်သို့ မကြည့်ဖြစ်အောင် သတိထားနေပေမယ့် အမှတ်မထင် မြင်တော့ မြင်မိသေးသည်ပဲ။

သူ တကယ် လှမ်းကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



# ၁၅

မနက်စောစော နန်းဆီမှ မင်္ဂလာသတင်း ကြားရသည်။

သူ ဒီမြို့မှ တကယ်ပြန်သွားပြီတဲ့။

မနက် (၆) နာရီ ထွက်တဲ့ကားနဲ့ လိုက်သွားတာ နန်းတကူးတက စောင့်ကြည့်နေခဲ့ပါတယ်တဲ့။

ဒီတော့မှ သူမ ယုံကြည်စိတ်ချသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# ၁

နှစ်ရက်နှင့် တစ်ညလုံးလုံး တောက်လျှောက် ကားစီးလာခဲ့သဖြင့် တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲပြီး မလှုပ်ချင်အောင် ဖြစ်သွားသည်။

ရန်ကုန်မြို့၏ညက မီးရောင်စုံတွေနှင့် လှပခန့်ညားစွာ ဆီးကြိုနေသည်ကိုပင် မခံစားနိုင်အောင် ဖြစ်မိသည်။

ကိုယ့်မြို့သို့ ပြန်ရောက်သော်လည်း ကိုယ့်အိမ်ကို သွား၍ မဖြစ်သည့်ဘဝ။ အဖေအမေတွေနှင့်အစ်မတို့ကို ဝမ်းသာအားရ ပြေး၍မတွေ့နိုင်ပါ။ ထိုထက် ပိုဆိုးသည်မှာ တောင်ပေါ်ဒေသထွက်

www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်ပစ္စည်းများကိုပင် ပေး၍မဖြစ်သည့်အခြေအနေ။ ဘာမှလည်း ဝယ်မလာဖြစ်။ ပျော်ရွှင်မှု၊ နွေးထွေးမှုတို့လည်း မရှိ။

အလုပ်ခန်းစပ်တူ ဖွင့်ထားသည့် သူငယ်ချင်း၏ တိုက်ခန်းသို့ တိုက်ရိုက်သွားခဲ့သည်။

သူငယ်ချင်း . . . ကိုကိုလတ်က သူ့ကို တွေ့သည်နှင့် . .

"မင်း ဘယ်ထွက်သွားတာလဲကွာ၊ မင်း ဘယ်နေရာရောက်နေတယ်ဆိုတာမသိတော့ အဆက်အသွယ်လုပ်ရတာ ဘယ်လောက်ခက်တယ် ထင်သလဲ၊ မင်းကလည်း လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ တစ်ယောက်ယောက်ကိုတော့ အသိပေးခဲ့သင့်ပါတယ်"

ဟု ဆီးကြို၍ အပြစ်တင်တော့သည်။

"ဘယ်သူမှ မသိအောင် သွားပါတယ်ဆိုမှ ကြော်ငြာနေရဦးမှာလား"

"ဟ . . . အရေးရယ် အကြောင်းရယ်ဆိုတာက ရှိသေးတယ်လေ"

ထိုစကားကြားမှ နန္ဒာဝေ၏အကြောင်းက ခေါင်းထဲသို့ ရောက်လာသည်။

"ကိုကိုလတ် . . . မင်း နန္ဒာနဲ့ အဆက်အသွယ်ရှိသလား"

"အေး . . . ငါကလည်း အဲဒါပဲ ပြောချင်နေတာ၊ မင်း သတင်းစာထဲက နန္ဒာရဲ့ကြော်ငြာကို တွေ့လား"

"အဲဒီကြော်ငြာတွေ့လို့ အသည်းအသန် ပြန်ချလာတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ကဲ . . . ဆိုစမ်းပါဦး၊ ကြော်ငြာထဲမှာတော့ ဘာအရေးကြီးတယ် ဆိုတာ မပါဘူး”

“အဲဒီကြော်ငြာက ငါကိုယ်တိုင် ထည့်ပေးလိုက်တာပဲ၊ နန္ဒာက ငါ့ဆီ ဖုန်းဆက်ပြီး ဒီလိုကြော်ငြာပေးပါဆိုတာနဲ့ ငါ ထည့်ပေးလိုက်ရတယ်၊ ဘာအရေးကြီးတာလဲ မေးကြည့်တော့ မင်းအတွက် အရေးကြီးတာလို့ ပြောတယ်၊ တခြား မဟုတ်ပါဘူးတဲ့၊ သူ့ကိုယ်ရေးကိုယ်တာကိစ္စနဲ့ ပတ်သက်နေတယ်တဲ့၊ ငါတော့ နားမလည်ဘူး၊ မင်းတို့အချင်းချင်း နားလည်ချင် နားလည်မယ်၊ ဒါပေမဲ့ မင်းပြန်ရောက်ရင် အမြန်ဆုံး ဆက်သွယ်ပေးပါလို့ ပြောသွားတယ်”

“ဒါဆိုလည်း ဖုန်းဆက်ကြည့်ရအောင်၊ ရမလားလို့”

အချိန်ဆိုင်းမနေတော့ဘဲ ဖုန်းရှိရာသို့ ထသွားလိုက်သည်။

“ဟေ့ကောင် . . . ဇော်သစ်၊ ခဏနေဦး”

“ဘာဖြစ်လို့လဲ”

ကိုကိုလတ်က စိတ်မကောင်းသည့် မျက်နှာနှင့် . . .

“မင်း . . . နန္ဒာရဲ့အဘိုး ဆုံးသွားပြီဆိုတာ သိပြီလား”

“ဟုတ်လား”

မျှော်လင့်မထားသဖြင့် အံ့အားသင့်သွားမိသည်။

“မနေ့က သတင်းစာထဲမှာ နာရေးပါတယ်လေ၊ မင်း မဖတ်ရဘူးလား”

“ငါ သွားနေတဲ့မြို့က အဝေးကြီးကွ၊ ဒီကို နှစ်ရက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ညတောင် မနားဘဲ တောက်လျှောက်ကားစီးလာခဲ့ရတယ်၊ ကားသာ နောက်တစ်စီး ပြောင်းသွားတယ်၊ လူက ပြောင်းရတာ မဟုတ်ဘူး”

“ဝေးလှချည်လား၊ ဘယ်မြို့လဲ”

“လောလောဆယ် မသိချင်ပါနဲ့ဦး ကိုကိုလတ်၊ ပြီးတော့မှ မင်းကို အကြောင်းစုံ ပြောပြမယ်၊ အခု နန္ဒာရဲ့အဘိုး ဆုံးသွားတဲ့ ကိစ္စ ရှင်းပြစမ်းပါဦး၊ ဟိုမှာက သတင်းစာကို နှစ်ရက်ကြာမှ ဖတ်ရတာကွ၊ နန္ဒာ့အဘိုး ဆုံးတဲ့သတင်း ငါ ဘယ်သိဦးမလဲ”

“အဘိုးကြီးက နှလုံးရောဂါ ရှိတယ်၊ ရောဂါက ဖောက်လာပြီး ဆေးရုံတင်လိုက်ရတယ်၊ ပထမ အိမ်မှာ ကုပါသေးတယ်၊ အခြေအနေ သိပ်မကောင်းတော့မှ ဆေးရုံရောက်သွားတာ၊ လေး၊ ငါးရက်လောက်ပဲ ခံလိုက်ပါတယ်၊ အဲဒီတုန်းက ငါတို့သူငယ်ချင်းတွေ ဆေးရုံကို ရောက်ဖြစ်ကြတယ်၊ အဲဒီမှာ နန္ဒာက ငါ့တစ်ယောက်တည်း သီးသန့်ခေါ်ပြီး မင်းရဲ့ကြော်ငြာကို ထည့်ပေးပါလို့ ပြောတာ၊ မနေ့က သတင်းစာမှာ နာရေးပါတယ်၊ ဒီစားပွဲပေါ်မှာ ရှိမယ်”

ကိုကိုလတ်က နာရေးပါသည့် သတင်းစာကို ရှာဖွေပေးသည်။

နန္ဒာ့အဘိုး၏နာမည်၊ ထမ်းဆောင်ခဲ့သည့် ရာထူးတာဝန်များနှင့် ဆုတံဆိပ်များ၊ အသက်က (၇၉) တောင် ရှိနေပြီပဲ။

အောက်တွင် ထည့်ထားသည့် မိသားစုစာရင်းက ရှင်း



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဇနီးဖြစ်သူ . . . ဒေါ်သိန်းနု၊ သမီးဖြစ်သူ . . ဒေါ်မြမြဝေနှင့် သမီးမြေးဖြစ်သူ . . . နန္ဒာဝေ။ ဒါပဲ ဖြစ်သည်။ တင်ဇာဒေး၏နာမည်မပါ။ တင်ဇာဒေး၏ဖခင်နာမည်ဆိုလျှင် ပို၍ဝေးပါသေးသည်။ တကယ့်ကို စာရင်းရှင်းသည်။

မီးသဂြိုဟ်မည့်နေ့က မနက်ဖြန်။

ဒီလောက်ဆိုလျှင် နန္ဒာတို့အိမ်တွင် လူဝင်လူထွက် များပြားနေပေလိမ့်မည်။ နန္ဒာ့အဘိုး၏ လုပ်ဖော်ကိုင်ဖက်တွေ၊ တပည့်တွေက အများကြီး မဟုတ်လား။ ထိုအထဲတွင် သူ့အဖေလည်း ပါဝင်သည်မို့ အနီးကပ် အစစအရာရာ စီစဉ်ဆောင်ရွက်ပေးနေပေလိမ့်မည်။

"အဘိုးကြီး နှလုံးရောဂါထသွားတာ နန္ဒာ့ကိစ္စကြောင့်ထင်တယ်"

ကိုကိုလတ်က အမှတ်မထင် ပြောလိုက်တော့မှ နန္ဒာဝေ၏အဘိုး သေဆုံးရခြင်းတွင် သူ တာဝန်မကင်းသလို ခံစားရ၏။ သူက နန္ဒာဝေကို သစ္စာဖောက်ပြီး ထားရစ်ခဲ့သည်ဟု တစ်ထစ်ချယူဆထားကြသည်ပဲ။

ယခုအချိန် သူကိုယ်တိုင် ဖုန်းမဆက်သင့်ဟု ထင်သည်။ ထို့ကြောင့် . . .

"ကိုကိုလတ် . . . မင်းပဲ နန္ဒာ့ဆီ ဖုန်းဆက်ပေးစမ်းပါ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ ရောက်နေပြီဆိုတာ သိစေချင်တယ်၊ ပြီးတော့ သူ ဘာပြောမလဲ မေးကြည့်ဦး”



www.burmeseclassic.com

www.burmeseclassic.com



# ၂

ရပ်ဝေး၊ ရပ်နီးမှ အဘိုး၏မိတ်ဆွေအသိုင်းအဝိုင်းတွေက ဖုန်းကို နားရသည်မရှိဘဲ သတင်းမေးကြသည်။ ကြာလာတော့ မဖြေနိုင်တော့။ အဘိုးဆေးရုံတက်တုန်းကတည်းက တောက်လျှောက်ပင်ပန်းလာခဲ့သဖြင့် လူက လဲကျမတတ် ယဲ့ယဲ့သာ ရှိတော့သည်။

ထို့ကြောင့် မမသန္တာက ဖုန်းလာသမျှကို သူမနှင့်အဘွားကိုယ်စား ဒိုင်ခံပြီး ဖြေဆိုပေးနေရခြင်း ဖြစ်သည်။

ယခုလည်း မမသန္တာက ဖုန်းကိုင်ရင်း . . .

“ဟော့ . . . ကိုကိုလတ် . . . ဘာတွေအရေးကြီးလို့လဲ၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာ အရမ်းပင်ပန်းနေတယ်၊ ဘာပဲအရေးကြီးကြီး ငါ့ကိုပြော၊ ငါ ပြောလိုက်မယ်”

“မမသန္တာနဲ့ ပြောလို့ မပြီးပါဘူး၊ ခဏလေးပါ၊ နန္ဒာကို ပြောပေးပါ၊ ကိုကိုလတ်က ကျော်ငြာကိစ္စ ဖုန်းဆက်တာပါလို့”

“အေး . . . ဘာကိစ္စပဲဖြစ်ဖြစ် ငါ့ကို ပြောလို့ ရပါတယ်”

နန္ဒာဝေသည် ဆိုဖာထိုင်ခုံတွင် ခြေပစ်လက်ပစ်လဲလျောင်း နေရာမှ ခေါင်းထောင်ထကြည့်လိုက်သည်။ ပြီးမှ . . . “ဘယ်သူ့ ဆီကလဲ . . . ကိုကိုလတ်လို့ ကြားလိုက်ရတယ်” ဟု လှမ်းမေးမိ သည်။

“ဟုတ်တယ် . . . နန္ဒာရယ်၊ ကိုကိုလတ်ဆိုတဲ့အကောင်က ငါနဲ့တောင် စကားမပြောချင်ဘူးတဲ့၊ ကြီးကြီးကျယ်ကျယ် . . . နန္ဒာနဲ့ပဲ အရေးတကြီး ပြောစရာရှိလို့တဲ့၊ ကျော်ငြာကိစ္စတဲ့၊ ဝမ်း နည်းကြောင်း ကျော်ငြာထည့်မလို့လား မသိဘူး”

ကျော်ငြာဆိုသည်နှင့် နန္ဒာဝေ ငေါက်ခနဲ ထထိုင်လိုက် သည်။

“ကျွန်မ ဖုန်းပြောမယ် . . . မမသန္တာ၊ ကိုကိုလတ်နဲ့ ပြော စရာရှိတယ်”

ထိုအခါမှ မမသန္တာက ဖုန်းကို လှမ်းပေးသည်။

“ကိုကိုလတ်လား”

“ဟုတ်တယ် . . . နန္ဒာ၊ ငါ နင်ထည့်ခိုင်းတဲ့ ကျော်ငြာကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြောမလို့”

နန္ဒာဝေ စိတ်ဝင်စားစွာဖြင့် မျက်လုံးပြူးကျယ်သွားသည်။

“အင်း . . . ပြော၊ ဘာထူးလို့လဲ”

“သိပ်ထူးတယ်၊ ဇော်သစ် ပြန်ရောက်နေပြီ”

နန္ဒာဝေ ဝမ်းသာသွားသည်။ ဇော်သစ်အတွက် စိတ်ပူပန်နေခဲ့ရသည် မဟုတ်လား။ ကြော်ငြာထည့်ပြီး ခေါ်ယူရသည့်အထိ စိုးရိမ်ခဲ့မိသည်။

“အခု . . . ဘယ်မှာလဲ၊ ကိုကိုလတ်နဲ့ တွေ့ပြီးပြီလား”

“ငါ ဖုန်းဆက်တဲ့နံဘေးမှာ သူ ရှိနေတယ်၊ သူနဲ့ ပြောမှာလား”

“အရမ်းပြောချင်တယ်၊ ဒါပေမဲ့ တို့ရဲ့အနားမှာ မမသန္တာ ရှိနေတယ်၊ ရိပ်မိသွားရင် မကောင်းဘူး၊ မမသန္တာက အဘိုး ဆုံးကတည်းက တို့နဲ့အတူ လာအိပ်ပေးနေတယ်လေ”

မမသန္တာဆိုသည်မှာ တခြားလူ မဟုတ်ပါ။ ဇော်သစ်၏ အစ်မ ဖြစ်သည်။ တော်ကြာ ဇော်သစ် ဖုန်းဆက်သည်ဟုသိလျှင် အတင်းဝင်ကိုင်မှာ။ ပြီးတော့ ဇော်သစ်ကို အပြစ်တင် ကြိမ်းမောင်းလိမ့်မည်။ ဇော်သစ်ကြောင့် မျက်နှာပျက်ရသည်ဟု ထင်နေကြသည်။

“ဒီမှာ . . . ဇော်သစ်က မေးခိုင်းနေတယ်၊ သူ့ကို ဘာကြောင့် ကြော်ငြာထည့်ပြီး ခေါ်တာလဲတဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အခု ပြောလို့ မဖြစ်သေးဘူး၊ ဒီကိစ္စက ရှည်ရှည်ဝေးဝေး ရှင်းပြဖို့ လိုတယ်၊ လောလောဆယ် သူ ပြန်ရောက်လာတယ်ဆိုရင် တို့ တစ်ဖက်က စိတ်အေးသွားပါပြီ၊ ဒါနဲ့ သူ အနာတရ ဖြစ်လာသေးလား၊ ကောင်းကောင်းမွန်မွန်မှ ဟုတ်ရဲ့လား"

"နည်းနည်း ပိန်သွားတာကလွဲရင် အကောင်းကြီးပဲ"

"ဝမ်းသာလိုက်တာ"

"ကဲ နန္ဒာ . . . သူက ဘယ်နေ့တွေ့ရမှာလဲ မေးနေတယ်"

"အခု . . . ပြောလို့ မရသေးဘူး၊ ဒါပေမဲ့ တို့ ကိုကိုလတ်နဲ့ ဆက်သွယ်ပါ့မယ်"

"ကောင်းပြီ၊ နောက်ထပ် ဘာပြောချင်သေးလဲ"

"တို့ အရမ်းဝမ်းသာတယ်လို့ပဲ ထပ်ပြောလိုက်ပါ"

နန္ဒာဝေသည် ဝမ်းသာကျေနပ်စွာဖြင့် ဖုန်းချလိုက်သည်။ ပြီးမှ မမသန္တာစောင့်ကြည့်နေသည်ကို သတိထားမိပြီး မျက်နှာကို ပြင်လိုက်ရ၏။ ဤအချိန်မှာ ဝမ်းသာပျော်ရွှင်မှု ဖြစ်ရမည့်အချိန်မှ မဟုတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# ၃

ကားရပ်သည်နှင့် နန္ဒာဝေက ခပ်သုတ်သုတ် ပြေးဆင်းလာ၏။

နန္ဒာဝေ၏မျက်နှာလေးက သိသာစွာ ချောင်ကျသွားသည်ကို သတိပြုမိ၏။ အပြုံးရိပ်တွေ မရှိပေမယ့် ဝမ်းသာရိပ်က မျက်လုံးမှာ အထင်းသား။

သူ သစ်ပင်ရိပ်မှ ပြေးထွက်ပြီး ကြိုလိုက်၏။

"ဖော် . . . ဝမ်းသာလိုက်တာ၊ နင် ဘာမှမဖြစ်ဘူးနော်" ဟု နန္ဒာဝေက အဦးဆုံး နှုတ်ဆက်သည်။ ပြီးမှ ဝမ်းသာစွာဖြင့် ပြုံးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တို့ ဘာဖြစ်ရမှာလဲ၊ တို့ ရိုးရိုးခရီးသွားတာပါ။ နင်သာ ပိန်သွားတယ်၊ နင့်အတွက် တကယ်စိတ်မကောင်းပါဘူး၊ အဘိုးကို လိုက်ပို့တဲ့နေ့က တို့ လာချင်လိုက်တာ၊ ဒါပေမဲ့ နင်မျက်နှာပျက်စရာ ဖြစ်မှာစိုးလို့ မလာရဲဘူး"

"မလာတာပဲ ကောင်းပါတယ်၊ တော်ကြာ လူတွေပြောစရာ ဖြစ်ကုန်မယ်၊ တို့ နားလည်ပါတယ် ဇော်၊ ဒါနဲ့ ဇော်လည်း အသား တွေမည်းပြီး ပိန်သွားသလိုပဲ"

နှစ်ယောက်သား ကားနှင့်လာပို့ပေးသည့် ကိုကိုလတ်ကို မေ့သွားသည်။ သတိကို မထားမိပါ။ ထိုအခါ ကိုကိုလတ်ကလည်း "ဇော်သစ် . . . ငါ လမ်းဆုံလက်ဖက်ရည်ဆိုင်မှာ ခဏသွားထိုင် လိုက်ဦးမယ်၊ မင်းတို့နှစ်ယောက် ကြိုက်သလောက် ပြောကြဆိုကြ" ဟု ဆိုကာ မောင်းထွက်သွားသည်။

သစ်ပင်ရိပ်အောက်မှ ခုံတန်းတွင် အတူထိုင်ဖြစ်ကြပြီး . . .

"ကဲ . . . တို့ကို အရေးတကြီး ပြန်ခေါ်ရတာ ဘာကြောင့် လဲ"

"တင်ဇာဒေးဆိုတဲ့ မိန်းကလေးကြောင့်ပဲ၊ သူ့ကို ဇော် သိတယ် မဟုတ်လား"

"တို့ သိပါတယ်၊ ဘယ်လောက်ထိ သိခဲ့သလဲဆိုရင် တင်ဇာဒေးဟာ နန္ဒာရဲ့ ညီမအရင်း ဖြစ်တဲ့အထိ သိခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



နန္ဒာဝေ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

"ဇော် . . . ဘယ်လိုလုပ်ပြီး သိတာလဲ"

"တခြားလူတွေ ပြောပြတာ မဟုတ်ဘူး၊ သူကိုယ်တိုင် ပြောပြလို့ သိတာ၊ နန္ဒာရဲ့ နာမည်က အဘိုးပေးတဲ့ နာမည်တဲ့၊ တကယ့် နာမည်ရင်း အဖေပေးတဲ့ နာမည်က နိုက်နှင်းဝေ၊ နန္ဒာက ညဘက် မွေးလို့ နိုက်၊ သူက နေ့ဘက်မှာ မွေးလို့ ဒေးလို့ နာမည်ပေးတာတဲ့၊ အဲဒီအကြောင်းကို တို့ ဒီကို ပြန်မည့်နေ့မှ သိရတယ်"

"ဘုရား . . . ဘုရား၊ တို့ အရမ်းစိတ်ပူနေတာက ဒေး ကြောင့်ပါပဲ"

"ဘာဖြစ်လို့"

"ဒေးက တို့ဆီ စာတစ်စောင် လှမ်းရေးတယ်၊ ဇော် . . . သူတို့မြို့ကို ရောက်နေတယ်တဲ့၊ အဲဒါ ဒေးက ဖေဖေ့ကို အသိပေး ပြောကြားပြီး မှတ်လောက်သားလောက် ပညာပေးမလို့တဲ့၊ သူက ဇော့်ကို သစ္စာမရှိတဲ့လူ၊ တို့ကို ဖျက်ဆီးပစ်ခဲ့တယ်လို့ ထင်နေတယ်၊ ဒီမှာ သူ ရေးထည့်လိုက်တဲ့စာ ပါလာတယ်၊ ဇော် ဖတ်ကြည့်လေ"

လက်ကိုင်အိတ်ထဲမှ စာတစ်စောင် ထုတ်ယူပြီး လှမ်းပေး သည်။

စာကို ဖွင့်လိုက်တော့ ဝိုင်းစက်သည့်လက်ရေးတွေကို သတိ ပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



မမနိုက် ...

မမက အကြောင်းမဲ့ မဆက်သွယ်ပါနဲ့ ပြောထား ပေမယ့် အရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့ ဒီစာကို ရေး လိုက်ပါတယ်။ အခု ...ဒေးရေးတဲ့စာကို ဖတ်ပြီးတာနဲ့ ဟုတ်၊မဟုတ် သက်သေခံတဲ့အနေနဲ့ စာတစ်စောင်လောက် ပြန်ရေးပေးချင်ပါတယ်၊ မမရဲ့စာကို ဒေးမျှ မျှော်မယ်။

ဘာကြောင့်လဲဆိုတော့ ဖော်သစ်ဆိုတဲ့လူ ဒေးတို့မြို့ မှာ ရောက်နေတယ်။ မမကို လက်မထပ်ဘဲ ပျောက်ခဲ့တယ် မဟုတ်လား။ ဒီကိစ္စကြောင့် အဘိုးနဲ့အဘွားတို့ မျက်နှာ ပျက်ခဲ့ရတယ်ဆိုတာ ဒေး အကုန်လုံး ကြားသိပါတယ်။ ဘယ်လိုကြားတယ်ဆိုတာ မမေးပါနဲ့ ဒေး စောင့်ကြည့်ခိုင်း ထားတဲ့လူက သေသေချာချာ သတင်းပို့ပေးတာပါ။

အခု ...သူ ဒီမြို့ကို ရောက်နေတာ ကံဆိုတာပဲ၊ ဒီမြို့မှာ ဒေးတို့အသိုင်းအဝိုင်းအင်အား ဘယ်လောက်ရှိ တယ်ဆိုတာ မမ သိမှာပါ၊ ဒီမြို့မှာ ဒေး ဘာလုပ်ချင်သလဲ ဖြစ်ပါတယ်၊ ဒီတော့ မမ ခံစားခဲ့ရတာအတွက် ဘာလုပ် ချင်သလဲ၊ ဒီတစ်ခါ မမရဲ့အလှည့်ပဲ ...မမ ဘယ်လို တုံ့ပြန်ချင်တယ်ဆိုတာ ပြောလိုက်ပါ။

ဒါမှမဟုတ် ဒေးသဘောနဲ့ဒေး ကြည့်ပြီး လုပ်လိုက်ရ မှာလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေး ...ဒီလူ့ကို မြင်နေရသရွေ့ စိတ်ဆင်းရဲတယ်၊ မမအပေါ် လုပ်ရက်လေခြင်းဆိုပြီး ခံပြင်းတယ်။ တကယ်က ဒေး လွတ်လွတ်လပ်လပ် နေတတ်ပေမယ့် ဒီလိုရက်စက်ချင်တဲ့စိတ်မျိုး တစ်ခါမှ မဖြစ်ပေါ်ခဲ့ပါဘူး။

မမနဲ့ အနီးနားမှာ မနေရလို့ ထင်တယ်။ မမကို ဒေးလေ သေမလောက်အောင် ချစ်တယ်။ အဲဒီစိတ်နဲ့ ဒီလူ ကို အရမ်းမုန်းမိသလား မသိဘူး။

အချုပ်ဖြစ်နေတာက ဒေးက သူ့ကို အသားလွတ် ခွပ်ခွဲသလို ဖြစ်နေတယ်။ မမနဲ့ဒေးတို့က ညီအစ်မတွေဆိုတာလည်း ပြောလို့မဖြစ်ဘူး မဟုတ်လား။ ဒီတော့ မမဆီက သူနဲ့ပတ်သက်ပြီး နစ်နာခဲ့ရတာတွေ၊ ခံစားခဲ့ရတာတွေ ရေးထားတဲ့စာတစ်စောင် ရရှိမှ သူ့ကိုပြပြီး မှတ်လောက်သားလောက်အောင် ဆုံးမချင်တယ်။ အဲဒါကြောင့် ဒီစာကို လက်ခံရရှိတာနဲ့ အမြန်ဆုံး စာတစ်စောင် ရေးထည့်ပေးပါနော်။

ဒီလူရဲ့ လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံ မြင်, မြင်နေရတော့ ဒေး စိတ်မရှည်ချင်တော့ဘူး။ အရမ်းနာကြည်းခံပြင်းတယ်။ မမ စာမပြန်ဖြစ်ရင် ဒေး ကိုယ့်သဘောကိုယ်ပဲ ဆုံးဖြတ်လိုက်တော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



မမ ဝမ်းသာကျေနပ်စေရမယ်။

ဒေးလေ ...ဒီလူ့ကိုမြင်တိုင်း မမကို သတိရပြီး သနားတယ်၊ လွမ်းလည်း လွမ်းတယ်။ မမနဲ့အတူနေရအောင် ဒေး အချိန်တိုင်း စဉ်းစားနေမိတယ်။ ဒေးတို့မြို့ကို မမကို ခေါ်ပြီး ပြချင်တယ်လေ။ မမရော ဒေးကို မလွမ်းဘူးလား။ နောက်မှ ဒေး စာထပ်ရေးဦးမယ်။ လောလောဆယ် ဒေးပြောတဲ့အတိုင်း အကြောင်းစုံ စာရေးထည့်လိုက်ပါ။

မမကို အရမ်းချစ်တယ် ...

အရမ်းလည်း လွမ်းတယ်။

ဒေး

သူ သက်ပြင်းချပြီး စာကို ပြန်ခေါက်လိုက်သည်။

နန္ဒာဝေက ဆက်ပြီး ရှင်းပြသည်။

“ဒေးရဲ့စာ ရောက်လာတဲ့အချိန်မှာ အဘိုးကို ဆေးရုံတင်ထားရပြီ၊ အိမ်မှာက အဘွားနဲ့တို့ပဲ ရှိတာဆိုတော့ အရမ်းအလုပ်များပါတယ်။ အဲဒီကြားထဲက ဇော် တစ်ခုခုဖြစ်သွားမှာစိုးရိမ်စိတ်နဲ့ စာပြန်ရေးရတယ်။ ဒါပေမဲ့ ကံဆိုးချင်တော့ စာကို ဘယ်ကျပျောက်သွားမှန်း မသိဘူး။ နောက်တစ်စောင်ရေးဖို့လည်း အချိန်က မရပြန်ဘူး။ သာမန်လောက် . . . တစ်ကြောင်းနှစ်ကြောင်းရေးရုံနဲ့ ဒေးက



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါ့မလား။ အချိန်ပေးပြီး ပြည့်ပြည့်စုံစုံရေးမှ ကောင်းမယ်လေ။ ဒါနဲ့ ကိုကိုလတ်ကိုပဲ မီလိုမီငြား အဲဒီကြော်ငြာကို ထည့်ခိုင်းလိုက်ရတာပဲ။ ဇော် တွေ့လို့တော်ပါသေးရဲ့။

“တို့ အဲဒီမြို့မှာ သတင်းစာ မဖတ်ဖြစ်ပါဘူး၊ စိုင်းကျော်ဝင်းရဲ့ညီက ပြလို့ သိရတာ၊ အဖေတို့ အမွေပြတ်ကြော်ငြာတုန်းကလည်း သူပြတာပဲ”

နန္ဒာဝေ စိတ်မကောင်းသည့်အသွင် မျက်နှာညှိုးကျသွားသည်။

“ဒါတွေအားလုံး တို့ရဲ့ အပြစ်ပါပဲ ဇော်ရယ်”

“အော် . . . တို့ကလည်း ဘယ်သူ့ကိုမှ အသိမပေးဘဲ ထွက်သွားတာကိုး၊ တို့ကလည်း အဆက်အသွယ်ပြတ်ရင် ပြီးပြီလို့ ထင်ခဲ့မိတယ်၊ ဒါကြောင့် နန္ဒာတို့ ဆက်သွယ်လို့ မရတာ”

“တော်ပါသေးရဲ့ . . . ဇော် ဘာမှမဖြစ်ခဲ့လို့”

သူ ကွယ်ဝှက်စွာဖြင့် ပြုံးလိုက်မိသည်။

မထင်ပါနဲ့ . . . နန္ဒာရယ်၊ ရင်မှာ အချစ်ဆိုတဲ့ ဒဏ်ရာနဲ့ပါ။ အမုန်းတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ နှလုံးသားမှာ ဒဏ်ရာ ဘယ်ကင်းပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



# ၄

"ညီမလေး ဒေးကို ဇော် မြင်တွေ့ခဲ့မှာပါ၊ ဒေးက ယောကျ်ားလေး တစ်ယောက်လိုပဲ စိတ်မြန်လက်မြန် ရှိတယ်၊ ပြောစရာရှိရင် ချက်ချင်း ပြောပစ်လိုက်တယ်၊ ပြီးတော့ ဖေဖေတို့ အသိုင်းအဝိုင်းက လည်း အဲဒီမှာ သြဇာရှိတယ် မဟုတ်လား၊ တော်ကြာ တို့ရေးထည့် တဲ့စာကို မစောင့်နိုင်ဘဲ တစ်ခုခု လုပ်ပစ်လိုက်မှာ အရမ်းစိုးရိမ် တယ်"

"နန္ဒာ ထင်သလောက် ဒေးက မရမ်းကားတတ်ပါဘူး၊ အသိတရား ရှိပါတယ်၊ နန္ဒာထင်တဲ့ ဒေးရဲ့ စရိုက်ကလည်း တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကလေးဆန်တဲ့စရိုက်ပါ၊ လုပ်စရာရှိရင် ဇွတ်လုပ်ချင်တယ်၊ ပြောစရာရှိရင် ပြောပစ်လိုက်မယ်၊ ဒီလောက်ပါပဲ၊ တကယ့် ဒေးရဲ့ စိတ်က ဆိုးသွမ်းခဲ့ရင် တို့ ဒီလို ဘာမှမဖြစ်ဘဲ ပြန်မလာနိုင်ပါဘူး”

“တို့က ဒေးနဲ့ ခဏပဲ တွေ့လိုက်ရတာလေ”

သူ သတိတရဖြင့် နှင်းမြူများကို လွမ်းမိသည်။

ထင်ရှူးပင်တွေ၊ တောင်မြင့်ရဲ့ အဆင်းလမ်း၊ ပြီးတော့ နံနက်ခင်းတိုင်း ဟွန်ဒါဆိုင်ကယ်စီးပြီး လာတတ်သည့်သူကို စိတ်ထဲက မြင်ယောင်မိပါသည်။

“ဇော်နဲ့ ပြဿနာဖြစ်ကြသေးလား”

“အင်း . . . သူက မကျေမနပ်နဲ့ လိုက်ပြီး ရန်တွေ့တဲ့ သဘောပါပဲ”

“ဒေးကို စိတ်မဆိုးပါနဲ့ ဇော်ရယ်၊ သူက အထင်မှားနေလို့ပါ၊ စာထဲမှာ ပါတဲ့အတိုင်း တို့တွေရဲ့အကြောင်းကို အများကြီး သိနေလို့ပါ”

“တို့ နားလည်ပါတယ် . . . နန္ဒာရယ်၊ ကိစ္စမရှိပါဘူး”

“ဒါနဲ့ ဇော် အိမ်မပြန်သေးဘူးလား၊ ပြန်တော့လေ၊ အဘိုးမှ မရှိတော့တာ၊ ဇော့်မိဘတွေအတွက် မျက်နှာထောက်စရာ မရှိတော့ပါဘူး၊ တို့အတွက်ကြောင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြော်ငြာခံရတဲ့အတွက် တောင်းပန်ပါတယ် . . . ဇော်ရယ်”

“တို့က သူငယ်ချင်းတွေပဲ နန္ဒာရယ်၊ တောင်းပန်ဖို့ မလို



www.burmeseclassic.com

www.burmeseclassic.com



အပ်ပါဘူး၊ ဒါပေမဲ့ အခုချက်ချင်း အိမ်မပြန်ဖြစ်သေးပါဘူး၊ တို့အဖေ တို့အမေက ပြန်မခေါ်ကြသေးပါဘူး”

“တို့ ရှင်းပြပေးပါ့မယ် ဇော်ရယ်၊ အခု အဘိုး ရက်လည် ဆွမ်းကျွေးကိစ္စ ရှိနေသေးလို့၊ အခု ထွက်လာတာတောင် သိပ်ကြာလို့ မဖြစ်ပါဘူး”

သူ နားလည်ပါသည်။ နောက်မှ တင်ဇာဒေးနှင့် ဖြစ်ပျက်ခဲ့သမျှတို့ကို ပြောတော့မည်ဟု စိတ်ကူးသည်။ ထို့ကြောင့် နန္ဒာဝေအား ပြန်ပို့ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၅

ဤနေရာက ထင်ရှူးပင်တွေ ပတ်လည်ဝိုင်းနေသည့်နေရာ မဟုတ်။ အထပ်ထပ် လွင့်မျောနေသည့် နှင်းမြူများလည်း မရှိ။ တောင်မြင့်မှ အဆင်းလမ်းလည်း မဟုတ်။ ဤနေရာသည် စူပါမားကတ်တစ်ခု၏ အလယ်ခေါင်တွင် ဖြစ်သည်။

တင်ဇာဒေးနှင့် မျက်နှာချင်းဆိုင် တည့်တည့်တိုးနေခြင်း ဖြစ်သည်။

တင်ဇာဒေး နောက်တစ်ယောက် မဟုတ်ပါ။ တင်ဇာဒေးမှ တင်ဇာဒေး။ လုံးဝ မလွဲမှားနိုင်ပါ။ ဒီမျက်လုံး ဒီရင်ဘတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး မပျောက်ပျက်နိုင်အောင် ခတ်နှိပ်ထားသည့်အချစ်ရဲ့ ပုံရိပ်ပဲ မဟုတ်လား။

ဤနေရာတွင် တင်ဇာဒေးကို ရုတ်တရက် တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားမိသည်။

သူမ ဘာကြောင့် ဒီကို ရောက်နေရတာလဲ။

သူမကလည်း အကြီးအကျယ် အံ့အားသင့်သွားဟန်တူ၏။ မျက်နှာ ဖြူဖတ်ဖြူရော်ပင် ဖြစ်သွားသည်။ ထို့အပြင် မျက်လုံးတွင် ကြောက်ရွံ့ခြင်းတို့က အထင်းသား။ ဘာလုပ်ရမှန်းမသိအောင် ရပ်တန့်သွားသည်ကို သတိပြုမိသည်။

တင်ဇာဒေး ကြောက်မည်ဆိုက ကြောက်ရွံ့သင့်ပါသည်။

ဤနေရာသည် သူမတို့ မြို့မဟုတ်။ ပြီးတော့ တစ်ယောက်တည်း။ အနီးနားတွင် မည်သည့်အဖော်မှ မပါလာ။ ပြီးတော့ ရာဇဝင်ကြွေးတွေက ရှိနေသည် မဟုတ်လား။ ဤနေရာတွင် သူ့အနေနှင့် ကောင်းကောင်းကြီး လက်တုံ့ပြန်ပြီး ဆုံးမနိုင်ပါသည်။ သူမ ရိပ်စားမိပြီး စိုးရိမ်ကြောက်လန့်သွားဟန်တူသည်။

သူ၏နံဘေးတွင် ပါလာသည့် ကိုကိုလတ်က အခြေအနေကို မသိ။

ရှေ့သို့ ဆက်လျှောက်သွားသည်။

သူမ ရပ်တန့်နေသည့်နေရာဆီသို့။

သူ လျှောက်သွားလိုက်လျှင် ခြေ လေး၊ ငါး၊ ခြောက်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ရောက်သွားပါပြီ။

သို့ရာတွင် သူ မသွားပါ။

အကြွေးတွေကို ပြန်ဆပ်ဖို့ သူမကို ပက်ပက်စက်စက် ပြောဖို့ ရုပ်ပျက်, အရှက်ရသွားအောင် နှောင့်ယှက်ဖို့ လုပ်ချင်လျှင် အလွယ်လေး။ ကော်ဖီမစ်ထုပ်ကို ဖောက်သလောက် မခက်ခဲ။

သို့ရာတွင် သူ မလုပ်ချင်ပါ။

မိမိက ချစ်ရသူတစ်ယောက်၏အရှက်နှင့်နာကြည်းမှု။ မျက်ရည်တွေနှင့် ကြေကွဲမှုတို့ကို လုံးဝ မလိုချင်ပါ။

ထို့ကြောင့် . . .

"ကိုကိုလတ် . . . ပြန်လာပါဦး" ဟု လှမ်းခေါ်လိုက်သည်။

ကိုကိုလတ်က . . . "ဘာလဲ" ဆိုသည့်အကြည့်နှင့် လှည့်ကြည့်သည်။

"ငါတို့ ပြန်ထွက်ကြရအောင်"

"ဟ . . . ဘာဖြစ်တာလဲ၊ မင်းပဲ ဂိမ်းအခွေသစ်တွေ ကြည့်မလို့ဆို"

"နောက်မှ ကြည့်ကြရအောင်၊ ငါတို့ အခု ပြန်ထွက်မှ ဖြစ်မယ်၊ ဘာမှ မေးမနေနဲ့ လာစမ်းပါ" ဟု အပြတ်ပြောပြီး သူ လှည့်ထွက်ခဲ့သည်။

သူမက စိုးရိမ်တုန်လှုပ်သည့်အကြည့်နှင့် ကြည့်ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စူပါမားကတ်လေ့ကားအတိုင်း ခပ်သွက်သွက် ပြေးဆင်း လာခဲ့၏။

နောက်မှ ပြေးလိုက်လာရသည့် ကိုကိုလတ်က ကြောင် တောင်တောင်နိုင်သည့် သူ့အပြုအမူကို နားမလည်နိုင်အောင် ဖြစ် နေသည်။

အပြင်သို့ ထွက်လိုက်သည်နှင့် ရင်ထဲတွင် ဟင်းလင်းပြင် ဖြစ်သွားသလို ခံစားလိုက်ရ၏။

မျှော်လင့်ချက်တို့ လုံးဝ ပြီးပြတ်သွားသည့် ခံစားမှုမျိုး။



www.burmeseclassic.com

www.burmeseclassic.com



# ၆

“မင်း ဘာကြောင်တာလဲ ဇော်သစ်၊ စူပါးမာကတ်ထဲက ထွက်ပြီး ဒီကော်ဖီဆိုင်မှာ ကော်ဖီ ဝင်သောက်စရာအကြောင်း မရှိဘူး”

ကိုကိုလတ် မကျေမလည် ဖြစ်နေသည်။

စူပါမားကတ်ထဲမှ ထွက်ပြီး နံဘေးရှိ ကော်ဖီဘားတွင် ဝင်ထိုင်လိုက်သဖြင့် ကိုကိုလတ် အူကြောင်ကြောင် ဖြစ်သွားသည်။

“ခဏလေးပါ၊ ကိုကိုလတ်၊ ငါ လူတစ်ယောက်ကို စောင့်ကြည့်ချင်လို့”

သူ့အကြည့်က ရပ်ထားသည့် ကားများဆီသို့ ရောက်နေသည်။ ပြီးတော့ စူပါမားကတ်၏ထွက်ပေါက်ဆီသို့ အစုန်,အဆန်



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကစားလိုက်သည်။

တင်ဇာဒေး ပြန်ထွက်အလာကို လွတ်သွား၍ မဖြစ်။

သူမ ဘာနဲ့လာသလဲ၊ ဘယ်သူနဲ့လာသလဲ၊ သိချင်သည်။

ထို့အပြင် ခဏဖြစ်ဖြစ် မြင်တွေ့လိုက်ချင်သည်။

တောင်ပေါ်ဒေသမဟုတ်သဖြင့် ပါးပါးလှပ်လှပ် ရှပ်အင်္ကျီကို ဝတ်ထားသည်။ ဂျင်းဘောင်းဘီကတော့ ထုံးစံအတိုင်း ဝတ်ထားမြဲ။

အိပ်မက်တစ်ခုလို မျက်စိရှေ့တွင် ဘွားခနဲ ပေါ်လာခြင်း။

ယခုတိုင် တွေ့မြင်လိုက်ရသည်ကို မသေချာသလိုလို ခံစားရ၏။ ကိုင်တွယ်, ကြည့်ခွင့်ရမည်ဆိုလျှင် ဟုတ်၊ မဟုတ် ပြေး၍ ကိုင်ကြည့်လိုက်ချင်သည်။

“ဟော . . . သူပဲ၊ ငါ စောင့်ကြည့်နေတာ” ဟု သူ ညွှန်ပြလိုက်သည်။

တင်ဇာဒေးသည် အထုပ်အပိုးတွေနှင့်၊ ဘေးဘီဝဲယာ ကျီးကန်းတောင်မှောက် ပြူးပြူးပျာပျာကြည့်ကာ ခပ်သုတ်သုတ်ပင် ကားဆီသို့ ပြေးလှမ်းသွားသည်။ ဖြစ်နိုင်သည်မှာ သူ့ကို ရှာဖွေခြင်းပင်။ ဒီလိုဆိုတော့ စိုးရိမ်ကြောက်လန့်တတ်သားပဲ။

သူမ၏သတ္တိတွေကို တောင်ပေါ်မှာ ထားရစ်ခဲ့လေသည်လား။



www.burmeseclassic.com

www.burmeseclassic.com



# ၅

ကိုကိုလတ်က ဖုန်းကို လှမ်းပေးရင်း . . .

"နန္ဒာ့ဆီက ဖုန်း . . . မနက်ဖြန် ရက်လည်ဆွမ်းကျွေး ဖိတ်နေတယ်"

ဟု ရှင်းပြသည်။ သူ ခေါင်းညိတ်ပြလိုက်သည်။

"ဇော်"

"ဟုတ်တယ် နန္ဒာ၊ မနက်ဖြန် ဆွမ်းကျွေးလား"

"ဟုတ်တယ်၊ အဲဒါ ဇော့်ကို လှမ်းဖိတ်တာ၊ လာခဲ့ပါလား"

"ဘယ်လိုမှ မထင်ပါနဲ့ နန္ဒာရယ်၊ တို့ မလာချင်ဘူး၊ ဖေဖေ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ တို့မိသားစု ဆွေမျိုးတွေရော တခြားအသိတွေရော တွေ့နေလိမ့်မယ်၊ တို့က ခုချိန်ထိ အိမ်နဲ့ အဆက်အသွယ် မလုပ်ရသေးဘူးလေ၊ တို့ ရောက်တာ သိပေမယ့် ခေါ်မှ မခေါ်သေးတာ”

ဖုန်းထဲမှ သက်ပြင်းရှိုက်သံကို ကြားလိုက်ရသည်။

“ဇော့်အတွက် တို့ စိတ်မကောင်း ဖြစ်မိတယ်”

“ရပါတယ် နန္ဒာရယ်”

“ဇော် ဖြစ်ခဲ့သမျှတွေက တို့ကြောင့်ဖြစ်လို့ တို့မှာ တာဝန်ရှိပါတယ်၊ အန်ကယ်တို့ ဆွမ်းကျွေးလာကြရင် တို့ ရှင်းပြလိုက်ပါ့မယ်၊ စိတ်ချပါ ဇော်၊ အားလုံး အဆင်ပြေရမယ်လို့ တို့ ကတိပေးပါတယ်၊ ဒါနဲ့ ဆွမ်းကျွေးမလာဖြစ်ရင် ညနေဘက် လာခဲ့ပါလား”

“တို့ကို သီးသန့်ကျွေးမလို့လား၊ မလိုပါဘူး နန္ဒာရယ်”

“အဲဒါ မဟုတ်ဘူး၊ တို့ ပြောစရာတွေ ရှိလို့ပါ။ ဆက်ဆက် လာဖြစ်အောင် လာစေချင်တယ်”

“ကောင်းပြီ၊ တို့ လာခဲ့မယ်”



www.burmeseclassic.com

www.burmeseclassic.com



# ၈

ခြံဝင်းတံခါး ပိတ်ထားသည်။ တစ်လနီးပါး ကင်းကွာခဲ့ရသဖြင့် နန္ဒာဝေတို့၏ ခြံကို စိမ်းသယောင် မြင်ရသည်။ တစ်လနီးပါး၌ ဤအိမ် ဤခြံက ထူးခြားစွာ ပြောင်းလဲသွားခြင်းမဟုတ်။

မိမိ၏ စိတ်အပြောင်းအလဲကြောင့်သာ ဖြစ်မည်။

နန္ဒာဝေ၏အဘိုး ပြောလိုက်သည့်စကားသံများကို ပြန်လည် ကြားယောင်သည်။

"မင်း အင်မတန် မိုက်မဲလှချည်လား၊ မင်းကို ငါ့ရဲ့မြေး တစ်ယောက်လို ယုံယုံကြည်ကြည်နဲ့ ဆက်ဆံခဲ့တယ်၊ အခု . . .



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့လုပ်ရပ်က ခွင့်လွှတ်နိုင်စရာ မရှိဘူး၊ မင်း ပြန်တော့၊ မင်းရဲ့ အဖေအမေနဲ့ပဲ စကားပြောမယ်၊ မင်းနဲ့ စကားလုံးဝ မပြောတော့ဘူး” ဟု စိမ်းပြတ်စွာ မောင်းထုတ်ခံခဲ့ရသည်။

ထိုနောက်တော့ မမျှော်လင့်တဲ့ ဖြစ်စဉ်တွေ ဆက်တိုက်ကြီး ဖြစ်လာခဲ့၏။

အတွေးစကို ဖြတ်တောက်ပြီး ကားဟွန်းတီးလိုက်သည်။

ဘယ်ပန်းပင်တွေ ဘယ်ခြုံတွေကြားက ထွက်လာသည် မသိ။ တင်ဇာဒေးသည် ခြံဝင်းတံခါးဆီသို့ လှစ်ခနဲ ပြေးရောက်လာ၏။ ထို့နောက် တံခါးကို ဖွင့်ပေးရင်းက သူ့ကားကို အမှတ်မထင် လှမ်းကြည့်သည်။

သူ အံ့အားတသင့်နှင့် ကြောင်ကြည့်မိသည်။

နန္ဒာဝေရဲ့ အိမ်မှာ တင်ဇာဒေး ဘယ်လိုဖြစ်ပြီး ရောက်နေတာလဲ။

လုံးဝ မဖြစ်နိုင်သည့်ကိစ္စ။

မိမိ၏မျက်လုံးတွေကပဲ အမြင်မှောက်မှားနေသည်လား။ မိမိ၏စိတ်က တမ်းတမျှော်လင့်လွန်းမိသဖြင့် တစ်ယောက်ယောက်ကို တင်ဇာဒေးအဖြစ် လှည့်စားပြီး မြင်မိသည်လား။ မိမိကိုယ်ကိုယ်ကို မယုံကြည်ချင်တော့။

“ဟင် . . . ကိုဇော်သစ်”



www.burmeseclassic.com

www.burmeseclassic.com



တင်ဇာဒေးသည် ယောင်ယမ်း၍ အော်မိပြီးမှ လျှင်မြန်စွာ ပါးစပ်ပိတ်လိုက်သည်။

ခြံတံခါးက သူ့အလိုအလျောက် ပွင့်သွားပါပြီ။

သူ ဘာမှမလှုပ်ရှားတော့။

ကားကို နေရာအတိုင်းပဲ ရပ်တန့်ထားလိုက်သည်။

ထို့နောက် သူမကို အသေအချာ စိုက်ကြည့်နေမိသည်။

သူမကလည်း ခဏတော့ ကြောင်အမ်းအမ်းနှင့် ရပ်နေပြီ၊ သူ့ကား ဝင်လာလိမ့်မည်ဟု ထင်မှတ်နေပုံရသည်။ သို့ပေမယ့် ကားက နေရာမရွှေ့ဘဲ ရပ်တန့်နေသည်ကို သတိပြုမိသွားပြီး . . .

"ဝင်ပါ၊ အထဲကို မောင်းဝင်လို့ ရပါတယ်"

သူ ခေါင်းကို လေးပင်စွာ ခါယမ်းလိုက်သည်။

"တို့ မဝင်တော့ဘူး၊ ဒီကပဲ စောင့်နေမယ်၊ နန္ဒာ့ကို ပြောလိုက်ပါ၊ သူ ချိန်းထားလို့ပါ"

"မမ ပြောပါတယ်" ဟု ထစ်အအနှင့် ပြန်ဖြေသည်။

သူမ၏မျက်နှာလေးတွင် အမုန်းတရားတွေ ကင်းစင်လျက်။ ပထမဦးဆုံး သူ စွဲလမ်းပြီး ချစ်စိတ်ဖြစ်ပေါ်ခဲ့မိသည့် ဆေးခန်းလိုက်ပို့စဉ်က မျက်နှာမျိုး။ ဤသည်ကို ပြန်မြင်ရသည်နှင့် ရင်ထဲတွင် ဆို့နင့်နာကျင်သွားသည်။

"ဒါနဲ့ နေစမ်းပါဦး၊ မင်း ဒီအိမ်ကို ဘယ်လိုရောက်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် အမေးခံလိုက်ရသဖြင့် လန့်ဖျပ်သွားပြီး . . .

"ဟို . . . ဖေဖေနဲ့အတူတူ လိုက်လာခဲ့တာပါ"

"မင်းရဲ့အဖေဆိုတာ ဦးစောနိုင်ကို ပြောတာလား"

"ကျွန်မမှာ ဒီအဖေကလွဲပြီး ဘယ်အဖေ ရှိဦးမှာလဲ"

ချက်ချင်း ခံပက်လိုက်သည်။ ခေတ္တပျောက်ကွယ်နေသည့် မခံချင်စိတ်က ပြန်ပေါ်လာသည် ထင်၏။

"မပြောတတ်ဘူးလေကွာ၊ နန္ဒာမှာ ညီမ မရှိဘူးဆိုပြီး ညီမ ပေါ်လာတယ်၊ အဖေ သေပြီးဆိုပြီး ပြန်ရှင်လာတော့ မင်းမှာ နောက်အဖေတစ်ယောက်များ ပေါ်လာသလားလို့ မေးကြည့်တာပါ"

"စကားပြောရင် ကြည့်ပြောနော်၊ ကျွန်မတို့ မိသားစုက အခြေအနေအကြောင်းကြောင့် တကွဲတပြားစီ ခွဲပြီး နေလာခဲ့ရတာ၊ အခုမှ အတင်းအားမွှ တော်စပ်နေတာ မဟုတ်ဘူး၊ တစ်မိတည်း တစ်ဖတည်းက မွေးလာခဲ့ကြတာ သိလား"

ရန်ပြန်တွေ့ပုံလေးကို သဘောကျပြီး ရယ်ပြုံးမိသည်။

"မင်းရဲ့အပြောကို တို့ ယုံကြည်ရမှာလား"

"ရှင် မယုံရင် မမကို မေးကြည့်ပေါ့၊ ဒီအချိန်မှာ ဘာမှ ဖုံးကွယ်စရာအကြောင်း မရှိတော့ဘူး၊ အတူတူဖြစ်သွားပြီ . . . ဒီအိမ်မှာ ကျွန်မ ရောက်နေတာကိုပဲ ကြည့်ဦး"

"မင်း . . . ဒီလောက် သေချာရဲ့သားနဲ့ တို့နဲ့ နန္ဒာကိုတော့



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲခဲ့တယ်၊ ပြီးတော့ တို့ရဲ့ ဖြေရှင်းတာကိုလည်း လက်မခံခဲ့ဘူး၊ မင်း ထင်ချင်သလို ထင်ခဲ့တယ်”

“ဒါတော့ ကျွန်မရဲ့အပြစ် မဟုတ်ဘူး”

“အော် . . . မင်းမှာ အပြစ်မရှိဘူး၊ ဟုတ်လား”

“ဟုတ်တယ်၊ ဒါက မှားယွင်းသွားတာပဲ”

“မင်းရဲ့အမှားကလည်း တကယ့်ကို ကြောက်စရာပဲ”

သူမ၏မျက်နှာ ကွက်ခနဲ ပျက်ယွင်းသွားသည်။ သူမ လုပ်ဆောင်ခဲ့သမျှတွေကို ပြန်၍ သတိရသွားပါပြီ။

“ရှင် အိမ်ထဲကို ဝင်ပါ၊ ရှင့်ကို တွေ့ဖို့ မမနဲ့ ဖေဖေတို့ စောင့်နေတယ်”

ဟု စကားလမ်းလွှဲလိုက်သည်။

“တို့ မဝင်ဘူးလို့ ပြောပြီးပြီ ဒေး၊ တို့ အပြင်ကပဲ စောင့်နေမယ်၊ ဒါပါပဲ . . . နန္ဒာကို ပြောလိုက်ပါ” ဟုဆိုပြီး ကားကို နောက်ဆုတ်လိုက်သည်။

ထို့နောက် အနီးဆုံး သစ်ပင်ရိပ်အောက်တွင် ထိုးရပ်လိုက်သည်။

သူမ မည်သို့ဖြစ်နေပါစေ၊ လှည့်မကြည့်တော့။ ကျောခိုင်းကာ ရှေ့တည့်တည့်ရှိ မြင်ကွင်းကို အကြောင်းမဲ့ ကြည့်နေလိုက်သည်။

မင်းနဲ့ ဒီထက်ပိုပြီး စကားပြောဆို တွေ့ဆုံနေရရင် တို့နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သားတွေ အရည်ပျော်ကုန်လိမ့်မယ် . . ဒေးရယ်၊ တို့မှာ မင်းနဲ့ ပတ်သက်ရင် ခံနိုင်ရည် မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



# ၉

"အဖေနဲ့ ညီမလေးဒေးတို့က မနေ့ကမနက်မှာ ရောက်လာကြတယ်၊ သတင်းစာထဲမှာ အဘိုးရဲ့နာရေးကြော်ငြာကို တွေ့တာနဲ့ ဒီကို အမြန်ဆုံး ဆင်းလာခဲ့ကြတယ်၊ ဘာကြောင့်လဲဆိုတော့ အဘွားက အဘိုးလို မမာကျောဘူး၊ စိတ် အမှတ်မကြီးဘူး၊ အဘိုးရှိနေတဲ့ အတွက် အဖေက အဘိုးနဲ့ ထားခဲ့တဲ့ ကတိအတိုင်း စောင့်ထိန်းခဲ့ရ တာပါ၊ အဘိုးက တကယ့်ကို သေခန်းပြတ်သလို ပြတ်ခဲ့တာ မဟုတ် လား၊ ဘာမှမကြည့်နဲ့ ဇော်နဲ့တို့ကိစ္စမှာ အဘိုး လုပ်ခဲ့တာကိုပဲ ကြည့်၊ တို့ ဘယ်လိုပဲ ငိုယိုပြီး ရှင်းပြပေမယ့် လုံးဝလက်မခံခဲ့ဘူး၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ယူဆတာကို အလျှော့မပေးခဲ့ဘူးလေ၊ တကယ်တော့ အဘိုးက အချစ်ကြီးသလောက် အမျက်ကြီးတဲ့လူပါ”

နန္ဒာဝေ ရှင်းပြနေခြင်းကို သူ ငြိမ်ဆိတ်စွာ နားထောင်နေ၏။ ဝင်မပြော။

“အဖေက အဘွားကို ရှိခိုးပြီး တောင်းပန်တယ်၊ ဒီသမီး နှစ်ယောက်နဲ့အမေ့ကို ပြုစုစောင့်ရှောက်ခွင့်ပေးပါ၊ ညီမနှစ်ယောက် ဒီလိုကွဲနေတာကို ကျွန်တော် တစ်နေ့တစ်ရက်မှ စိတ်မချမ်းသာခဲ့ပါဘူး၊ အခုလည်း . . . အမေ ဖြစ်စေချင်သလို လုပ်ပေးဖို့ ကျွန်တော် ရောက်လာခဲ့တာပါ၊ အမေက အသက်အရွယ် ကြီးပါပြီ၊ အေးအေး ဆေးဆေး ပူပင်ကြောင့်ကြမှုမရှိဘဲ ဘုရားတရားဘက် မျက်နှာလှည့်နိုင်ဖို့ ဒီသမီးတွေကို ကျွန်တော် တာဝန်ယူပါရစေ၊ အမေ ဒီမှာ နေချင်ရင်လည်း ကျွန်တော်တို့ သားအဖတွေ အတူနေပေး မှာပဲ၊ ဒါပေမဲ့ ကျွန်တော့်သမီးကြီးနဲ့ အမေ့ကို ကျွန်တော့်ရဲ့မြို့ကို ခဏအလည်လိုက်ခဲ့ဖို့၊ စိတ်ပြေလက်ပျောက် နေကြည့်ဖို့ လိုက်ခဲ့ကြပါလို့ တောင်းပန်ချင်ပါတယ်၊ ကျွန်တော် အမှန်တိုင်း ပြောရရင် အဖေ့ကိုလည်း မမုန်းခဲ့ပါဘူး၊ အဖေ့ကို ကြောက်ချစ်, ချစ်ခဲ့တာပါ၊ တစ်နေ့နေ့ အခွင့်အရေး ရလိမ့်နိုးနဲ့ စောင့်ခဲ့ပါတယ်၊ ဒါပေမဲ့ အခု နောက်ကျသွားပြီ၊ ကျန်ရစ်တဲ့ ကျွန်တော်တို့မိသားစုအတွက် အမေ စဉ်းစားပေးပါလို့ ပြောရှာပါတယ်”

“ဒီတော့ အဘွားက ဘယ်လိုဆုံးဖြတ်လဲ နန္ဒာ”



www.burmeseclassic.com

www.burmeseclassic.com



"အဘွားက တရားနဲ့ပဲ ဖြေရပြီလေ၊ တို့က လူကြီးဖြစ်နေပြီ၊ တို့သဘောနဲ့ ဘာမှမလုပ်နိုင်တော့ဘူး၊ ဒီကလေးတွေက အရေးကြီးပါတယ်၊ သူတို့ဘ၀ကို သူတို့ တည်ဆောက်ရဦးမှာ၊ အဲဒီတော့ သူတို့ပဲ ဆုံးဖြတ်ပါစေ၊ သူတို့ ဆုံးဖြတ်တဲ့အတိုင်း တို့ လိုက်လျောရလိမ့်မယ်၊ တို့က ဘယ်နေနေ အကြောင်းမဟုတ်ပါဘူးလို့ အဘွားက ပြောတယ်"

"ဒါဆိုရင် နန္ဒာ့သဘောက ဘယ်လိုလဲ၊ လိုက်သွားမှာလား"

"ညီမလေး ဒေးကတော့ အတင်းခေါ်နေတာပဲ၊ တို့ ဆုံးဖြတ်ချက်တစ်ခုခု ပေးရတော့မယ်၊ အဲဒါ ဇော်နဲ့ တိုင်ပင်စရာရှိတယ်"

နန္ဒာ၀ေက ခေါင်းကို အသာအယာ ညိတ်ပြီး . . .

"ဟုတ်တယ် . . . ဇော်၊ တခြား မဟုတ်ပါဘူး၊ ဒေးရဲ့ကိစ္စပါ၊ ဇော်က သူ့ကိုချစ်တယ်လို့ တမင်အရွဲ့တိုက်ပြီး စော်စော်ကားကား ပြောခဲ့တယ်တဲ့၊ ဟုတ်သလား၊ တို့က ဇော့်မှာ ဒီလိုစိတ်မျိုး မရှိဘူးလို့ ငြင်းခဲ့တယ်၊ သူက အတိအကျ စွပ်စွဲတာ၊ အဲဒါ တကယ်ပဲလား၊ တို့ကို မဖုံးကွယ်ဘဲ ပွင့်ပွင့်လင်းလင်း ရှင်းပြစေချင်တယ်"

သူ နန္ဒာ၀េ၏ မျက်နှာကို စေ့စေ့ပြန်ကြည့်လိုက်သည်။

"တို့ ဒေးကို ချစ်တယ်လို့ ပြောခဲ့တာ အမှန်ပါပဲ၊ ဒါပေမဲ့ ဒေး စွပ်စွဲသလို မဟုတ်ပါဘူး၊ တို့ နည်းနည်းရှင်းပြချင်တယ် နန္ဒာ၊



www.burmeseclassic.com

www.burmeseclassic.com



တို့ အဲဒီမြို့ကို ရောက်ပြီး ဒေးနဲ့တွေ့တော့မှ သူငယ်ချင်းအချစ်နဲ့ ချစ်သူအချစ်ကို ကွဲကွဲပြားပြား သိခဲ့ရတယ်၊ တို့က တကယ့်ချစ်သူ အချစ်၊ တကယ့် "အချစ်" ကို ရင်မှာ မခံစားခဲ့ဖူးတော့ နားမလည် ခဲ့ပါဘူး၊ ဒေးနဲ့တွေ့တော့မှ အဲဒီ "အချစ်" ကို နားလည်နိုင်တော့ တယ်၊ တို့ ဒေးကို တကယ်ချစ်မိလို့ ဖွင့်ပြောခဲ့တာပါ"

"အော်" ဟု နန္ဒာဝေ ရေရွတ်လိုက်သည်။

"တို့ နန္ဒာကို သူငယ်ချင်းအချစ်နဲ့ပဲ ချစ်ခဲ့မိတယ်၊ တို့ ဘယ်လိုပဲ စဉ်းစားကြည့်ပေမယ့် သူငယ်ချင်းတစ်ယောက်ထက် မပိုခဲ့ပါဘူး၊ နန္ဒာက တို့နှစ်ယောက်ကြားက သံယောဇဉ်ကို အမှန် အတိုင်းမြင်ပြီး ငြင်းပယ်ခဲ့လို့သာ လက်မထပ်ဖြစ်ခဲ့တာပါ၊ နန္ဒာရဲ့ သိမြင်နိုင်မှုကို တို့ အရမ်းလေးစားမိတယ်"

နန္ဒာဝေက နားလည်သည့်အနေနှင့် ခေါင်းညိတ်ပြသည်။

"တို့ နားလည်ပါပြီ၊ ဇော်က ဒေးကို တကယ်ချစ်တာကိုး"

"ရင်ကို ဖွင့်ပြလိုက်ချင်တယ် နန္ဒာရယ်၊ ဒေးက ဒီလောက် ခါးခါးသီးသီးမုန်းနေတဲ့ကြားက ချစ်တဲ့အကြောင်း ဖွင့်ပြောဖြစ်တာ ကြည့်စမ်းပါ၊ သေချာပေါက် ရှုံးမယ့်စစ်ပွဲဆိုတာ တို့ သိပါတယ်၊ ဒါပေမဲ့ သေချာမှ ဖွင့်ပြောရမယ်ဆိုရင် အချစ် မဟုတ်ဘူးလို့ တို့ ယူဆမိတယ်"

"ဇော် . . . သူ့ဆီက အဖြေကို တောင်းကြည့်ပြီးပြီလား"

"ဟင့်အင်း၊ မတောင်းရသေးပါဘူး၊ သူနဲ့တွေ့ဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com



မလွယ်တာပဲ”

“ဇော် ခံနိုင်ရည်ရှိဖို့က အဓိကပါ၊ ဒီတစ်ခါ တို့ ကူညီရမယ့် အလှည့်ပါ၊ ဇော်ကပဲ တို့အပေါ် တောက်လျှောက် ကူညီခဲ့တာ မဟုတ်လား” ဟု နန္ဒာဝေက ပြောရင်း ဝေ့လာသည့် မျက်ရည်စများ မျက်တောင်ပုတ်ခတ်ကာ သိမ်းဆည်းရန် ကြိုးစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၀

အိပ်ခန်းထဲသို့ ဝင်လာသည့်တိုင် နန္ဒာဝေက စကားမပြော။ တင်ဇာ ဒေးကို ငဲ့စောင်း၍ မကြည့်။ တစ်ခါတည်း အိပ်ရာပေါ် ပစ်လှဲပြီး မျက်နှာလွှဲထားလိုက်သည်။

နှလုံးသားမှ မကျေတ်သေးသည့် ဒဏ်ရာက အသစ်ဖြစ်ပြန်ပြီ။ ဇော်အချစ်ကို မျှော်လင့်ခဲ့ခြင်းတွေပါ ယခု လမ်းဆုံးကမ်းဆုံး ရောက်သွားပြီ။ ဇော့်ခွာ အချစ်ဆိုသည်က ဖြစ်ပေါ်လာပေမယ့် တခြားသူအတွက် ဖြစ်နေသည်။ ဝေးဝေးလံလံ မဟုတ်။ အနီးနား တွင် ရှိနေသည့် ညီမလေး . . . ဒေးကိုတဲ့။ ဘယ်လောက် နာကျင်



www.burmeseclassic.com

www.burmeseclassic.com



စရာ ကောင်းလိုက်သလဲ။

တင်ဇာဒေးက ပူပန်ကြောင့်ကြစွာဖြင့် ခုတင်ပေါ်တက်ထိုင်ပြီး . . .

“မမ . . . မမ ဘာဖြစ်လာတာလဲ”

မဖြေဘဲ မျက်နှာကို မှောက်ထားလိုက်သည်။ မျက်ရည်စတွေ ခေါင်းအုံးမှာ စွန်းထင်းကုန်၏။ တင်ဇာဒေးက အတင်းလှုပ်နှိုးပြီး မေးသည်။ ထိုနောက် စိတ်မရှည်စွာဖြင့် အတင်းဆွဲထူရန်ကြိုးစားသည်။ သူမ ငြိမ်ဆိတ်နေ၍မရတော့။

“ဒေးကို ပြောစမ်းပါဦး၊ ဘာဖြစ်လာတာလဲ၊ ဒေး ရင်တုန်လိုက်တာ . . . မမရယ်”

“မမ ဒေးတို့နဲ့ လိုက်လို့ မဖြစ်တော့ဘူး”

မထင်မှတ်သည့်စကားမို့ အကြီးအကျယ် တုန်လှုပ်သွားသည်။

“ဘာအကြောင်းကြောင့် ငြင်းရတာလဲ မမရယ်၊ ဒေးတို့မှာ မနက်ဖြန်သွားဖို့ အားလုံးပြင်ဆင်ပြီးပြီလေ၊ ဒေးတို့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့၊ မမနဲ့အတူ သွားရမယ်ဆိုလို့ ဒေး ပျော်နေတာတွေ မပျက်ပါရစေနဲ့”

“မမ တကယ်ပြောတာပါ ဒေး၊ မမ ဘယ်လိုမှ လိုက်လို့ မဖြစ်ဘူး”

“ဒီလို ဖွတ် မငြင်းနဲ့လေ၊ မမ, မပါလို့ ဘယ်ဖြစ်ပါ့မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဟိုတစ်ကြိမ်တုန်းကလည်း သွားမယ့်အချိန်ကျမှ မမ မလိုက်ဖြစ်ခဲ့ဘူး၊ အဲဒီတုန်းက အဘိုးရှိနေလို့၊ အဘိုးကို ကြောက်ရလို့ ဒေး နားလည်ခဲ့ပါတယ်၊ အခု မမ မလိုက်ဘူး ငြင်းတာ လက်မခံနိုင်ဘူး၊ ဘာကြောင့်ဆိုတာ ရှင်းပြရမယ်"

"မမ မရှင်းပြချင်ဘူးကွယ်၊ မကောင်းပါဘူး"

"ညီအစ်မချင်း မပြောကောင်းတာ မရှိပါဘူး၊ မမ အခက်အခဲရှိရင် ဒေး ဘယ်သူမှ အသိမပေးဘဲ ဖြေရှင်းပေးပါ့မယ်၊ စိတ်ချ၊ ဖေဖေတို့ မသိစေရပါဘူး"

နန္ဒာဝေသည် မျက်ရည်စများကို သုတ်ဖယ်ရင်း . . .

"ညီမလေး အဘွားနဲ့ဖေဖေ့ကို မပြောပြနဲ့နော်"

"အင်း . . . ပါ၊ ဒေး ကတိတည်ပါတယ်"

"ဒီလို . . . ဒေးရယ်၊ ဇော်က တို့ကို မသွားရဘူးလို့ တားတယ်၊ ဒေးတို့နဲ့ လိုက်သွားရင် သူငယ်ချင်းအဖြစ်က လုံးဝမေ့လိုက်ပါတဲ့၊ တစ်သက်လုံး အဆက်ပြတ်ပါပြီတဲ့"

"သူနဲ့ ဘာဆိုင်လို့လဲ . . . မမရယ်၊ ဒီလောက်ထိ အရေးမကြီးပါဘူး"

"ဒေးရဲ့စိတ်အထင်ကိုး၊ တို့က ဇော့်ကို တစ်မျိုးနားလည်ရတယ်၊ ဇော်ဟာ မမကြောင့် အမွေပြတ်စွန့်လွှတ်ခံ အဝေးကို ထွက်ပြေးခဲ့တယ်၊ သူ့မိဘတွေက ခုချိန်ထိ အဆက်အသွယ်ဖြတ်ထားကြသေးတယ်၊ အဲဒီလို အနစ်နာခံရခဲ့တယ်၊ ဒါတွေကို မမက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ပြီး မျက်နှာလွှဲ ခဲပစ်လုပ်လို့ ကောင်းပါ့မလဲ၊ ကိုယ့်အလှည့်ကျမှ ကိုယ်လွတ်ရုန်းထွက်ပြေးလို့ မဖြစ်ပါဘူး"

"ဒါ . . . သက်သက်မဲ့ အကျပ်ကိုင်တာပဲ၊ ဒါနဲ့ မမက သူ့ကို သံယောဇဉ် မကုန်သေးဘူးလား၊ သူ့ကို ချစ်နေတုန်းပဲလား"

"ဒီအချိန်မှာ သူ့ကို သူငယ်ချင်းလိုပဲ သဘောထားပြောင်းခဲ့ပါပြီ၊ သူက တို့ကို မချစ်ဘူးဆိုတာ သေချာသွားပြီလေ၊ သူချစ်တာက နောက်တစ်ယောက်ပါ"

"ဘယ်သူလဲ မမ"

"တို့နဲ့ အရမ်းပတ်သက်နေတယ်၊ သူ့ချစ်တာ တခြားလူ မဟုတ်ဘူးတဲ့၊ ညီမလေး ဒေးပါပဲလို့ ပြောတယ်"

"ဟာ . . . မဟုတ်နိုင်ဘူး" ဟု တင်ဇာဒေး စူးစူးဝါးဝါး အော်ဟစ်လိုက်သည်။

တကယ်ပင် လန့်ဖျပ်သွားသည် ထင်၏။

"မမ ရှင်းပြတာကို ဒေး သေသေချာချာ နားထောင်ဦး၊ ပြီးမှ ဆုံးဖြတ်ပါ။ သူက ဒေးကို သိပ်ချစ်မိတယ်တဲ့၊ တစ်သက်မှာ တစ်ခါပဲဖြစ်တဲ့ အချစ်နဲ့ ချစ်မိတယ်တဲ့၊ ဒါပေမဲ့ ဒေးဘက်က သူ့ကို မုန်းလွန်းအားကြီးတယ်၊ ဒီလို မုန်းတဲ့လူဆီကို လိုက်သွားတာကို လုံးဝ လက်မခံနိုင်ဘူးတဲ့၊ အဲဒါကြောင့် မလိုက်ဖို့ တားဆီးတယ်၊ မမက ဘယ်လိုပြောပြော တောင်းပန်လည်း မရဘူး၊ မလိုက်ရဘူး ချည်းပဲ ဖွတ်ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ မမ ဒေးတို့နဲ့ လိုက်ရမယ်၊ သူ့မှာ ဒီလို တားဆီး ပိုင်ခွင့် မရှိဘူး"

"သူက အရမ်းစိတ်ဆိုးနေတယ်"

"ဘာဖြစ်လဲ . . . ဒေး သူနဲ့ သွားတွေ့မယ်၊ မမကို မတား ရဘူးလို့ သွားပြောမယ်"

"မသွားပါနဲ့ ဒေးရယ်၊ တော်ကြာ ပြဿနာတွေ ဖြစ်နေပါ ဦးမယ်"

"ဒေး ဘာကိုမှ မကြောက်ဘူး၊ ဒါက သက်သက်မဲ့ အကျပ် ကိုင်၊ ခြိမ်းခြောက်တာ၊ ဒေး လုံးဝ မကြိုက်ဘူး"

တင်ဇာဒေးသည် ထိုသို့ ပြောဆိုပြီးသည်နှင့် အိပ်ခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားသည်။

"ဒေး" ဟု နန္ဒာဝေ အော်ခေါ်ပါသေးသည်။

တားဆီး၍မရတော့။



www.burmeseclassic.com

www.burmeseclassic.com



# ၁၁

"ကျွန်တော် . . . ကိုကိုလတ်ပါ ခင်ဗျာ၊ အခု ဖုန်းဆက်တာ ဘယ်သူလဲ"

"ကျွန်မ တင်ဇာဒေးပါ"

"ဟုတ်ကဲ့ . . . ဘာကိစ္စရှိလို့လဲ မသိဘူး"

"ကျွန်မ ကိုဇော်သစ်နဲ့ တွေ့ချင်ပါတယ်၊ သူရှိလား မသိဘူး"

"ရှိတယ် ခဏနော်"

အတန်ကြာ အသံပျောက်သွားပြီးသည့်နောက် ပြန်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"သူက ဖုန်းမကိုင်ချင်ဘူးတဲ့၊ မတင်ဇာဒေး ပြောစရာရှိရင် ပြောထားခဲ့ပါလို့ ပြောပါတယ်"

"တောက်"

"ခင်ဗျာ"

"ကျွန်မ သူနဲ့ ခုချက်ချင်း တွေ့ချင်တယ်၊ ဘယ်ကို လာခဲ့ရမှာလဲ"

"သူက မတွေ့ချင်ပါဘူးလို့ ပြောပါတယ်"

"မတွေ့လို့ မရဘူး၊ သူ တကယ်သတ္တိရှိရင် လာတွေ့ပါ၊ ကျွန်မတို့မြို့မှာတုန်းက ဆိုင်ကယ်နဲ့ အတိုက်ခံရတဲ့သတ္တိတွေ ဘယ်ရောက်ကုန်ပြီလဲ၊ မေးလိုက်စမ်းပါ၊ ဒီနေရာက ကျွန်မရဲ့နေရာ မဟုတ်ဘူး၊ ကျွန်မ ဘာမှမလုပ်နိုင်ပါဘူး"

"ကောင်းပါပြီ၊ လမ်းထိပ်က ထွက်စောင့်နေပါလို့ ပြောပါတယ်၊ အဖော်တွေ မပါစေချင်ဘူးတဲ့၊ တစ်ယောက်ချင်း တွေ့ပါ့မယ်တဲ့"

"ကျွန်မ မငြင်းဘူးလို့ ပြောလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



# ၁၂

ဖုန်းချပြီးသည့်နှင့် လမ်းထိပ်သို့ တင်ဇာဒေး ထွက်လာခဲ့၏။

အရိပ်ခိုနိုင်သည့် ကားမှတ်တိုင်၊ သစ်ပင်ရိပ်တွေ၏ အောက်မှာ မစောင့်ဘဲ နေပူထဲတွင် ဒေါသဖြစ်ဖြစ်နှင့် ပေတေပြီး ရပ်စောင့်နေမိသည်။

ဤနေရာသို့ သူ ရောက်မလာလျှင် လိုက်ရှာမည်ဟု စဉ်းစားထားသည်။ ဒီနေ့ မဖြစ်, ဖြစ်တဲ့နည်းနဲ့ တွေ့မှဖြစ်မယ်။ နို့မဟုတ်ရင် မနက်ဖြန် စီစဉ်ထားသမျှ ပျက်စီးသွားလိမ့်မည်။ အချိန်နှင့်အမျှ



www.burmeseclassic.com

www.burmeseclassic.com



ဒေါသဒီရေတွေ တိုးလာနေ၏။

အတွေးထဲ နစ်နေသည့်အခိုက်မို့ ရှေ့တွင် ကားရပ်လာသည်ကို မသိလိုက်။

သူက လှမ်းမခေါ်ဘဲ အသာစောင့်ကြည့်နေ၏။

အင်မတန် မုန်းစရာကောင်းတဲ့ လူပဲ။ သူမက မြင်တော့မှ . . . "ရှင်ရောက်နေတာ နည်းနည်းပါးပါး အသိပေးပါလား . . . ကိုဇော်သစ်" ဟု စတင်ပြီး အပြစ်တင်လိုက်သည်။

"မင်း ဘယ်ကြည့်နေမှန်းမှ မသိတာ"

"ကျွန်မ ဘယ်သူ့ကို ကြည့်နေရမှာလဲ၊ ရှင့်ကို ချိန်းထားတာ၊ ရှင့်ကို စောင့်နေတာပေါ့"

"မသိဘူးလေကွာ၊ မင်းက တို့ကား ရပ်လာတာတောင် မမြင်နိုင်အောင် ဖြစ်နေတာကိုး"

"အဲဒါ စိတ်အရမ်းဆိုးနေလို့"

သူ သဘောကျစွာ ရယ်မောလိုက်သည်။

"ကဲ . . . တစ်နေရာမှာ စကားသွားပြောရအောင်၊ ကားပေါ်တက်"

"ဘာဖြစ်လို့ တက်ရမှာလဲ၊ ဒီမှာ ပြောလို့ ဖြစ်တယ်"

"မင်းက နေပူခံနိုင်ပေမယ့် တို့က နေပူမခံနိုင်ဘူး၊ မင်းမလိုက်ချင်ရင်လည်း ပြီးတာပဲ၊ တို့က မင်းကို ချိန်းထားတာ မဟုတ်ဘူး၊ မင်း သိပါတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



တင်ဇာဒေးသည် ဒိုင်းခနဲ တံခါးကို ဖွင့်ပြီး ဝင်ထိုင်လိုက်သည်။ ထို့နောက်မှ . . .

"ဒီမယ် ကိုဇော်သစ် . . . ကျွန်မက နန္ဒာဝေ မဟုတ်ဘူး၊ ရှင်နဲ့ ဒီနေ့ စာရင်းရှင်းမှ ဖြစ်မယ်ဆိုပြီး လိုက်တာ၊ ပျော့ညံ့တယ် မထင်နဲ့"

သူ မယုံကြည်သလို ပြုံးလိုက်သည်။

နောက်ကြည့်မှန်မှတစ်ဆင့် မျက်စောင်းထိုးဖြစ်အောင် ထိုးလိုက်သေးသည်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



# ၁၃

"ရှင် . . . ကျွန်မရဲ့အစ်မကို တမင်သက်သက် ညှဉ်းဆဲတာပဲ၊ မမကို ရှင် မချစ်ဘဲနဲ့ မလုပ်သင့်ဘူး၊ မနက်ဖြန် သွားဖို့ အားလုံး စီစဉ်ထားပြီးပြီ၊ ဘာမှ မနှောင့်ယှက်သင့်ဘူး"

"တို့ နန္ဒာကို မတားပါဘူး"

"ရှင် မလိမ်ညာစမ်းပါနဲ့"

"တို့ တကယ် တားဆီးချင်တာက မင်းရဲ့အမုန်းတွေပါပဲ ဒေး၊ တို့နဲ့ နန္ဒာတို့ ဘာတွေဖြစ်ခဲ့ကြတယ်ဆိုတာ မင်း သိပြီးပြီ၊ တို့မှာ



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မရှိဘူးဆိုတာ မင်း သဘောပေါက်မှာပါ၊ ဒါနဲ့တောင် မင်းက အမုန်းတွေ မရုပ်သိမ်းနိုင်တာ ဘာကြောင့်လဲ”

“အခု ဒီမှာ လာပြီး ရှင်းနေတာက ကျွန်မရဲ့ကိစ္စ မဟုတ်ဘူး၊ ကျွန်မ မုန်းတယ်၊ ချစ်တယ်ဆိုတာနဲ့ မဆိုင်ဘူး၊ ကျွန်မဘာသာ မုန်းချင် မုန်းမယ်၊ ဒါပေမဲ့ . . . ရှင်က မမကို အကျပ်ကိုင်ပြီး ခြိမ်းခြောက်တာမျိုး မလုပ်သင့်ဘူး၊ ဒီဟာ သူငယ်ချင်းကောင်း တစ်ယောက်ရဲ့အလုပ် မဟုတ်ဘူး”

သူ ဘာမှမဖြစ်သလို ခပ်တည်တည်နှင့် စိုက်ကြည့်နေသည်။

“ရှင် မမကို သွားခွင့်ပြုလိုက်ပါ၊ ရှင့်အပေါ်မှာ မမ တင်ရှိနေတဲ့အကြွေးတွေရှိရင် ကျွန်မ ဆပ်မယ်၊ ရှင် ငွေဘယ်လောက်လိုသလဲ ပေးမယ်၊ ရှင့်မိဘတွေနဲ့ ပြေလည်အောင် . . . အမွေပြတ်ကြော်ငြာထားတာတွေ ရုပ်သိမ်းပေးအောင် လုပ်ပေးမယ်၊ ဘယ်လောက်လိုသလဲ ပြော”

“တစ်ခုမှ မလိုချင်ဘူး”

“ရှင် ဒီလို မကတ်စမ်းပါနဲ့၊ ကျွန်မ ဘာလုပ်ပေးရမလဲ ပြော၊ ကျွန်မ ဆောင်ရွက်ပေးနိုင်တာအားလုံး ဆောင်ရွက်ပေးမယ်”

“ဒါဆိုရင် လွယ်ပါတယ် ဒေး၊ မင်းဆီက အချစ်ကို လိုချင်တယ်”

“ရှင် စကားပြောရင် ကြည့်ပြောပါ”



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ခါအောင် နာကျင်သွားသလို ပြန်၍အော်ဟစ်သည်။

"တို့ကို ချစ်တယ်လို့ အဖြေပေးခဲ့ပါ။ ဒါပါပဲ . . . "

"မပေးနိုင်ဘူး၊ ဘာမှမဆိုင်ဘူး"

"သိပ်ဆိုင်ပါတယ် ဒေး၊ ဘာကြောင့်ဆိုတော့ တို့က မင်းကို ချစ်နေမိလို့ပဲ၊ အဲဒီအချစ်အတွက်ကြောင့် အရာအားလုံးကို တို့ ရင်ဆိုင်ရဲတယ်၊ မင်းရဲ့အမုန်းလောက်ကို တို့ ဂရုမစိုက်ပါဘူး"

"ရှင် ကျွန်မကို ချစ်တာ မဟုတ်ဘူး၊ ချစ်ရင် ဒီလိုမလုပ်ဘူး၊ အခုဟာက တမင်ပြန်ပြီး လက်စားချေ တုံ့ပြန်တာ၊ ကျွန်မရဲ့ အိပ်မက်တွေကို ဖျက်ဆီးတာ၊ ကျွန်မတို့မိသားစုကို ဘဝပျက်အောင် လုပ်နေတာ၊ ရှင် သိပ်ပြီးရက်စက်လွန်းတယ် . . . ကိုဇော်သစ်"

ဒေါသဖြစ်နေသည့်ကြားမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

သူ့ရင်ထဲတွင် ဆို့နင့်တင်းကျပ်သွားသလို ခံစားရ၏။

အခြေအနေက နန္ဒာဝေပြောသလောက် မလွယ်ကူပါ။ နန္ဒာဝေမျှော်လင့်သလို ဖြစ်လာနိုင်စရာ မရှိတော့။ နန္ဒာဝေ ဖန်တီးပေးသည့် ဒီအခွင့်အရေးကို ကိုယ့်သဘောနှင့်ကိုယ် စွန့်လွှတ်လိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒေး . . . တို့ ခုလို ခြိမ်းခြောက်အကျပ်ကိုင်တော့ မင်း ဘယ်လိုခံစားရသလဲ၊ မင်းတို့မြို့မှာ မင်းက ငါ့အပေါ် လုပ်သ



www.burmeseclassic.com

www.burmeseclassic.com



လောက် မရှိပါဘူး၊ ပါးပါးလေးပါ၊ မင်းကိုယ်ချင်းစာကြည့်စမ်းပါ၊ အဲဒါကို မင်း သိရုံလောက်ပါပဲ၊ တို့က မင်းထင်သလို လူစားမျိုး မဟုတ်ပါဘူး၊ မင်း စဉ်းစားကြည့်စမ်းပါ၊ စူပါမားကတ်မှာ မင်း တစ်ယောက်တည်း တွေ့ခဲ့တုန်းကတောင် တို့ ဘာမှမလုပ်ခဲ့ပါဘူး။ အခုလည်း . . . မင်း ထင်သလို နန္ဒာကို တကယ်မတားပါဘူး။ မင်းနဲ့ စကားတွေ ပြောချင်ရုံသက်သက်ပါ၊ မင်း မငိုစမ်းပါနဲ့ ဒေးရယ်”

ရုတ်တရက် ဇဝေဇဝါနှင့် မျက်ရည်ကြားမှ မော့ကြည့်သည်။

“အဲဒီလို အချစ်မျိုးကို မင်းခံစားရတဲ့အခါ တို့ကို ကိုယ်ချင်းစာနိုင်ပါလိမ့်မယ်၊ တို့ မင်းကို အရမ်းချစ်တယ်၊ နန္ဒာ့အပေါ်မှာ သူငယ်ချင်းတစ်ယောက်လိုချစ်တာထက် ပိုပြီးချစ်တယ်၊ ပိုပြီး စွန့်လွှတ်ရဲပါတယ်၊ မင်း ယုံကြည်ပါ၊ မင်းဆီက အဖြေကို တို့စောင့်မယ်၊ ဒီတစ်ညလုံး မနက် ကားထွက်တဲ့အချိန်ထိ ဖုန်းနံဘေးနားမှာ မအိပ်ဘဲ ထိုင်စောင့်နေမယ်၊ မင်းဆီက အဖြေတစ်ခုပဲ ကြားချင်တယ်၊ မင်း သိမှာပါ၊ ကဲ . . . မင်း အိမ်ပြန်ပြီး အေးအေးဆေးဆေး စဉ်းစားပါ၊ တို့ ပြန်ပို့ပေးပါ့မယ်၊ တစ်ခုတော့ သတိပေးချင်တယ်၊ အချစ်မှာ ဘာနှောင်ကြိုးမှ မပါတတ်ပါဘူး”

တင်ဇာဒေး တက်ရမည့်တံခါးကို သူ ဖွင့်ပေးလိုက်သည်။

ချက်ချင်း ပြောင်းလဲသွားသည့်အတွက် မယုံကြည်နိုင်သလို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်သည်။ ထိုနောက် တွေဝေစွာဖြင့် လှမ်းတက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၄

ကိုကိုလတ်က သူ့ကို အတော့်ကို စိတ်ပျက်သွားဟန်တူ၏။ အချစ်နှင့်ပတ်သက်ပြီး ရူးကြောင်ကြောင် ဖြစ်သွားပြီဟု ထင်ပြီး အိပ်ရာဝင်သွားသည်။

ဖုန်းနံဘေးတွင် သူ ငုတ်တုတ်ထိုင်ရင်း စောင့်နေမိသည်။

ညတစ်ည ကုန်ဆုံးသွားခဲ့ပြီ။

မနက် လင်းရောင်ခြည်ပင် ပြတင်းပေါက်တွင် မှေးတင်လာလေပြီ။

သူက ဖြစ်ပျက်ခဲ့သမျှအကြောင်းတွေကို ပြန်လည်၍ မြင်



www.burmeseclassic.com

www.burmeseclassic.com



ယောင်ကောင်းဆဲ။ တစ်ကွက်စီ၊ တစ်စစီ ပြန်ဆက်ရသည့် မှန်ကွဲတွေလိုပင် ခက်ခဲလှပါသည်။ လုံးဝမျှော်လင့်ချက် မရှိသည့်ကိစ္စ။ တကယ် ရူးမိုက်သည့်လုပ်ရပ်ပါပဲ။

"ကီ . . . တီ" ဟု ဖုန်းမြည်သံ ထွက်ပေါ်လာ၏။

နှလုံးသွေးတွေ ရပ်နေပြီ ထင်ရဲ့။ ရင်မခုန်နိုင်ပါ။

ဘယ်သူ့ဖုန်းလဲ။ အလုပ်ကိစ္စ (သို့မဟုတ်) ကိုကိုလတ်၏ ဖုန်းလည်း ဖြစ်နိုင်သည်ပဲ။ သို့မဟုတ် နန္ဒာ့ဆီကများလား။

သူ ကောက်ကိုင်ပြီး "ပြောပါ၊ ဘယ်သူ့ဖုန်းလဲ" ဟု မေးလိုက်သည်။

"ဘယ်သူလဲ"

တစ်ဖက်က ပြန်မေးနေသည်။ မိန်းကလေးတစ်ယောက်ရဲ့ အသံပါပဲ။

"ကျွန်တော် ဇော်သစ်ပါ"

"အော် တကယ်ပဲ ဖုန်းထိုင်စောင့်နေတာလား"

ယခုမှ လန့်ဖျပ်ပြီး နှလုံးသားတို့ သက်ဝင်လာသည်။ သူ တစ်ညလုံး ဖုန်းထိုင်စောင့်နေခြင်းကို တင်ဇာဒေးတစ်ယောက်ပဲ သိနိုင်ပါသည်။

"ဟုတ်တယ် . . . အခု ပြောနေတာ ဒေးလား"

"ဘယ်သူထင်လို့လဲ"

"တို့ မယုံကြည်နိုင်လို့ပါ၊ တို့ တစ်ညလုံး မအိပ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်နေပြီလား မသိဘူး”

“ဘာဖြစ်လို့ ကိုယ့်ဒုက္ခကိုယ်ရှာရတာလဲ ကိုဇော်သစ်ရယ်၊ ကျွန်မက ကိုဇော်သစ်ကို ပြန်အိပ်ဖို့ ဖုန်းဆက်ပြီး အသိပေးတာပါ”

“ဒီလို မနှောက်ပါနဲ့ ဒေးရယ်၊ တို့က မျှော်လင့်ချက် ကင်းမဲ့နေတဲ့လူပါ”

သက်ပြင်းရှိုက်သံနှင့်အတူ . . .

“တကယ် ပြောတာပါ၊ စိတ်ချလက်ချ အိပ်လိုက်ပါ၊ ဘာမှ တွေးပြီး စိုးရိမ်မနေပါနဲ့”

BURMESE CLASSIC .com

“ဒေးက ချစ်တယ်လို့ အဖြေပေးတာလား”

သူ အသည်းအသန် ပြန်မေးမိသည်။

“ကိုဇော်သစ် ကြိုက်သလို ထင်လိုက်ပါ”

“ဒေး . . . တိတိကျကျ ပြောသွားပါလား၊ တော်ကြာ တို့က ကိုယ့်အထင်နဲ့ကိုယ် ရူးသွပ်ပြီး ကျန်နေရစ်လိမ့်မယ်၊ တို့ တောင်းပန်ပါတယ် ဒေးရယ်၊ ပြောပါ”

ခဏ ကြန့်ကြာသွားပြီးမှ . . .

“အင်း . . . ချစ်တယ်၊ အဖြေပေးပါတယ်”

ထခုန်မတတ် ဝမ်းသာသွားသည်။ စကားပင် ပြန်မပြော နိုင်ပါ။ ရင်တစ်ခုလုံး အပျော်တွေနှင့် ပြည့်ကျပ်သွားသည်။

“ကြားလား”

“တို့ ကြားတယ်၊ တို့ ပျော်လွန်းလို့ ဘာမှပြန်မပြောနိုင်တာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဒေးတို့ ကားက ဘယ်အချိန် ထွက်မှာလဲ"

"အိုး . . . မလိုက်ခဲ့နဲ့၊ မီမှာ မဟုတ်ဘူး"

"ဘာပဲဖြစ်ဖြစ် လိုက်ခဲ့မယ်၊ တို့ ဒေးနဲ့ အရမ်းတွေ့ချင်နေတယ်"

"ဟင့်အင်း . . . မတွေ့ရဘူး"

"ဘာဖြစ်လို့လဲ . . . ဒေးရယ်"

"ရှက်လို့ . . . တော်ပြီ၊ နောက်မှ တွေ့ကြမယ်" ဟုဆိုကာ ဖုန်းကို လျှင်မြန်စွာ ချသွားတော့သည်။

ရင်ဆီသို့ အေးစိမ့်သည့်နှင်းမြူတွေ ပြေးဝင်လာသကဲ့သို့။

ထင်ရှူးပင်တွေကြားက တောင်မြင့်လမ်းတွင် ဒေးရဲ့ ဟွန်ဒါဆိုင်ကယ်ကို အတူတူစီးလျက် လျှောက်လည်ကြသည်ကို ကြိုတင်ပြီး မြင်ယောင်နေမိသည်။

(ကိုစစ)

၄၆ (F)၊ အင်းစိန်လမ်းမ၊ လှည်းတန်း


အမှတ် (၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

ရန်ကုန်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com